www.burmeseclassic.com

# သျှိုး

## လိပ်ပြာသစ်ခရီး



GRAPHIC DESIGN THEIN SHWE KY

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုပေါက် (Image Art Work)
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
**ဖြန့်ချိရေး**
**ဗျူးစာပေ**
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
သို့ျူး
လိပ်ပြာသစ်ခရီး
ဗျူးစာပေ ၊ ၂၀၁၃။
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) လိပ်ပြာသစ်ခရီး

## အခန်း (၁)

လေယာဉ်ကြီးရဲ့ပြတင်းမှန်မှ မြင်တွေ့နေရသော မြင်ကွင်းတွေက မေ့ ရင်ထဲကို လှိုက်လှိုက်မောမော ခံစားမှုတွေကို ပေးစွမ်းနိုင်သည်။

အပေါ်မှ ဆီးမြင်နေရသော စိမ်းဖမှာင်သော သစ်ပင်တွေ၊ ရှု မြင်ကွင်းတွေအားလုံးက အမိမြန်မာပြည်ရဲ့ရင်ခွင်ကို ပြန်ရောက်ခဲ့ပြီဟု မေ့ကို သတိပေးနေသလိုပါပဲ။

လှပသော မြင်ကွင်းတွေကို ငေးငေးလေးကြည့်ရင်း မေ့ အာရုံထဲမှာ အရိပ်ထင်လာတာ 'လင်းလွန်းခေတ်' ပုံရိပ်ပဲ ဖြစ်သည်။

သုံးနှစ်ကျော်ဆိုသော ကာလသည် ဘာမှမဟုတ်သလို တိုတောင်းလွန်းသည်ထင်ရပေမယ့် ထိုသုံးနှစ်ကျော်ကာလမှာ မေ့အတွက်တော့ အရာရာ ပြောင်းလဲခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့ မာနတရားတွေနှင့် ဆုပ်ကိုင်ကြိုးစားရယူခဲ့ရသော အောင်မြင်ခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းတို့ကို မေ ပိုင်ဆိုင်ခဲ့ပြီးပြီ။ ထို အရာတွေအားလုံးကို လင်းလွန်းခေတ်နှင့် လဲလှယ်ပိုင်ဆိုင်ချင်တာ မေရဲ့ အပြင်းပြဆုံးသော ဆန္ဒတစ်ခုပဲဖြစ်သည်။

'အုံ့ဖွယ်မေ' ဆိုသော မိန်းမတစ်ယောက်ရဲ့ ရင်ထဲကမာန တရား။ ထိုမာနတရားတစ်ခုတည်းနှင့် မေ အားလုံးကို စိန်ခေါ်ခဲ့ပါလား။

ပြင်းပြသော မာနစိတ်တွေနှင့် မေ လိုချင်သော ဘဝတစ်ခု အထိရအောင် ယူပြနိုင်ခဲ့တာ အံ့သြစရာတစ်ခုတော့ မဟုတ်ပါ။ အံ့ဖွယ် မေအတွက်တော့ လောကကြီးကို အထက်စီးက ငုံ့ကြည့်နိုင်ခဲ့ပြီပဲ။

ဒီလိုဘဝကြီးကိုရောက်နိုင်ဖို့အတွက် မေ မဆုတ်မနစ် ဖွဲ့ရယ် ကြိုးစားမှုနှင့်အချိန်ကာလများစွာကို နစ်မြုပ်ထားခဲ့ရသည်။

တကယ်ဆို ဒါတွေအားလုံးဟာ အချစ်ဆိုသော အရာတစ်ခု အတွက်ပဲ ဖြစ်ခဲ့သည်။ မေရဲ့မာန်တင်းကာ ဒီဘဝရောက်အောင် ကြိုးစား ခဲ့သော တစ်ခုတည်းသော စေစားရာသည့် အချစ်ကြောင့်ပဲလေ။

မေ့ နှလုံးသားကို ငြိတွယ်စေသော လင်းလွန်းခေတ် ဆိုသော ယောက်ျားတစ်ယောက်ကြောင့်။

လွင့်မျောနေသော မေ့စိတ်အာရုံတွေကို လေယာဉ်မယ်လေး၏ အသံချိုချိုလေးက ဖြတ်တောက်ပစ်လိုက်သည်။





မိနစ်ပိုင်းအတွင်းမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ကို ရောက်ရှိတော့မည်တဲ့။

မေ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံးတစ်နေရာက လှိုက်ခနဲ ခုန် လိုက်သော ရင်ခုန်သံတစ်ချက် ပဲ့တင်သွားခဲ့တာ ဘယ်သူမှ မသိလိုက်ပါ။

ခေတ်ကို တွေ့မြင်ချင်လှပြီ။

ဒါပေမဲ့ မြန်မာပြည်မှ မေ့ကို လာရောက်ကြိုဆိုနေမည့်သူက ခေတ်မဟုတ်ပါ။ မေရဲ့ အချစ်ဆုံးသူငယ်ချင်း နွယ်နီနီပဲ ဖြစ်လိမ့်မည်။

မေ မျှော်လင့်ထားသည့်အတိုင်း လေယာဉ်ပေါ်က ဆင်းလာက တည်းက နှုတ်ဆက်ကြိုနေသော လူတွေထဲမှာ နွယ်နီနီကို မေ လှမ်းမြင်ရ သည်။ မေ မြင်သာအောင် ရှေ့ဆုံးက လက်ကလေး ဝှေ့ရမ်းပြနေသော နွယ်နီနီသည် မေ အမြင်အာရုံထဲမှာ မပြောင်းလဲသေးပါ။

အပြာနုနု ဘလောက်စ်အင်္ကျီခါးရှည်လေးကို အနက်ရောင် ကိုယ်ကျပ်ဘောင်းဘီလေးနှင့် နွယ်နီနီ တွဲဖက်ဝတ်ဆင်ထားသည်။ ပခုံး သာသာအထိပဲရှည်သော ဆံညိုလေးတွေကို နဖူးပြေပြေလေးပေါ်အောင် သပ်တင်ပြီး သေသေသပ်သပ် ချည်နှောင်ထား၏။

အနားမရောက်ခင်မှာဘဲ နွယ်နီနီ နှုတ်ခမ်းလေးက ခေါ်သံလေး နှင့်အတူ မေ ဆီသို့ တစ်ရှိန်ထိုး ပြေးလာကာ ပွေ့ဖက်နှုတ်ဆက်သည်။

"မေ နင် နင် တကယ်ပြန်လာပြီနော်၊ ငါ ငါ ဝမ်းသာလိုက်

www.burmeseclassic.com



တာ၊ အရမ်းဝမ်းသာလိုက်တာဟယ်''

နွယ်နီနီ အသံလေးတွေ တုန်ခါကာ မျက်ရည်လေးတွေ ချက်ချင်းဝဲတက်လာသည်။ လွန်ခဲ့သော သုံးနှစ်ကျော်က မေ့ကို လေယာဉ်ကွင်းအထိ လိုက်ပို့ပေးရင်း နွယ်နီနီ ရှိုက်ကြီးတငင် ငိုကြွေးခဲ့တာကိုတော်ပြန်အမှတ်ရမိ၏။

''ငါ အရမ်းပျော်တယ် မေရယ်၊ နင် ဒီမြန်မာပြည်က ထွက်သွားတုန်းကလည်း ငါ ဒီလေဆိပ်ကို မျက်ရည်ကျပြီး လိုက်ပို့ပေးခဲ့ရတယ် အခု နင်ပြန်လာတော့လည်း ငါ အရမ်းပျော်တယ် မေရယ်၊ ငါ အိပ်မက်မက်နေသလိုပဲ သိလား''

နွယ်နီနီ မေ့ကို ရင်ချင်းအပ်ဖက်လိုက် ခွာလိုက်နှင့် ပြောလည်းပြော မျက်ရည်တွေလည်း ကျနေသည်။

''နွယ်နီရယ် ကလေးကျနေတာပဲကွာ၊ လူတွေအများကြီးကြမှာ ဒီလောက်ငိုနေရသလား မေ ပြန်လာပြီပဲ၊ မေနဲ့နွယနီ နောက်ခွဲခွာစရာအကြောင်းရင်းမှ မရှိတော့တာ''

''မေ နင် တကယ်ပြောတာနော်၊ ငါ့ဆီ အပြီးပြန်လာတာ

''ဩော် နွယ်နီရယ်၊ ငါ့ရည်ရွယ်ချက်ကြီး အောင်မြင်ပြီးသွားပြီပဲဟာ၊ နောက် ဘယ်တော့မှ ငါ အဝေးကြီးသွားစရာအကြောင်းမရှိတော့ဘူး၊ တိတ်တော့နော် နင့်မျက်ရည်တွေ သုတ်လိုက်တော့





တကယ့်ကို စိတ်ပျော့လွန်းသော သူငယ်ချင်းမလေးအကြောင်းကို မေ သိတာမို့ ပခုံးကိုသိုင်းဖက် ချော့မိသည်။ နွယ်နီမျက်တောင်ရှည်ကြီးတွေနှင့် မျက်ရည်တွေကို ပုတ်ခတ်သိမ်းဆည်းရင်း

''မေကတော့ ပြောအားရှိတာပေါ့၊ အသည်းမာလွန်းတာကိုး''

နွယ်နီ စကားလေးတစ်ခွန်းက မေ ရင်ထဲအထိ အဖျားခတ်တုန်ခါဖဲစေအောင် ခံစားရ၏။ နွယ်နီလိုပဲ ထိုစကားလေးနှင့် ခေတ် အမြဲတမ်း အပြစ်တင်နေကျ။

အခုလည်း နွယ်နီ နှုတ်က ခေတ်လိုပဲ အသည်းမာလွန်းတာကိုးတဲ့။ 'အံ့ဖွယ်မေ' ဆိုသော မိန်းမတစ်ယောက်က အသည်းမာလွန်း၊ မာနကြီးလွန်းသူတစ်ယောက်လား။

နွယ်နီရယ် မေ့ နှလုံးသားက ခံစားမှုတွေနှင့် နူးညံ့သိမ်မွေ့စွာသည်း ချစ်တတ်ခဲ့တာ ဘယ်သူသိနိုင်မှာလဲ။ ခေတ်ကို မေ နှလုံးသားက မြတ်နိုးစွာ ချစ်ခဲ့မိတယ်။

အဲဒီချစ်ခြင်းကြောင့်ပဲ မေ့ မာနတွေ ကြီးမားခဲ့တာ အပြစ်တဲ့လား။

''နွယ်နီ တို့ သွားကြရအောင်နော်''

''အင်း သွားကြမယ် မေ၊ မေ့ကားပါတယ် လာ''

''ကိုယ် ခရီးဆောင်အိတ်တွေ ရွေးပြီးရင် သွားကြမယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



လာ နွယ်နီ''

နွယ်နီ လက်ဖဝါးလေးကို တင်းတင်းဆုပ်ကိုင်ပြီး နှစ်ဦးသား ထွက်ခဲ့ကြသည်။ နိုင်မြဲစွာ ဆုပ်ကိုင်ထားမိသော လက်တွေ ပြန်ဆုံဆည်း ခဲ့မိပြီ။

မေ့ဘဝမှာ အချစ်ဆုံးသူဆိုလို့ ဘဝမှာ နှစ်ယောက်ပဲရှိခဲ့ဖူးပါ သည်။ နွယ်နီနီ ဆိုတဲ့ အချစ်ဆုံးသူငယ်ချင်းနှင့် လင်းလွန်းခေတ် ဆိုသော ခေတ်ရယ်ပဲလေ။

အခုတော့ နှစ်ယောက်စလုံးနှင့် ပြန်ဆုံဆည်းရတော့မည့်အဖြစ် က နွယ်နီ ပြောသလို အိပ်မက်ဆန်နေတာ အမှန်။

တကယ့်ကို အိပ်မက်ကလေးပါပဲ ခေတ်။ လှပတဲ့ အိပ်မက်လေး ကို မေနဲ့ခေတ် မက်ခွင့်ရခဲ့ပြီဆိုတာ . . ။

■ ■ ■



## အခန်း (၂)

''မေ''

အခန်းတံခါးကို မခေါက်ဘဲ လေသံတိုးတိုးလေးနှင့် နွယ်နီ ခေါ်သံကြောင့် မေ ခုတင်ပေါ်မှာ ပက်လက်ကလေး လှဲနေရာက လူးလဲ ထလိုက်မိသည်။

''ဝင်ခဲ့လေ နွယ်နီ၊ တံခါးလေးက စေ့ရုံစေ့ထားတာပါ''

စေ့ထားသော အခန်းတံခါးကို ညင်သာစွာ တွန်းဖွင့်ပြီး နွယ်နီ ဝင်လာသည်။ ဝတ်ဆင်ထားသော ညဝတ်ဂါဝန်ပါးပါးလေးနှင့် ဆံနွယ် တွေကို ဖားလျားချထားသော နွယ်နီ ပြုံးပြရင်း

''အိပ်လို့မပျော်ဘူးလား မေ''

''ဟင့်အင်း အိပ်လို့မရဘူး၊ ဟိုတွေး ဒီတွေးနဲ့ မျက်လုံးတွေ ကြောင်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



နှယ်နီ ခုတင်ဆီကို လျှောက်လာရင်း ညင်ညင်သာသာ ဝင်ထိုင်တော့ မေ လူးလဲထထိုင်လိုက်မိသည်။

လက်ထဲမှာ ကိုင်ထားမိဆဲ ခေတ်ရဲ့ဓာတ်ပုံလေးကို စားပွဲလေးပေါ် လှမ်းတင်တော့ နှယ်နီ ငေးငေးလေး ကြည့်ကာ ပင့်သက်လေးရှိုက်လိုက်သည်လား မသေချာပါ။

ဓာတ်ပုံလေးထဲမှာ အပြုံးနွေးနွေးလေးနှင့် ရှိနေသော ခေတ်ပုံလေးကို မေ ပြုံးပြုံးလေး ငေးကြည့်ရင်း

"နှယ်နီ ခေတ်နဲ့ငါ တွေ့ချင်တယ်ဟာ"

"အင်း တွေ့ရမှာပေါ့ မေရယ်၊ ဒီညတော့ မေ လန်းဆန်းအောင်ရှိသွားအောင် အနားယူလိုက်ပါဦးနော်"

လေဆိပ်က ပြန်ခဲ့ကြကတည်းက နှယ်နီ ထိုစကားကို ဆို သည်။ အင်္ဂလန်မှ မြန်မာပြည်အထိ ခရီးစဉ်တွေ မနာတမ်း ဖြတ်ပြန်ခဲ့သော မေ့ကို နှယ်နီက ပင်ပန်းနေသည်ဟု ထင်နေသည်။

တကယ်ဆို မေ စိတ်တွေ လန်းဆန်းတက်ကြွနေခဲ့တာ နှယ်နီမှ မသိနိုင်ဘဲ။

ဒီအခြေ ဒီဘဝရောက်ဖို့အတွက် အံ့ဖွယ်မေ ဆိုသော ဘယ်လောက်အထိ ရုန်းကန်ကြိုးစားခဲ့ရသလဲ ကိုယ်တိုင်ပဲ အသိဆုံး သည်။





အိပ်မက်ဆန်လွန်းသော အခြေအနေကြီးကို မေ ဖြစ်မြောက်အောင် ကြိုးစားနိုင်ခဲ့ခြင်းက ခေတ်ကိုချစ်သော ချစ်ခြင်းတွေရဲ့ ခွန်အားကြောင့်ပဲ ဖြစ်၏။

"နှယ်နီ နင် ပြောသလိုပါပဲ၊ အခု ငါ့အဖြစ်က အရမ်း အိပ်မက်ကြီးဆန်လွန်းတယ် သိလား၊ ငါ့ရဲ့မာနတွေနဲ့ ငါ စိန်ခေါ်ပြီး ကြိုးစားဖြစ်ခဲ့တာဆိုပေမယ့် အဓိကက ခေတ်ကိုချစ်တဲ့စိတ်ကြောင့် ငါ ဒီဘဝကြီးဆိုင်ခဲ့တာတော့ သေချာတယ် သိလား၊ ရေခြားမြေခြားမှာ ငါ ရင်ဆိုင်ခဲ့ အခက်အခဲတွေ ကြုံရတိုင်း ခေတ်ရဲ့ဓာတ်ပုံလေးကိုကြည့်ပြီး ငါ ခွန်အားတွေ ပြန်မွေးယူခဲ့ရတာပါ"

မေ့စကားကို ငြိမ်ငြိမ်လေး ငေးစိုက်နားထောင်နေသော နှယ်နီကို မေ ကျေကျေနပ်နပ်လေး ပြုံးပြလိုက်မိသည်။

"ငါ ခေတ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူ့ကို မမြင်တွေ့နိုင်တဲ့နေရာရောက်မှ သိခဲ့ရတာပါ၊ ငါ ခေတ်ကို ငါ့ဘဝ အသက်ပုံပြီး ချစ်ခဲ့တာ"

"မေ ရယ်"

နှယ်နီ ပင့်သက်လေးရှိုက် ရေရွတ်ရင်း မေ့ပခုံးကို သိုင်းဖက်ထား၏။ နှယ်နီ ကျောပြင်လေးကို မေလည်း တင်းတင်းလေး ပြန်ဖွဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"နွယ်နီရယ် နင်ကတော့ ငါ့အတွက် ဟိုတုန်းကလိုပဲ မပြောင်းလဲတဲ့ သူငယ်ချင်းပဲနော်၊ ငါ ကျိန်ရဲပါတယ်၊ နင့်ကိုငါ သတိရတယ်၊ ဒါပေမဲ့ တမင် အဆက်အသွယ်မလုပ်ခဲ့တာပါ။ ငါ့ကို မသွားခင်ကတည်းက ငိုယိုပြီးတားခဲ့တဲ့ နင် ထပ်ပြီးတားမှာ ငါ မကြားချင်ဘူး၊ နင် ငိုရင် ငါလည်းငိုမိမှာလေ ဒါကြောင့်ပါ"

"မေရယ် ငါ အခုချိန်မှာ နင့်ကို အပြစ်မမြင်တော့ပါဘူး၊ နင်ပြန်ရောက်လာတော့မယ်လို့ ငါ့ဆီ ဆက်သွယ်လိုက်ကတည်းက ငါ အရမ်းဝမ်းသာသွားခဲ့တာပါ"

"အဟင်း ငါ ထင်တယ်၊ အဲဒီနေ့က နင် ငိုသေးတယ် မဟုတ်လား"

နွယ်နီ မျက်နှာလေးကို စူးစူးနစ်နစ်လေးစိုက်ကြည့်ပြီး မေ မေးတော့ နွယ်နီ မချိတင်ကဲလေး ပြုံးကာ ခေါင်းညိတ်သည်။

"ငါ့သူငယ်ချင်းမလေးနဲ့ နှလုံးသားလေးက ဝါဂွမ်းလေးလို နူးညံ့တာ ငါ သိတာပေါ့၊ ဩော် နွယ်နီ အခု ငါ ပြန်ရောက်နေတာ ခေတ် တကယ်မသိသေးပါဘူးနော်၊ နင် ဘာမှမပြောထားဘူး မဟုတ်လား"

"ဟင့်အင်း ငါ ဘာမှမပြောထားပါဘူး မေရယ်"

"သင့်ခယူ နွယ်နီ ခေတ် ငါ့ကိုမြင်ရင် အရမ်းအံ့ဩဝမ်းသာ





သွားစေချင်လို့ပါ၊ မနက်ဖြန်တော့ ငါတို့ ဆုံဖြစ်မှာပါနော်"

"အင်း အင်းပါ မေရယ်၊ နင် အိပ်တော့နော်၊ ငါလည်း အိပ်တော့မယ်"

နွယ်နီ အပြုံးယဲ့ယဲ့လေးနှင့် နှုတ်ဆက်ပြီး ခုတင်လေးမှာ ထိုင်ရာက ထရပ်သည်။ ပြီးတော့ မေ့ကို မျက်နက်ဝန်း ကြည်ဖျော့ဖျော့ လေးတွေနှင့် ကြည့်ရင်း

"အိပ်ပျော်အောင် အိပ်နော် မေ၊ မနက်ကျမှ ဆုံကြစို့နော်"

မေ ပြုံးပြုံးလေး ခေါင်းညိတ်ပြတော့ နွယ်နီနီ အခန်းထဲက ထွက်သွားခဲ့သည်။ အခန်းတံခါးကို ညင်သာစွာ စေ့ပိတ်သွားတာ မေ ကြည့်ရင်း စားပွဲပေါ်က ခေတ် ဓာတ်ပုံလေးကို လှမ်းယူလိုက်မိ၏။

ပြီးတော့ ခုတင်လေးပေါ် လှဲအိပ်ရင်း ခေတ်ပုံရိပ်လေးကို မြတ်နိုး ငြိမ်ကြည့်မိပြန်၏။

နွယ်နီက အိပ်ပျော်အောင် အိပ်နော်ဟု သတိပေးသွားပေမယ့် မျက်ဝန်းတွေကမှ အိပ်စက်ခြင်းကို အလိုမရှိခဲ့ဘဲလေ။

အင်္ဂလန်မှာတုန်းကလည်း အလုပ်တွေထဲမှာ မေ့စိတ်တွေ နှစ် ထားခဲ့ပေမယ့် ခေတ် ပုံရိပ်လေးကိုတော့ ညစဉ်တိုင်း အလွမ်းပြေ စိတ်တတ်စမြဲ။

အခုလည်း ခေတ်ပုံရိပ် ဓာတ်ပုံလေးကို ကြည့်ကာ မေ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါး အရင်တုန်းကတော့ လွမ်းစိတ်တွေနှင့် ခွန်အားတွေအတွက် ကြည်နူးခဲ့တာ ဖြစ်ပေမယ့် ဒီတစ်ခါတော့ အနာဂတ်အတွက် လှပသော အိပ်မက်လေးကို ပျော်ရွှင်ခံစား ရင်ခုန်မိတာပဲ ဖြစ်သည်။

ဓာတ်ပုံလေးထဲမှ ခေတ်ရဲ့မျက်ဝန်းတွေ စိုလဲ့နေသော နှုတ်ခမ်းလေးတွေ အပြစ်ဆိုရက်စရာမရှိအောင် ချောမောလွန်းသော ခေတ်ရဲ့အကြည့်တွေ အပြုံးတွေထဲမှာ မေ့နှလုံးသားက ပျော်ဝင်လှုပ်ခတ်ခဲ့ဖူးသည်။

အတိတ်သည် မေ့အတွက်တော့ ဘယ်တော့မှ မမေ့နိုင်သော ရင်ခုန်ခြင်းတွေ ရှင်သန်ခဲ့ဖူးသည်။ ပြီးတော့ မာနတွေနှင့် အိပ်မက်ဆန်လွန်းသော ဘဝကြီးကို စိန်ခေါ်ခဲ့ဖူးပါသည်။

တစိမ့်စိမ့် ပြန်တွေးကြည့်တော့ အံ့ဖွယ်မေ ဆိုသော မေရဲ့ မဝေးသော အတိတ်တစ်ခုမှာ. . . ။

■ ■ ■



## အခန်း (၃)

ဝရန်တာလေးကို ထွက်ခဲ့ရင်း အကြည့်တွေက ခြံဝင်းထဲက ပိတောက်ပင်ကြီးဆီ အရောက်မှာ မြင်လိုက်ရသည်က ငှက်ကလေးနှစ်ကောင်။

ပိတောက်ပင်က သစ်ကိုင်းလေးမှာ နှစ်ကောင်ယှဉ်နားနေသော ငှက်ကလေးနှစ်ကောင်ကိုမြင်တော့ မေ ကြည်ကြည်နူးနူးလေး ပြုံးမိသည်။

မေ့အနားမှာသာ နွယ်နီနီ ရှိနေလျှင်တော့ ဘယ်လောက် ဝမ်းသာကျေနပ်သွားမည် မသိ။ သည်လို နှစ်ကောင်ယှဉ်တွဲ ငှက်မောင်နှံကို မြင်တွေ့ရလျှင် ကံကောင်းသည်ဟု နွယ်နီက ယုံကြည်တတ်သူ ဖြစ်သည်။

ကျောင်းသူဘဝတုန်းကဆို အတန်းနားသည်နှင့် မေနှင့်နွယ်နီ ကျောင်းဝင်းထဲ လျှောက်ကာ ငှက်မောင်နှံလေးတွေကို ရှာဖွေကြသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ရှုံးသွပ်ခဲ့ကြဖူးသည်။

"ဟင် မေက နိုးနေပြီကိုး"

နွယ်နီ အသံလေးကြောင့် မေ လှည့်ကြည့်တော့ ဝရန်တာလေး ဆီ ထွက်လာသော နွယ်နီကို တွေ့လိုက်ရသည်။

"အခုပဲ နိုးတာ နွယ်နီရဲ့၊ ဒီမှာ လာကြည့်စမ်း ဟင် မရှိတော့ ဘူး"

"ဘာလဲ မေရဲ့၊ ဘာမရှိတော့တာလဲ"

"စောစောက ဟော ဟို ပိတောက်ကိုင်းလေးမှာ ငှက်မောင်နှံ လေးနှစ်ကောင် နားနေတာ အခု ပျံသွားကြပြီ"

"ဟုတ်လား မေ မြင်လိုက်တာပေါ့၊ ဒါဆိုရင်တော့ မေ ဒီနေ့ ပျော်ရွှင်ကံကောင်းခြင်းတွေနဲ့ ကြုံမှာသေချာတယ် သိလား"

နွယ်နီကတော့ ယုံကြည်သည့်အတိုင်း ကြည်ကြည်နူးနူးလေး ပြုံးပြောနေသည်။ နွယ်နီကို ကြည့်ကာ ငေးရယ်နေတော့

"ဘာလဲ မေက မယုံလို့လား"

"အဟင်း ဟင်း ယုံပါတယ်၊ ကျောင်းတုန်းက ငါတို့တွေ ဒီလိုငှက်မောင်နှံလေးတွေကို လိုက်ရှာတာ အမှတ်ရလို့ပါ"

မေ့စကားကြောင့် နွယ်နီ ခေါင်းလေးညိတ်ကာ တက္ကသိုလ် ကျောင်းသူဘဝကို လွမ်းမောမောလေး ဖြစ်သွားပုံရှိသည်။





"အင်းနော် တက္ကသိုလ်ကျောင်းသူဘဝကို ပြန်လိုချင်လိုက် တာ သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံချင်လိုက်တာ မေရယ်"

ဘယ်တော့မှ ပြန်မရနိုင်သော အတိတ်ကို တမ်းတတလေး နွယ်နီ တောင့်တနေပြန်သည်။ တကယ်ဆို မေတို့ ကျောင်းပြီးခဲ့တာပဲ ...လကျော်နေခဲ့ပြီ။

အတူကျောင်းတက်ခဲ့ဖူးသော သူငယ်ချင်းတွေထဲက တချို့ဆို ...ပ်ငန်းခွင်တွေထဲတောင် ရောက်ကုန်ပြီ။ မေ ကိုယ်တိုင်လည်း ကိုယ့် ...ရေးအတွက် ရုန်းကန်နေခဲ့ရတာပဲ ဖြစ်သည်။

နွယ်နီနီ အတွက်ကတော့ ဘာမှပူပန်စရာမရှိသော ဘဝမို့ ...ချိန်တွေက ပျင်းရိစရာကောင်းနေမှာ သေချာပါသည်။

ကုမ္ပဏီပိုင်ရှင် သူဌေးကြီးဖခင်နှင့် စိန်တိုက်ပိုင်ရှင် မိခင်ဖြစ်သူ ...တစ်ဦးတည်းသော သမီးဖြစ်သော နွယ်နီနီအတွက်တော့ ဘဝမှာ ...ရာ ပြည့်စုံနေပြီးသား ဖြစ်သည်။

သိန်းထောင်ချီတန် ကိုယ်ပိုင်ကားနှင့်ကျောင်းတက်နိုင်သော ...နီက အံ့ဖွယ်မေ ဆိုသော ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်သူမကိုမှ ...လုံးထက် ပိုမိုခင်တွယ်ခဲ့သူ ဖြစ်သည်။

အဆောင်နေ ကျောင်းတက်ပြီးဘဝကို ရုန်းကန်နေရသော မေ ...ါမှာ နွယ်နီက အမြဲတမ်း ဖေးမစာနာတတ်သလို နွယ်နီ မိဘနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခင်မင်ခဲ့ကြသည်။

ကျောင်းပိတ်ရက်တွေမှာ နွယ်နီတို့အိမ်ကြီးက မေ့အတွက် စားအိမ်သောက်အိမ်ဖြစ်ခဲ့သလို အခုလို ကျောင်းပြီးသွားတော့လည်း တစ်ပတ်တစ်ရက်လောက်တော့ မေ ညအိပ်လာနေဖြစ်သည်။

"မေ ရေချိုးတော့လေ၊ ညနေ ပြန်မှာမို့လား"

"အင်း နေ့လယ်လောက်ပြန်မယ်၊ အဆောင်မှာ လုပ်စရာကိစ္စလေးတွေ ရှိသေးတယ် နွယ်နီရဲ့"

"မေကလည်း တစ်ပတ်တစ်ရက်လောက်ပဲ ဆုံရတာကို မသိဘူး ညနေမှပြန်ရမယ်"

"အေးပါကွာ ကဲ တို့ ရေချိုးလိုက်ဦးမယ်"

"ပြီးရင် ကော်ဖီသောက်ရအောင် ဆင်းခဲ့နော်၊ ဒေါ်မြိုင်က မေနဲ့နွယ်နီစားဖို့ နန်းကြီးသုပ်တွေ လုပ်ထားတယ်"

နွယ်နီစကားကို ခေါင်းလေးညိတ်ပြပြီး မေ ရေချိုးခန်းဘက် ထွက်ခဲ့သည်။ ဒီအိမ်ကြီးကတော့ မေ့အတွက် ကိုယ့်အိမ်ရာလိုပဲ ဖြစ်နေပါသည်။

ဘဝကိုတစ်ယောက်တည်း ရင်ဆိုင်နေသော မေ့ကို နွယ်နီက သူမရဲ့ အိမ်ကြီးမှာ လာနေဖို့ အမြဲတမ်း ခေါ်ဖူးသည်။ ဒါပေမဲ့ မေက တော့ ငြင်းဆန်ခဲ့ပါသည်။





ဘဝကို မေ တစ်ယောက်တည်း ရင်သန်တတ်ခဲ့တာ ကြာပြီ။ ဖေဖေက မေ ငယ်ငယ်ကတည်းက ဆုံးသည်။ မေမေကတော့ မေ ဆယ်တန်းအောင်သည့်နှစ်မှာပဲ ဆုံးပါးခဲ့၏။

လောကကြီးမှာ ရှားရှားပါးပါး ကျန်ခဲ့သည်က ဖေဖေ့ဘက်က တော်စပ်သော ဒေါ်လေးတစ်ယောက်ပဲ ဖြစ်သည်။ ဒါပေမဲ့ ဖေဖေ့ညီမ ဒေါ်လေးခိုင်က မေ့ကို တူမရယ်လို့ မခင်မင် မသတ်မှတ်ခဲ့ပါ။

မိဘတွေကို ဆန့်ကျင်ပြီး မေမေ့ကို ဖေဖေ လက်ထပ်ခဲ့ကတည်းက ဖေဖေ့မိဘတွေက ဥပေက္ခာပြုထားခဲ့တာ ဖြစ်သည်။ ဖေဖေဆုံးတော့ ဒေါ်လေးခိုင်နှင့် အဘွားရှိနေသေးသည်။

မေ့လိုပဲ မာနကြီးသော မေမေက အောက်ကျို့ခံကာ ဘာအကူအညီမှ မတောင်းဘဲ သားအမိနှစ်ယောက် ဘဝကို ရုန်းကန်ရင်ဆိုင်ခဲ့ကြသည်။

မေမေ ဆုံးပါးချိန်မှာ ဖေဖေ့ရဲ့အမေ အဘွားလည်း ဆုံးပါးသည်။ ဒေါ်လေးခိုင်က ဖေဖေ ရသင့်သည်ဆိုသော အမွေ သိန်းသုံးဆယ်ကို မေ့ဆီပို့ပေးသည်။ တကယ်ဆို ဖေဖေ ရသင့်တာ ထိုထက်မကသော တန်ဖိုးရှိမှန်းလည်း မေ သိပါသည်။

ဒါပေမဲ့ ဘာမှ မက်မောမနေချင်တော့ပါ။ သဒ္ဓါ၍ပေးတာကိုယူကာ မေမေ ပိုင်ဆိုင်သော ခြံဝင်းနှင့်အိမ်ကို ရောင်းချပြီး မေ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ရန်ကုန်တက်ခဲ့သည်။

လက်ထဲက ငွေကလေး ဘဏ်မှာအပ်နှံကာ အဆောင်နေရင်း ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ခဲ့သည်။

နွေကျောင်းပိတ်ရက်တွေမှာ ဝါသနာပါသော ဓာတ်ပုံသင်တန်း တက်သည်။ ဓာတ်ပုံပြိုင်ပွဲတွေမှာ ဝင်ပြိုင်ရင်း ဆုတွေလည်း ရခဲ့ဖူးသည်။

မေ ဝါသနာပါသော ဓာတ်ပုံပညာနှင့်ပဲ နွေကျောင်းပိတ်ရက်တွေ မှာ ဝင်ငွေရအောင် ရှာနိုင်ခဲ့သည်။ အခု ကျောင်းပြီးတော့လည်း မေ့ရဲ့ ကိုယ်ပိုင်ဓာတ်ပုံဆိုင်လေး ဖွင့်ဖြစ်သည်။

မေ့ရဲ့တစ်ဝမ်းတစ်ခါးအတွက်တော့ ပြည့်စုံအဆင်ပြေခဲ့၏။

တစ်ပတ်တစ်ရက် နားဖြစ်သော ဒီလိုနေ့လေးမှာတော့ အခင် ဆုံးသူငယ်ချင်း နွယ်နီနီ အိမ်မှာ မေ အချိန်ကုန်တတ်၏။

ရေမိုးချိုးပြီးတော့ မေ ထည့်ယူလာသော ဝတ်စုံလေး လဲလှယ် လိုက်သည်။ ထွေထွေထူးထူး ဘာမှမပြင်ဆင် မခြယ်သပေဘဲ ကော် ဝိုင်းကို ဆင်းခဲ့သည်။

ကော်ဖီဝိုင်းမှာ နွယ်နီ မေ့ကို စောင့်နေခဲ့၏။

"လာ မေ ဒီမှာ အခုပဲ ဒေါ်မြိုင် နန်းကြီးသုပ်တွေ သုပ်ပေး ထားတာ၊ မပွခင် စားလိုက်ကြရအောင်"

"စားကြ စားကြ မေလေးကော နွယ်လေးပါ ကြိုက်တာသိ

ဗျူး၀၁၆၀



အများကြီး ဒေါ်မြိုင် ဝယ်ထားတယ် သိလား"

ဒေါ်မြိုင်က အသုပ်ပွဲတွေ ပြင်ဆင်ပေးရင်း ပြောသည်။ နွယ်နီ ဖေဖေနှင့်မေမေ ညစ်ခံပွဲတစ်ခု သွားကြတာမို့ ကော်ဖီဝိုင်းမှာ မေတို့ နှစ်ယောက်ပဲ ရှိ၏။

"မေ နင် ဒီနေ့လာမှာ သိလို့ ဒေါ်မြိုင်က ရှယ်စီစဉ်ထားတာဟ၊ နင်ကြိုက်တဲ့ ကင်ပွန်းချဉ် ချဉ်ရည်ဟင်းနဲ့ ငါးဖယ်ငါးဆုပ်ဆီပြန်လေ၊ ငရုတ်သီးဆားထောင်းနဲ့ ကြက်သားဆီပြန်လည်း ပါတယ်နော်"

"ဟုတ်လား ဒါဆိုရင်တော့ ညနေစာ အလွတ် အဝဆွဲသွား မယ်ဟာ"

"ညနေစာပါ စားပြီးမှ ပြန်လို့ ဒါကြောင့် ငါ ပြောတာပေါ့၊ အများကြီးချက်ထားတာ၊ မေမေတို့က ဒီနေ့ညနေစာပါ အပြင်မှာစား သောက်ပြီးမှ ပြန်လာကြမှာဟ"

"သိပါတယ် နင် တစ်ယောက်တည်း ပျင်းနေလို့ ငါ့ကို ဖွတ် နေခိုင်းနေတာ မဟုတ်လား၊ ငါ ညနေမှ ပြန်ပါမယ် နွယ်နီရယ်"

နွယ်နီ မျက်နှာလေး ကျေနပ်စွာ ပြုံးသွားခဲ့သည်။ နှစ်ယောက် သား ဒေါ်မြိုင် သုပ်ပေးသော နန်းကြီးသုပ်တွေ အဝစားပြီး ကော်ဖီတစ် ခွက်စီ သောက်ပြီးတော့ ညစ်ခန်းကို ထွက်ခဲ့ကြသည်။

"ငါ အသစ်ဝယ်လာတဲ့ ကိုရီးယားကားတွေ ရှိတယ်ဟ၊ နင်နဲ့

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



အတူ ကြည့်ရအောင်နော်"

နွယ်နီ အသစ်ဝယ်ထားသော ကိုရီးယားဇာတ်လမ်းတွဲကို ဖွင့် ကြည့်နေတုန်းမှာ ဆင်ဝင်အောက်ကို ထိုးရပ်လာသော ကားသံကိုတောင် သတိမထားလိုက်မိကြပါ။

"ဒီ ဒီမှာ ခင်ဗျ အိမ်ရှင်တို့"

ခေါ်သံလေးကြားမှ မေနှင့်နွယ်နီ ပြိုင်တူလှည့်ကြည့်မိကြသည်။ ပိတ်ထားသော ဧည့်ခန်းသံပန်းတံခါးအပြင်မှာ ရပ်နေသော လူရွယ်တစ် ဦး။ အစိမ်းရောင်တီရှပ်လက်တိုနှင့် အနက်ရောင် စတိုင်ဘောင်းဘီရှည် ကို ဝတ်ဆင်ထား၏။

ဘေးခွဲဆံပင်တိုတိုက သပ်သပ်ရပ်ရပ်မို့ ရှင်းသန့်ချောမောလှ သော မျက်နှာလေးကို ပိုလို့ပေါ်လွင်စေသည်။

မေ ကိုယ်တိုင် ငေးငေးလေး ကြည့်နေတုန်း နွယ်နီက အရင် ဆုံး ထသွားခဲ့ရင်း

"ဘယ်သူနဲ့တွေ့ချင်လို့လဲရှင်"

"အန်တီ ဒေါ်မြတ်ပန်းနွယ် ရှိသလားခင်ဗျာ"

"ဩော် မေမေ မရှိဘူးရှင့်၊ ဖေဖေနဲ့ဧည့်ခံပွဲ တစ်ခု သွားပါ တယ်၊ အထဲဝင်ထိုင်ပါဦး"

နွယ်နီ ပြောရင်း ဧည့်ခန်းတံခါးကို ဖွင့်ပေးနေသည်။ ဆင်ဝင်





အောက်မှာ ရပ်ထားသော ငွေမင်ရောင် ပရာဒိုကားကြီးက ထိုလူရွယ်ရဲ့ ကားပဲဖြစ်မည်။

မေတို့က ကိုရီးယားဇာတ်ကားထဲ အာရုံဝင်စားနေသလို ကား စက်သံကလည်း ငြိမ့်ငြောင်းလွန်းတာမို့ မသိလိုက်ကြတာ ဖြစ်မည်။

လူရွယ်ကို ဧည့်ခန်းထဲ နွယ်နီ ဖိတ်ခေါ်နေတာမို့ မေလည်း ရီမုဒ်လေးနှင့် EVD စက်ကို လှမ်းပိတ်လိုက်ပါသည်။

"ထိုင်ပါဦးရှင် ဘာကိစ္စရှိလို့လဲ၊ ကျွန်မကို မှာခဲ့လို့ ရရင် မှာခဲ့ပါ"

နွယ်နီက ဧည့်ခံရင်း ပြောသည်။ ကြည့်ရတာ သူ့ကို နွယ်နီ တောင် ခင်မင်ရင်းနှီး သိထားပုံမရပါ။

သူက ခေါင်းလေးညိတ်ကာ ထိုင်ခုံမှာ ဝင်ထိုင်သည်။ နီးနီး ကပ်ကပ် မြင်လိုက်မှ သူ့ရဲ့ရှင်းသန့်ကြည်လင်နေသော မျက်နှာလေးကို မေ အထင်အရှား မြင်တွေ့နေရသည်။

မျက်ခုံးစိမ်းစိမ်းလေးတွေက ထူပိန်းနေတာ မဟုတ်ဘဲ စိမ်းညို့ နေ၏။ တိုစိပ်စိပ် မျက်တောင်တွေနှင့် မျက်ဝန်းညိုတွေက ကြည်လင် တောက်ပကာ စွဲဆောင်မှုအပြည့်နှင့် ဖြစ်သည်။

စင်းပြီးပေါ်လွင်သော နှာတံက ကျစ်ကျစ်လစ်လစ်နှင့် နဂိုစိုလဲ့ သော နှုတ်ခမ်းတွေက ပိပိရိရိ။



www.burmeseclassic.com

www.burmeseclassic.com



"ဪ် မေ့နေလိုက်တာ၊ ကော်ဖီဖျော်လိုက်ဦးမယ်"

နွယ်နီ ဆိုတော့ သူ ကသောကမျောလေး လက်ကာငြင်းရင်း

"မလုပ်နဲ့တော့ ကျွန်တော် အခုပဲ သောက်လာလို့ပါ၊ အန်တီမြတ် မရှိဘူးဆိုရင်လည်း မေမေ ပေးလိုက်တဲ့ ပစ္စည်းလေး ထားခဲ့ပါရစေ"

"ဪ် ဟုတ်ကဲ့ ရပါတယ်ရှင်"

သူက လက်ထဲမှာ ကိုင်ထားသော ပါကင်ဘူးလေးကို ထုတ်ပေးသည်။ ရတနာပစ္စည်းထည့်သော ဘူးလေးပဲ ဖြစ်ဟန်တူသည်။

"ကျွန်တော့်မာမီ ပေးခိုင်းလိုက်တာပါ၊ ဒေါ်ခင်မာလင်းဆို အန်တီမြတ် သိပါတယ်၊ မာမီလည်း အန်တီမြတ်ဆီ ဖုန်းဆက်ထားမှာပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ မေမေ လာရင် နွယ်နီ ပေးလိုက်ပါ့မယ်"

နွယ်နီက ဘူးလေးကို လှမ်းယူနေတုန်းမှာ သူ့အကြည့်တွေက မေ့ဆီ ဝေ့ခနဲ ရောက်လာသည်။ မေ့ကိုယ်တိုင်ကလည်း သူ့ကို စူးစူးနစ်နစ်လေး စိုက်ကြည့်နေတာမို့ အကြည့်ချင်း ဆုံမိသည်။

သူ့အကြည့်တွေကြောင့် မေ ရင်ကလေး တုန်ခါသွားခဲ့ရတာတော့ အမှန်။ ကပျာကသီ အကြည့်လွှဲလိုက်ရ၏။

"ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ရှင် ဟုတ်ကဲ့ ဟုတ်ကဲ့"

နွယ်နီကို နှုတ်ဆက်ပြီး သူ ထရပ်တော့မှ မေ ပြန်မော့ကြည့်မိ





သည်။ သူက မေ့ကို ပြုံးပြုံးလေး နှုတ်ဆက်နေသေးသည်။

မေလည်း အလိုက်သင့်ပြန်ပြုံးပြတော့ နွယ်နီ လှစ်ခနဲ ပြုံးလိုက်တာ မြင်လိုက်သေး၏။ ဘာကြောင့်မှန်းမသိပါဘဲ မေ ရှက်မျက်နှာလေး နီသွားမိ၏။

သူက နှုတ်ဆက်အပြုံးလေးနှင့် ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးဆီ လှမ်းထွက်သွားသည်။ မစိပ်မကျဲ ခြေလှမ်းတွေနှင့် လျှောက်သွားသော သူ့စတိုင်က ကြည့်ကောင်းလွန်းတာ အမှန်။

"မေ"

သူ့ကားလေး ဆင်ဝင်အောက်က မောင်းထွက်သွားတုန်းမှာပဲ နွယ်နီ မေ့ကို လှမ်းခေါ်တာမို့ လှည့်ကြည့်မိသည်။

"တကယ်ချောတယ်နော် မေ သဘောကျသွားပြီလား"

"အံမယ် စိတ်မဝင်စားပါဘူး"

"စိတ်မဝင်စားဘူး မလုပ်နဲ့၊ သူ့အကြည့်တွေက မေ့ကို စိတ်ဝင်စားပုံပြသွားတာ အထင်အရှားပဲ"

"ဟင် ဘာဆိုင်လို့လဲ၊ နွယ်နီဆီလာတာပဲလေ"

"နိုး နွယ်နီနဲ့ တစ်ခါမှ မဆုံဖူးပါဘူး၊ မေမေ့ရဲ့မိတ်ဆွေရဲ့သား ထင်တယ်၊ မေနဲ့ ဒီနေ့ဆုံလိုက်တာ ထူးခြားတယ်၊ ဖူးစာရေးနတ်က ဆုံဆည်းအောင် ဖန်တီးလိုက်တာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွယ်နီရယ် ပေါက်ကရတွေ မပြောပါနဲ့၊ မေ ထင်တာတော့ နွယ်နီ့မေမေက သဘောတူထားတဲ့သူလား မသိဘူး"

မေ့စကားကြောင့် နွယ်နီ ပခုံးလေးတွန့် ခေါင်းလေး ခါရမ်းပြရင်း

"ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ နွယ်နီ အိမ်ထောင်ရေးကိစ္စကို ဖေနဲ့မေက ဘယ်တော့မှ ဝင်မစွက်ဖက်ဘူးလို့ ပြောပြီးသား၊ ပြီးတော့ နွယ်နီကလည်း အိမ်ထောင်ပြုဖို့ စိတ်မဝင်စားဘူး"

"နွယ်နီ စိတ်မဝင်စားလို့ မေ့ဘက် မြားဦးလှည့်နေတာလား"

"ဒီသဘော မဟုတ်ပါဘူး မေရယ်၊ မေက နုနုညက်ညက်လေးနဲ့ အပြစ်ဆိုစရာမရှိအောင် ချောတယ်၊ နွယ်ရဲ့သူငယ်ချင်းလေးကို လိုက်ဖက်ညီတဲ့ ချစ်သူနဲ့ပဲ ဆုံဆည်းစေချင်တယ်လေ"

"အဟင်း တော်ပါတော့ နွယ်နီရယ်၊ ဘယ်သူဘယ်ဝါမှန်းတောင် မသိသေးတဲ့ ယောကျ်ားနဲ့ မေ့ကို ဖွတ်သဘောတူမနေပါနဲ့၊ ကဲ အခွေဆက်ကြည့်ရအောင်ဟာ"

မေ စကားပြတ်အောင် ပြောရင်း ရီမုဒ်လေး ကောက်ယူကာ ကြည့်လက်စ ကိုရီးယားကားကို ပြန်ဖွင့်လိုက်သည်။

ဒါပေမဲ့ အာရုံတွေက တီဗွီဖန်သားပြင်ပေါ်မှာ မရှိခဲ့ပါ။

သူ့ရဲ့ပုံရိပ်သွင်လေးကသာ မေ့အာရုံထဲမှာ လာငြိတွယ်နေခဲ့





သည်။ မလုံမလဲစိတ်တွေနှင့် နွယ်နီကို လှမ်းကြည့်တော့ နွယ်နီ အာရုံတွေက ကိုရီးယားဇာတ်ကားထဲမှာပဲ ရှိနေတာ သေချာ၏။

မေ ပင့်သက်လေးရှိုက်လိုက်မိသည်။

တဒင်္ဂလေး ဆုံမိသော ယောကျ်ားပျိုတစ်ယောက်အပေါ်မှာ အလွယ်တကူ တိမ်ညွှတ်သွားရလောက်အောင် မေက ဆယ်ကျော်သက်မိန်းကလေးမှ မဟုတ်တော့တာပဲလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"လင်းလွတ်ခေတ် တဲ့ မေရဲ့"

"ဘာရယ် ဘာပြောတာလဲ နွယ်နီရဲ့"

ဖုန်းထဲက နားမလည်နိုင်သလို ပြန်မေးနေသော မေ့အသံလေးကြောင့် နွယ်နီ ရယ်မိပြန်သည်။

"နွယ်နီ ဘာဖြစ်နေတာလဲ၊ မေ ဘာမှနားမလည်ဘူး"

စိတ်ရှုပ်ထွေးသွားသလို မေ ရေရွတ်နေသည်အထိ နွယ်နီ ဘာမှ ပြန်မပြောသေးဘဲ အရယ်တွေ မရပ်သေးတော့ . . ။

"ဟဲ့ နွယ်နီ နင် ရူးသွားပြီလား၊ ဘာလို့ အကြောင်းမဲ့ရယ်နေတာလဲ"

"အဟင်း ဟင်း ရယ်ချင်လို့ဟ ဟင်း ဟင်း"

ဗျူး၈၁၆ပ



"ဟာ ငါ စိတ်ရှုပ်လာပြီ၊ ရယ်ချင်ရင် နင့်ဘာသာ အားရအောင်ရယ်၊ ငါ ဖုန်းချလိုက်တော့မယ်"

"အာ နေဦး နေဦး၊ အဟင်း ဟင်း ငါ အတည်ပြောပါ့မယ်ဟာလေး"

နွယ် အရယ်တွေကို ဘရိတ်အုပ်ပစ်ကာ ကသောကမျောလေး ပြောလိုက်ရသည်။ ပြီးမှ

"လင်းလွန်းခေတ် ဆိုတာ ဟိုတစ်ပတ်တုန်းက အိမ်ကိုလာတဲ့ သူလေဟာ၊ နင်နဲ့ ငါ သဘောတူတယ်ဆိုတဲ့သူပေါ့"

ဒီတစ်ခါတော့ ဘာမှ ခွန်းတုံ့မပြန်နိုင်အောင် မေ့ဘက်က အားသံတွေ တိတ်သွားသည်။ မေ ရင်တွေခုန်နေသည်လား။ နွယ် သိချင်မိသည်။

"မေ ဖုန်းကို နင့်ရင်ဘတ်နား ကပ်လိုက်စမ်းပါ၊ နင့်ရင်ခုန်သံ တွေကို ငါ ပုံဖော်ကြည့်ချင်လို့"

"ဘာရင်ခုန်ရမှာလဲ၊ မေနဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ဘူး မလုပ်နဲ့လေ၊ နွယ်ကတော့ မေ့အတွက် အရမ်း ဝမ်းသာနေတယ် သိလား၊ ဘာလို့လဲဆိုတော့ လင်းလွန်းခေတ်က မေ့ကို စိတ်ဝင်စားနေတာ သိလို့"

"ဟာကွာ ဘာတွေ ပြောနေတာလဲ"

ဗျူး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ပြောနေသော မေ့ မျက်နှာလေး ရှက်သွေးလွှမ်းနေမည်ဟု နွယ် ယုံသည်။

"ဘာတွေ လာပြောသလဲ မမေးနဲ့၊ လင်းလွန်းခေတ်က မေနဲ့တွေ့လိုက်ပြီးကတည်းက နေ့တိုင်း အိမ်ကို အကြောင်းမရှိ အကြောင်းရှာလာနေတာ နေ့တိုင်းပဲ၊ မေ့ကို ပြုံးပြုံးရွှန်းရွှန်း ရှာနေတဲ့ မျက်လုံးတွေ ချာလည်နေတာသိလား"

"နွယ်နီနော် ပေါက်ကရတွေ မပြောနဲ့၊ နွယ့်ဆီလာတာဆိုတော့ နွယ်နဲ့ပဲဆိုင်တယ်၊ တို့နဲ့ ဘာမှမဆိုင်ဘူး"

"ဟော့ နွယ့်စကားဆုံးအောင် နားထောင်ဦး၊ သူ့နှုတ်ကကို ဖွင့်မေးတာ မေ့အကြောင်းတွေ နွယ်အားလုံး ပြောပြလိုက်တယ်"

"ဘာရယ် မေ့အကြောင်းမေးတယ် ဟုတ်လား"

"ဟုတ်တယ် လင်းလွန်းခေတ်က နွယ်ကို ခင်အောင်ပေါင်းပြီး မေ့အကြောင်းတွေ မေးတာ၊ ဗေဒင်မေးစရာ မလိုဘူး၊ သူ မေ့ကိုချစ်နေတာ အမှန်ပဲ"

"ဆောရီးပဲ နွယ်၊ မေ စိတ်မဝင်စားဘူး၊ နွယ်ပဲ အဲဒီ လင်းလွန်းခေတ်ကို ချစ်သူတော်လိုက်ပေါ့"

"အဲဒီလို မပြောနဲ့လေ မေရဲ့၊ သူက မေ့ကို စိတ်ဝင်စားနေတာ နွယ် သိတာပေါ့၊ အဲဒီအတွက် နွယ် ကျေနပ်တယ်၊ ဝမ်းသာတယ် သိ





သား။ သူနဲ့မေက လိုက်ဖက်ညီတယ်၊ လင်းလွန်းခေတ် မိဘတွေက ပြည့်စုံချမ်းသာတယ်၊ လင်းလွန်းခေတ်ကလည်း ပညာတတ် ဘွဲ့ရပြီးသား သူ့အဖေရဲ့ အလုပ်တွေကို ဦးစီးလုပ်တော့မယ့် လူတော်တစ်ယောက်ပဲ"

"နေစမ်းပါဦး နွယ်ရဲ့၊ ဘာလို့ သူ့ History တွေ မေ့ကို လာပြောပြနေတာလဲ"

"မေက နွယ့်အချစ်ဆုံး သူငယ်ချင်းလေး၊ နွယ်သူငယ်ချင်းလေးကို အရာရာပြည့်စုံတဲ့ယောကျ်ားနဲ့ ရစေချင်တာပေါ့၊ ဒါကြောင့် လင်းလွန်းခေတ်ရဲ့ ရာဇဝင်သမိုင်းကြောင်းကို စုံစမ်းထားတာ"

နွယ် အားတက်သရောလေး ပြောမိသည်။ တကယ်လည်း သူငယ်ချင်းမလေးအတွက် နွယ် ပျော်နေမိတာ အမှန်ပဲဖြစ်သည်။ မေ့ဘဝလေး အေးချမ်းစေချင်သည်။

လင်းလွန်းခေတ်ဆိုသော ပြည့်စုံချမ်းသာသည့် ယောကျ်ားနှင့် ...ပ်စေချင်သည်။ ဒါ နွယ်ရင်ထဲက အဖြစ်ချင်ဆုံးသော ဆန္ဒပဲဖြစ်၏။

"စိတ်ကူးမလွဲနဲ့ မေ၊ သူ ဖွင့်ဟဝန်ခံလာရင် ခေါင်းညိတ်ဖို့ ...င့်ပြင်ထားနော်"

"ဟင့်အင်း မေ သူ့ကိုချစ်လာမှာ မဟုတ်ဘူး"

"ဟင် ဘာလို့လဲ မေရဲ့"

"အမိကအကြောင်းရင်းက သူ ချမ်းသာနေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာဆိုင်လို့လဲ မေရဲ့"

"ဆိုင်တာပေါ့ နွယ်ရဲ့၊ ဘဝတွေက ထပ်တူညီမှ ဟာမိုနီဖြစ်မှာ လေ။ ဘကယ်ဆို လင်းလွန်းခေတ် အခြေအနေက နွယ်နဲ့မှ ထပ်တူကြ တာ၊ ဒီတော့ မေ့ကို တိုက်တွန်းမနေနဲ့ နွယ်ပဲ ရွေးလိုက်"

စကားအဆုံးမှာ မေ ဖုန်းလေးပိတ်သွားခဲ့သည်။

နွယ် မချင့်မရဲလေး ဖြစ်ကာ ကျန်ရစ်ခဲ့ရသည်။ ကိုယ့်မှာတော့ မေ့အတွက် ဝမ်းသာနေခဲ့ရတာ အမှန်။ မေက လက်မခံချင်သလို ငြင်း နေတော့ စိတ်ပျက်မိသည်။

ဘာပဲဖြစ်ဖြစ် လင်းလွန်းခေတ် အပေါ်မှာ မေ ရင်မခုန်ဘူးဆို တာတော့ မဖြစ်နိုင်ပါ။ မင်းသားလေးတစ်ပါးလို ချောမောပြီး အဆင်းရော အချင်းပါ ပြည့်စုံသည့်သူကို မေ လက်မခံသည့်အကြောင်းပြချက်က ချမ်းသာပြည့်စုံလို့တဲ့။

အချစ်ဆိုသောအရာကို နွယ် မကြုံမသိပေမယ့် မေ ပြောသော အချက်နှင့်မသက်ဆိုင်ဟု ထင်သည်။

ဒါကို မေ လက်ခံနိုင်သည့်အချိန်ကျလျှင်တော့ . . ။

■ ■ ■

ဗျူး၁၇၆၀

## အခန်း (၅)

"အံ့ဖွယ်မေ"

မေ့နာမည်ကို ခေါ်သံကြောင့် လှည့်ကြည့်တော့ အံ့သြစိတ်တွေ ... မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့သည်။

လင်းလွန်းခေတ် ဆိုသော သူ့အမည်နာမကို နွယ် ပြောပြထား ...ာ မေ သိထားခဲ့တာ ဖြစ်သည်။ သူနှင့်မေ တစ်ကြိမ်ပဲ ဆုံဖူးသည်။ ...ပြီး ဆုံတွေ့မှုလည်း မရှိခဲ့။

မေ ရှိသော ဒီဥယျာဉ်လေးထဲက ခတ်ပုံဆိုင်လေးအထိ ရောက် ...တာတော့ အံ့သြစရာကောင်းသည်။ သေချာတာက ဒါ နွယ့်စနက် ...ကြောင့်ပဲ ထင်ပါသည်။

"ရှင် ဘာလာလုပ်တာလဲ"

ဗျူး၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်စိရှေ့မှောက်အထိ ရောက်လာသော သူ့ကို မေ မျက်မှောင်လေးကုပ်ပြီး အလိုမကျစွာ မေးမိသည်။ သူကတော့ မျက်မှောင်လေးကုပ်ပြီး သဘောကျစွာ ရယ်နေသေး၏။

ကြည်လင်ရှင်းသန့်သော ရုပ်သွင်နှင့် ဝတ်ဆင်ထားသော အင်္ကျီလေးက အဝါနုနုရုပ်လက်တိုနှင့် ဂျင်းပြာနုနုလေး ဖြစ်သည်။ အနီးကပ် ယှဉ်ရပ်မိမှ သူ့အရပ်မြင့်မြင့်မားမားကြီးက မေ့ထက်တောင် ခေါင်းတစ်လုံးစာခန့် မြင့်မားလွန်းသည်။

"ကိုယ် အံ့ဖွယ်မေဆီ လာတာပါ"

မေ မျက်နှာလေးက အလိုမကျမှုတွေနှင့် ပိုမိုပြီး သုန်မှုန်သွားခဲ့မှာတော့ သေချာနေခဲ့ပါသည်။ ဒါပေမဲ့ ခင်မင်နှစ်လိုဖွယ်ပြုံးနေသော သူ့အပြုံးအတွက်တော့ တစ်စက်လေးတောင် ပျက်ယွင်းမသွားခဲ့ပါ။

"ညီမ ဒီမှာ မတ်တပ်ရပ်နေရတာ ညောင်းလှပြီ"

အလိုမကျသလို လှမ်းအော်သော အစ်မကြီးအသံကြားမှ မေ အာရုံက အလုပ်ထဲ ပြန်ရောက်သွား၏။ ဓာတ်ပုံရိုက်မည့်သူကို အသေအချာ ချိန်ရွယ်ထားပြီးမှ သူ့ခေါ်သံကြောင့် မေ အာရုံတွေ ပျက်သွားတာ။

"ဆောရီး အစ်မ၊ ကန်တော့နော်၊ ခဏလေး ရိုက်မယ်"

မေ အားတုံ့အားနာနှင့် တောင်းပန်ရင်း ကင်မရာကို ချိန်ရွယ်





ရိုက်ပေးလိုက်ရသည်။

"ရပြီ ရပြီ အစ်မ"

ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ထွေးသွားခဲ့ကာ သူ့ကိုလည်း မေ လှည့်မကြည့်နိုင်ပါ။ ဓာတ်ပုံရိုက်သူကို ဘောက်ချာဖွင့်ပေးရသေး၏။

စရံငွေယူ ဘောက်ချာပေးပြီးတော့ မိန်းကလေးအုပ်စုတစ်စု စားပွဲဝိုင်းဆီ ရောက်လာပြန်သည်။

"အစ်မ ဓာတ်ပုံတွေ ရပြီလား"

မြင်ရုံနှင့် မေ ကောင်းကောင်းမှတ်မိသော အုပ်စုပါပဲ။ လွန်ခဲ့သည့် နှစ်ရက်ခန့်က ဥယျာဉ်ထဲလာကာ ဓာတ်ပုံတွေ ရိုက်သွားကြသည့် ဗရုတ်မလေးများ အုပ်စု။ ရိုက်သွားသော ဓာတ်ပုံတွေကတောင် ပုံနှစ်ဆယ်နီးပါးရှိသည်။

"ရပြီ ညီမလေးရေ၊ အစ်မကို ဘောက်ချာပေး"

ကမ်းပေးသော ဘောက်ချာကို လက်ခံယူကာ အံဆွဲထဲက အသင့် စီစဉ်ထားသော ဓာတ်ပုံတွေကို ယူမေးလိုက်သည်။

"ဟယ် ဒီမှာ ငါ့ပုံ ငါ့ပုံဟဲ့"

"ပြစမ်း ပြစမ်း ဟယ် ငါ့ပုံလေးက လှတယ်ဟ ခစ် ခစ်"

ဓာတ်ပုံတွေကို တစ်ယောက်ဆီ ဆွဲထုတ်ကြည့်ကြရင်း ဗရုတ်မလေးတွေ ဆူညံပွက်လောရိုက်ကုန်သည်။ ဓာတ်ပုံရိုက်သည့်နေ့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ထဲမှာ လက်ပံပင် ဆက်ရက်ကျသလို ဆူညံနေသည့်အုပ်စု မေ အကြောင်းသိထားပြီး ဖြစ်သည်။

အခုလည်း ခါတ်ပုံတွေကို သူ့ထက်ငါ လုယူကာ ဝိုင်းကြည့် ဝေဖန်ကြ၊ ရယ်မောကျေနပ်နေကြသံတွေနှင့် ရှုပ်ထွေးသွား၏။

"ဒီလောက် အများကြီးရိုက်တာတောင် အစ်မက ဈေးမလျှော့ ဘူး၊ တကယ်ဆို နည်းနည်းတော့ လျှော့သင့်တယ်"

"အဟင်း ဟင်း နောက်တာပါ အစ်မရဲ့၊ အစ်မ ရိုက်ပေးတဲ့ ပုံလေးတွေက ကောင်းပါတယ်၊ အပြင်မှာ မချောတဲ့ ကေသီတောင် ခါတ်ပုံထဲမှာ လှသွားတယ် အဟင်း ဟင်း"

"ကောင်မစုတ်နော်၊ သူများကို ကဲ့ရဲ့ဖို့ဆို နှစ်ယောက်မရှိဘူး ဟွန်း"

တစ်ယောက်နှင့်တစ်ယောက် စကြနောက်ကြရင်း ကျသင့်ငွေ ရှင်းကာ နှုတ်ဆက်ပြန်သွားတော့မှ မေ့လည်း ပင့်သက်လေလေး ရှိုက် လိုက်ရသည်။ ဒီလိုအုပ်စုမျိုးသာ တစ်နေ့ သုံးလေးစု ကြုံရလျှင် ခေါင်း တွေ မူးနောက်သွားမှာ သေချာ၏။

"အံ့ဖွယ်မေ"

"ဟင် ရှင် မပြန်သေးဘူးလား"

အခုချိန်ထိ မေ့ကို ရပ်စောင့်နေသော သူ့ကို မေ မျက်မှောင်





လေးကုပ် မေးမိသည်။ သူက အပြုံးမပျက် မျက်နှာလေးနှင့် ငေးကြည့် နေရင်း

"ကျွန်တော် မေနဲ့စကားနည်းနည်း ပြောချင်လို့ပါ၊ ဒီအချိန်ဆို ဒီစိမ်းလန်းစိုပြည် ဥယျာဉ်ထဲမှာ ရှိတတ်တယ်လို့ နွယ် ပြောလိုက်လို့"

မေ ကြိုတွေးထားသည့်အတိုင်း နွယ်နီ စနက်ကြောင့် သူ ရဲ့ခါတ်ပုံဆိုင်လေးဆီကို ရောက်လာတာပဲ ဖြစ်သည်။

"ကျွန်မ ဘယ်မှာပဲရှိရှိ ရှင်နဲ့ ဘာပြောစရာကိစ္စမှ မရှိဘူး ထင်တယ်"

မေ ခပ်ပြတ်ပြတ်ပဲ ပြောမိသည်။ သူကတော့ မေ ပြောသမျှ ကို မျက်နှာလေးတစ်ချက် မပျက်ဘဲ စူးစူးနစ်နစ်လေး ကြည့်နေသည်။ ကွက်လက်ရှည်ကို တံတောင်ဆစ်အထိ ခေါက်တင်ကာ ဂျင်းဘောင်းဘီ ပတ်နွမ်းနှင့်ပဲ တွဲဝတ်ဆင်ထားသော မေ့ကို သူ့အကြည့်တို့ မလွှဲဖယ် ခဲ့ဘဲ

"ကျွန်တော့်မှာ မေ့ကို စကားတွေ ပြောစရာအများကြီး ရှိတယ်၊ ကျွန်တော် မေနဲ့ ခင်မင်ပါရစေ"

"ဟင့်အင်း ကျွန်မ အခြေအနေနဲ့ ရှင့်အခြေအနေက ခင်မင် တဲ့အနေအထား မဟုတ်ဘူး လင်းလွန်းခေတ်"

"ဒါ ဘာမှမဆိုင်တဲ့ကိစ္စတွေပါ အံ့ဖွယ်မေ၊ မေ့အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နွယ် ပြောပြလို့ ကျွန်တော် သိထားတယ်၊ မေက အဆောင်မှာနေတယ် ဒီဥယျာဉ်ထဲမှာ ဓာတ်ပုံဆိုင်လေး ဖွင့်ထားတယ်၊ ပြီးတော့ ကွန်ပျူတာ သင်တန်းနဲ့ စပီကင်သင်တန်းတွေတက်ပြီး ဘဝကို တိုးတက်ဖို့ ကြိုးစား နေတဲ့သူတစ်ယောက်''

''အဲဒါတွေက ရှင်နဲ့ဘာမှမဆိုင်ဘူးလေ''

မေ့အကြောင်းတွေကို သူ စုံစုံလင်လင် သိနေတာမို့ အံ့သြခြင်း တော့ မဖြစ်မိပါ။ ဒါလည်း နွယ် ပြောပြထားလို့ သူ သိထားသော အကြောင်းအရာတွေပဲ ဖြစ်မှာသေချာသည်။

''မေနဲ့ပတ်သက်သမျှ ကျွန်တော်နဲ့ သက်ဆိုင်တယ် မေ၊ ဘာ လဲဆိုတော့ မေ့ကို ကျွန်တော် ချစ်နေလို့''

''ဟင်''

''ဟုတ်တယ် မေ၊ ကျွန်တော် မေ့ကိုချစ်တယ်၊ အံ့သြစရာ ကောင်းချင်ကောင်းနေမယ်၊ မေကို မြင်တွေ့လိုက်ပြီး အချိန်တိုလေးမှာ ကျွန်တော် သိပ်ချစ်သွားတာ၊ ဒါကြောင့်လည်း နွယ်ကို မေ့အကြောင်း တွေမေးပြီး ကျွန်တော် သိခွင့်ရအောင် ကြိုးစားခဲ့တာပါ''

''ဟင့်အင်း ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူး''

''ဘာလို့လဲ မေ၊ ကျွန်တော်က ချမ်းသာပြည့်စုံတဲ့သူတစ် ယောက် ဖြစ်နေလို့လား''





မေ တကယ်ပဲ စိတ်ညစ်ညူးသွားမိသည်။ နွယ်နီကတော့ မေ ပြောသမျှအားလုံးကို သူ သိအောင် ပြန်ပြောထားသည် ထင်၏။

''ဟုတ်တယ် အဲဒီအချက်က အရေးကြီးဆုံးအချက်ပဲ''

''မဟုတ်ဘူး မေ၊ အချစ်အတွက် အရေးကြီးဆုံးက အချစ်ပဲ ဖြစ်သင့်ပါတယ်''

''စိတ်ညစ်လိုက်တာ''

''စိတ်မညစ်ပါနဲ့ မေရယ်၊ မေ့ကို ကျွန်တော်ချစ်တာ ဘယ်အရာ နဲ့မှ မသက်ဆိုင်ဘဲ ချစ်ခဲ့တာပါ၊ အဲဒီအတွက် ကျွန်တော် ပိုင်ဆိုင်ချင်တာ ကလည်း မေရဲ့ နှလုံးသားတစ်ခုပါပဲ''

ဆိုင်ထဲဝင်လာသော မိသားစုတစ်စုကြောင့် သူ့စကားတွေ ရပ် သွားသလို မေလည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ထွေးသွားသည်။

''မေ ကျွန်တော် ပြန်ပါဦးမယ်''

နှုတ်ဆက်ပြီး သူ ထွက်သွားခဲ့တာ မေ အလုပ်ရှုပ်သွားတာ ကြောင့်ပဲ ဖြစ်လိမ့်မည်။ မေ့ရင်ထဲမှာတော့ မောနိုးနိုးကြီး ဖြစ်ကျန်ရစ် ခဲ့သည်။

ငွေတွေ၊ ဂုဏ်တွေကို မေ သိပ်ကြောက်ပါသည်။ ဖေဖေ့ကို ဆက်ထပ်ယူခဲ့မိလို့ မေမေ ရင်ဆိုင်ခံစားရသလိုမျိုး မေ မခံစားချင်ပါ။

မေ့အတွက်တော့ လင်းလွန်းခေတ်ရဲ့ ပြည့်စုံချမ်းသာခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကြောက်စရာကောင်းသော တံတိုင်းကြီးလို ဖြစ်နေသည်။

အချစ်အတွက် အရေးကြီးဆုံးက အချစ်ပဲတဲ့လား လင်းလွန်းခေတ်ရယ်။ ဟင့်အင်း ရှင်နဲ့ကျွန်မကြားမှာ ကျွန်မ အကြောက်ဆုံး အရွံ့ဆုံး တံတိုင်းကြီး ရှိနေတယ်။

မေ့အနားကို ရှင်မလာပါနဲ့ လင်းလွန်းခေတ်ရယ်။

■ ■ ■

## အခန်း (၆)

အနားကို မလာပါနဲ့ဟု မေ ဆုတောင်းမိပေမယ့် သူကတော့ မေ့ရဲ့စာတတ်ပုံဆိုင်လေးရှေ့ကို နေ့စဉ် ရောက်လာတတ်သည်။

မေ တမင်ပဲ ဥပေက္ခာပြုကာ မသိကျိုးကျွံပြု ရယ်စရာအလုပ်တွေနှင့်ပဲ ရှုပ်ထွေးနေပြတော့ မေ့အနားကို ရောက်မလာဘဲ ဆိုင်နှင့်မျက်နှာချင်းဆိုင်က ခုံတန်းလေးမှာ ထိုင်နေတတ်သည်။

မျက်ဝန်းတွေက မေ့ဆီငေးလျက် တစ်ယောက်တည်း ငိုင်ငိုင်လေး ထိုင်နေသည်က တစ်ခဏလေးမဟုတ်ဘဲ တစ်နာရီ၊ နှစ်နာရီခန့်အထိ ကြာတတ်သည်။ သူ့မျက်ဝန်းတွေထဲမှာ မေ့ဆီက တုံ့ပြန်မှုတစ်ခုကို မျှော်လင့်နေတာသိပေမယ့် မေ့ တစ်ချက်လေးတောင် လှည့်မကြည့်ဖြစ်အောင် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ ခံတန်းလေးက ထရပ်ကာ တိတ်ဆိတ်စွာပဲ ပြန်သွားတတ်ပါသည်။

တစ်ပတ်တစ်ရက် မေ နားသည့်ရက် နွယ်နီတို့အိမ်ရောက်တော့လည်း လင်းလွန်းခေတ်က ရောက်လာတတ်သည်။

"နွယ်နီ သူ့ကို နင် တမင်ခေါ်လိုက်တာ မဟုတ်လား"

"ဟယ် မဟုတ်ရပါဘူး မေရယ်၊ သူ့ဘာသာ လာတာပါ"

နွယ် လိမ်နေတာ မေ သိသည်။ ဒါပေမဲ့ မေ ဘာမှပြောပိုင်ခွင့် မရှိတာမို့ မသိချင်ယောင် ဆောင်နေလိုက်သည်။

သူကတော့ မေတို့ စကားဝိုင်းကိုဝင်ကာ စကားတွေပြောသည်။ မေက စကားဝိုင်းတွေထဲက ရှောင်ထွက်ကာ တွေ့သည့်သတင်းစာ ဂျာနယ်တစ်ခုခုကိုပဲ စိတ်ဝင်စားသလို ဖတ်နေလိုက်သည်။

မေ တမင်ရှောင်မှန်း သိတော့ သူ မေ့ကို တောင်းပန်တိုးလျှိုးသော မျက်ဝန်းတွေနှင့် ကြည့်တတ်၏။ နွယ်နီကလည်း သူ့ကို အားနာကာ မေ့ကို လှမ်းကြည့်တတ်စမြဲ။

သူ ပြန်သွားသည်နှင့် နွယ်နီက မေ့အနားရောက်လာကာ အပြစ်ဖွဲ့စကားတွေ ပြောတော့သည်။

"မေရယ် နင် ဘာလို့ လင်းလွန်းအပေါ်မှာ ဒီလောက်တောင် ဥပေက္ခာပြု ခါးသီးနေရတာလဲဟင်"





"ငါ ပြောပြီးပြီပဲ နွယ်ရယ်၊ ငါ သူ့ကို မချစ်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် မိတ်ဆွေတစ်ယောက် အဖြစ်တော့ နင် အသိအမှတ်ပြုသင့်ပါတယ်"

"ဟင့်အင်း ဇာတ်လမ်းတွေ မရှုပ်ချင်ဘူးဟာ"

"ဘာလို့လဲ သံယောဇဉ်တွေ အမျှင်တန်းပြီး သူ့ကို မေ ချစ်မိသွားမှာစိုးလို့လား"

"နွယ်နီနော်၊ လာနောက်မနေနဲ့"

"မေရယ် ငါတော့ နင်နဲ့လင်းလွန်းကို သဘောတူတယ်၊ ဘယ်လိုပဲကြည့်ကြည့် အပြစ်တစ်စက်လေးတောင် မရှိတဲ့သူ့ကို နင် ဘာလို့ ခေါင်းခါနေတာလဲ"

"မချစ်နိုင်လို့ မချစ်လို့ပေါ့"

မေ ယတိပြတ်ပဲ ပြောပစ်လိုက်ပါသည်။ နွယ်က မေ့မျက်ဝန်းတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"ဟင့်အင်း ငါ မယုံဘူး၊ နင် သူ့ကိုရှောင်ဖို့ကြိုးစားနေတာ သူက ချမ်းသာပြည့်စုံတဲ့ အသိုင်းအဝိုင်းက ဖြစ်နေလို့ မဟုတ်လား၊ အကယ်လို့ လင်းလွန်းသာ နင်နဲ့အခြေတူ ဘဝတူဆိုရင် နင် ဒီလို ဆက်ဆံမလား"

နွယ်နီ့အမေးကို မေ ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖူးပါသည်။

တစ်ခါတစ်ခါ လင်းလွန်းခေတ် သာ မေ့လိုပဲ ဘဝတူဆိုလျှင် မေ ခင်မင်မိမှာတော့ သေချာသည်။ သူ့ရဲ့ဖြူစင်ရိုးသားမှုတွေကို သူ့ မျက်ဝန်းတွေထဲမှာ မေ မြင်တွေ့ပါသည်။

ရှင်းသန့်ချောမောပြီး နူးညံ့သိမ်မွေ့သော သူ့အသွင်ကိုလည်း မေ သတိထားမိတာပဲ ဖြစ်သည်။ အနေတည်ကြည်ပြီး ရုပ်သွင်ချောမော သော သူ့အနားမှာ မိန်းကလေးတွေ ဝိုင်းနေမှာလည်း မေ သိပါသည်။

ဒါပေမဲ့ ချစ်သူရည်းစား မရှိဘူးဆိုသော သူ့အကြောင်းတွေကို နွယ် ပြောပြတော့လည်း မေ ယုံကြည်ခဲ့သည်။

"မေရယ် လင်းလွန်းခေတ်က မေ့ကိုတကယ်ချစ်တာပါ၊ သူ့ဘဝမှာ မေက ပထမဆုံး ချစ်မိတဲ့ မိန်းကလေးတဲ့၊ နွယ့်ကို ဝန်ခံပြောဖူးတယ်"

နွယ့်ဆီက ကြားရသော ထိုစကားတစ်ခွန်းက မေ့ရင်ထဲအထိ ကြည်နူးလိုက်ဖို့စွာ ခံစားရတာကို မေ ကိုယ်တိုင်ပဲ သိခဲ့ပါသည်။

တကယ်ဆို မေ့နှလုံးသားကလည်း အမြဲတမ်း မာကြောပြတ်သားစွာ တည်ရှိခဲ့ဖူးပေမယ့် သူ့အပေါ်မှာတော့ ရင်ခုန်လှုပ်ခတ်ခဲ့ဖူးတာ ဝန်ခံပါသည်။

တက္ကသိုလ်ကျောင်းသူဘဝတစ်လျှောက်လုံးမှာ မေ့အချစ်ကို





...တောင်းခံသူမှန်သမျှ ပြတ်သားစွာပဲ ငြင်းခဲ့သည်။ မေ့ဘဝကို ရန်းကန် ... ရည်ရွယ်ချက်တွေနှင့် နှလုံးသားက အချစ်ကို အလိုမရှိခဲ့ပါ။

အခုတော့ မေ့နှလုံးသားကိုမှ သူက ငြိတွယ်လှုပ်ခတ်အောင် ...တီးလာသည့် အဖြစ်မှာ မေ ဒူးထောက်ကျရှုံးတော့မည်လား။

မေ့ဘက်က ဥပေက္ခာတရားတွေကို သူကတော့ အရှုံးပေး ...သွားခဲ့ပါ။ နေ့စဉ်တိုင်း စိမ်းလန်းစိုပြည် ဥယျာဉ်ထဲက ခုံတန်းလေးမှာ ...ထိုင်တတ်သည်။

"နင် သူ့ကို ဘယ်လိုပဲ ဥပေက္ခာပြုထားထား သူကတော့ ...ကို ချစ်နေမှာတဲ့၊ နင့်မျက်နှာလေးကို မြင်နေရရင် စိတ်ချမ်းသာတယ် ...

နွယ့်ဆီက ပြန်ကြားရသော သူ့ခံစားချက်တွေက မေ့ရင်ကို ...ထိရှရှတော့ ခံစားရစေပါသည်။

မေ့ကို တဒင်္ဂလေးမြင်တွေ့ခွင့်ရဖို့အတွက် သူ ဒီလိုပဲ နေ့စဉ် ...သက် ဒုက္ခလာခံနေတော့မှာလား။

လင်းလွန်းခေတ်ရယ် ကြာရင် နှလုံးသားရဲ့ ဆန္ဒအောက်မှာ ...တွေ ပြိုလဲသွားရတော့မှာလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဥယျာဉ်လေးထဲက ခုံတန်းပြာလေးမှာ ထိုင်ကာ မေ့အရိပ်ကို မျှော်ငေးနေတတ်သော သူသည် မေ စိတ်အနှောင့်အယှက်ဖြစ်စေအောင် တော့ ဘာတစ်ခုမှ မပြုမူခဲ့ပါ။

ကိုယ့်အလုပ်တွေနှင့်ကိုယ် ရှုပ်ထွေးရင်း မေလည်း ပုံမှန်အတိုင်း လည်ပတ်နေခဲ့သည်။ နေ့စဉ်တိုင်း မြင်တွေ့ရသော သူ့အရိပ်လေးကိုတော့ မေ မသိစိတ်က မျှော်နေမိတာတော့ ဝန်ခံချင်သည်။

တစ်ခါတစ်ရံ သူ နောက်ကျပြီး ခုံတန်းပြာလေးကို ရောက်မလာလျှင် မေ ရင်ထဲမှာ လစ်ဟာကာ သူ့အရိပ်လေးကို မျှော်တတ်လာသည်။ အချိန်မှန် ရောက်မလာတတ်သော သူ နေမကောင်းတာလားဟု စိုးရိမ် ပူပန်မိ၏။





ဒါပေမဲ့ သူ ရောက်လာပြန်လျှင်လည်း မေ့ရင်ထဲက လှိုက်ခနဲ သာစိတ်ကို ဟန်ဆောင်သိုဝှက်ကာ မသိကျိုးကျွံ အလုပ်များနေဟန် င်မိပြန်သည်။

သူ့ရဲ့ ဖွဲ့ရှိမှုနှင့် အလေးအနက်ရှိမှုအတွက်တော့ မေ စိတ်ထဲက တ်တွေ ကြိတ်ပြီး ပေးနေမိခဲ့၏။

နွယ်နီတို့အိမ် မေသွားသည့်ရက်မှာလည်း လင်းလွန်းခေတ်က ာင်ရောက်နေတတ်ပြန်သည်။

"မေ စားလို့ကောင်းလား"

"အေး ကောင်းတယ် နွယ်ရဲ့၊ နေပါဦး နင် ဘယ်ဆိုင်က ာစီးစီး ထဝယ်ထားတာလဲ"

မေ ရောက်တော့ နွယ်နီက မုန့်ဟင်းခါးတွေ ဝယ်ထားတာမို့ သား အားပါးတရ စားဖြစ်ကြတာ ဖြစ်သည်။ အရသာကို ခံစား ည့်နှင့် နာမည်ကြီးဆိုင်က မုန့်ဟင်းခါးဟု သိတာမို့ မေ မေးမိ၏။

နွယ်နီက ဟင်းရည်နှင့် အိုးဘဲဥကိုဖဲ့ကာ စားနေသော မေ့ကို ကာ ပြုံးပြုံးလေး လုပ်နေ၏။ ပြီးမှ

"ငါ ဝယ်ထားတာ မဟုတ်ဘူး၊ လင်းလွန်း အစောကြီး ဝယ် တာ"

"ဟင်"

www.burmeseclassic.com



"ဟုတ်တယ် နှင် မုန့်ဟင်းခါးကြိုက်တယ်လို့ ငါ ပြောလိုက် သူ အစောကြီး ဝယ်ပို့သွားတာမှ အများကြီးပဲ၊ အဝစားနော် မေ"

နွယ်နီ့စကားကြောင့် ဟွန့်ခနဲ ဖြစ်သွားတာ အမှန်။ အ နှင့် နှစ်ပွဲတိတိလည်း စားပြီးပြီ။ ဟင်းရည်နှင့် အိုးဘဲဥတစ်လုံးတော ကုန်လုလုမှ နွယ်နီ ပြောလာတော့ စိတ်ထဲက မလုံမလဲ ဖြစ်မိသ ကျေနပ်ကြည်နူးစိတ်လည်း ဖြစ်ရ၏။

"ဟင် တော်ပြီလား မေရဲ့၊ စားပါဟ"

"တော်ပြီ သူ ဝယ်ကျွေးတာမုန့်းသိရင် စားတောင် မစားဘူ

မေ စိတ်ဆိုးသလိုဆိုတော့ နွယ်နီ မျက်နှာပျက်ကာ ပျာပျာသ

"မေရယ် ဒီလို မပြောပါနဲ့ဟာ၊ ဒီနေ့က လင်းလွန်းမွေးနေ့ ဒါကြောင့် သူက နှင်နဲ့ငါ့ကို ဒါနပြုတာပါ"

"နွယ်နီ ငါ တောင်းပန်ပါတယ်၊ သူနဲ့ငါ့ကို နှင် ဘာမှ ကြား ညှိနှိုင်းမပေးပါနဲ့"

"မေရယ် ဘာလို့ လင်းလွန်း အချစ်ကို နှင် လက်မခံနိုင်တာ လဲ"

"ငါ ပြောပြီးပြီပဲ နွယ်၊ သူ့ရဲ့ချမ်းသာပြည့်စုံမှုကြီးကို ဘယ် လိုမှ လက်မခံနိုင်ဘူး၊ ငါ အစွဲအလန်းကြီးတယ်လို့ နှင်ထင်ချင် ငါ့ရင်ထဲမှာ မေမေနဲ့ပတ်သက်ပြီး ခံစားခဲ့ရတဲ့ ဒဏ်ရာတွေက အ





နေတုန်းပဲ"

မေ့အကြောင်းတွေကို သိထားပြီးသော နွယ်နီ့ဆီက ပင့်သက် လေး ရှိုက်သံကြားရသည်။

"ဖေဖေ့ရဲ့ပြည့်စုံချမ်းသာမှုတွေကို မက်မောလို့ဆိုတဲ့ စွပ်စွဲချက် ကြီးကို မေမေတစ်ဘဝလုံး ခံခဲ့ရတာ၊ ဖေဖေ့ရဲ့အသိုင်းအဝိုင်းက ငါတို့ကို ပြစ်မဲ့ကျွာပြုခဲ့ကြတဲ့ အထိပဲလေ"

"မေရယ် ဘာပဲဖြစ်ဖြစ် မေ့မေမေ့အပေါ်မှာ မေ့ဖေဖေက ရှိရှိ ချစ်ခဲ့တာပဲ မဟုတ်လား၊ လင်းလွန်းကလည်း မေ့ကို အဲဒီလို ခိုင်မြဲမှာ နွယ် ယုံတယ်"

"မေမေနဲ့ဖေဖေက အချစ်အတွက်နဲ့ ဘဝတစ်ခု တည်ထောင် ကြတာ မှန်ပေမယ့် မေမေ့ရင်ထဲမှာဒဏ်ရာ အစိုင်အခဲတွေ ဖြစ်ခဲ့ရတာ နွယ်နီ၊ ပြီးတော့ ငါ့ရင်ထဲမှာလည်း ဒဏ်ရာတွေရခဲ့တာပဲ၊ ဒါကြောင့် ဒီအမှားမျိုး ငါ မလိုချင်ဘူး"

"မေရယ်"

နွယ်နီ့နှုတ်က တိုးတိုးရေရွတ်သံလေးပဲ ကြားကာ ဘာမှခွန်းတုံ့ နိုင်တော့ပါ။ အတိတ်ကို တွေးမိတိုင်း မေ့ရင်ထဲမှာ မေမေ့ကို သနားမိ ဖေဖေ့ရဲ့ ချစ်ခြင်းတွေကို မေမေ ပိုင်ဆိုင်ခဲ့ရပေမယ့် ဖေဖေ့အသိုင်း အဝန်းရဲ့ စွပ်စွဲချက်ကြီးအောက်မှာ မေမေ နာကျင်ခံရခက်ခဲ့တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ဇါ

ဖေဖေဆုံးကတည်းက ဘယ်သူ့ရဲ့အားကိုးသနားမှုကိုမှ မခံယူဘဲ ဘဝကိုရုန်းကန်ခဲ့သော မေမေသည် နောက်ဆုံးအချိန်မှာတော့ သမီးအတွက် စိတ်မချနိုင်သော သောကပူတွေတော့ ခံစားသွားရမှာ သေချာ၏။

တစ်ချိန်မှာ မေမေ့လို နောင်တတွေနှင့် မေ မကြုံဆုံချင်ပါ။ ဒါကြောင့်လည်း လင်းလွန်းခေတ်အပေါ်မှာ မေ မတွယ်ငြိနိုင်အောင် ကြိုးစားနေခဲ့မိခြင်း ဖြစ်သည်။

"မေ နင်နဲ့ငါ ဂိမ်းဆော့ရအောင်ဟာ"

မေ့စိတ်တွေ ညစ်ညူးသွားတာသိတော့ နွယ်နီက အာရုံပြောင်းအောင် ဂိမ်းကစားဖို့ ပြောသည်။

နှစ်ယောက်သား အတူဂိမ်းကစားကြရင်း အာရုံတွေ ညစ်ညူးသွားကြတော့ ခြံဝင်းထဲဆင်းကာ လမ်းလျှောက်ကြသည်။ ခရေရိပ်အောက်က ခုံတန်းလေးမှာထိုင်ကာ စကားတွေပြောကြသည်။

ဟိုဟိုသည်သည် ပြောကြရင်း နောက်ဆုံးတော့ နွယ်နီရဲ့စကားဦးတည်ရာက လင်းလွန်းခေတ်ဆီပဲ ပြန်ရောက်ပြန်၏။

"မေ နင် အချစ်ကို ဘယ်လိုခံစားနားလည်သလဲဟင်"

"မသိဘူးဟာ"





"သိချင်ရင် လင်းလွန်းခေတ်ကို ချစ်ကြည့်လိုက်ပါလား"

ထုံးစံအတိုင်း နွယ်နီ စကားတွေက ဒီကိုပဲ ဦးတည်လာပြန်၏။ မေ အလိုမကျသလို မျက်မှောင်လေးကျုံ့ပြီး ဘုကြည့်ကြည့်ပစ်လိုက်၏။

"နွယ်နီနီ"

"ဘာလဲဟ"

"နင် အဲဒီသူ့အကြောင်းပဲထပ်ပြော၊ ပြောနေရင် ငါ ဘယ်တော့မှ နင့်ဆီမလာတော့ဘူး သိလား"

"ဟယ် မေရယ်၊ အဲဒီလို မလုပ်ပါနဲ့"

"လုပ်မယ် ငါ တကယ် စိတ်ညစ်တယ်၊ ဒီကိုလာရင် နင်က သူ့အကြောင်းတွေ ပြောတယ်၊ ဆိုင်ရှေ့မှာလည်း သူက နေ့တိုင်း ငုတ်တုတ်လာထိုင်နေတာက တမျှော်၊ ငါတကယ် စိတ်ညစ်ပြီး သေတောင်သေချင်တယ် အဟုတ်"

"မေ"

လင်းလွန်းခေတ် ခေါ်သံတိုးတိုးကြောင့် မေကော နွယ်ပါ ပြိုင်တူ လှည့်ကြည့်မိကြသည်။

ဘယ်အချိန်ကတည်းက အနားရောက်နေသည်မသိသော သူ့မျက်နှာက မှိုင်းဖျော့နေသည်။

"ကျွန်တော့်ကြောင့် မေ အဲဒီလောက်အထိ စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ဖြစ်နေတာ ကျွန်တော် စိတ်မကောင်းပါဘူး မေ''

မေ ပြောလိုက်သည့်စကားတွေကို သူ အသေအချာ ကြားသွားခဲ့တာတော့ သေချာသည်။ နွယ်နီလည်း မျက်နှာလေးငယ်ကာ မေနှင့်သူ့ကို တစ်လှည့်စီ ကြည့်လို့နေသည်။

''ကျွန်တော့်အပြုအမူတွေကြောင့် မေ စိတ်ဆင်းရဲနေတယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်၊ မေ မကြိုက်တဲ့အလုပ်တွေ ကျွန်တော် မလုပ်တော့ပါဘူး၊ နွယ်နီကိုလည်း ကတိပေးပါတယ်ဗျာ၊ စိတ်ချ မေ ကျွန်တော့်မျက်နှာကို မမြင်စေရပါဘူးဗျာ''

စကားအဆုံးမှာ သူ မေတို့ကို ကျောခိုင်းပြီး လှည့်ထွက်သွားခဲ့၏။ ရှပ်လက်ဖြူနှင့် အစိမ်းရောင်ကွက်စိပ်ပုဆိုးကို ဝတ်ဆင်ထားသော သူ့အသွင်က ရှင်းသန့်နေပေမယ့် သူ့ခြေလှမ်းတွေက လေးပင်တုံ့ဆိုင်းနေသည်။ ခေါင်းငိုက်စိုက် တရွေ့ရွေ့ လှမ်းသွားသောသူ့ကို စိုက်ကြည့်ရင်း နွယ်နီက

''မေရယ် လင်းလွန်း သနားစရာဟယ်၊ သူ တော်တော် ခံစားသွားရမှာ သေချာတယ်''

နွယ်နီ့စကားကို မေ ခွန်းတုံ့မပြန်ဖြစ်ပေမယ့် ရင်ထဲမှာတော့ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလိုမျိုး။

မေ့စကားကြောင့် သူ တကယ်ပဲ ခံစားထိခိုက်သွားခဲ့သည်လား





စိတ်မကောင်းပါဘူး လင်းလွန်းခေတ်ရယ်၊ အချစ်ဆိုတာ ဘဝရဲ့ စိတ်အပိုင်းတစ်ခုပဲလို့ မေ ယုံကြည်တယ်။

အတ္တဆန်လိုက်တာလို့ ဆိုမယ်ဆိုရင်လည်း. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မေ့စကားတစ်ခွန်းက တကယ်ပဲ လင်းလွန်းခေတ်ကို ထိန့်[illegible] ခံစားသွားစေခဲ့သည်လား။

နောက်တစ်နေ့မှာ စိမ်းလန်းစိုပြည် ဥယျာဉ်လေးထဲက ခုံတ[illegible] လေးက တိတ်ဆိတ်အထီးကျန်သွားခဲ့သည်။

အချိန်မှန်မှန် မပျက်မကွက် ရောက်လာတတ်သော သူသည် အခုတော့ ရောက်မလာခဲ့တာတော့ သေချာနေပြီ။

"ညီမလေး ဓာတ်ပုံရိုက်ချင်လို့"

"ရှင်"

"ဒြော် မိသားစုအမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ပါ၊ ဒီဥယျာဉ် ထဲက ရှုခင်းကောင်းတဲ့နေရာလေးရှိမလား"





"ရှင် အဲ ဟုတ်ကဲ့ ရှိပါတယ် အစ်မ"

မေ့စိတ်နှင့်ကိုယ်က မကပ်သလိုဖြစ်နေသည်။ အမြဲတမ်း ဒါသနာပါ အာရုံဝင်စားသော အလုပ်ထဲမှာတောင် မေ စိတ်တွေ ပျော်ဝင် မနေခဲ့ပါ။

"ဟင် သူ လာပြီ"

ဆိုင်လေးနှင့် မျက်နှာချင်းဆိုင် ခုံတန်းလေးမှာ ထိုင်နေသော လူရွယ်ကို မေ့အကြည့်တွေ ရောက်သွားတော့မှ သူ မဟုတ်ပါ။ လူငယ် တစ်ယောက် ထိုင်နေခြင်းသာ ဖြစ်၏။

"ညီမ ဟောဟို ပန်းပင်တွေနားမှာ နောက်ထပ်တစ်ပုံလောက် ရိုက်ပေးပါဦးနော်"

အလုပ်ထဲမှာ စိတ်အာရုံက မကပ်ငြိတော့ အရာရာက အ ဆောင်ယောင်အမှားမှား အသေအချာ ချိန်ရွယ်ရိုက်ပြီးမှ ဖလင်က ကုန်နေပြန်၏။

"ဒြော် အစ်မ ခဏလေးနော်၊ ဖလင်လိပ်က ကုန်နေပြီ"

"ဟင် ဖလင်မပါဘဲ ရိုက်လိုက်တာလား"

"ဟုတ် အဲ ခဏလေး စောင့်ပါနော်၊ ကျွန်မ present တစ်ပုံပိုရိုက်ပေးပါ့မယ် အဟင်း ဟင်း"

"ဖလင်နဲ့တော့ ရိုက်နော် ညီမ အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မမှားသင့်သည့်အမှားတွေနှင့် မေ မျက်နှာလေး ထူပူသွားမိသည်။ မြင်နေကျ သူ့မျက်နှာလေးကို မြင်ခွင့်မရတော့ခြင်းက မေ့စိတ်ကို ဒီလောက်အထိတောင် ကယောင်ချောက်ချား ဖြစ်စေသည်လား။

မချစ်ပါဘူး၊ စိတ်မဝင်စားပါဘူးဟု ယုံကြည်ပြတ်သားစွာ ငြင်းဆိုခဲ့သော စကားတွေအတွက် နောင်တတွေတောင် ရချင်မိ၏။

တကယ် မလွယ်ပါလား လင်းလွန်းခေတ်ရယ်။

■ ■ ■

မနေ့ကလည်း သူ ရောက်မလာခဲ့ပါ။ ဒီနေ့လည်း အရိပ်အယောင်လေးမှတောင် မမြင်ခဲ့ရ။

မနေ့ညက နွယ်နီဆီက ဖုန်းကိုလည်း စိတ်မချမ်းမြေ့စွာ ကြားခဲ့ရသေးသည်။

"မေ နင် ဆိုင်ရှေ့ကို လင်းလွန်း မလာတော့ဘူး မဟုတ်လား၊ သူ ငါ့ဆီရောက်လာတယ်၊ နင့်ကို စိတ်ဒုက္ခပေးမိသလို ဖြစ်သွားတာ သူ ဝမ်းနည်းတယ်တဲ့၊ နင် မချစ်နိုင်ဘူးဆိုတာ သိလိုက်ရတော့ သူ ခံစားရတယ်တဲ့၊ ဒါပေမဲ့ သူ အရှုံးပေးလိုက်ပါပြီတဲ့လေ"

နွယ်နီ့စကားတွေက ရင်ထဲကို ထိထိရှရှ စူးစူးနစ်နစ် ပစ်ခတ်နေသော အဆိပ်မြားချက်တွေလို ခံစားရစေ၏။

"သူ ဒီလို နောက်ဆုတ်သွားတာ ကောင်းပါတယ် မေရယ်





င်မှ သူ့ကိုမချစ်နိုင်တာပဲ၊ ငါလည်း နင် မကြိုက်တာ နောက်မပြောတော့ဘူး၊ နင် အားလပ်ရက် ငါ့အိမ်လာခဲ့နော်၊ သူ မလာတော့ပါဘူး"

ဖုန်းထဲမှာမို့သာ မေ မျက်နှာကို နွယ်နီ မမြင်နိုင်ခြင်းဖြစ်၏။ ရင်ထဲက ခံစားချက်ဝေဒနာတွေကို ဘယ်သူမှ မမြင်နိုင်ကြတော့ပဲလေ။

သူ ဘယ်သောအခါမှ ရောက်မလာနိုင်တော့သော ခုံတန်းပြာလေးကိုပဲ မေ အချိန်တိုင်း ငေးကြည့်ရင်း ရင်ထဲမှာ တင်းကြပ်သော ဝေဒနာကြီးက မေ့ကို ပူလောင်မွန်းကြပ်စေပါသည်။

တစ်ခါတုန်းက ထိုခုံတန်းလေးမှာ သူရှိသည်။ ထိုအခါတုန်းက မေ့အသိစိတ်တွေက သူရှိနေသော ခုံတန်းလေးကို မကြည့်မိအောင် ရှောင်နေမိသည်။

အခုတော့ သူ မရှိမှ မေ စိတ်တွေက သူ့ကိုမျှော်လင့်နေမိခြင်း က အချစ်ကြောင့်လား။ လင်းလွန်းခေတ် ဆိုသော ယောကျ်ားတစ်ယောက်က အံ့ဖွယ်မေ ဆိုသော မေဘဝနှင့် မပတ်သက်သင့်သောသူဟု ကိုယ်တိုင်ဆုံးဖြတ်ခဲ့၏။

အခုကျမှ မေ ဆုံးဖြတ်ချက်တွေ ဘာကြောင့် ပြောင်းလဲသွားပြီလဲ။ မေ့စိတ်က ထူးဆန်းတာတော့ မဟုတ်နိုင်ပါ။ အချစ်ဆိုတာ အံ့ဩထူးဆန်းတာဖြစ်မည်။

သူ ဘယ်တော့မှ ရောက်မလာနိုင်သော ခုံတန်းလေးမှာ မေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ငေးငေးလေး ထိုင်မိသည်အထိ စိတ်တွေက သူ့ဆီမှာ ရောက်နေခဲ့သည်။

အချစ်ကို မခံစားတတ်ခဲ့သော မေအတွက် အခုတော့ အချစ် ကြောင့်ပဲ ခံရခက်ခက် ဝေဒနာကြီးကို ရင်ဆိုင်နေခဲ့ရ၏။

မေ မညာချင်တော့ဘူး လင်းလွန်းခေတ်ရယ်။ ရှင့်ကို မေ ချစ်တယ်။

''မေ ဝန်ခံချင်ပါတယ် လင်းလွန်းခေတ်၊ ရှင့်ကိုမေ သိပ်ချစ် နေမိပြီ''

''တ တကယ်လား မေ''

မေ တစ်ယောက်တည်း ငေးငေးလေးထိုင်ရင်း နှုတ်က လွှ ထွက်သွားမိသောစကားနှင့် သူ့အသံကြောင့် လှည့်ကြည့်တော့

''ဟင် လင်းလွန်းခေတ်''

မေ မျက်နှာတစ်ခုလုံး ထူပူရှိန်းမြသွားခဲ့၏။ ခုံတန်းလေး သစ်ပင်ကွယ်နောက်က ရုတ်တရက် ပေါ်လာသော သူ့မျက်နှာလေး အပြုံးရိပ်တွေ ဖြာလဲ့လို့။

''ရှင် ရှင် ဒီသစ်ပင်နောက်မှာ ပုန်းနေတာပေါ့လေ''

''ပုန်းနေတာ မဟုတ်ပါဘူး မေရယ်၊ မေက ကျွန်တော် မမြင်မတွေ့ချင်ဘူးဆိုလို့ ဒီလိုပဲ မေ့ကို ခိုးကြောင်ခိုးဝှက် ကြည့်နေရ





''ဟင် ရှင် ဒါဆို နေ့တိုင်း ဒီကိုလာတယ်ပေါ့''

သူ ခေါင်းလေးညိတ်တော့ မေ့မျက်နှာလေး ရဲရဲနီအောင် ရှက် သွား၏။ နေ့တိုင်း မေ့ကိုလာကြည့်နေသည်ဆိုတော့ အို ရှက်လိုက်တာ။ သူထိုင်နေသည့်နေရာလေးကို ငေးကြည့်နေတာ သူ မြင်မှာပဲပေါ့။

''မေရယ် ကျွန်တော် ဝမ်းသာလိုက်တာဗျာ''

ပြောရင်း သူ မေ့အနားက ခုံတန်းလေးမှာ ဝင်ထိုင်သည်။ ထရပ်ဖို့ပြင်တော့ သူက မေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ဆွဲထားရင်း

''မေရယ် မညာပါနဲ့တော့နော်''

''ဟင့်အင်း ဟို ဟိုလေ မေ မေ''

ကယောင်ကတမ်းနှင့် မေ ဘာမှမပြောနိုင်ခဲ့ပါ။ တောက်ပရွှန်းလဲ့ သော သူ့မျက်ဝန်းတွေကိုလည်း ရင်မဆိုင်ရဲပါ။

''မေ့မျက်ဝန်းတွေကို ကျွန်တော် သိတယ်၊ နှယ်လည်း သိတယ်၊ ကြောင့် နှယ်အကြံပေးတဲ့အတိုင်း အခုလို သုံးရက်တိတိ ချုပ်တည်း မေ့ကို ခိုးကြောင်ခိုးဝှက် အကဲခတ်နေခဲ့ရတာပါ''

''ဟင် ကြည့်စမ်း နှယ်နီကပါ တကြိတ်တည်း တစ်ဉာဏ်တည်း

မေ ဒေါသလေးဖြစ်ကာ နှယ်နီကိုပါ ကြိမ်းဝါးတော့ သူက



www.burmeseclassic.com

www.burmeseclassic.com



မေ့ပန်းလေးကို ညင်သာစွာ သိုင်းယှက်ပွေ့ဖက်ရင်း

"နွယ်နီကို အပြစ်မတင်ပါနဲ့ မေရယ်၊ ကျွန်တော် အရမ်းချစ်နေ တာသိတော့ သူ့ခမြာ မမြင်ရက်လို့ အကြံပေးတာပါ၊ မေနဲ့ကျွန်တော် ကြားမှာ အချစ်ကလွဲလို့ ကျန်တာ ဘာကိုမှ ခေါင်းထဲမထည့်ကြေးနော်"

တောင်းပန်စကားနှင့် သူ့ရင်ခွင်ထဲမှာ မေရင်တွေ တဒိတ်ဒိတ် ခုန်နေ၏။ အချစ်ဆိုသော အရာက အားလုံးကို အင်အားကြီးစွာ သိမ်း ပိုက်တတ်သည်လား။

မေ့နှလုံးသားကိုလည်း မေ မညာရက်တော့ပါ။

ဒါ မိုက်မဲခြင်းဆိုလျှင်လည်း ရှင့်ကိုချစ်တဲ့စိတ်နဲ့ မေ မိုက်မဲ ခဲ့တာလို့ ဝန်ခံရပါတယ် လင်းလွန်းခေတ်။

■ ■ ■

## အခန်း (၉)

အချစ်သည် ဆန်းကြယ်သော အရာတွေနှင့် ပြည့်နှက်နေသည် ဟူသော အား မေ မသိတာအမှန်ဖြစ်သည်။

သေချာသည်က ခေတ်နှင့်မေတို့ တရားဝင်ချစ်သူတွေ ဖြစ်ခဲ့ ကြတော့ ခေတ်ကို မေ ဘယ်လောက်ထိချစ်သည်ဆိုတာ ကိုယ်တိုင်ပဲ သိခဲ့ပါသည်။ ဖခင်ဖြစ်သူရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို ဦးစီးနိုင်ဖို့ ကြိုးစား နေသော ခေတ်နှင့်အတူဆုံဖို့က ခက်ခဲပေမယ့် မေတို့ တစ်ခဏလေးပဲ ဖြစ်ဖြစ် ဆုံတွေ့အောင် ကြိုးစားခဲ့ကြသည်။

နောက်ဆုံး လူချင်းမဆုံဖြစ်လျှင်တောင် ဖုန်းနှင့်စကားတွေ တစ်ခါကြီး ပြောဖြစ်ကြသည်။

ခေတ်ကလည်း မေ့ရဲ့ခါတ်ပုံဆိုင်လေးကို ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များပါစေ မရောက်ရောက်အောင် လာတတ်ခဲ့၏။

နှစ်ဦးစလုံး ဟန်ဆောင်ခြင်းတွေ ကင်းကွာခဲ့သော ခုံတန်းလေးမှာ အတူထိုင်ကာ စကားတွေပြောမဝခဲ့။

"မေ လုံးဝမကျေနပ်ဘူးကွာ၊ လင်းလွန်းက နောက်ပေါက်တဲ့ ရွှေကြာပင်ပါ၊ မေက ဘာလို့ နွယ်ကို အရေးမလုပ်တော့တာလဲ"

နွယ်နီကတောင် မကျေမနပ် ဖုန်းဆက်ကာ မေ့ကို အပြစ်တင်သည်အထိဖြစ်သည်။ ထိုအခါတိုင်း မေ ပြုံးပြုံးလေးနှင့် နွယ်နီ ကျေနပ်အောင် တောင်းပန်ရစမြဲ။

"မဟုတ်ရပါဘူး နွယ်ရယ်၊ အခု ငါ အလုပ်တစ်ခုပြောင်းမလို့ စီစဉ်နေလို့ပါဟယ်"

"ဟင် နင်က ဘယ်အလုပ်ပြောင်းမလို့လဲ မေ"

"ကွန်ပျူတာသင်တန်းတစ်ခုမှာ သင်တန်းနည်းပြလုပ်မလို့ အင်္ဂလိပ်စပီကင်တစ်ခုကလည်း အချိန်ပိုင်းသင်ပေးဖို့ ပြောထားတယ်ဟ"

"နင့်ဓာတ်ပုံဆိုင်လေးကို သံယောဇဉ်ဖြတ်လိုက်ပြီလား"

"အေး စဉ်းစားနေတယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ လေ၊ ငါ့ဝါသနာကြောင့် ဆိုင်လေးကို သံယောဇဉ်ဖြစ်နေတာ၊ ဝင်ငွေက သိပ်ကောင်းတာမဟုတ်ဘူး၊ ပြီးတော့ တခြား တိုးတက်နိုင်မယ့်အလုပ်တွေ ပဲ ငါ လုပ်ချင်လို့"





"အင်း ကောင်းပါတယ်ဟာ၊ ငါ ဘာကူညီရမလဲ ပြောနော်"

"မလိုဘူး နွယ်၊ အားလုံးအဆင်ပြေတယ်၊ ဒီရက်ပိုင်းမှာအလုပ် ရှုပ်နေလို့ဟာ၊ အားတဲ့တစ်ရက် ငါ လာခဲ့ပါမယ်"

"ဖုန်းတောင်မဆက်နိုင်အောင် ရှုပ်နေသလား၊ လင်းလွန်းဆီ နင် ဖုန်းဆက်တယ်ပေါ့"

"အဟင်း နွယ်ကလည်း ချစ်သူတွေပဲဟ"

"ကြည့်စမ်း ကြည့်စမ်း ဘုရားပြီး ငြိမ်းဖျက်တာပေါ့၊ မကျေနပ် လုံးဝ မကျေနပ်ဘူး"

"ခိုင်ထူး သီချင်းလား အဟင်း ဟင်း"

"မေနော် ငါ တကယ် တင်းနေတာ သိလား"

"ဆောရီး နောက်တာပါဟာ၊ စိတ်ချ ငါ့သူငယ်ချင်းလေးကို မေ့လို့ရမှာလဲ၊ လာမယ့် ဆန်းဒေး ညအိပ်လာလည်မယ် ဟုတ်

နွယ်နီ ကျေနပ်အောင် ကတိပေး နှစ်သိမ့်လိုက်ရသည်။ တကယ် နဲ့တောင် လူချင်းမဆုံဖြစ်တာ သုံးရက်ရှိပြီ။ မေ အလုပ်ကိစ္စ ဆိုင်ကိုပိတ်ကာ နေ့စဉ်အပြင်ထွက်နေရတာ ဖြစ်သည်။

သင်တန်းကိစ္စတွေ အဆင်ပြေလျှင်တော့ ဆိုင်ကိုပြန်အပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေ အလုပ်အသစ်လုပ်ဖို့ ဆုံးဖြတ်ထားသည်။

အတွေးစတွေကို ဖြတ်ရင်း နာရီကို လှမ်းကြည့်တော့ ကိုးနာ ကျော်လို့နေပြီ။ ဒီအချိန်ကျမှ ဖုန်းမဆက်ချင်တော့ပါ။ မနက်ဖြန် ခေတ် နားရက်မို့ ဆုံနိုင်သည်။

အခန်းမီးကို မှိတ်ကာ အိပ်လိုက်သည့်တစ်ခဏမှာပဲ မေ အိ ပျော်သွားခဲ့သည်။

တစ်နေ့လုံး စိတ်ကောလူပါ ပင်ပန်းနွမ်းနယ်နေခဲ့ရသည်ပဲ။

■ ■ ■

"အံ့ဖွယ်မေ အံ့ဖွယ်မေ ထစမ်းပါဦး"

မျက်နှာသစ်ပြီးရုံပဲ ရှိသေးသည်။ အခန်းအပြင်က အလ တကြား ခေါ်နေသော အဆောင်ရှင် အန်တီဝေ အသံကြောင့် မေ အခန်းတံခါးကို ကသောကမျောလေး ဖွင့်ပေးလိုက်ရ၏။

"အမလေးနော်၊ ငါ့မှာ ဘုရားရှိခိုးဖို့တောင် ကောင်းကော မရှိခိုးရပါလား၊ သွားပြောလိုက်ဦး၊ ဒီအချိန် အဆောင်လာတာ စောလွ တယ်၊ ပတ်ဝန်းကျင်မှာလည်း အမြင်မသင့်တော်ဘူးလို့"

"ရှင် ဘယ်သူ့ကိုလဲ အန်တီဝေ"

မေ မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး မေးမိသည်။ အန်တီ လက်ထဲမှာ ပုတီးကြီးကိုင်လျက် မျက်နှာကြီးရှုံ့မဲ့ကာ





"ဘယ်သူရမလဲအေ၊ ညည်းကောင်လေးကိုပြောတာ၊ အရှေ့ မ်းမက အုတ်ခုံပေါ်မှာ တခွေလိုလို သရဲလိုလိုနဲ့"

မေ မယုံမရဲ ရင်ဘတ်လေးဖိကာ အဆောင်တံခါးရှေ့ အပြေး း ထွက်ခဲ့သည်။ အန်တီဝေ ဆိုသည့်အတိုင်းပါပဲ။ အဆောင်ရှေ့ ည့်တည့် လမ်းမဘေးက အုတ်ခုံပေါ်မှာ ခေတ်တစ်ယောက် ငုတ်တုတ် း ရှိနေ၏။

စောစောစီးစီး နှင်းတွေကြားထဲမှာ ခေတ်ကတော့ ဘာစိတ်ကူး ပေါက်ပြီး ရောက်လာသည်လဲမသိ။

"ခေတ်"

"မေ အစောကြီး နိုးနေတယ်နော်"

အပြာရောင် ဂျင်းဂျာကင်ထဲ လက်နှစ်ဖက်နှိုက်ထားရင်း ခေတ် လေးမေး နှုတ်ဆက်နေသေး၏။

"မေ အစောကြီး နိုးတာကို ထားလိုက်ပါတော့ ခေတ်က လို့ ဒီကို အစောကြီးရောက်နေတာလဲဆိုတာကို ပြောပါဦး"

မေ့အမေးကို ခေတ် အပြုံးမပျက် စူးစူးနှစ်နှစ်လေး စိုက်ကြည့်

"မေ့ကို မြင်ချင်စိတ်တွေ တားမရတော့လို့ပေါ့၊ ကိုယ်တို့ မတွေ့ သုံးရက်တောင် ရှိပြီလေ၊ ညက ဖုန်းဆက်တော့ ဖုန်းက ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် အစောကြီး ထွက်လာတာ''

''ခေတ်ရယ် ဒီလောက်အစောကြီး ထွက်လာရသလား၊ ဟိုမှာ အဆောင်ရှင် အန်တီကြီးတောင် အလန့်တကြား ဖြစ်သွားတယ်''

''ဟုတ်လား ကိုယ်က ဒီမှာ ငုတ်တုတ်လေး ထိုင်နေတာပါ၊ မေ အိပ်နေသေးတယ်ထင်လို့ စောင့်နေတာ''

''မေ အခုလေးမှ နိုးတာ၊ အဝတ်အစားတောင် မလဲရသေးဘူး၊ ခဏစောင့်နော်၊ အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့မယ်''

''အင်း ခေတ် စောင့်နေမယ်နော်''

''ခေတ် ကားပါတယ်မို့လား၊ ကားပေါ်ကပဲစောင့်ပါ ခေတ်ရယ် အလွန်ဆုံး ဆယ်မိနစ်ပဲ''

မေ ပြောတော့ ခေါင်းလေးညိတ်ကာ လမ်းဘေးမှာ ရပ်ထားသောကားဆီ ခေတ် လှမ်းသွားသည်။

တစ်ခါ တစ်ခါမှာတော့ ခေတ်ရဲ့ အကဲပိုလွန်းသော ချစ်ခြင်းအတွက် မေ့မှာ အံ့သြမိသလို ကြည်နူး ကျေနပ်စိတ်လည်း ဖြစ်ရ၏။

ချစ်သူရဲ့ မြတ်နိုးဂရုစိုက်မှုဆိုတာ မိန်းကလေးတိုင်း အလိုတောင့်တသောအရာမဟုတ်လား။

■ ■ ■



## အခန်း (၁၀)

ခေတ်သည် မေ့အတွက် အချစ်ဆုံးသော ချစ်သူတစ်ယောက်ဖြစ်သည်ဆိုခဲ့လျှင်တောင် နွယ် ဆိုသော နွယ်နီနီက မေ့ရဲ့အချစ်ဆုံးသော သူငယ်ချင်းပဲ ဖြစ်ပါသည်။

နွယ်သည် မေ့အတွက် သွေးရင်း မောင်နှမတစ်ယောက်လို ခင်မင်သံယောဇဉ်ပိုရသူတစ်ယောက် ဖြစ်ခဲ့တာကြောင့်လည်း နွယ်ရဲ့ အရေးကိစ္စတွေကို မေ့ဘက်က အလေးထား ဂရုစိုက်ပေးခဲ့သည်။

တစ်ရက်မှာတော့ နွယ်ဆီက ဖုန်းဝင်လာ၏။ စပီကင်သင်တန်းအတွက် စာပြသင်ကြားပေးဖို့ မေ အဆောင်က ထွက်လုလုမှာ ဖုန်းဝင်လာတာ ဖြစ်သည်။

''မေလား နွယ်ပါ၊ နွယ် အရေးတကြီးကိစ္စကြုံနေလို့ Ro-



www.burmeseclassic.com

www.burmeseclassic.com



mantic ရက်စ်တောရင့်က အခန်းနံပါတ်သုံးကို ချက်ချင်းလာခဲ့နော်”

ပြောပြီးသည်နှင့် နွယ် ဖုန်းပိတ်သွားခဲ့သည်။ မေ စိုးရိမ်ပူပ

သွားခဲ့တာ အမှန်ပဲဖြစ်သည်။ နွယ်ဆီ ဖုန်းပြန်ဆက်ကြည့်တော့ မရတော

ပါ။ ဖုန်းက ချက်ချင်း ပြန်ပိတ်သွားပြီ။

“ဟာ ဒုက္ခပါပဲ”

မေ တကယ်ပဲ ခေါင်းခြောက်သွားမိသည်။ ကိုယ့်မှာက ကို

အစီအစဉ်တွေနှင့် ကိုယ်ရေးဆွဲထားပြီးသား ဖြစ်သည်။

ဒီနေ့က မေရဲ့ မွေးနေ့လေးမို့ သင်တန်းက တပည့်တွေန

အစီအစဉ်ဆွဲထားသည်။ စာသင်ပြီးတာနှင့် ကလေးတွေကို တစ်န

လိုက်ကျွေးမွေး ဒါနပြုမည်။ ပြီးလျှင် ခေတ်နှင့်နွယ့်ကို ခေါ်ကာ ဘုရ

သွားမည်။

အခုတော့ အစီအစဉ်တွေအားလုံး နွယ်ရဲ့ဖုန်းသံကြောင့် ပျက်

စီးကုန်ပြီ။ နွယ်နီ အရေးတကြီးကိစ္စဆိုတော့လည်း မေ ပသက်လေ

ကာ အစီအစဉ်အားလုံးကို ဖျက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

မေ စာသင်ပေးနေသော အိမ်ကို ဖုန်းဆက်ကာ အရေးေ

ကိစ္စကြောင့် သင်တန်းဖျက်ဖို့ ပြောလိုက်ရပါသည်။ ပြီးသည်နှင့် ဖုန်း

က နွယ်နီမှာခဲ့သော ရက်စတောရင့်လေးဆီ ကားငှားထွက်ခဲ့လိုက်သည်

နွယ့်အတွက် ရင်ထဲမှာ ပူပန်စိတ်တွေ ဖြစ်နေခဲ့တာတော့ အမှ





ယ်နီ အိမ်မှာမဟုတ်ဘဲ ရက်စတောရင့်ထဲ ရောက်နေတာ ပိုလို့ အံ့သြ

နိုင်မိစေ၏။

အခန်းနံပါတ် သုံးဆီသို့ မေ အပြေးလေး လှမ်းခဲ့ကာ စေ့ပိတ်

ထားသော တံခါးလက်ကိုင်ဘုလေးကို လှည့်ဖွင့်လိုက်စဉ်မှာပဲ

" Happy birthday do you... Happy birthday do you...."

သံပြိုင်ဆုတောင်းသံနှင့်အတူ မေ့ခေါင်းပေါ်သို့ အုပ်မိုးကျဆင်း

လာသော ရွှေမှုန်ငွေမှုန်လေးတွေက ပြိုးပြိုးပျက်ပျက် ဖြာလဲ့သွားခဲ့သည်။

မေ ဘာစကားမှ မဆိုနိုင်အောင်ဘဲ မျက်ဝန်းလေးတွေ ဝိုင်းစက်

ကာ အခန်းထဲက လူတွေအားလုံးကို ဝေ့ဝဲကြည့်လိုက်မိသည်။

အခန်းထောင့်က စားပွဲပေါ်မှာ မွေးနေ့ကိတ်ကြီးတစ်လုံးမှာ

ယောင်းတိုင်လေးတွေ ထွန်းညှိထားကြသည်။ နံဘေးတစ်ဖက်တစ်ချက်

ဆီမှာတော့ ခေတ်နှင့်နွယ်နီ မေ့ကို အပြုံးတွေ ဝေဖြာလျက် ရပ်ကြည့်နေ

ကြ၏။

စားပွဲဝိုင်းရှည်ကြီးမှာလည်း ညီညီညာညာ ဝိုင်းစုထိုင်နေကြသူ

တွေက မေ့သင်တန်းခန်းက တပည့်လေးတွေ။ အားလုံးက မေ့ကို ပြုံးလို့

ကြည့်နေကြသည်။

“မေ ဟက်ပီးဘတ်သ်ဒေး”

“မင်္ဂလာမွေးနေ့လေး ဖြစ်ပါစေ မေ”



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေရပ်ပြီး မင်သက်နေဆဲ မေ့ဆီကို ခေတ်နှင့်နွယ်
လျှောက်လာပြီး နှုတ်ဆက်စကား ဆိုကြတော့မှ မေ စိတ်ဆိုးဖို့ သတိ
တော့၏။

''ကြည့်စမ်း လူကို အရှုးလုပ်ကြတာပေါ့လေ''

မေ မကျေမနပ် မျက်ခုံးလေးတွန့်ကာ အပြစ်တင်တော့ ခေ
ကသောကမျောလေး တောင်းပန်သည်။

''မဟုတ်ပါဘူး မေရယ်၊ မေရဲ့မွေးနေ့ပွဲလေးမှာ မေ့ကို တ
တသြလေး ဖြစ်စေချင်လို့ပါ''

''ဟုတ်ပါတယ် မေရဲ့၊ လင်းလွန်းနဲ့ငါ နှင့်မွေးနေ့လေး ထူး
ခြားခြား ဖြစ်အောင် စီစဉ်ပေးတာ''

နွယ်နီကလည်း မေ့ပခုံးလေးဆုပ်ကိုင်ကာ ချော့မော့သလို
ဆို၏။ မေ စိတ်ထဲမှာ ကြည်နူးချမ်းမြေ့နေပေမယ့် နွယ်ကိုကြည့်
အပြစ်တင်စကားလေးတော့ ဆိုမိ၏။

''တော်တော်ကောင်းတဲ့ နွယ်နီ၊ လူကို စိုးရိမ်ပူပန်အော
ဖုန်းဆက်ခေါ်တယ်၊ ဒီမှာတော့ စိတ်တွေပူသွားတယ်''

''ဗိုက်ဆာပြီဟ့ို''

''သုံးမိနစ်ပဲစောင့် ခစ် ခစ်''

စားပွဲဝိုင်းရှည်ကြီးက မေ တပည့်တွေ လှမ်းနောက်ပြော





တော့ မေ သူတို့ဆီ အာရုံရောက်သွားရင်း

''တော်တော်ကောင်းတဲ့ တပည့်တွေ၊ ကျုပ်ကတော့ သင်တန်း
တောင် ဖုန်းလှမ်းဆက်သေးတယ်၊ သင်းတို့က ဒီမှာ ကြိုရောက်နေကြတာ
ကိုး''

''ဟာ တီချယ်ကလည်း အစီအစဉ်က ဒါရိုက်တာကြီး စီစဉ်တာ
လေ၊ သားတို့က ဇာတ်ပို့တွေလေ တီချယ် စိတ်ဆိုးရင် ဒါရိုက်တာကြီး
ကို အပြစ်တင်''

''ဟုတ်တယ် ဟုတ်တယ် သမီးတို့က တီချယ့်မွေးနေ့ကို ဒါနပြု
ချင်လို့ အိမ်က ဘာမှစားလာတာ မဟုတ်ဘူး၊ ဗိုက်ထဲက ဆန္ဒပြနေပြီ''

တစ်ယောက်တစ်ပေါက်နှင့် ရယ်ရယ်မောမော ပြောနေကြ
တော့ မေ့ဒေါသစိတ်လေးတွေတောင် ပြေသွားရပါသည်။

''ကဲ ညီလေးတို့ ကြိုက်သလောက် စားကြပါ၊ အဲ နေကြဦး
အရင်ဆုံး မွေးနေ့ရှင်ကို မွေးနေ့ကိတ် လှီးခိုင်းရဦးမယ် မေ လာလေ''

ခေတ်က မေ့လက်ကိုဆွဲကာ မွေးနေ့ကိတ်ဆီသို့ ခေါ်သွားခဲ့
သည်။ နွယ်နီက ကိတ်လှီးဓားလေးကို ယူပေးသည်။

မေ့တပည့်တွေအားလုံး မွေးနေ့ကိတ်စားပွဲကြီးအနား ဝိုင်း၍
လာရပ်ကြသည်။ ပြီးတော့ အားလုံး သံပြိုင် လက်ခုပ်လေးတွေတီးကာ
မွေးနေ့ဆုတောင်းသီချင်းလေးကို သံပြိုင်သီဆိုပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟက်ပီးဘတ်သ်ဒေး တူယူ x x ဟက်ပီးဘတ်သ်ဒေး တူယူ x x ဟက်ပီးဘတ်ဒေးသ်ဒေး တူး  x x ယူ"

ကိတ်ပေါ်က ဖယောင်းတိုင်မီးလေးတွေကို မေကိုယ်တိုင် မှုတ်ငြိမ်းသတ်တော့ ပျော်ပျော်ရွှင်ရွှင် လက်ခုပ်တီး အော်ဟစ်ကြသည်။

မေ ကိုယ်တိုင် မွေးနေ့ကိတ်လေးလှီးကာ ခေတ်နှင့်နွယ်ကို ကျွေးသည်။ ပြီးတော့ သင်တန်းက တပည့်တွေနှင့်အတူ စားသောက်ကြသည်။

ထို့နောက်မှာတော့ ဟိုတယ်ဝန်ထမ်းလေးတွေက စားသောက်စရာတွေကို သယ်ယူလာကာ ပြင်ဆင်ပေးကြ၏။ အားလုံး စားပွဲဝိုင်းရှည်ကြီးမှာ ထိုင်ကာ စားသောက်လိုက်ကြသည်။

မေ ဘယ်လိုမှ မျှော်လင့်မထားသော မေရဲ့မွေးနေ့ပွဲလေးက တကယ့်ကို ရင်ခုန်ကြည်နူးစရာတွေနှင့် ပြည့်စုံနေခဲ့ပါသည်။

အဖြူရောင် ရှပ်အင်္ကျီပေါ်က မီးခိုးရောင်ကုတ်နှင့် ဘောင်းဘီရှည်ကို နက်ခ်တိုင်မဆင်ဘဲ ဝတ်ဆင်ထားသော ခေတ်သည် မေ့မျက်ဝန်းထဲမှာတော့ အခန့်ညားဆုံး ဖြစ်လို့နေသည်။

နွယ်ကလည်း အဝါရောင် ဝတ်စုံလေးနှင့် အပျော်မျက်နှာလေး မေ့မှာသာ အစီအစဉ်ကို ကြိုမသိထားတာမို့ ထူးထူးခြားခြား ပြင်ဆင်လာခွင့်မရှိဘဲ ခိုပြာရောင်ဝတ်စုံလေးနှင့်ပဲ ရှိနေတာ ဖြစ်၏။





"မေ့က မပြင်ဆင်ဘဲနဲ့လည်း လှပြီးသားပါကွာ"

မေအနားနားကပ်ကာ ပြောသော ခေတ် ချီးကျူးစကား တိုးတိုးကြောင့်လည်း မေ ကျေနပ်ပီတိဖြစ်ရပါသည်။

"မေ့အတွက် ကိုယ့်မွေးနေ့လက်ဆောင်"

"ဒါက နွယ့်လက်ဆောင်"

"တီချယ် သားတို့က မနက်ဖြန် သင်တန်းကျမှ တီချယ်အတွက် အမှတ်တရစုပေးကြမလို့"

"ဟာ မလိုဘူး ရပါတယ်ကွယ်၊ သားတို့သမီးတို့ တီချယ့်မွေးနေ့ကို ကြွရောက်ချီးမြှင့်ကြတာ တီချယ့်အတွက် အကောင်းဆုံးလက်ဆောင်ပါ"

မွေးနေ့ပွဲလေးပြီးတော့ ခေတ်က မေ့တပည့်တွေကို သူ မောင်းသာသော တောင်းအော့စ်ကားလေးနှင့် ပြန်ပို့ပေးသည်။

"မေ ဘုရားကိုတော့ ကိုယ်မလိုက်တော့ဘူးနော်၊ ဒီနေ့ ကုမ္ပဏီဘုတ် အစည်းအဝေးရှိတယ်၊ မေ့ မွေးနေ့ပွဲလေးရှိလို့ မနက်ပိုင်းကိုယ် အချိန်လုထွက်ခဲ့ရတာ နွယ်နီနဲ့ပဲ သွားလိုက်တော့နော်"

"အင်း မေ့ နားလည်ပါတယ် ခေတ်၊ နောက်နေ့မှ ဆုံကြတာပေါ့၊ မေနဲ့ နွယ်တော့ ဘုရားသွားလိုက်ဦးမယ်"

ခေတ် နှုတ်ဆက်ပြီး သင်တန်းက တပည့်တွေနှင့် ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ မေနှင့်နွယ် ဘုရားသွားဖို့ ထွက်ခဲ့ကြသည်။

"မေ နင် ပျော်နေတယ်မို့လား။ ဒီအစီအစဉ်လေးကို ခေတ်က တိုင်ပင်လာတော့ နင် မှတ်မှတ်ရရလေးဖြစ်အောင် ငါလည်း ခေါင်းညိတ် လိုက်တာဟ၊ ခေတ်က မအားလပ်တဲ့ကြားက ဖြစ်မြောက်အောင် စီစ ပေးရှာတာ"

နွယ်ကပြောတော့ မေ ခေါင်းလေးညိတ် လက်ခံမိပါသည်။ ခေတ်ရဲ့ ဂရုစိုက်ကြင်နာမှုတွေအတွက်တော့ မေ့ရင်ထဲမှာ ချမ်းမြေ့ကြည်နူး မိပါသည်။ မေ သိပ်ကိုကံကောင်းပါသည်။

မေ့အနားမှာ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ရှိနေသလို ကြင်နာတတ်သော ချစ်သူတစ်ယောက်ကိုလည်း မေ ပိုင်ဆိုင်ခွင့်ရနေ သည်။

ထို့အတွက် ကံကြမ္မာကို မေ ကျေးဇူးတင်မိပါသည်။

■ ■ ■

## အခန်း (၁၁)

နွယ်နှင့်အတူ ဘုရားမှာ ကသိုလ်ယူပြီးတော့ နွယ်တို့အိမ် ...က်ခဲ့ကာ နွယ့်မိဘနှစ်ပါးကို ဝယ်လာသော မုန့်တွေနှင့် မေ ကန်တော့ ...ခဲ့သည်။

နွယ်နီ မိဘတွေဆိုတာက မေ့အပေါ်မှာ စေတနာကောင်းမွန် ...ာ ပြည့်ဝသော မိဘတွေဖြစ်သည်။ ဒါကြောင့်လည်း မွေးနေ့ရက်လေး ...မှာ မေ သတိတရ ဦးထိပ်ထား ကန်တော့ဖြစ်ခဲ့သည်။

ငြင်းနေသည့်ကြားက ညနေစာ ဖိတ်ကျွေးနေတာမို့ မေ စားခဲ့ရ ...သည်။ ဒါတောင် နွယ်နီက ဖိတ်အတင်း ညအိပ်ခိုင်းနေသေးသည်။

"နောက်အားလပ်ရက်မှ လာအိပ်ပါ့မယ် နွယ်ရယ်၊ မနက်ဖြန် ...စောစောတော့ သင်တန်းသွားရမယ်၊ ဒီနေ့လည်း ပျက်ထားလို့လေ၊



www.burmeseclassic.com

www.burmeseclassic.com



စပီကင်ကော ကွန်ပျူတာပါ နှစ်ချိန်စလုံး ဆက်ဝင်ရမှာမို့ပါ''

မေ တောင်းပန်ပြီး အဆောင်ကိုပြန်ရောက်တော့ အရင်ဆုံး သတိတရနှင့် ဖွင့်ကြည့်မိတာ နွယ်နှင့်ခေတ်တို့ပေးလိုက်သော မွေးနေ့ လက်ဆောင်ထုပ်လေးတွေ ဖြစ်သည်။

နွယ်ရဲ့လက်ဆောင်လေးကတော့ မေ့ကို ကျေနပ်စရာ စိတ်ချမ်း သာမှုကို ပေးပါသည်။

မိန်းမပတ် လက်ပတ်နာရီလေးဖြစ်သည်။ ဒိုင်ခွက်လေးက အဖြူရောင် လက်ပတ်ကြိုးက ရွှေရောင်ဖြစ်ကာ အနီရောင် ကျောက်ပွင့် လေးတွေကလည်း ပါသေးသည်။

တန်ဖိုးကြီးမှာသိပေမယ့် မေ ငြင်းလို့မရအောင် နွယ်က သူငယ် ချင်းထက်မကသော ညီအစ်မတွေလို အခြေအနေမို့ ကျေနပ်စွာပဲ လက်ခံ ရတော့မည်။

ခေတ်ရဲ့ လက်ဆောင်ဘူး သေးသေးလေးကို ဖွင့်လိုက်တော့ မေ့မျက်ဝန်းလေးတွေ ပိုင်းစက်ထိတ်လန့်သွားသည်။

ကတ္တီပါဘူးနက်လေးထဲမှာ တွေ့လိုက်ရသော စိန်ပွင့်လက်စွပ် လေးကတော့ မေ့လက်ကို တွန့်ခနဲ ဖြစ်စေသည်။

မီးရောင်အောက်မှာ ရှုးလက်နေသော စိန်ပွင့်လေးနှင့် ပလက် တီနမ်ကွပ် လက်စွပ်လေးက တန်ဖိုးသေးမှာမဟုတ်။ သည်လောက်အဆ





တန်ဖိုးကြီးသော လက်ဆောင်ကို ခေတ် ပေးခဲ့တာသိလျှင်တော့ မေ တစ်ခါတည်း ငြင်းပစ်မိမှာ သေချာ၏။

အခုတော့ ဘာရယ်မသိဘဲ ယူထားခဲ့မိသော ခေတ် လက် ဆောင်လေးကို မေ ဘူးလေးပိတ်ကာ ပြန်သိမ်းလိုက်ပါသည်။

မေ ဒီပစ္စည်းကိုတော့ လက်မခံနိုင်ပါ။ တန်ဖိုး သိန်းချီသော လက်ဆောင်ကို မေ မမက်မောပါ။ ဒါကို ခေတ် မသိလေရော့သလား။

လင်းလွန်းခေတ် ဆိုတာ ပြည့်စုံချမ်းသာသူဆိုတာ မေ့မေ့ လျော့လျော့ထားခဲ့တာ ကြာပြီ။ အခုတော့ ဒီလက်ဆောင်ကိုမြင်လိုက်တော့ မေ မေ့ထားသော အရာကြီးကို ပြန်အမှတ်ရစေသည်။

ခေတ်အတွက်တော့ ဒီငွေကြေးအတိုင်းအတာက ပြဿနာ မဟုတ်နိုင်ပေမယ့် ဖမ့်အတွက်မှာတော့ အတိုင်းအတာတစ်ခုအထိ ကြီး မားနေ၏။

မေ အလိုရှိတာ ခေတ်ဆီက တန်ဖိုးကြီးသော လက်ဆောင် တို့ မဟုတ်ပါ။ တကယ်ဆို ခေတ် ဂရုတစိုက်နဲ့ မေ မသိအောင် ကြိတ်ပြီး စီစဉ်ပေးခဲ့သော မွေးနေ့ပွဲလေး ကုန်ကျစရိတ်ကတောင် မသေးလှပါ။

ခေတ်ရဲ့ကြင်နာတတ်မှုကလွဲလျှင် မေ ဘာကိုမှ အလိုမရှိပါ။ ဒါကိုတော့ ခေတ်သိအောင်တော့ မေ ပြောရပါဦးမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါက ဘာလုပ်တာလဲဟင် မေ"

ခေတ် ပေးခဲ့သော လက်ဆောင်ဘူးလေးကို မေ ပြန်ပေးတော့ ခေတ် အံ့သြမျက်ဝန်းတွေနှင့် အထိတ်တလန့် မော့ကြည့်မေးသည်။

"ပြန်ပေးတာလေ၊ အဲဒီလောက် တန်ဖိုးကြီးလက်ဆောင်ကို မေ မလိုချင်ဘူး ခေတ်"

"ဟာ မဟုတ်တာ မေရယ်၊ ဒါ ခေတ် ကိုယ်ပိုင်ငွေနဲ့ မေ့အတွက် သီးသန့်ရည်စူးပေးတာပါကွာ"

"တကယ်ကို မလိုတာ ခေတ်၊ မွေးနေ့ကတည်းက မေ သိရင် တောင် ခေတ်ကို ချက်ချင်းပြန်ပေးမိမှာ"

"ဘယ်လို ဘယ်လို မေ့ကို မြတ်နိုးကြင်နာတဲ့ ချစ်သူက ပေးတဲ့ လက်ဆောင်ကို မေ ငြင်းသလား ဟင်၊ ခေတ် ဘာမှားသွားလို့လဲ"

မေ့မျက်နှာကို စူးစူးလေးကြည့်ကာ ခေတ် မေးသည်။ ခေတ် မျက်ဝန်းတွေထဲကိုလည်း မေ စူးစူးလေး ပြန်ကြည့်ပစ်ရင်း

"ခေတ် မှားတာတော့ အမှန်ပဲ၊ ခေတ် ဘယ်လောက်ချမ်းသာ ချမ်းသာ မေ့အာရုံအသိထဲက မေ့ထားပြီး ချစ်ခဲ့တာပါ၊ ဒါပေမဲ့ မေ့ မာနကိုတော့ အထိခိုက်မခံဘူး ခေတ်၊ ခေတ်ပေးတဲ့ တန်ဖိုးကြီးပစ္စည်း မေ့ချစ်ခြင်းကို ရောင်းစားမခံနိုင်ဘူး"

ပြောရင်း မေ့စကားတွေက ကြမ်းရှသွားတာကို သိပါသည်





မေ့ရင်ထဲက မာနတွေက ဆူဝေနေပြီ။ တန်ဖိုးကြီး စိန်လက်စွပ် ကွင်းကို ဘာမှအရေးမပါသလို ခေတ် သဘောထားနေတာ မဟုတ် ပါ။

"ကျွတ် မေရာ ဘာမှမသက်ဆိုင်တာတွေကို ဂျစ်ကျနေပြီ"

ခေတ် စိတ်ညစ်ညူးသလိုဆိုရင်း လက်ထဲက ဘူးလေးကို ပေါ်က ကော်ဖီခွက်လေးအနား ပြန်ချသည်။ ခေတ်နှင့်မေကြားမှာ င်လွဲမှုတွေက ဖြစ်နေပြီ။ ဒါပေမဲ့ မေ့ဘက်ကတော့ လျော့စရာ ကြောင်းမရှိ။

"ခေတ် ဒါမျိုး နောက်ဘယ်တော့မှ မလုပ်မိပါစေနဲ့၊ အဲဒီ က် တုံ့ပြန်ပေးမယ့် တစ်စုံတစ်ရာလည်း မေ့ဆီမှာ မရှိဘူး"

မေ့စကားကြောင့် ခေတ် ခေါင်းကို အထိတ်တလန့် ခါရမ်း

"မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး မေ၊ ကိုယ် မေ့ဆီက ဘာမှ လင့်ဘူး"

"ဒါ အမှန်ပဲ ခေတ်၊ မေဆီမှာက ဘာမှမက်မောစရာ စည်းစိမ် "

"ဟာကွာ ကိုယ်ပြောတာ ဒါ မဟုတ်ဘူး"

"ခေတ် လုပ်တာက အဲဒီလိုဖြစ်နေတယ်လေ၊ ခေတ်ရဲ့အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပေးတဲ့ အဲဒီ စိန်လက်စွပ်တစ်ကွင်းက ဘာမှတန်ဖိုးမြင့်လာစေမှာ မဟုတ်တာ''

တစ်ခွန်းမကျန် မေ ခွန်းတုံ့ပြန်တော့ ခေတ် ဆံနွယ်တွေထဲ လက်ချောင်းတွေ ထိုးနှိုက်ဖွရင်း ခေါင်းခါသည်။

''ဒါကတော့ မေ အသည်းမာလွန်းတာ၊ မာနကြီးလွန်းတာပဲ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းကလေးအားလုံးက ကိုယ့်ချစ်သူပေးတဲ့လက်ဆောင် ကို ဘယ်သူမဆို အမြတ်တနိုး တန်ဖိုးထားချင်ကြတာပဲလေ၊ မေ့ကို ခေတ် ပေးတာ ငွေကြေးတန်ဖိုးနဲ့ မသက်ဆိုင်ပါဘူး၊ အဲဒီတန်ဖိုးတွေထက် အဆပေါင်းများစွာ ပိုမိုတဲ့ ကြင်နာခြင်းတွေနဲ့ပါ''

''နေဦး ခေတ်၊ ခေတ်ရဲ့ချစ်ခြင်းတွေကို မေ စော်ကားနေတာ မဟုတ်ဘူးနော်၊ ခေတ်အချစ်ကို မေယုံတယ်၊ လက်ခံတယ်၊ ဒါပေမဲ့ အဲဒီ ချစ်ခြင်းကို အရောင်ထင်ဟပ်စေမယ့် ဂုဏ်ခနေတွေကိုတော့ မေ ကြောက်တယ်၊ မေကလည်း ခေတ်ကို မြတ်နိုးချစ်ခဲ့တာပဲ၊ ဘာတပ်မက် မှုမှ မပါတဲ့အချစ်၊ ခေတ်ရဲ့ဥစ္စာနေ အရှိန်အဝါတွေ မေ့အပေါ် လွှမ်းမိုး မလိုဘူး''

ခေတ် ဘာစကားမှ မဆိုတော့ဘဲ ပင့်သက်မှုင်းမှုင်းချသည် မေလည်း ပြောချင်တာတွေ ပြောပြီး မောဟိုက်သွားတာမို့ ကော်ဖီ တစ်ငုံမော့သောက်လိုက်မိသည်။





မှာထားသော ကော်ဖီကတောင် အေးစက်နေခဲ့ပြီ။ ခေတ်က တော့ အခုထိ တစ်ငုံတောင် မသောက်ရသေးသော ကော်ဖီခွက်ကို ကျောပြုစွာ လက်ထဲက ဟန်းဖုန်းကိုဖွင့်ကာ ဆက်နေသည်။

''ဟယ်လို နွယ်နီလား၊ ကိုယ်ပါ အခု ကိုယ်တို့ဆီ နွယ်နီ မြန်မြန်လာခဲ့ပေးပါ၊ ဒီမှာ မေ ကိုယ့်ကို စစ်ထိုးနေတာ ကိုယ် ဖြေရှင်းရ ခက်နေပြီ''

ကြည့်စမ်း ခေတ် အားကိုးရာရှာနေသူက နွယ်ဆီကို ဖြစ်နေ သည်၊ မေတို့ ထိုင်နေသော ဆိုင်လေးအမည်ကို ပြောကာ အကူအညီ တောင်းနေသော ခေတ်ကို မေ ဘုဆတ်ဆတ်ပဲ ကြည့်နေလိုက်၏။

ခေတ်က ဖုန်းဆက်ပြီးတော့ မေ့ကို မလုံမလဲအကြည့်နှင့် လှမ်း ကြည့်သည်။

''နွယ်နီနီ လာမယ်တဲ့''

''အဲဒါ ဘာလုပ်ရမှာလဲ၊ မေ့မာနကို ထိခိုက်လာတဲ့ ကိစ္စကြီး တွေကတော့ ဘယ်သူပြောပြော လက်မခံဘူး''

''မေ့ဒေါသတွေ ခဏလေး ခေါက်သိမ်းထားပါဦးကွာ''

မေ့ကို လက်ကာတားပြီး ခေတ် ကော်ဖီခွက်ကို မော့အသောက် ကြီး ရှုံ့မဲ့သွားတော့ စိတ်တိုနေသည့်ကြားက မေ ပြုံးချင်မိသွား၏။

''ကော်ဖီပူတွေတောင် အေးကုန်ပြီ၊ ထပ်မှာလိုက်မယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီကိုလည်း စောင့်ရင်းပေါ့''

မေ ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။ နွယ့်ကို ခေ
ထားမှတော့ စောင့်မှဖြစ်တော့မည်ပဲ။ နောက်ထပ် ထပ်မှာသော ကော်
တစ်ခွက် မကုန်ခင်မှာဘဲ နွယ်နီ ရောက်လာပါသည်။

ကြည့်ရတာ ကသောကမျောလေး ထွက်လာရပုံ ရှိသည်
မျက်နှာကပြောင်၊ ဝတ်ထားတာကလည်း တီရှပ်ပွပွကြီးနှင့် ကွာတာ
ဘောင်းဘီလေးပဲ ဖြစ်၏။

''ဘာတွေဖြစ်ကြပြန်တာလဲဟာ''

''ဒီမှာ စစ်ကူလိုနေလို့ နွယ်နီကို ခေါ်လိုက်တာ''

နွယ်က သူတို့နှစ်ယောက်ကို ဝေ့ဝဲအကဲခတ်ကြည့်ရင်း လွ
နေသော ထိုင်ခုံလေးမှာ ဝင်ထိုင်သည်။

''ငါ ရင်ထိတ်သွားတာပဲ၊ အမြန်ထွက်ခဲ့တာနဲ့ အဝတ်အ
တောင် မလဲနိုင်ဘူး၊ ပြောပါဦး ပြဿနာက အဲ ဒါ ဒါက''

အခုမှပဲ စားပွဲလေးပေါ်က လက်စွပ်ဘူးလေးကို မြင်တွေ့သွ
ကာ နွယ် မေးတော့ ခေတ်က အားလုံးကို ဇာတ်ကြောင်းပြန်ပြောသည်

မေ နှုတ်ဆိတ်စွာပဲ ငြိမ်နေလိုက်သည်။ အရယ်အပြုံးမဲ့သော
မျက်နှာကိုတော့ မာတင်းတင်းပဲ ချိထားလိုက်ပါသည်။

ခေတ်စကားတွေကို နားထောင်ပြီးတော့ နွယ် ခေါင်းတည်





ညိတ် ထောက်ခံပြီး မေ့ဘက် ဦးတည်လာ၏။

''မဟုတ်တာပဲ မေရယ်၊ ကိုယ့်ချစ်သူပေးတဲ့ပစ္စည်းကို နှင်
ာန်ဖိုးထားရမှာပေါ့၊ ဒီလို မလုပ်သင့်ဘူး၊ နွယ်ဆို လိုချင်လို့ပေးမယ့်သူ
ရှိဘူး၊ အပေါင်း ကိုယ့်ကိုယ်ကိုယ်တောင် အားငယ်သနားမိသေးတယ်''

နွယ် ရယ်ရယ်မောမောလေး ပြောကာ မေ့ကိုချော့ဖို့ ကြိုးစား
နေသည်။ ခေတ်ကတော့ သူ့ဘက်က ရှေ့နေလိုက်နေသော နွယ့်ကို
တစ်လှည့် မေ့ကိုတစ်လှည့် ကြည့်ကာ နှုတ်ဆိတ်နေ၏။

''မေတော့ လက်မခံနိုင်ဘူး နွယ်၊ ဒီလောက် တန်ဖိုးကြီးပစ္စည်း
ကို မေ မလိုချင်ဘူး၊ ပြီးတော့ ဒီလို လက်ဝတ်ရတနာတွေ မေ မဝတ်
တတ်ပါဘူး''

''မေ မဝတ်တတ်လည်း ကိုယ့်ချစ်သူပေးတဲ့ပစ္စည်းကို တန်ဖိုး
ထားလက်ခံသင့်တယ်''

''နွယ် မေ့ကို မထောက်ခံဘဲ ဘာလို့ ခေတ်ဘက်က ပါနေတာ
လဲ''

''ဒီကိစ္စမှာ မေနဲ့ခေတ်ကြားမှာ နွယ်က ဖြစ်သင့်တာကို ဆုံး
ဖြတ်ပေးနေတာလေ၊ မေ စဉ်းစားကြည့်၊ နွယ့်မွေးနေ့တွေဆိုရင်လည်း
မေနဲ့မေမေက သူတို့တန်ဖိုးထားပြီး လက်ဆောင်တွေပေးတယ်၊ မေ
လည်း မရှိရှိတဲ့လက်ဆောင်ပေးတယ်၊ ကိုယ့်ကိုချစ်လို့ပေးတဲ့လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ငြင်းတာကောင်းသလား''

''ဒါက တန်ဖိုးကြီးပစ္စည်းကြီးလေဟာ''

''အဲဒါ သတ်မှတ်ချက်ကြီးပဲ၊ အဲဒီတန်ဖိုးဆိုတဲ့ အသိကြီး ဖျောက်ပြီး လင်းလွန်းခေတ်ရဲ့ စေတနာနဲ့ကြင်နာမှုကို နင် အသိအမှ ပြုလက်ခံလိုက်ရင် ပြီးပြီ''

ဒါမျိုးကျတော့ နွယ်နီနီ ဆိုသော မိန်းမက စကားတွေ တတ် သည်။ မေ နှုတ်ဆိတ်နေတာကို အခွင့်ကောင်းယူပြီး ခေတ်က ဝင် ပြန်၏။

''ဟုတ်ပါတယ် မေရယ်၊ ကိုယ် မေ့ကိုပေးတာ ချစ်ခြင်း ကြင်နာမှုက အဓိကပါ၊ ဒါကို နားလည်လက်ခံပေးပါကွာ နော်''

''ကဲပါ မေရယ်၊ နင်တို့ရဲ့အချစ်တွေ ကြင်နာတာတွေ မေ တွေ ငါ ကြားရတာ ကြားက မျက်နှာပူလိုက်တာ''

နွယ်နီ ပြောမှ မေလည်း မျက်နှာလေးထူပူ သတိရမိ သည်။ ခေတ်က ဘူးလေးကို ကောက်ယူကာ လက်စွပ်လေးကို ထု သည်။

ပြီးတော့ မေ့လက်ကလေးကို ဆွဲယူကာ ဘယ်ဘက်လက် ကြွယ်လေးမှာ ကိုယ်တိုင် ဆင်ပေးသည်။

''မေ့အပေါ်ထားတဲ့ ကိုယ့်ချစ်ခြင်းကို မေအကြွင်းမဲ့ယုံပါ





ကိုယ့်ရဲ့ ချစ်ခြင်းလက်ဆောင်တစ်ခုလို့ပဲ မေ သတ်မှတ်ပေးနော်''

ခေတ် တိုးညှင်းစွာဆိုသော စကားသံလေးက မေ့ရင်ထဲက ာနအစိုင်အခဲကြီးကို ပြေပျောက်စေသည်။

နွယ်နီကတော့ မေတို့နှစ်ဦးကိုကြည့်ရင်း ကျေကျေနပ်နပ်လေး ပြုံးနေသည်။ နောက်ဆုံးတော့ ခေတ်ရဲ့အသိအမှတ်ပြု လက်ဆောင်လေး ကို မေ ခေါင်းညိတ်လက်ခံရပြီပဲ။

ခေတ်ကို မငြင်းရက်အောင် မေ့မာနတွေ လျှော့ချခဲ့တာ နှလုံး သားက ချစ်ခြင်းကြောင့်ဆိုတာ. . .။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၂)

သည့်နောက်ပိုင်းမှာ မေနှင့်ခေတ်ကြားမှာ နားလည်နိုင်သော နှောင်ကြိုးတွေ ကြီးမားစွာ ခိုင်မြဲခဲ့တာတော့ သေချာပါသည်။

ခေတ်က မိဘဖြစ်သူရဲ့ကုမ္ပဏီမှာ အလုပ်တွေနှင့် လုံးပမ်း... သလို မေကလည်း ကွန်ပျူတာသင်တန်းနှင့် စပီကင်သင်တန်းတွေ... ပြေးရင်း အလုပ်တွေ ရှုပ်နေခဲ့၏။

မေ ဝါသနာပါသော ဓာတ်ပုံပညာကိုလည်း လေ့လာ သင်တန်း... တွေတက်ဖြစ်သလို အပျော်တမ်း ဓာတ်ပုံတွေ ရိုက်ဖြစ်သေးသည်။

"မေရယ် မေ့အစား ခေတ် ပင်ပန်းလိုက်တာ"

ခေတ်က မေ့ကိုကြည့်ကာ ပြောတော့ မေ ဘာမှပြန်မပြော... ဘဲ ပြုံးမိပါသည်။ တကယ်ဆို မေ့ဝါသနာကိုလည်း ခေတ်က နားလည်...





ပေးတတ်ခဲ့သူပါပဲ။

ကျောင်းသူဘဝကတည်းက ဓာတ်ပုံနှင့်ပတ်သက်လျှင် ဝါသနာထုံသော မေ့ရည်ရွယ်ချက်က တစ်ချိန် အောင်မြင်သော ကင်မရာမင်းတစ်ယောက် ဖြစ်ချင်ခဲ့၏။ ဒါပေမဲ့ ဝါသနာနှင့်လက်တွေ့ကျဖို့ဆိုတာ ခက်ခဲလွန်းခဲ့ပါသည်။

မေ့ ဝမ်းရေးအတွက် မေ ရုန်းကန်နေခဲ့ရတာက မေ တတ်မြောက်ထားသော ကွန်ပျူတာပညာနှင့် စပီကင်တွေပဲ ဖြစ်သည်။ ဒါပေမဲ့ ဝါသနာပါသော ဓာတ်ပုံတွေကိုလည်း မေ လေ့လာဖြစ်ခဲ့ပါသည်။

ခေတ်နှင့်မေတို့ ချစ်သူဘဝသက်တမ်း တစ်နှစ်ကျော်ကြာသည်အထိ မေ့ အနာဂတ်ကို မေ့ထားပေမယ့် ခေတ်ကတော့ အလေးအနက်ထားခဲ့ပါသည်။

"ဘယ် ဘယ်လိုခေတ် ခေတ် မာမီက မေ့ကိုတွေ့ချင်တယ် ဟုတ်လား"

"ဟုတ်တယ် မေ၊ ကိုယ့်မာမီကို အသိပေးလိုက်တော့ မာမီက မေ့ကို တွေ့ချင်လို့တဲ့"

ခေတ်က တက်တက်ကြွကြွလေး မေးနေသည်။ မေ ရုတ်တရက် ... ဘာပြောရမှန်းမသိ ဖြစ်နေသည်။ အိပ်မက်က လန့်နိုးသူလို မေ ...နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မေမေနှင့် တွေ့ရမည်ဆိုသောစကားက မေ့ဘဝ အခြေ အနေကို ပြန်တွေးမိကာ ထိတ်ခနဲ ဖြစ်သွားမိ၏။

"လိုက်တွေ့မယ်မဟုတ်လား မေ၊ မေ့ကို ကိုယ်သိပ်ချစ်တယ် လက်ထပ်ချင်ပြီ၊ ဒါကြောင့် မာမီ့ကို အသိပေးလိုက်တာ"

ခေတ် ဒုတိယအကြိမ် ထပ်မေးနေရင်း မေ့ပခုံးလေးကို ဆုပ် ကိုင်နေသည်အထိ မေ ငြိမ်သက်နေမိဆဲရှိသည်။ ခေတ်ကိုယ်တိုင်က အလေးအနက်ထား တောင်းခံသော တောင်းဆိုမှုအတွက် မေ ကျေနပ် မိပေမယ့် တွန့်ဆုတ်နေခဲ့တာ ဘာကြောင့်မှန်းမသိပါ။

"မေ ဘာဖြစ်နေတာလဲဟင်"

"ဩော် ဘာမှမဖြစ်ပါဘူး ခေတ်ရဲ့ ရုတ်တရက်ကြီးဆိုတော့ အံ့ဩသွားလို့ပါ"

"အံ့ဩစရာမှ မဟုတ်ဘဲ မေရယ်၊ မေနဲ့အတူနေချင်ပြီလေ ဒါကြောင့် အတူနေခွင့်ကို ကြိုးစားတာပါ"

"ခေတ်မာမီက မေ့အပေါ် ကြည်ဖြူရဲ့လားဟင်"

"ကိုယ် အားလုံး ပြောပြထားပါတယ်၊ မာမီက မေနဲ့တွေ့ချင် တယ်တဲ့၊ ဒါကြောင့် တစ်ရက်ခေါ်လာဖို့ ပြောတာ၊ မနက်ဖြန် လိုက်ခဲ့နော်၊ ကိုယ် လာခေါ်မယ်"

မေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ခေတ် ပြောတော့





ခေါင်းလေးညိတ်ပြမိသည်။ ခေတ်မျက်ဝန်းလေးတွေ ဝင်းလက်တောက်ပ သွားခဲ့တာကို မြင်သည်။

တစ်ချိန်တည်းမှာပဲ ခေတ်မာမီရဲ့ မျက်နှာကို မေ ပြေးမြင်မိ သည်။ ခေတ်နှင့်ချစ်သူတွေဖြစ်နေခဲ့သည့်ကာလတစ်လျှောက်လုံး ခေတ်တို့ အိမ်ကြီးကို မေ တစ်ခါမှ မရောက်ဖူးပါ။

ဆိတ်ငြိမ်ရပ်ကွက်ထဲမှ ခမ်းနားလှသော နှစ်ထပ်တိုက်ကြီးကို တော့ မေ အပြင်က မြင်ဖူးသည်။ ခေတ်တို့တိုက်ကြီးက နွယ်နီတို့တိုက် ကြီးလိုပဲ ထည်ဝါပါသည်။

ပြီးတော့ ခေတ်မာမီ ပိုင်ဆိုင်သော စိန်တိုက်ကြီးကိုလည်း နွယ်နီနှင့်အတူ ရောက်ဖူးသည်။ နွယ်မိခင်နှင့် ခေတ်မာမီက ရင်းနှီး ကျွမ်းဝင်နေကြသူတွေမို့ နွယ်နီ့ကို တရင်းတနှီး ဆက်ဆံသည်။

ရွှေကိုင်းမျက်မှန်အောက်က မျက်ဝန်းတွေနှင့် ပါးလှပ်လှပ် နှုတ်ခမ်းကတော့ မာနရိပ်တွေ သိုဝှက်နေသည်ဟု မေ ထင်မြင်မိသည်။ သည်ဥက မေ့ကို နွယ်ရဲ့ သူငယ်ချင်းဟုပဲ သိတာမို့ ခေတ်မာမီ သတိထား စရာနမရှိပါ။

အခုတော့ မေနှင့်ခေတ်မာမီ ဆုံတွေ့ကြရတော့မည်တဲ့။

ခေတ်က အားလုံး ပြောပြအသိပေးထားသည်ဆိုပေမယ့် မေ့ကို ဘာတွေ မေးဦးမည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်မေဆိုသော မေရဲ့ဘဝအခြေအနေကတော့ လင်းလွန်း ခေတ်နှင့် ကွာခြားလွန်းလှတာ အမှန်ပဲ ဖြစ်သည်။

မိဘမဲ့တစ်ကောင်ကြွက် မေ့ဘဝသည် ခေတ်မာမီ ကျေနပ် လောက်စရာ အခြေအနေတော့ ဘာမှမရှိပါ။

တစ်ဦးတည်းသောသားနှင့် ပတ်သက်ပြီး တော်စပ်ရမည့် ချွေး လောင်းကို ခေတ်မာမီ အကဲခတ်ချင်တာပဲဖြစ်မည်။

အဆောင်ပြန်ရောက်တော့ ထိုအကြောင်းကို နွယ်နီဆီ ဖုန်းဆက်အသိပေးမိ၏။

"ဟုတ်လား မေ တစ်ယောက်တည်း ဖြစ်ရဲ့လားဟင်၊ နွယ် လိုက်ခဲ့ပေးရမလား"

"ရပါတယ် မလိုက်ပါနဲ့ မေ့ကို သီးသန့်တွေ့ချင်လို့ ဖြစ်မှာပေါ့"

"သီးသန့်တွေ့ချင်လို့ ဟုတ်လား"

မေ့စကားကို သံယောင်လိုက်ကာ နွယ်နီ ရေရွတ်သည်။

"ဟုတ်မှာပေါ့ နွယ်ရဲ့၊ နွယ်ကို လိုက်စေချင်ရင် ခေတ် ခေါ်လာဖို့ပြောမှာပဲ၊ အခု ဘာမှမပြောတော့ မေနဲ့တွေ့ချင်လို့ ဖြစ်မှာ"

"မေ အန်တီလင်းနဲ့ တို့ ရင်းနှီးပါတယ်၊ မေ တစ်ယောက်တည် ကြောင်တက်တက် ဖြစ်နေမှာပေါ့ နွယ် လိုက်ခဲ့မယ်"

မေ့အတွက် စိုးရိမ်နေဟန်နှင့် နွယ်နီပြောတော့လည်း မေ





ငြင်းသာတော့ပါ။ တကယ်ဆို မေ့ထက်စာလျှင် နွယ်က ခေတ်မာမီနှင့် ပိုကျွမ်းဝင် ရင်းနှီးသည်။

"အင်း လိုက်ချင် လိုက်ခဲ့လေ"

"အိုကေ မနက်ဖြန် မေ့ကို နွယ်လာခေါ်မယ်၊ အတူသွားကြတာ ပေါ့"

မေနှင့်ပတ်သက်လျှင် နွယ်နီက အမြဲတမ်း အသင့်ဖြစ်နေတတ် သော သူငယ်ချင်းမလေးပါပဲ။ အခုလည်း မေ့အရေးကိစ္စမှာ တက်ကြွ နေ၏။

ဘာပဲဖြစ်ဖြစ် နွယ့် နံဘေးမှာပါတော့ မေ့အတွက် အင်အား တစ်ရပ်ဖြစ်စေတာ အမှန်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မေက လှလိုက်တာ"

မေ ထွက်လာတာကို ပြုံးငေးငေးလေးကြည့်ရင်း နွယ်နီ ချီးကျူးနေ၏။ တကယ်ဆို မေ မှုန်ညက်နေအောင်လည်း ပြင်ဆင်ထားတာမဟုတ်ပါ။

နဂိုနုညက်နေသော မျက်နှာပေါ်ကို မိတ်ကပ်ပါးပါးလေးလူးပေါင်ဒါလေးရိုက်ထားတာပဲ ဖြစ်သည်။

"မေ နှင့်မျက်နှာလေးက ဘာမှခြယ်သပြင်ဆင်စရာမလိုအောင်လှတာဟ"

"အေးနော် ဒါ ရှေးဆုတောင်းကြောင့် ထင်တယ်"

ကျောင်းမှာတုန်းကတည်းက သူငယ်ချင်းတွေက မေ့အလှ...





...ဝန်းချီးကျူးခဲ့ကြသည်။ မျက်ခုံးမျက်တောင်၊ နှာတံ၊ နှုတ်ခမ်းလေးတွေ...အစ အပြစ်ဆိုရက်စရာမရှိအောင် မေ ချောတာ မေမေ့ဆီက ပိုင်ဆိုင်...သော အမွေဟုပဲ ပြောရမည်။

သိပ်လှသော မေမေ့ကို ဖေဖေ နှစ်သက်ငြိတွယ်တော့ အလှ...ပြားယောင်းကာ သိမ်းပိုက်သည်ဟု ဖေဖေ့အသိုင်းအဝိုင်းက ပြောကြ...သည်။

တစ်ခါတစ်ခါမှ မိန်းမတစ်ယောက်အတွက် ဝန်တိုစရာကောင်း...ာက်အောင် လှသောအလှကလည်း အန္တရာယ်ဟု မေ ထင်ပါသည်။

ဒါကြောင့်လည်း ခေတ် မာမီရှေ့မှာ မေ နုညက်နေအောင်...သော မိန်းမတစ်ယောက် မဖြစ်ချင်ပါ။ ရိုးရိုးလေးပဲပြင်ကာ အဝတ်...ားကိုလည်း ယဉ်ယဉ်လေး ဝတ်ဆင်ခဲ့သည်။

"မေ နှင့်ဆွဲကြိုးဘယ်ရောက်သွားလို့လဲ၊ ခေတ် ပေးထားတဲ့...ပွင့်ကောဟင်"

"ရှိတယ် တမင်ဝတ်မလာတာပါ"

"ဟင် ဘာဖြစ်လို့လဲ"

"ငါက ဘာမှမရှိတဲ့သူပဲ နွယ်ရယ်၊ ဒါကြောင့် တမင်မဝတ်ဘဲ...ခဲ့တာ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ အရင်လည်း ရှိနေတာပဲဥစ္စာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ဝတ်လာတော့ ဘာဖြစ်မှာမို့လဲ''

နားမှ နားကပ်လေးကလွဲလို့ ဘာမှ ဝတ်မဆင်လာတာမို့ နွယ် ကျေနပ်ပုံမရပါ။ တကယ်ဆို မေမှာ ဆွဲကြိုး၊ လက်စွပ်နှင့် ဟန်းချိန်းလေး ပါရှိတာ နွယ် သိသည်။

မေ ဘာမှမပြောဘဲ ပြုံးနေတော့ နွယ်နီလည်း ဘာမှမဝေဖန် တော့ဘဲ အဆောင်ရှေ့မှာ ရပ်ထားသော ကားဆီလျှောက်ခဲ့ကြသည်။

နွယ်နီ လိုက်လာမည်ဆိုတော့ ခေတ်က လက်ခံကာ မေ့ကို လာမကြိုဖြစ်တော့ပါ။ နွယ်နီရဲ့ မတ်ခ်တူးကားလေးနှင့်ပဲ မေတို့ထွက် လာခဲ့ကြသည်။

''မေ ခေတ်မာမီက နည်းနည်းတော့ ဇီဇာကြောင်တယ်ဟ''

''ဘာ ဇီဇာကြောင်တယ်''

ကားမောင်းနေရင်း နွယ်ပြောတော့ မေ မျက်မှောင်ကုပ်ပြီး ပြန်မေးမိ၏။ ခေတ်က ကားကိုပဲ ဂရုစိုက်မောင်းနေရင်း

''တခြားမဟုတ်ပါဘူး၊ လင်းလွန်းခေတ်ဆိုတာ သူတို့ရဲ့ တစ်ဦး တည်းသော သားလေဟာ၊ ဒါကြောင့် သူနဲ့စကားပြောရင် နင် နည်း နည်း နားလည်ထားအောင် ငါ ပြောပြတာပါ၊ အဟင်း မကြာခင်တော့ ရတော့မယ် ယောက္ခမပဲဟယ်၊ အလိုက်အထိုက် ပြောဆိုပေါ့''

အရယ်အပြုံးလေးတွေနှင့် နွယ်က စကားကို ရပ်ပစ်သည်။





စိတ်ထဲကတော့ တွန့်ခနဲ ဖြစ်မိတာ အမှန်။

နွယ်စကားက သတိပေးတာလား။ ခေတ်မာမီက ဘယ်လို ...မျိုးလဲ။ လင်းလွန်းခေတ်ဆိုတာ သူမရဲ့တစ်ဦးတည်းသောသား၊ ...က်ဘက်က ပြည့်စုံသည်ဟု မာန်တက်နေသည့် မိခင်မျိုးလား။

မေ့နှုတ်က ပြန်မမေးဖြစ်ပေမယ့် အတွေးတွေက ခေါင်းထဲမှာ ...စ်နေသည်။

လင်းလွန်းခေတ်တို့ ခြံကိုရောက်တော့ ခြံစောင့်ကြီးက တံခါး ...ပေးသည်။ နွယ်နှင့်မျက်မှန်းတန်းနေသူမို့ ပြုံးပြီး နှုတ်ဆက်သေး၏။

နွယ်က ဆင်ဝင်အောက်မှာ ရပ်ထားသော လင့်ခ်ရူဆာကားကြီး ...းမှာပဲ ကားကို ထိုးရပ်လိုက်သည်။

ဧည့်ခန်းသံပန်းတံခါး ဖွင့်ကာ ရပ်စောင့်နေသော ခေတ်က ...ဆီကို ခပ်သွက်သွက် လျှောက်လာကာ မေ ဆင်းနိုင်ဖို့ တံခါးကို ...ပေးသည်။

''ကိုယ် စိတ်စောပြီး စောင့်နေတာ မေရဲ့၊ လာ မာမီ ရှိတယ်''

အပြာနုနု တီရှပ်လက်တိုနှင့် သရီးကွာတား ဘောင်းဘီအနက် ...လေး ဝတ်ဆင်ထားသော ခေတ်က ကလေးငယ်တစ်ဦးလို အပြုံး ... ကြည်လင်နေခဲ့သည်။

''မေ လာ နွယ်နီ လာလေ''



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကပဲ ရှေ့က ဦးဆောင်ကာ မေတို့ကို ညှော်ခန်းထဲ ခေါ်ခဲ့သည်။ ရောင်စုံကြွေပြားတွေနှင့် ညှော်ခန်းကြီးက နွယ်တို့အိမ်က ညှော်ခန်းကြီးထက်တောင် ကျယ်ဝန်းပါသည်။

အလှပန်းအိုးကြီးတွေ ရှူးကော့စ်တွေနှင့် အလှပန်းပုရုပ်ထုတွေနှင့် ခမ်းနားလှသော ညှော်ခန်းကြီးထဲ ခြေချမိသည်နှင့် မေ စိမ့်ခနဲ ဖြစ်သွားခဲ့သည်။

ကတ္တီပါ ကော်ဇောအနီကြီးခင်းထားသော ညှော်ခန်းအပေါ်မှာတော့ အိစက်ညက်ညောသော ဆိုဖာကြီးနှင့် စားပွဲရှည်လေး ရှိ၏။ စားပွဲလေးပေါ်မှာ အလှပန်းအိုးနှင့်သတင်းစာ၊ ဂျာနယ်တွေ သေသေသပ်သပ် တင်ထား၏။

"ထိုင်ကြဦးနော်"

"လာ မေ ဒီမှာထိုင်"

နွယ်က မေ့လက်ကိုဆွဲကာ ဆိုဖာထိုင်ခုံကြီးမှာ ဝင်ထိုင်သည်။ ခေတ်က မေ့ကို ပြုံးကြည့်နေတုန်းမှာ

"သြော် ရောက်လာကြပြီလား"

ပြတ်သားကြည်လင်သော အသံလာရာဆီသို့ မေကော နွယ်ပါ လှည့်ကြည့်လိုက်မိသည်။ မဟော်ဂနီရောင် တောက်ပနေသော ကျွန်းလှေကားကြီးအတိုင်း ဆင်းလာတာ ခေတ်မာမီ ဒေါ်ခင်မာလင်း။





ဝတ်ဆင်ထားတာက အစိမ်းနုရောင် ပါတိတ်ဝမ်းဆက်နှင့် ာ စိန်နားကပ်က ဖြာခနဲ လက်သွား၏။ ရွှေကိုင်းမျက်မှန်အောက်က ာ်ဝန်းတွေက အရင်ဆုံး နွယ်နီဆီမှာ ဦးတည်သွား၏။

"သမီးလေး နွယ်နီလည်း ပါတာကိုး"

"ဟုတ်ကဲ့ အန်တီလင်း နေကောင်းတယ်နော်"

"အင်း ကောင်းပါတယ် သမီး၊ သမီးအမေ မမြတ်ကော နေ ာင်းတယ် မဟုတ်လား"

"ကောင်းပါတယ် အန်တီလင်း"

"အေး အေး အန်တီတို့ မဆုံဖြစ်တာကြာပြီ၊ တစ်ရက် နှစ်ရက် ာင် အန်တီတောင် သမီးမေမေဆီ လာရဦးမယ်၊ စိန်တစ်ဆင်စာ ာ်ဝယ်မယ့်ကိစ္စရှိလို့"

အခုချိန်ထိ မေ့ဆီကို အကြည့်မရောက်သေးဘဲ နွယ်နီနှင့်ပဲ ာလင်း စကားတွေကောင်းနေသည်။ မေနှင့်ခေတ်ကတော့ ဘာမှ ာ်ဆိုင်သော စကားတွေကြားမှာ နားထောင်သူသက်သက်။

အိမ်ဖော်ကောင်မလေးက ကော်ဖီနှင့်မုန့်ပွဲတွေ သယ်ယူလာ ခေတ်က လှမ်းယူရင်း

"ပေး ပေး မိမော်"

ကော်ဖီဘန်းကို လှမ်းယူပြီး မေနှင့်နွယ်ရှေ့မှာ ချပေးနေသော



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကို ဒေါ်ခင်မာလင်း စူးခနဲ ဝေ့ကြည့်ပြီး မေ့ဆီမှာ အကြည့်တွေ ရပ်တန့်သွားခဲ့သည်။

လည်တိုင်မှ စိန်ဘယက်ကြီးဆီက စိန်ပွင့်တွေလို ခေတ် မာ... အကြည့်တွေက စူးရှလွန်းသည်။

မျက်နှာအကျက ခေတ်နှင့် ဆင်ပေမယ့် မျက်လုံးတွေ နှုတ်ခမ်း... အကျတွေက ခေတ်နှင့်မတူပါ။ မေ ကိုယ်တိုင်လည်း အကြည့်မလွှဲ... ခေတ်မာမီကို ပြန်ကြည့်နေလိုက်၏။

"မင်းက"

"အံ့ဖွယ်မေပါ အန်တီ"

နှုတ်ခမ်းပါးလေးလှုပ်ကာ မေးတော့ မေကလည်း အကြည့်တွေ မရုပ်သိမ်းသေးဘဲ ချက်ချင်းပြန်ဖြေလိုက်၏။

မျက်ဝန်းအကြည့်တွေ မေနှင့်ဒေါ်ခင်မာလင်း ကြားမှာ စူးနစ်... ဆုံဖြစ်နေကြတာ စက္ကန့်အတော်ကြာသည်။

ထိုတဒင်္ဂလေးမှာ နွယ်နှင့်ခေတ်တို့မျက်နှာတွေ ဘယ်လိုဖြစ်... သည်လဲ မေ မသိပါ။ သေချာသည်က ခေတ်မာမီရဲ့ စူးရှသော မျက်... တွေကို မေ သဘောမကျတာ အမှန်ဖြစ်၏။

အထက်စီးဆန်သော မျက်ဝန်းတွေ၊ နှိမ်ချဦးကျိုးသွားစေအေ... မာန်မာနတွေ ပျော်ဝင်နေသော မျက်ဝန်းတွေဟု မေ နားလည်...





"အံ့ဖွယ်မေ လား၊ အင်း မင်း အမျိုးအနွယ်ကကောကွဲ့"

မေ့ မျက်ခုံးတန်းတန်းလေးတွေ နီးကပ်မတတ် စုကျုံ့သွားခဲ့သည်။ ဒေါ်ခင်မာလင်းရဲ့လေသံက တည်ငြိမ်ညင်သာပေမယ့် မေ့ကို တမင်နှိပ်ချမေးသော မေးခွန်းဟု သိသည်။

လွန့်ခနဲ နှုတ်ခမ်းတွေ ပြုံးရင်း မေ ချက်ချင်းပဲ ပြန်ဖြေလိုက်သည်။

"လူသားမျိုးနွယ်ကပေါ့ အန်တီ"

"ဘာကွဲ့"

သည့်တစ်ခါတော့ ဒေါ်ခင်မာလင်း မျက်ခုံးတွေ ကျုံ့ဝင်သွားသည့်အလှည့်။ တင်းတင်းလေး စေ့ထားသော နှုတ်ခမ်းတွေက အလိုမကျ... လျှံထွက်လာသောအသံနှင့်အတူ မေ့ကို မာတင်းတင်း ကြည့်နေ၏။

"ဟုတ်တယ်လေ အန်တီရဲ့၊ လူတွေက အဆင့်အတန်းနဲ့ ...မျိုးသူစိမ်း ခွဲခြားသတ်မှတ်ထားပေမယ့် အားလုံးက လူသားမျိုးနွယ် ...စ်ခုတည်းကပဲမဟုတ်လား"

"ဒါတော့ မင်း တမင်ဂွတိုက်ပြီး ဖြေတာပဲ"

"စိတ်မကောင်းပါဘူး အန်တီ၊ အန်တီ မေးတဲ့မေးခွန်းအတွက် ... နားလည်သလိုပဲ ဖြေတာပါ"

ဒေါ်ခင်မာလင်း မျက်နှာနီမြန်းသွားသည်။ စူးစူးနစ်နစ် အကြည့်...



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ဖြူနေသော မျက်နှာက ပန်းသွေးရောင်သမ်းလာတာ အ
အရှား။ မေနှင့်သူမကြားမှ အခြေအနေက တင်းမာသွားခဲ့ပြီ။

တစ်ချိန်လုံး ငြိမ်နေသော နွယ်နီနှင့်ခေတ်တို့ မျက်စိမျက်
ပျက်နေကြ၏။ ခေတ်ထက်ဦးစွာ နွယ်နီက အခြေအနေကို ဝင်ထိန်း
ပေးဖို့ ကြိုးစားသည်။

"ဟို ဒီလို အန်တီလင်း၊ နွယ် သိပါတယ်၊ မေကလေ
တွေမရှိတော့ပါဘူး၊ အခု အဆောင်မှာနေပြီး ရှင်သန်ရပ်တည်နေတ
နွယ်တို့လိုပဲ ဘွဲ့ရပြီး"

နွယ်နီ စကားမဆုံးခင် ဒေါ်ခင်မာလင်း လက်ကာတား
လက်ချောင်းတွေမှာ ဆင်ထားသော စိန်လက်စွပ်ရောင်က လက်
နွယ်အသံလည်း တိခနဲ ရပ်သွားခဲ့၏။

"မာမီ ဟို"

"သား မင်းလည်း ဘာမှဝင်မပြောနဲ့၊ မာမီ သူ့ကိုမေး
လေ၊ သူပဲဖြေပါစေ၊ သမီးလေးလည်း ကြားကမပြောနဲ့"

ဒေါ်ခင်မာလင်း အသံက မာကြောပြတ်သားသည်။
ကိုယ်တိုင်ကလည်း မိခင်စကားကို မလွန်ဆန်နိုင်ဘဲ နှုတ်ဆိတ်သွ
နွယ်နီကို ဒေါသမပါသော လေသံနှင့် ဒေါ်ခင်မာလင်းက
ဆိတ်စေသည်။





မေ့ရင်ထဲက မာနတွေက ချက်ချင်း ခေါင်းထောင်လာသည်။
သူမ ပြုံးပြလျှင် ကိုယ်ပြုံးပြမည်။ သူမ မဲ့လျှင် ကိုယ်လည်းမဲ့မည်။
ယူတန်ရဲ့ နိယာမကို မေ လက်ခံတတ်သူ။

"အန်တီ နောက်ထပ် ဘာများ သိချင်တာလဲ၊ ကျွန်မရဲ့
အကြောင်းကတော့ ရေမရှိတဲ့ အိုးတစ်လုံးကို မှောက်ချလိုက်သလိုပဲ၊
ကျွန်မဘဝမှာ ကျွန်မကလွဲပြီး ဘာမှမရှိဘူး"

မေ့စကားအဆုံးမှာ ဒေါ်ခင်မာလင်း မျက်နှာကြီးက ကျောက်
ကျာတုံးတစ်တုံးလို မာတင်းသွားသည်။ ခေတ်မျက်နှာက ဖီးရှက်လောက်
ဲ ရှိတော့၏။ နွယ်နီ မေ့ကို တောင်းပန်သလိုကြည့်တာကိုလည်း မေ
ပကွာပြုပြီး ခေါင်းကိုမော့မော့လေး ချိထားလိုက်၏။

"လက်စသပ်တော့ ငါ့သားကြိုက်တဲ့ မိန်းမက မာမီ ထင်ထား
ဘာထက်တောင် နိမ့်ကျ အဆင့်အတန်းမဲ့တဲ့ အတန်းအစားထဲကကိုး၊
ဘာတစ်ခုမှ မက်လောက်စရာမရှိဘဲနဲ့ သား မက်မောအောင် ဘာနဲ့များ
ဆောင်ထားပါလိမ့်၊ ပြောစမ်း သား ဒါကို မာမီက မိုက်မိုက်မဲမဲ
က်ခံသဘောတူရမှာလား"

ဒေါ်ခင်မာလင်း နှုတ်က ထွက်ကျလာသော စကားတွေက
က်နှာကို ဖြတ်ရိုက်ချလိုက်သလို နာကျင်ခံရခက်လွန်းသည်။ မေ
ခုံက ဝုန်းခနဲ ထရပ်ပြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုလိုရင်းကိုပဲ ပွင့်ပွင့်လင်းလင်း ပြောပါ အန်တီ၊ ကျွန်
ဒီကိုလာတာ အန်တီစော်ကားခံဖို့ လာခဲ့တာ မဟုတ်ဘူး၊ အုံ့ဖွယ်မေ
ဆိုတဲ့ မိန်းမက တစ်လောကလုံးကို စိန်ခေါ်ပြီးမှ ကိုယ့်ခြေထောက်ပေ
ကိုယ်ရပ်တည်ခဲ့တဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မကိုယ် ကျွန်မကလွဲ
ဘာကိုမှ ဂရုမစိုက်ဘူး"

"မေ"

နွယ်နီ မေ့လက်ကို ဆွဲကာ သတိပေးသလို တားမြစ်သည်
ဒါပေမဲ့ မေကတော့ ဘယ်လိုအခြေအနေကိုမဆို ရင်ဆိုင်ဖို့ ဆုံးဖြတ်
ခဲ့ပြီ။

"ကောင်းပြီလေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါတို့က ရွှေ
ရွှေချင်း၊ ငုဏ်ကို ငုဏ်ချင်းပဲ ထပ်ချင်ပါတယ်၊ တစ်သက်စားလို့မကုန်
ဘူးဆိုတဲ့ စည်းစိမ်တွေထက် နှစ်သက်စားလို့မကုန်တဲ့သူအချင်းချင်း
လက်ထပ်ပေးချင်တယ်၊ ဥပမာ သမီးလေး နွယ်နီနီ ဆို ုပဲ တို့ဘက်
သဘောတူပြီးသား၊ မင်းဆိုရင်တော့ ငါ့ရဲ့တစ်နေ့တာ အာရုံ စိတ်
စိတ်သန်းထဲမှာတောင် ထည့်စဉ်းစားမိမှာ မဟုတ်ဘူး"

မေ့မျက်နှာကို စူးစူးနစ်နစ် ကြည့်ကာ ပြောသော စကား
တွေက မေ့မာနကို ထိပါးစေသည်။ ဒါပေမဲ့ အံကိုတင်းခနဲကြိတ်
မေ့ နှုတ်ခမ်းတွေ တွန့်ပြုံးလိုက်မိ၏။ မေ့ကို နှိမ်ချကာ နွယ်နီရွှေ





နှိပ်ကွပ်လိုက်တာတော့ ဒေါ်ခင်မာလင်း လွန်ကျူးသွားခဲ့ပြီ။

"အန်တီက အုံ့ဖွယ်မေရဲ့မာနနဲ့ အရည်အချင်းကို စိန်ခေါ်လိုက်
တာလား"

"ငါက အမှန်ကို မင်းမြင်သိအောင် ပြောတာ အုံ့ဖွယ်မေ"

နှုတ်ခမ်းတွန့်ကာ ပြုံးပြီးပြောသော လေသံက အထင်သေး
နှုတ်ချမှုများစွာနှင့် မေ မခံချင်အောင် တမင်ဆိုနေခြင်းဟု သဘောပေါက်
သည်။ အခုအချိန်မှာ နွယ်နီနှင့်ခေတ်တို့ နှုတ်တွေ ဆွံ့အကာ မေနှင့်
ဒေါ်ခင်မာလင်းတို့ မာနပြိုင်ပွဲကို ရင်တထိတ်ထိတ် စောင့်ကြည့်နေရုံမှ
တစ်ပါး ဘာမှမတတ်သာကြပါ။

"ကောင်းပြီ အန်တီ၊ အန်တီ့မာနရှိတာထက် အုံ့ဖွယ်မေရဲ့
မာနက ပိုကြီးမားတယ် အန်တီ၊ ကျွန်မက စိန်ခေါ်ရင် ယှဉ်ပြိုင်ရဲတယ်"

"မင်း ဘာကိုဆိုလိုတာလဲ အုံ့ဖွယ်မေ"

"သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ အန်တီတို့
အာမနေတွေကို ယှဉ်ပြိုင်နိုင်တဲ့သူတစ်ယောက် ဖြစ်လာခဲ့မယ်ဆိုရင်"

မေ့စကားမဆုံးခင် ဒေါ်ခင်မာလင်း ဟက်ခနဲ ရယ်သည်။ ပြီး
တော့ မေ့ကို သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်သလို မဲ့မဲ့လေး
ကြည့်ရင်း

"စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ အုံ့ဖွယ်မေ၊ ချမ်းသာဖို့နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်းရဲ့မာနတွေနဲ့ အံဝင်ခွင်ကျ မရနိုင်ဘူးကွဲ့''

''အန်တီ စောင့်ကြည့်လိုက်လေ၊ ကျွန်မက အံ့ဖွယ်မေပါ''

''ကောင်းပြီ အံ့ဖွယ်မေ၊ မင်း စိန်ခေါ်တာကို ငါ စောင့်ကြည့်

သေးတာပေါ့ အဟင်း''

''ဒါ အန်တီနဲ့ ကျွန်မရဲ့စိန်ခေါ်မှုပေါ့၊ လင်းလွန်းခေတ်ဆိုင

ယောက်ျားတစ်ယောက်ကို ထပ်တူညီတဲ့ ငွေဂုဏ်ဒြပ်တွေနဲ့ အန်တီ ပိုး

ခြားသတ်မှတ်မှတော့ အံ့ဖွယ်မေ ဆိုတဲ့ ကျွန်မက ဝယ်ယူပြမယ်''

''ဘာ မင်း ဘာပြောတယ်''

သားကိုထိတော့ ဒေါ်ခင်မာလင်း မျက်နှာကြီး ရှုံ့မဲ့ကာနာကျ

သွားသည်။ မေ့ အောင်နိုင်သူလို ပြုံးကာ ဧည့်ခန်းကြီးထဲက ခေါင်းမေ

ရင်ကော့ပြီး တစ်လှမ်းချင်း ထွက်ခဲ့၏။

''မေ မေ နေပါဦး''

''သား ရပ်စမ်း၊ မာမီ ဒီထက်ထပ်ပြီး အစော်ကား မခံနိုင်ဘူ

မိခင်ဖြစ်သူရဲ့ တစ်ချက်လွှတ်အမိန့်သံအောက်မှာ ခေတ် ခြေ

လှမ်းတွေ တုံ့ကျန်ရစ်ခဲ့သည်။

စိတ်မကောင်းပါဘူး ခေတ်ရယ်၊ အံ့ဖွယ်မေ ဘဝမှာ အမှားကြီ

တစ်ခုကို ကျူးလွန်ခဲ့ပြီဆိုတာ ဒီနေ့မှ အသေအချာ သိလိုက်တာ

ဒါပေမဲ့ ဒါ မေ့ နှလုံးသားအလိုကို လိုက်ခဲ့မိလို့ပါ။





ဒီအတွက် မေ နောင်တမရချင်ပါဘူး။ မေ့မာနကိုတော့ ဘယ်တော့မှ ဦးညွှတ်မပေးဘူး ခေတ်။ အံ့ဖွယ်မေရဲ့မာနကို ခေါင်းပုတ်စိန်ခေါ်ခဲ့တဲ့ ခေတ်မာမီကိုတော့ အနိုင်ယူပြဦးမှာပါ။

''မေ နင်''

''တော်တော့ နွယ်နီ၊ ကျေးဇူးပြုပြီး ငါ့ကို ဘာမှမပြောပါနဲ့၊ ငါတို့ ပြန်ကြရအောင်''

ကားတံခါးဖွင့်ပြီး မေ လှမ်းတက်ထိုင်တော့ နွယ်နီ ဘာစကားမှ မဆိုဘဲ ပင့်သက်ရှိုက်သည်။ ပြီးတော့ ကားတံခါးဖွင့်တက်ကာ မေ့ဆန္ဒအတိုင်း ကားကို မောင်းထွက်ခဲ့သည်။

မေ အံကိုတင်းတင်းကြိတ်ရင်း ရှုံ့မှုန်းစရာကောင်းသော ခြံကြီးထဲမှ အဝေးဆုံးသွားချင်ပြီ။

ဒီဂုဏ်တွေ ဒြပ်တွေကြားထဲမှ မေ မိုက်မဲစွာ ဝင်တိုးမိတာ ခေတ်ကို ချစ်သော ချစ်ခြင်းကြောင့်ပါပဲ။ အခုတော့ မေရဲ့ ဆူပွက်နေသော သွေးတွေထဲမှာ အနိုင်ယူဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြီးက နိုင်မာစွာ နေရာယူသွားခဲ့ပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မေရယ် မေက မာနကြီးလွန်းတယ်၊ အသည်းမာလွန်းတယ် ကိုယ့်အပေါ် ရက်စက်လွန်းတယ်"

မေကို ငေးငေးရီရီလေး ကြည့်ကာ ခေတ် စွပ်စွဲချက်တွေတ[...] နေသမျှ မေ မတုန်မလှုပ် ငြိမ်သက်နေမိသည်။ သောကရိပ်တွေ ဝေ[...] သော ခေတ်မျက်ဝန်းတွေက တောက်ပမှုတွေ ကင်းစင်လို့နေ၏။

"တကယ်ဆို ကိုယ်က မေ့ဘက်မှာ မားမားမတ်မတ် ရှိနေသ[...] နဲ့ မေရယ်"

"မားမားမတ်မတ် ရှိတယ် ဟုတ်လား ခေတ်၊ အဟင်း ခေ[...] မာမီကို ခေတ် မလွန်ဆန်နိုင်ပါဘူး"

မေ နှုတ်ခမ်းတွေ မဲ့ချကာပြောတော့ ခေတ် ပင့်သက်ရှိုက်[...]





ခေါင်းကို ခါသည်။ အမြဲတမ်း ကြည်လင်နေသော ခေတ်မျက်နှာက အခုတော့ စိတ်ညစ်ညူးမှုတွေနှင့် မှိုင်းဖျော့နေသည်။

"မဟုတ်ဘူး မေ၊ ကိုယ်က မာမီနဲ့မေ့ကို အဆင်ပြေပြေ ဆုံတွေ့စေချင်တာပါ၊ ဒီလို ပြဿနာကြီးတွေကို လုံးဝ မျှော်လင့်မထားဘူး"

"ခေတ် စဉ်းစားကြည့်လေ၊ ဘယ်သူက ဒီပြဿနာကို ဖန်တီးခဲ့တာလဲ၊ ခေတ် မာမီက မေ့ကို တမင် ဒီလို နှိပ်ကွပ်ဖို့ရည်ရွယ်ချက်နဲ့ တွေ့ဆုံခဲ့တာဆိုတာ ထင်ရှားနေတာပဲ"

"အဲဒီအတွက် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် မေ"

"မလိုအပ်တော့ပါဘူး ခေတ်၊ မေ ခံယူခဲ့ရပြီးပြီလေ၊ တစ်ခုတော့ ကောင်းပါတယ်၊ ခေတ် မေမေရဲ့ အတွင်းစိတ်ကို မေ မြင်လိုက်ရတာ တော်သေးတာပေါ့၊ နောက်မှသိရင် အခြေအနေတွေက ပိုဆိုးကုန်မှာ"

"မေ ဘာကိုဆိုလိုတာလဲဟင်၊ ကိုယ့်ကို မာမီကြောင့် မုန်းသွားတာလားဟင်"

စိုးရိမ်တကြီးလေးမေးသော ခေတ်ကိုကြည့်ကာ မေ ရင်ထဲမှာ [...]နစ်နစ်လေး ခံစားရပါသည်။ တကယ်ဆို ခေတ်ကို မချစ်မိအောင် [...] ကြိုးစားကြည့်ခဲ့ဖူးပါသည်။

ဒါပေမဲ့ မေ့နှလုံးသားက ခေတ်ကို မြတ်နိုးချစ်နေခဲ့တာမို့ မိုက်မဲ[...]ပဲ ငြိတွယ်ခဲ့သူက မေ ကိုယ်တိုင်ပဲ ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မေ ကိုယ်မေးတာကို ဖြေပါဦး၊ ကိုယ့်ကို ဥပေက္ခာမပြုလိုက်ပါနဲ့နော်"

"ခေတ်ရယ် မေ ဘယ်တော့မှ မညာတတ်ပါဘူး၊ ခေတ်ကို မေ့နှလုံးသားက စူးစူးနစ်နစ် ချစ်ခဲ့တာပါ၊ မချစ်နိုင်အောင် ကြိုးစားရင်းနဲ့ကို မေ ကျရှုံးခဲ့ရတာလေ"

"မေရယ်"

"မိုက်မဲမှုကြီးဆိုတာ သိရက်နဲ့ မေ ရှေ့တိုးခဲ့တာလေ၊ ဒါပေမဲ့ အဲဒီအတွက် မေ နောင်တမရပါဘူး"

"မေ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါနော်"

မေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ခေတ် တောင်းဆိုနေသည်။ ခေတ် မျက်ဝန်းတွေထဲမှာ မျှော်လင့်ရောင်စဉ်တွေ တောက်ပလျက်

"ခေတ်ကိုလည်း မေ မခွဲနိုင်ပါဘူး၊ ဒါပေမဲ့ ခေတ် မာမီကို ပေးထားခဲ့တဲ့ ကတိကို မေ ကြိုးစားပြုရဦးမယ်"

"ဘာရယ် မေ၊ အဓိပ္ပာယ်မရှိတာတွေကွာ"

ခေတ် လက်မခံနိုင်သလို ခေါင်းကို ခါရမ်းသည်။ မျက်ဝန်းအကြည့်တွေက မေအပေါ်မှာတောင် ခေတ်လည်း ယုံကြည်မှုမဲ့နေသည်ထင်၏။ မေ နှုတ်ခမ်းတွေ တွန့်ကွေးမဲ့ကျသွားရင်း

"ဘာကို အဓိပ္ပာယ်မရှိတာလဲ ခေတ်၊ ခေတ်ကိုယ်တိုင်က

ဗျူးစ၁၄ပ



ကို မယုံကြည် အထင်သေးတာလား"

"ဟာ မဟုတ်ပါဘူး မေရယ်၊ ကိုယ်ပြောတာက မာမီနဲ့ကိစ္စကို မေ့ပစ်လိုက်ပါ၊ မေ့အနားမှာ ကိုယ်ရှိတယ်၊ ကိုယ်တို့နှစ်ယောက်ဂတ်က ကိုယ်တို့နှစ်ယောက်နဲ့ပဲ ဆိုင်ပါတယ်"

"မေ ကတိပေးခဲ့ပြီးပြီ၊ ကတိပေးခဲ့တယ်ဆိုတာထက် စိန်ခေါ်ကြော်ပြီးပြီလေ၊ ခေတ် မာမီကို ပြောခဲ့တဲ့အတိုင်း မေ ကြိုးစားပြုယ်"

"ဟင် မေ ဘာတွေလုပ်မှာလဲ"

"ရှင်းနေတာပဲ ခေတ်ရယ်၊ ခေတ် မာမီက ဘာမှပိုင်ဆိုင်မှုတဲ့ အံ့ဖွယ်မေ ဆိုတဲ့မိန်းမကို အာရုံထဲတောင် မရှိဘူးလေ၊ သူရှိတဲ့ဘဝက ပြည့်စုံချမ်းသာတဲ့ ဂုဏ်ငွေကြေးတွေနဲ့ ချွေးမတစ်က်တဲ့ အဟင်း အဲဒီဘဝရောက်အောင် မေ ကြိုးစားပြုရမှာပေါ့"

"ဟာကွာ မေ မာနတွေ ခေါက်သိမ်းထားလိုက်စမ်းပါ၊ ကိုယ်ကို လက်ထပ်မယ်"

"ဘာရယ် ခေတ်"

မေ အံ့သြသလို မျက်ဝန်းလေး ဝိုင်းစက်မေးတော့ ခေတ်ကွာ ဆုံးဖြတ်ပြီးဟန်နှင့်

"ဟုတ်တယ် မေ၊ မေ့ကို ကိုယ်လက်ထပ်မယ်၊ အိုကွာ မာမီ

ဗျူးစ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူလည်း ကိုယ် လက်ထပ်မယ်''

နောက်ဆုံးတော့ အံ့ဖွယ်မေရဲ့ အနာဂတ်က မေမေ ကြုံဆုံ ခဲ့ရသလို အခြေအနေကို ကြုံဆုံဖို့ဦးတည်နေပြီပေါ့။ တမလွန်က မေမေ သိလျှင်တော့ မေ့ကို မိုက်မဲလိုက်တာ သမီးရယ်ဟု ရင်ထုမနာ ဖြစ်နေမည် ထင်၏။

မေမေကသူမဘဝနှင့်ယှဉ်သိခဲ့ရသော အမှားကြီးအတွက် မေ့ကို ဆင်ခြင်ဉာဏ်နှင့် ရှောင်ဖို့ မှာခဲ့တာ အခုမှ နောင်တရချင်လာ၏။

''နော် မေ မေ့ကို ကိုယ် မခွဲနိုင်ဘူး''

''မဖြစ်နိုင်ဘူး ခေတ်၊ ခေတ်မိဘတွေကို ဆန့်ကျင်ပြီး မေ့ကို လက်ထပ်မယ်၊ ခေတ်မာမီက အမွေပြတ်စွန့်လွှတ်မယ် ဒါပဲမဟုတ်လား''

''မေ မမက်မောသလို ကိုယ်လည်း အဲဒါတွေကို မမက်ပါဘူး ကိုယ့်အနားမှာ မေရှိရင် အရာရာပြည့်စုံတယ်''

မေ ခေါင်းကိုခါမိသည်။ ဖြစ်လာမည့် အခြေအနေတွေကို မေ လက်မခံနိုင်ပါ။ ဖေဖေ့ရဲ့ အသိုင်းအဝိုင်းက ဝေဖန်ရှုတ်ချသည် ခေတ်အသိုင်းအဝိုင်းက အထင်သေးရှုတ်ချတာမျိုး မေ ဘယ်တော့မှ မခံယူနိုင်ပါ။

အထူးသဖြင့် ခေတ်မာမီရဲ့ စကားသံတွေ။ ပြီးတော့ အထင်သေး ရှုတ်ချသော အကြည့်တွေ။ ဒါတွေက မေ့နှလုံးသားမှာ စွဲမြဲနေသည်





''မေ လက်မခံနိုင်ဘူး ခေတ်၊ မေ ပြောခဲ့တဲ့စကား စိန်ခေါ်ခဲ့တဲ့ ...လုပ်ကို ဖြစ်အောင်လုပ်ဖို့ မေ ဆုံးဖြတ်ပြီးပြီ၊ ခေတ် အချိန်ကာလ ...တိုင်းအတာတစ်ခုအထိ မေ့ကို စောင့်ပေးပါ၊ မေ ဖြစ်အောင် ကြိုးစား ...ယ်''

''မေ ကိုယ်နဲ့မေ့အတွက် ဒီဥစ္စာနေတွေက ဘာမှတန်ဖိုးမရှိဘူး၊ ...ရေးမပါဘူးလေ''

''ဟုတ်တယ် ခေတ်နဲ့မေအတွက် ဘာမှတန်ဖိုးမရှိပေမယ့် အဲဒီ ...ရာတွေကို ခေတ်မာမီက တန်ဖိုးထားတယ်လေ''

''မေနဲ့ကိုယ့်ကြားမှာ မာမီကို ဖယ်ထုတ်ထားလိုက်ပါတော့''

ခေတ်စကားက အလွယ်လေးပဲ ဖြစ်သည်။ ဒါပေမဲ့ မေ လက် ...နိုင်တာက အမှန်ပဲဖြစ်သည်။ ထွေးပြီးသား တံတွေးကို အံ့ဖွယ်မေ ...သော မိန်းမက ပြန်မျိုချရမည်လား။

''မရတော့ဘူး ခေတ်၊ ခေတ်မာမီနဲ့ မေ ဆုံတွေ့ပြီးခဲ့ပြီ၊ မာန ...လည်း ယှဉ်ပြိုင်ခဲ့ပြီးပြီ၊ ဘာကြောင့် မေက မသိချင်ယောင်ဆောင ...မှာလဲ''

''မေရယ် ကိုယ့်ဘက်ကို တစ်ချက်လောက် ပြန်ငဲ့ကြည့်ပေးပါ၊ ...ယ် မေ့ကို အသက်မကချစ်တယ်''

ခေတ်စကားက သူ့ရင်ထဲအထိ သိမ်သိမ်မွေ့မွေ့လေး ရှိန်းမြ



www.burmeseclassic.com

www.burmeseclassic.com



စီးဝင်သွားခဲ့ပါသည်။ မေတို့ နှလုံးသားချင်းကတော့ ရင်ခုန်သံတွေ ...
နေခဲ့၏။ ဒါပေမဲ့

"ခေတ်ရယ် မေလည်း ဘဝမှာ တစ်ယောက်တည်း ချစ်ခဲ့ ...
ပါ၊ အဲဒီတစ်ယောက်ကို မေ တစ်သက်လုံးချစ်မှာပါ၊ ဒါပေမဲ့ မေ့မာ...
သိက္ခာအတွက်တော့ မေ့ကိုကြိုးစားခွင့်တစ်ခုပေးပါ၊ အံ့ဖွယ်မေ...
မိန်းကလေးကို ခေတ်မာမီက ကွယ်ရာမှာ ကဲ့ရဲ့ဟားတိုက်နေမယ့်အ...
တော့ ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး"

ခေတ် ပင့်သက်ကြီးရှိုက်ကာ ခေါင်းကို ခါသည်။ ဘယ်...
အရှုံးမပေးတတ်သော မေ့မာနတွေကို အရှုံးပေးသွားဟန်နှင့် ဘာစ...
မဆိုဘဲ နှုတ်ဆိတ်နေသည်။

"အခု မေ ဆုံးဖြတ်လိုက်တာ မေရဲ့မာနအတွက်ပါ ...
ခေတ်နဲ့မေရဲ့ ချစ်ခြင်းအတွက်တော့ ဒီကိစ္စက ဘာမှမသက်ဆိုင်...
ခေတ် နားလည်ပေးပါ"

"မေ့မာနတွေက အရမ်းကြီးတယ်၊ ပြီးတော့ မေ့အသည်...
မာလိုက်တာ မေရယ်"

ခေတ်နှုတ်က တီးတိုးညည်းညူသည်။ မေ နှုတ်ဆိတ်...
ငြိမ်နေလိုက်ပါ၏။ မေ့အသည်းက မာသည်တဲ့လား ခေတ်ရယ်။ ...
ခေတ်ကို ချစ်တဲ့စိတ်နဲ့ မေ့အသည်းက ပျော့ပြောင်းခဲ့တာပါ။





ဒါပေမဲ့ မေ့ရဲ့မာနတွေကတော့ ဘယ်တော့မှ ဦးမညွတ်တတ်
...။ ဒါ ဘဝနဲ့ရင်းပြီး ပိုင်ဆိုင်ခဲ့တဲ့ ခွန်အားတွေပဲ ခေတ်ရယ်။

မာနတွေကို ဦးချိုးပစ်တိုင်းသာ အံ့ဖွယ်မေ အရှုံးပေးတတ်ခဲ့
... ဒီလိုဘဝအခြေအနေတောင် ရောက်မလာတာ သေချာတယ် ခေတ်။

မေ့ကို နားလည်ပေးပါ ခေတ်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာ ဘာရယ် မေ၊ နင် ဘာပြောလိုက်တယ်"

မေ့နှုတ်က စကားတစ်ခွန်းကို နားနှင့်ဆတ်ဆတ်ကြားလို ပေမယ့် နွယ် မယုံကြည်သလို မေးနေသည်။ နွယ် မျက်ဝန်း မေ့မျက်နှာကို ငေးစိုက်ကြည့်ရင်း ပါးစပ်အဟောင်းသား။

"ဟုတ်တယ် နွယ်နီ၊ ဒါ ငါ့အတွက် အခွင့်အရေးကောင်း ငါ သွားဖို့ ဆုံးဖြတ်ပြီးပြီ၊ ကုန်ကျစရိတ်အားလုံးကို ကုမ္ပဏီက အ အကျခံမှာ၊ ပြီးတော့ ဟိုရောက်ရင် ခာတ်ပုံပညာနဲ့ပတ်သက်တဲ့ အ မြင့်သင်တန်းတွေ တက်ရမယ်၊ ပြီးရင်စတူဒီယိုမှာ အလုပ်က အသ ကဲ ဘယ်လောက် ကံကောင်းအဆင်ပြေသလဲ"

မေ ဝမ်းသာအားရ ရှင်းပြတာကို နွယ်နီ နားထောင်နေ





မခံနိုင်သလို ခေါင်းလေးခါရမ်းနေ၏။

"ဟင့်အင်း မသွားပါနဲ့ မေရယ်၊ ငါ ငါ တောင်းပန်ပါတယ် ယ်"

"နွယ်ကလည်းဟာ ဒါ အကောင်းဆုံး အခွင့်အရေးကို ငါ က်တာလေ၊ ငါ့ဘဝ တိုးတက်ပြောင်းလဲသွားမယ့် အခွင့်အရေးကို ခေါင်းညိတ်ပြီးပြီ၊ လိုအပ်တာ အားလုံးကို နှစ်ပတ်အတွင်း ကုမ္ပဏီက ပေးမှာ"

"နင် နင် တကယ်သွားတော့မှာပေါ့ ဟုတ်လား မေ"

"ဟုတ်တယ် နွယ်၊ ငါ ဝါသနာပါတဲ့အလုပ်ဖြစ်သလို ဟိုမှာ ာန်းတွေတက်ပြီးတာနဲ့ အဲဒီက စတူဒီယိုမှာ အလုပ်လုပ်ခွင့်ရမှာ သုံးနှစ်လောက် လုပ်လိုက်တာနဲ့ ပြောင်းလဲသွားမယ့် ဘဝတစ်ခုကို င်ရမှာ"

"မေ နင် ငါနဲ့ခေတ်ကို ခွဲပြီး ရေခြားမြေခြားအထိတောင် ယ်လား၊ နင် ဘာလို့ အဲဒီလောက် အလွယ်တကူ ဆုံးဖြတ်လိုက် ာင်"

ချက်ချင်းပဲ မျက်ရည်လေးဝဲလာကာ နွယ်နီ မေးသည်။ မေ ပြုံးလိုက်မိသည်။ ဒါ မေးစရာမလိုပါဘဲ နွယ် သိထားသောကိစ္စ ည်။ နွယ့်ရှေ့မှောက်မှာ စိန်ခေါ်ခဲ့သောကိစ္စကို နွယ် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ ဒါ အန်တီလင်းကို မခံချင်စိတ်နဲ့ နင် ဆုံးဖြတ်လိုက်တ[...] မဟုတ်လား"

"သိပ်သေချာတာပေါ့ နွယ်နီ"

"မေရယ် နင် အဲဒီအတွက်နဲ့ အဝေးကြီးကို ထွက်မသွားစမ်[...] နဲ့ဟာ၊ နင် ဒီမှာပဲကြိုးစားပါ၊ အရင်းအနှီး ဘယ်လောက်လိုသလဲ ပြေ[...] ငါ မရရအောင် ရှာပေးမယ်ဟာ"

"ဟင့်အင်း ဘယ်သူ့အကူအညီမှ ငါ မလိုချင်ဘူး၊ အခု [...] အစွမ်းအစနဲ့ ငါ ကြိုးစားမှာ"

ဘယ်လိုမှ တားမရမှန်းသိတော့ နွယ် မျက်ရည်တွေ စီးကျ[...] ကာ မေ့ကို တင်းတင်းလေး ပွေ့ဖက်ရှိုက်ငိုသည်။

"မငိုပါနဲ့ နွယ်၊ ငါ့အတွက် ကံကောင်းခြင်းတစ်ခုကို [...] ဂုဏ်ယူဝမ်းသာစမ်းပါ"

"အဟင့် ဟင့် မေရယ် နင် သွားမှာ ငါတို့ငေ ဘယ်[...] တစ်ယောက်နဲ့တစ်ယောက် မဆုံနိုင်တဲ့ နေရာကြီးလေ၊ ပြီးတော့ [...] ခွဲနေရမယ့်ကာလကြီးက အကြာကြီး"

"ဘာပဲဖြစ်ဖြစ် အချိန်တန်ရင် ငါ ပြန်ရောက်လာမှာပဲ [...] ရယ်၊ အဲဒီအခါကျရင် အံ့ဖွယ်မေ ဘဝက ဒီလိုဘဝမျိုးဘယ်[...] မဟုတ်တော့ဘူး၊ ငါ့အရည်အချင်းကို ခေတ် မာမီ လက်ခံစေရ[...]





"မေရယ် နင့်မာနတွေက ကြီးမားလိုက်တာ"

"အဲဒီ မာနတွေနဲ့ပဲ ငါ့ဘဝကို ဒီအခြေအနေရောက်အောင် [...]းစားခဲ့ရတာပါ နွယ်ရယ်၊ အခု ခေတ် မာမီက အဲဒီ မာနတွေကို [...]န်အဟုန်ကြီးမားအောင် လုပ်ပေးလိုက်တာလေ အဟင်း ဟင်း ငါ [...]ကျေနပ်နေတယ်၊ ငါ့ဘက်က ပေးဆပ်ရမှာ အချိန်ကာလတစ်ခုနဲ့ [...]းစားမှုပဲလေ၊ နင် စောင့်ကြည့်လိုက် နွယ်၊ ငါ ပြန်ရောက်လာတဲ့အခါ [...]တ်မာမီရှေ့မှောက်မှာ ပြုံးပြုံးလေး ရင်ဆိုင်ပြမယ်"

"မေ အဲဒါတွေက နင်နဲ့ခေတ်အတွက် အရေးမပါပါဘူးဟယ်၊ [...]ကိုခေတ်က လက်ထပ်ဖို့ တောင်းဆိုတာကို နင် လက်ခံလိုက်ပါ"

"ဘာလဲ နွယ် ခေတ်မာမီရဲ့ အလှောင်အပြုံးတွေကို ငါ ခံယူ[...]ချင်တာလား၊ ဟင့်အင်း ငါ ဘယ်တော့မှ ဦးမညွတ်ဘူး၊ ခေတ်ကို [...] ဘယ်လောက်ချစ်ချစ် လက်ရှိဘဝ အခြေအနေနဲ့ လက်မထပ်ဘူး၊ [...] ငါ့ရဲ့သစ္စာတရားပဲ"

"ခေတ်ကို နင် မသနားဘူးလား၊ သူ့မာမီကို အတိုက်အခံ [...]ပြီး နင့်ကို လက်ထပ်မှာ"

"ခေတ်ရဲ့အချစ်အတွက် ငါ ယုံပါတယ်၊ ဒါပေမဲ့ အဲဒီအရာက [...] မာမီကို ငါ အရှုံးပေးလိုက်တာပဲ ဖြစ်သွားမှာပေါ့ နွယ်၊ နင် [...]ငါ့ကို မတားပါနဲ့၊ ငါ့ကို နင် နားလည်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စတွေကြားက မေ့ကို နွယ် ငေးငေးလေး စိုက်ကြည့်နေ ခဲ့သည်။ မေ့ရဲ့မာနနှင့် ခိုင်ကျည်သော စိတ်ခတ်ကို နွယ်လည်း နောက် ဆုံးတော့ အရှုံးပေးခဲ့ရတာပဲ ဖြစ်သည်။

"နွယ် ဒီကိစ္စကို ခေတ်ကို မပြောနဲ့ဦးနော်၊ နှင် ကတိပေးပါ"

"ငါ ပြောဖို့လည်း အခွင့်အရေးမရှိပါဘူး၊ လင်းလွန်းခေတ် သူ့ဒယ်ဒီနဲ့ စင်ကာပူကိုလိုက်သွားတယ်"

"ဟင်"

မေ အံ့သြသွားမိသည်။ ခေတ်နှင့်မတွေ့ဖြစ်တာ နှစ်ရက် ရှိသေး၏။ ခေတ် ဘာကြောင့် မေကို မပြောခဲ့တာလဲ။

"ခေတ်ကို နင် အထင်မလွဲနဲ့ မေ၊ ကုမ္ပဏီ အရေးပေါ်ကိစ္စ ကြောင့် သူ ကသောကမျော ထွက်သွားရတာ၊ နင့်ကို နားလည်အောင် ရှင်းပြပေးဖို့ ငါ့ကို မှာတယ်၊ နင့်ဆီ ဖုန်းဆက်တာ စက်ပိတ်ထားလို့တဲ့

မေ ပင့်သက်လေး ရှိုက်မိ၏။ ဒီရက်တွေမှာ မေ့မှာလည်း ကိစ္စတွေ ရှုပ်ထွေးနေတာမို့ တမင်ဖုန်းပိတ်ထားခဲ့တာ ဖြစ်သည်။ နွယ်နှင့် ခေတ်တို့ဆီက မေ့စိတ်ကို ပျော့ပြောင်းသွားစေမည့် စကားတွေကို မကြား လိုတာကြောင့် ဖြစ်၏။

မေ အရေးကိစ္စတွေ သေချာပြီဆိုမှ နွယ့်ကို သတိပေးခြင်း ဖြစ်သည်။





"အခု ခေတ်က ဟိုမှာ နှစ်ပတ်လောက်ကြာမှာတဲ့၊ သူ ပြန်လာ တာနဲ့ နင့်ကို လက်ထပ်မယ်တဲ့၊ ငါ့ကိုတောင် ဝိုင်းကူပြောခိုင်းနေတာ"

မေ့ကို နွယ် အကူအညီနှင့် ခေတ် လက်ထပ်ယူဖို့အထိတောင် စီစဉ်ထားသည်တဲ့လား။

"အခုတော့ ခေတ်ရောက်မလာခင် မေက သွားတော့မှာဆို တော့ သူ့ကို နွယ် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဒါလည်း ကောင်းပါတယ် နွယ်၊ ခေတ်ကို မေ စာရေးပေးခဲ့ မယ် ဟုတ်လား"

"မေရယ်"

ပြောရင်း အသံလေး တိမ်ဝင်သွားသည့် နွယ်ကို မေ နှစ်သိမ့် သလို ပွေ့ဖက်လိုက်မိ၏။ သွေးရင်းညီအစ်မရင်းချာထက်တောင် မေ့ အပေါ် ခင်တွယ်လွန်းသော နွယ်ကို မေ သိပ်သံယောဇဉ်ကြီးပါသည်။

ဒါပေမဲ့လည်း အခုချိန်မှာ သံယောဇဉ်အားလုံးကို တစ်ခဏ တော့ ဥပေက္ခာပြုထားဖို့ မေ့မာနတွေက တွန်းအားပေးထားသည်။

အချိန်ကာလလေးတစ်ခုကို လွန်မြောက်ခဲ့လျှင်တော့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မှန်ပြတင်းတံခါးတွေက လိုက်ကာပြာပြာတွေကို ထိုးဖောက်ဝင်လာသော နေခြည်တွေ မေ့ခန္ဓာကိုယ်ပေါ် ဖြာကျလာမှပဲ မေ နိုးလာသည်။

ညတုန်းက အတိတ်ကို ပြန်တွေးပြီး မေ အိပ်မပျော်နိုင်ခဲ့ပါ။ သန်းခေါင်ယံကျော်မှ အိပ်ပျော်သွားခဲ့တာ ဖြစ်သည်။ ခုတင်လေးနံဘေးက စားပွဲလေးပေါ်ရှိ နာရီလေးကို လှမ်းကြည့်တော့ ခုနစ်နာရီထိုးပြီး ဆယ်မိနစ်တောင် ရှိနေပြီ။

မေ ခုတင်ပေါ်က လူးလဲထလိုက်သည်။ နွယ်နီ နိုးလောက်ပြီ ထင်သည်။

အခန်းတံခါးဖွင့်ကာ ညဝတ်ဂါဝန်ကြီးဖားဖားနှင့်ပဲ မေ ထွက်ခဲ့





လိုက်၏။ နွယ်တို့အိမ်ကြီးက မေ့အတွက်တော့ သုံးနှစ်ကျော်ကာလမှာလည်း ဘာမှမပြောင်းမလဲ ရှိနေပါသည်။

လက်ရှိ အိမ်မှာလည်း နွယ်နီနှင့်ဒေါ်မြိုင်ရယ် ခြံစောင့်ကြီးဘိုးသာနှင့် နွယ်နီရဲ့အန်တီ အပျိုကြီး ဒေါ်လှသန်းပဲ ရှိသည်။

နွယ်နီ မိဘနှစ်ပါးက ဗုဒ္ဓဂါယာ ဘုရားဖူးထွက်သွားသည်ဟု နွယ်နီ ပြောသည်။ ပထမတော့ နွယ်နီပါ ထိုခရီးကို လိုက်ဖို့ဖြစ်သည်။ မေ အင်္ဂလန်က ပြန်လာမည်ဆိုတော့ နွယ်နီ မလိုက်ဖြစ်ဘဲ ကျန်ရစ်ခဲ့တာ ဖြစ်၏။

နွယ်နီအတွက် အန်တီအပျိုကြီးက အဖော်လာနေပေးသည်။

"ဟော မေ နိုးပြီလား"

အိမ်အောက်ထပ်ရောက်တော့ နွယ်နီ မေ့ကို နှုတ်ဆက်လာ၏။

"အင်း နွယ် နိုးတာကြာပြီလား။ မေ့ကို ဘာလို့ လာမနှိုးတာလဲ"

"အင်း နိုးတာကြာပါပြီ၊ ရေမိုးတောင် ချိုးပြီးနေပြီ၊ မေ အိပ်ရေးဝဝ အိပ်စေချင်လို့ တမင်မနှိုးတာပါ၊ ညက အိပ်ပျော်ရဲ့လား မေ"

"ဘယ်လို အိပ်ပျော်မှာလဲ နွယ်ရဲ့၊ ဟိုတွေးဒီတွေးနဲ့ သန်းခေါင်ကျော်မှ အိပ်ပျော်တာ အဟင်း"

"ဟင် ဒါဆို မေ အိပ်ရေးဝရဲ့လား"

နွယ်နီ စိုးရိမ်ပူပန်သံလေးနှင့်မေးတော့ မေ ကြည်ကြည်နူးနူး



www.burmeseclassic.com

www.burmeseclassic.com



လေး ပြုံးလိုက်ရင်း

"ဝပါတယ်ကွာ ကိုယ်က ခွန်အားတွေအပြည့်ရှိနေတာ အဟင်း ဒီနေ့ ခေတ်နဲ့တွေ့ရတော့မှာကိုး"

မေ ပြောတော့ နွယ်နီ မပွင့်တပွင့်လေး ပြုံးသည်။ နွယ်နီကို ကြည့်ရသည်မှာ မလန်းဆန်းသလို ထင်မိတာမို့

"နွယ် ဘာဖြစ်နေတာလဲ၊ နွယ် နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ် မေရဲ့၊ ဘာမှမဖြစ်ပါဘူး မေ ရေမိုးချိုးလိုက်လေ လန်းဆန်းသွားအောင်"

"အင်း အင်း နွယ်လည်း အသင့်ပြင်ဆင်ထားတော့နော်"

နွယ် ခေါင်းလေးညိတ်တော့ မေ ရေချိုးဖို့ ထွက်ခဲ့မိသည်။ ခေတ်နှင့်မကြာခင်ဆုံရတော့မည်ဆိုသော အသိက မေ စိတ်ကို ကြည်နူးမှုတွေနှင့်အတူ နှလုံးသားက ရင်ခုန်သံလေးတွေ တဒိတ်ဒိတ် တိုးနေ၏။

သုံးနှစ်ကျော်ဆိုသော ကာလက ဘာမှမကြာလိုက်ဟု ထင်ပေမယ့် မေ့ဘဝကိုတော့ အပြောင်းလဲကြီး ပြောင်းလဲစေခဲ့ပါသည်။

မေ သိပ်ကို ကံကောင်းသည်ဟု ဆိုရမည်။ အင်္ဂလန်မှာ ဓာတ်ပုံပညာနှင့်ပတ်သက်သော သင်တန်းတွေ မေ တက်ခဲ့ရသည်။ ပြီးတော့ ရုပ်သံစတူဒီယိုမှာ မေအလုပ်လုပ်ခွင့် ရခဲ့သည်။

မေ ဝါသနာထုံသော ပညာရပ်မို့ ကြိုးစားဖြစ်ခဲ့သည်။ ထိုက်တန်သော လစာငွေနှင့် ဆုကြေးငွေတွေလည်း မေ ခံစားခဲ့ရသည်။ ထိုကာလတွေမှာ မေ့ရင်ထဲမှာရှိသော အပြင်းပြဆုံးဆန္ဒက ချမ်းသာဖို့ပဲ ဖြစ်သည်။

ရသမျှငွေကြေးကို မေ မသုံးရက် မစားရက် စုဆောင်းခဲ့သည်။ နေ့နေ့ညည မနားတမ်း အလုပ်လုပ်ခဲ့သည်။

မေ အလိုရှိသော ငွေကြေးအပြင် အတတ်ပညာများစွာကိုသည်း မေ ပိုင်ဆိုင်ခဲ့ရပါ၏။

မေ့အတွက် အဆင်ပြေပြည့်စုံနေပြီးသော ဘဝကို စွန့်လွှတ်ကာ မြန်မာပြည် ပြန်ခဲ့ပါသည်။ ဒါ ခေတ်ကို ချစ်သောစိတ်ကြောင့်ပါပဲ။

အခုတော့ ခေတ်နှင့်ဆုံဆည်းရတော့မည်။ ပြီးတော့ ခေတ်ရဲ့မာမီ ဒေါ်ခင်မာလင်း။

မေ့မာနတွေကို အရောင်တင်ပေးခဲ့သော သူမရှေ့မှောက်မှာမေ ခေါင်းမော့ရင်ဆိုင်ပြပါဦးမည်။

သူမ ပိုင်ဆိုင်သော တိုက်ကြီးထက် ခမ်းနားထည်ဝါသော တိုက်ကြီးဝယ်မည်။ ပြီးတော့ မေ့အနာဂတ်အတွက်လည်း မြန်မာပြည်မှာ ဓာတ်ပုံစတူဒီယိုကြီးတစ်ခု တည်ထောင်မည်။

မေ့အရည်အချင်းကို ဒေါ်ခင်မာလင်း ဦးညွှတ်အသိအမှတ်ပြုရသောက်အောင် မေ့ဘက်က ကြိုးစားနိုင်ခဲ့ပြီးပြီ။







www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်တွေးလေလေ ကြည်နူးစရာ အနာဂတ်က လှ ခမ်းနားနေခဲ့လေလေပါပဲ။ ရေမိုးချိုးပြီးတော့လည်း လူက လန်းဆန်းနေ ခဲ့ပါသည်။ အခန်းထဲဝင်ကာ မေ စိတ်လိုလက်ရ ပြင်ဆင်နေလိုက်

ကြက်သွေးရောင် ရယ်ဒီမိတ်ဝတ်စုံလေးကို အရောင်တူ ကိုယ် ကြပ်ဘောင်းဘီရှည်နှင့် တွဲဝတ်ဆင်လိုက်သည်။

မှန်ထဲမှာ ရွှေရောင်ဆံပင် အခွေအလိပ်လေးနှင့် ရှင်းသန့်နေ သော မေ့ကိုမြင်တွေ့လျှင် ခေတ် မင်သက်အံ့ဩနေမှာ မြင်ယောင် သေးသည်။

မေ မမက်မော မတွယ်မက်ပေမယ့် စိန်ပွင့်နားကပ်လေးနှ လိုက်ဖက်အောင် စိန်လော့ကတ်သီးနှင့် ပလက်တီနမ်ကြိုးလေးကို ဆင် ဖြစ်သည်။ စိန်ပွင့်လေးတွေပဲ စီခြယ်ထားသော ဟန်းချိန်းနှင့် ဖုဒ်ချိန်း လေးကိုလည်း တမင်ပဲ ဝတ်ဆင်၏။

ဘယ်ဘက်လက်သူကြွယ်မှာတော့ မေ အမြတ်နိုးဆုံး တန် ထားသော ခေတ်ရဲ့လက်ဆောင် စိန်လက်စွပ်လေးပဲ ဝတ်ဆင်လိုက် သည်။

စိတ်တိုင်းကျ ပြင်ဆင်ပြီး မေ ထွက်ခဲ့တော့ အခန်းအပြင်မှ ရပ်နေသော နွယ်နှင့် ထိပ်တိုက်လေး ဆုံသည်။ နွယ်က မေ့ကို မင်သ ငေးမောနေတာ စက္ကန့်အတော်ကြာသည်။





“နွယ် မေ သိပ်လှနေလို့လား”

“အင်း မေက နဂိုလှပြီးသားလေ၊ အခုတော့ အရမ်းပိုလှသွားတယ်”

“သင့်ခယူ နွယ်၊ အံ့ဖွယ်မေက အရင်တုန်းက အံ့ဖွယ်မေမှ မဟုတ်တော့တာပဲ အဟင်း ဟင်း ကဲ ခေတ်ဆီ သွားကြမယ်လေ၊ နွယ်က ဘာမှမပြင်ဆင်တော့ဘူးလား”

“ဟင့်အင်း မပြင်ဆင်တော့ဘူးလေ၊ ဒီအတိုင်း အဆင်ပြေပါတယ်”

ပန်းနုရောင် ဝတ်စုံလေးနှင့် နွယ်က ရိုးရိုးလေးပဲ ပြင်ဆင်ထားသည်။ မိတ်ကပ် ပေါင်ဒါတွေ မခြယ်သဘဲနှင့်လည်း နွယ် ယဉ်ယဉ်လေး လှပါ၏။

“ကဲ ဒါဆို သွားရအောင်၊ မေ ခေတ်ကို တွေ့ချင်နေပြီ”

နွယ့်လက်ကိုဆွဲကာ မေ မြူးမြူးလေး ထွက်ခဲ့သည်။ ဆင်ဝင်အောက်မှာ နွယ့် မတ်တူးကားပြာကြီးက အသင့်။

“နွယ်ရေ နောက်ရက်တွေကျရင် နွယ်တို့ကို ကူညီစရာတွေ အများကြီးနော်၊ တို့ဝယ်မယ့် ခြံနဲ့ကားကိစ္စလည်း နွယ်ပဲ လိုက်ကူညီပေး၊ ပြီးတော့ တို့ဖွင့်မယ့် ကုမ္ပဏီကိစ္စလည်း ရှိသေးတယ်၊ အင်း ခေတ်ကိုလည်း ကူညီခိုင်းရမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



မေ ပြောသမျှ နွယ် ခေါင်းလေးညိတ်ရင်း ကားကို မောင်းနေ
သည်။ မေ ကိုယ်တိုင်လည်း သုံးနှစ်ကျော်ဝေးကွာနေခဲ့သော အမိမြေ
မြင်ကွင်းတွေကို ငေးရင်း နှုတ်ဆိတ်လိုက်ပါခဲ့မိပါ၏။

■ ■ ■

"နွယ် နွယ့်ကိုကြည့်ရတာ တစ်မျိုးပဲ နေမကောင်းဘူးလား"

မျက်ခုံးလှလှလေးတွေ စုကျုံ့ပြီး မေးလာသော မေ့ကို သ
နောက်ကြည့်မှန်လေးထဲက တစ်ချက်ကြည့်ရင်း

"အင်း နွယ် ခေါင်းတွေနည်းနည်းမူးနေလို့ပါ"

"ဟင် နွယ် နေမကောင်းဘူးလား၊ ဒါဆို မေ ကားမောင်းမ
လေ"

"ရပါတယ် မေ၊ ဒီလောက်ထိ မဟုတ်ပါဘူး၊ မေ အေးအေ
ဆေးဆေး လိုက်ပါ၊ နွယ် မောင်းလို့ရပါတယ်"

နွယ့်စကားကြောင့် မေ ခေါင်းလေးညိတ်ကာ ငြိမ်သက်သွာ
သည်။ ခဏကြာတော့ ကူရှင်မှာ ခေါင်းလေး နောက်လှန်မှီကာ မျက်
လေးတွေ မှိတ်သွားသည်။

နုနုညက်ညက်လေးလှနေသော မျက်နှာလေးကို ကြည့်
နွယ် ပင့်သက်လေး ရှိုက်မိသည်။ မေ့ရင်ထဲမှာ ကြည်နူးအပျော်
ဘယ်လောက်အထိ ပြည့်နှက်နေမည်လဲဆိုတာ နွယ် မှန်းဆလို့ရသ





ထိုအပျော်တွေ နွယ် မဖျက်ဆီးချင်ပါ။

အမှန်ဆို မေ ရောက်လာကတည်းက နွယ် ဖွင့်ပြောလိုက်သင့်
သည်။ ဒါပေမဲ့ ဖွင့်ပြောဖို့ သတ္တိတွေ နွယ့်ဆီမှာ ပျောက်ဆုံးနေသည်။
တော့ မကြာခင်မှာပဲ မေ့ကို အားလုံး နွယ်ဖွင့်ပြောပြရတော့မှာပဲ
သည်။

အဲဒီအခါကျတော့ မေ့ခံစားချက်တွေကို နှစ်သိမ့်ဖို့ဆိုတာ ဘယ်
နွယ် မတတ်နိုင်သော အခြေအနေကြီးတစ်ခုပဲ ဖြစ်လိမ့်မည်။

ရှေ့မှာ တိတ်ဆိတ်စွာ ဆီးကြိုနေသော သုသာန်ဝင်းကြီးက
ရင်ထဲကို ပြင်းထန်သော ကြေကွဲနာကျင်မှုတွေနှင့် စောင့်ကြိုနေ၏။

ကားကို ငြိမ့်ခနဲ နွယ် ထိုးရပ်မိသည်နှင့် မေ့မျက်ဝန်းတွေလည်း
လာကြသည်။ ကူရှင်မှာ မှီထားသော ခေါင်းလေး မတ်ခနဲဖြစ်ကာ
အကြည့်တွေက ကားရှေ့မြင်ကွင်းကို ရောက်သွား၏။

"ဟင် နွယ် ဒါ ဒါ"

"အဟင့် ဟင့် ဟင့် မေရယ်"

ကားစတီယာရင်တိုင်ဘီးကို မျက်နှာအပ်ကာ နွယ် ရှိုက်ကြီး
ငိုကြွေးလိုက်မိသည်။ အံ့သြချောက်ချားနေမည့် မေ့မျက်နှာကို
ဘကယ်ကို မကြည့်ရက်တော့ပါ။

နွယ့်ရင်ထဲမှာ ဆို့နစ်ကြေကွဲသော ဝေဒနာတွေကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မျိုသိပ်ထားလို့ မရတော့ဘဲ တသိမ့်သိမ့် ရှိုက်ငိုနေမိ၏။

"နွယ် နွယ် ဘာလဲ မေ့ကို ဒီနေရာကို ဘာလို့ ခေါ်လာတာ ပြော ပြောစမ်းပါ နွယ်ရဲ့"

နွယ့်ပခုံးလေးကို ဆုပ်ခါရင်းက မေ မေးတော့ မျက်ရည်တွေ နွယ် မော့ကြည့်မိသည်။ မေ့မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ နွယ့် စိုက်ကြည့်လျက် ပန်းနုရောင် နှုတ်ခမ်းလေးတွေတောင် တဆတ်ဆ တုန်နေ၏။

"နွယ် မေ မေ့ကိုပြောပါ ခေတ် ခေတ်"

တိမ်ဝင်သွားခဲ့သော အသံတွေနှင့် နွယ့်ကို မင်သက်စွာ ရင်း ဆုပ်ကိုင်ထားသော လက်ဖဝါးလေးတွေ ပိုလို့ တင်းကြပ်လာသ

နွယ် မပြောရက်သော စကားတစ်ခွန်းက ရှိုက်သံတွေကြား အက်ကွဲစွာ ထွက်သွားခဲ့၏။

"ခေတ် ခေတ်ဆုံးခဲ့ပြီ မေ အဟင့် ဟင့်"

"ဘာရယ်"

နွယ့်ပခုံးကို ဆုပ်ကိုင်ထားခဲ့သော မေ့လက်တွေ ရုပ်သိမ်း ခဲ့တာ တိတ်ဆိတ်နေသော သုသာန်ဝင်းကြီးကို မယုံကြည်စွာ လှည့် သည်။ ပြီးတော့ ခေါင်းကို သွက်သွက်ခါရင်း

"မ မဟုတ်တာ မဟုတ်ဘူး ခေတ် ဘာလို့သေရမှာလဲ"





"မေ မေရယ် နွယ် တကယ် မပြောရက်ခဲ့တာပါ၊ အဟင့် င့် ခေတ်ဆုံးတာ ရှစ်လကျော်ပြီ"

"..."

မေ ပါးစပ်လေး အဟောင်းသားပွင့်ကာ အသံမထွက်ပါဘဲ က်ရည်တွေ စီးကျလာသည်။ နွယ် မေ့ကိုသိုင်းပွေ့ဖက်ကာ ရှိုက်ကြီး ငင် ငိုချပစ်လိုက်မိသည်။

လွန်ခဲ့သော ရှစ်လကျော်က ဒီနေရာလေးမှာ လင်းလွန်းခေတ် တွက် နွယ် သည်လိုပဲ ငိုကြွေးခဲ့ပြီးပြီ။ အခုတစ်ခါ နွယ် ထပ်ငိုကြွေး ပြန်သည်။

သည်တစ်ခါတော့ ချစ်သူငယ်ချင်းလေး မေအတွက်ပါ ကြေကွဲ ားခြင်းတွေနှင့် နွယ် ကြေကြေကွဲကွဲ ခံစားငိုကြွေးခဲ့မိခြင်းပဲ ဖြစ်၏။

■ ■ ■

အဖြူရောင် အုတ်ဂူလေးပေါ်က ကမ္ပည်းစာတန်းလေးကို မေ က်မဲ့ကျောက်ရုပ်တစ်ရုပ်လို ငေးစိုက်ကြည့်နေမိသည်။

မောင်လင်းလွန်းခေတ် အသက် (၂၄) နှစ်ဆိုသော ကျောက် ာတန်းလေးအောက်မှာ ကွယ်လွန်သည့်နေ့ရက်လေးပါရေးထိုးထား ည်။ နွယ် ဆိုခဲ့သလို ရှစ်လကျော်ပဲ ရှိသေးသည်။

ဘယ်လိုမှ ယုံကြည်လက်ခံလို့ မရအောင် မေ ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် လောကကြီးထဲမှာ မရှိတော့ဆိုသည့် နှယ့်စကားကို လက်မခံချင်ခဲ့။ ခေတ်ရဲ့ဝိညာဉ်တို့ ချုပ်ငြိမ်းနေသည့် ကမ္ပည်းမှတ်တိုင်လေးက မေ့ကို ချောက်ချားစေခဲ့၏။

"ခေတ် ခေတ် ဘာဖြစ်သွားခဲ့တာလဲ နှယ်"

မေ့အမေးစကားက ခြောက်ကပ်အေးစက်နေခဲ့၏။ နှယ်သည် မျက်ရည်တွေ မပြယ်သေးသော မျက်ဝန်းတွေနှင့် မေ့ကိုကြည့်ရင်း မေ့ ပခုံးလေးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားဆဲ။

"အားလုံးကို နှယ် ပြောပြပါ့မယ် မေရယ်"

ကြေကွဲဆို့နစ်သံလေးနှင့် ပြောရင်း နှယ် မေ့ကို နှစ်သိမ့်ဖေး တွဲခေါ်ခဲ့သည်က ရပ်ထားသော ကားလေးဆီကို ဖြစ်၏။

ကားပေါ်ရောက်တော့ နှယ် လက်ကိုင်အိတ်လေးဖွင့်ကာ ခေါ် ထားသော ဝါကြင်ကြင် စာရွက်လေးကို ကမ်းပေး၏။

"ခေတ် နောက်ဆုံးအချိန်က ငါ့ကို ပြန်ပေးခဲ့တဲ့စာလေး မေ"

မေ စာရွက်လေးကို ညင်သာစွာပဲ ဖွင့်ကြည့်လိုက်သည်။ ခေါ် ရိုးကြေနေသော စာလေးက မေ အင်္ဂလန်မသွားခင်က ခေတ်ကိုပေး နှယ့်ဆီ မေ ပေးထားသော စာလေးဖြစ်နေ၏။

လွန်ခဲ့သော သုံးနှစ်ကျော်က စာလေးကို ခေတ် အသေအချာ





သိမ်းဆည်းထားခဲ့သည်တဲ့လား။

ဝါကြင်ကြင် စာရွက်လေးမှာ မေ့လက်ရေးလေးတွေက အထင်အရှား ရှိနေဆဲ။

ခေတ်‥‥

ကိုယ်တိုင် နှုတ်ဆက်ခွင့်မရလိုက်ပေမယ့် မေ့ရည်ရွယ်ချက်တစ်ခုအတွက် တစ်ခဏ ခွဲခွာခြင်းလို့ နားလည်ပေးပါ ခေတ်။ မေ နှုတ်ဆက်ခဲ့ပါတယ်။

ခေတ်မာမီ ပြောတဲ့အခြေအနေတစ်ခု ရောက်အောင် ကြိုးစားပြီးရင် မေ ပြန်လာခဲ့ပါ့မယ်။ ဒီကာလတွေမှာ မေနဲ့ခေတ် တွေ့ဆုံခွင့်သလို ဆက်သွယ်ခွင့်တွေလည်း ဖြတ်တောက်ထားကြစို့နော်။

မေ တစ်ခုတော့ သစ္စာဆိုရဲတယ် ခေတ်။ မေ့ နှလုံးသားထဲမှာ ခေတ်အမြဲရှိနေမှာ။ ဘယ်လောက်ဝေးဝေး မေ့ရင်ထဲမှာ ခေတ်ကို ချစ်တဲ့ချစ်ခြင်းတွေ သေဆုံးမသွားဘူး။

တစ်ချိန်မှာ ပြန်ဆုံတဲ့အခါ မေတို့ အနာဂတ်လေး လှပငြိမ်းချမ်းစေရမယ်လို့ မေ ကတိပေးခဲ့ပါတယ် ခေတ်‥‥။

မျက်ရည်စတွေ မေ့ပါးပြင်မှ စီးကျကာ စာရွက်လေးပေါ် ကျဆင်းသွားခဲ့၏။ ရင်ထဲမှာ လစ်ဟာသော ဝေဒနာကြီးနှင့်အတူ ဆို့နစ်သောင်သော ဝေဒနာဆိုးကြီးက စူးစူးနစ်နစ်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရယ် ဒီလို ခွဲခွာခြင်းမျိုးနဲ့ ဝေးကြရမယ်လို့ မေ ဘယ်တုန်းကမှ မထင်မှတ်ခဲ့ပါဘူး။

ကံကြမ္မာက ဒီလောက်အထိတောင် ဆိုးလွန်းခဲ့သလား။

■ ■ ■

## အခန်း (၁၇)

"မေက မာနကြီးလွန်းတယ် နွယ်နီရယ်"

နွယ် ကမ်းပေးသော စာလေးကို ဖတ်အပြီးမှာ ပင့်သက်ရှိုက်ကာ ခေတ် ဆိုသည်။

"ဟုတ်တယ် ခေတ်၊ နွယ်နီ တားပါသေးတယ်၊ ဒါပေမဲ့ ဘယ်လိုမှ တားလို့မရဘူးလေ၊ မေက အားလုံးပြင်ဆင်စီစဉ်ပြီးနေပြီ"

"မေ သိပ်ရက်စက်တယ်ဗျာ၊ ကျွန်တော့်ကို တစ်ချက်လောက် ...ာ့ပြန်ငဲ့ကြည့်သင့်တယ်၊ ဒီလောက် အဝေးကြီးအထိသွားတာ မဖြစ်...င့်ဘူး၊ မာမီကို စိန်ခေါ်ခဲ့တဲ့စကားတစ်ခွန်းအတွက် ဒီလောက်အထိ...ာင် စွန့်စားရသလား"

ပြောရင်း ခေတ် မျက်နှာလေးက ပြိုတော့မည့်မိုးလို မှိုင်းညစ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ မျက်ဝန်းကြည်ကြည်တွေက စိုလဲ့ကာ နွယ်သာ ရှေ့မှောက်မှာ မရှိလျှင် ငိုချလိုက်မလားတောင် မသိပါ။

"မေ မေ့ကို ဆက်သွယ်လို့ရတဲ့ ဖုန်းနဲ့ လိပ်စာကော နွယ်"

"ဟင့်အင်း မေက နွယ့်ကိုတောင် မပေးခဲ့ဘူး၊ သူ အားလုံးကို သံယောဇဉ်ဖြတ်သွားခဲ့တာ"

"အဲဒီလောက်အထိ မေ့အသည်းက မာသတဲ့လားဗျာ"

ကြေကြေကွဲကွဲလေး မှတ်ချက်ပြုသောအသံက ဒေါသလုံးဝ မပါခဲ့ပါ။ လင်းလွန်းခေတ်ရဲ့အချစ်က မေ့အပေါ်မှာ ကြီးမားကျယ်ကျူညီလွန်းတာ နွယ် အသိဆုံးဖြစ်သည်။

"တကယ်ဆို မေ ဒီလို အစိမ်းဖြတ်ကြီး လုပ်မသွားသင့်ဘူး တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်လို့ရအောင် စီစဉ်ခဲ့သင့်တယ်"

"သူ ဖုန်းဆက်လာရင်တော့ ခေတ်ကို နွယ် ပြောပါ့မယ်"

ခေါင်းငိုက်စိုက်နှင့် နှုတ်ဆက်ပြန်သွားခဲ့သော ခေတ်ကို ကြည့်ရင်း နွယ် တကယ်ပဲ စိတ်မကောင်းဖြစ်မိ၏။

မေရဲ့လုပ်ရပ်ကတော့ သိပ်ကိုမှားယွင်းသည်ဟု နွယ် ထင်သည်။ တကယ်ဆို ခေတ်အပေါ်မှာ မေ ဒီလောက်အထိ ရက်စက်စွာ ဥပေက္ခာမပြုသင့်ပါ။ စာလေးတစ်စောင်နှင့် နှုတ်သိမ့်ခဲ့ခြင်းက လုံလောက်ပြီတဲ့လား။

"ငါနဲ့ခေတ် ရင်ထဲက တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာချစ်ခဲ့ကြတာမှန်ရင် ဘယ်လောက်ပဲ အချိန်တွေကြာကြာ ပြောင်းလဲရောတော့ အကြောင်းမရှိပါဘူး နွယ်ရယ်"

နွယ် တားရင်း ပြောခဲ့တုန်းက မေကတော့ ပြတ်သားယုံကြည်စွာ ဆိုခဲ့သည်။

ခေတ်မာမီနှင့် ဆုံတွေ့လိုက်စဉ်က မာတင်းခဲ့သော အခြေအနေတွေက မေ့ရင်ထဲကို ထိရှစွာ ခံစားခဲ့ရတာတော့ နွယ် နားလည်ပါသည်။

ဒါပေမဲ့ ခေတ်က လက်ထပ်ပါ့မည်ဆိုသော တောင်းဆိုချက်ကြီးကို ဥပေက္ခာပြု ထွက်ခွာသွားခဲ့ခြင်းကတော့ မေ မာနကြီးလွန်းတာ အသည်းမာလွန်းတာပဲ ဖြစ်ပါသည်။

မေ့ဆီက ဆက်သွယ်မှုတွေကို နွယ် မျှော်လင့်ခဲ့ပေမယ့် မေသည် တကယ်ပဲ နွယ့်ကို မဆက်သွယ်ခဲ့ပါ။

ရေခြားမြေခြားမှာ မေ ဘယ်လိုရှင်သန်နေသည်လဲ။ အဆင်ပြေရဲ့လား။ ကျန်းမာရဲ့လား။ ဘာတစ်ခုမှ နွယ် မသိခဲ့ရပါ။ နွယ့်မှာသာ မေ့ကို သတိရမိတိုင်း မျက်ရည်ဝဲခဲ့ရတာ ဖြစ်သည်။

ခေတ်ကလည်း မေ့သတင်းကို အမြဲမပြတ် နွယ်ဆီလာမေးတတ်သည်။ ကိုယ်တိုင် မလာနိုင်သည့်အခါလည်း ဖုန်းဆက်မေးတတ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခေတ် မျှော်လင့်သော အဖြေကို နွယ်ကလည်း မပေး နိုင်ခဲ့ပါ။ ထိုအခြေအနေကာလကြီးမှာပဲ နွယ်နှင့်ခေတ် ရင်ဆိုင်ရသော ပြဿနာက ဝင်လာသေးသည်။

ခေတ်မာမီက ခေတ်ကို နွယ်နှင့်သဘောတူ ကြည်ဖြူသည်တဲ့ ဒါပေမဲ့ နွယ်ကတော့ မေမေ ပြောလာကတည်းက ခေါင်းခါခဲ့၏။

"ဟင့်အင်း မေမေ၊ လင်းလွန်းခေတ်က နွယ်သူငယ်ချင်း အံ့ဖွယ် မေရဲ့ ချစ်သူပါ၊ မေ ပြန်လာရင် သူတို့ လက်ထပ်ကြမှာ၊ နွယ် လင်းလွန်း ခေတ်ကို သူငယ်ချင်းမိတ်ဆွေထက် မပိုဘူး မေမေ"

"ဩော် ဟုတ်လား၊ မေမေ မသိလို့ သမီးရယ်၊ မလင်းသားက မေလေးချစ်သူဆိုတော့လည်း မေမေ ကြည့်ပြီး ငြင်းလိုက်ပါ့မယ် သမီး"

မေမေကတော့ မေကိုချစ်သလို သံယောဇဉ်ရှိတာမို့ ထိုကိစ္စကို လက်မခံခဲ့ပါ။ နွယ့်စကားအတိုင်း လက်ခံခဲ့သည်။ နွယ်ကိုယ်တိုင်ကလည်း ခေတ်ဆီကို ပွင့်လင်းစွာပဲ ဖုန်းဆက်ပြောခဲ့၏။

"ကျေးဇူးတင်ပါတယ် နွယ်နီ၊ မာမီက ဒီကိစ္စကို ကြိတ်စီစဉ် နေတာကိုး စိတ်ချ ကျွန်တော်လည်း ငြင်းမှာပါ၊ ကျွန်တော်ချစ်တာ မေ တစ်ယောက်တည်းပဲ၊ မေ ပြန်လာတဲ့အထိ ကျွန်တော် စောင့်မှာ"

လင်းလွန်းရဲ့သစ္စာခိုင်မြဲမှုကလည်း မေ့အပေါ်မှာ တည်မြဲခဲ့ သည်။





ထိုပြဿနာအတွက် လင်းလွန်းနှင့်သူ့မာမီ အခြေအတင် စကားတွေများကြသည်။ အံ့ဖွယ်မေ အမည်ကိုတောင် မကြားချင်လောက် အောင် မုန်းတီးနေသော အန်တီလင်း ဒေါသတွေ ဆူဝေသွားခဲ့သည်။

သားဖြစ်သူကို ပေါက်ကွဲဆူပူရင်း သတိမေ့ လဲကျသွားသည့် အန်တီလင်း ဆေးရုံရောက်တော့ အသက်မပါတော့ပါ။

နှလုံးနှင့်သွေးတိုးရောဂါ အခံရှိသော အန်တီလင်း အသက်ကို ဆူဝေသော ဒေါသစိတ်တွေက နုတ်ယူသွားခဲ့ခြင်းပဲ ဖြစ်သည်။

ဒါပေမဲ့ လင်းလွန်းရင်ထဲမှာတော့ မိခင်ဖြစ်သူ သေရတာ သူ့ ကြောင့်ဆိုသော အစွဲကြီး စွဲသွားခဲ့၏။

"မာမီ သေရတာ ကျွန်တော့်ကြောင့်ပါ နွယ်နီရယ်၊ တကယ်ဆို မာမီကို ဒီလိုဒေါသတွေ ဆူဝေအောင် မလုပ်သင့်ခဲ့ဘူးဗျာ"

"ခေတ်ရယ် ရှင် အဲဒီလို အစွဲကြီး မထားပါနဲ့၊ အန်တီလင်း အတွက် နွယ်လည်း စိတ်မကောင်းပါဘူး"

နွယ် နှစ်သိမ့်တာကို လင်းလွန်း ခေါင်းကြီးငုံ့ ငြိမ်သက်နေ ပေမယ့် တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေမှာတော့ ကြေကွဲနာကျင်တာ တွေ ဖြစ်တည်နေခဲ့တာ သေချာလွန်း၏။

သည့်နောက်ပိုင်းမှာတော့ လင်းလွန်းခေတ် မထင်မှတ်လောက် အောင် ပြောင်းလဲသွားခဲ့ရတာ နွယ် သိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် နင့်သတင်းတွေ ငါ ကြားတယ်၊ နင် အိမ်မှာတောင် ပြန်မအိပ်ဘူးဆို"

နွယ်ဆီ မေ့သတင်းကို လာစုံစမ်းသော လင်းလွန်းကို နွယ် ဆုံးမခဲ့ပါသည်။ ထိုအခါတိုင်း လင်းလွန်း မျက်ဝန်းတွေက အဝေးတ နေရာကို ငေးရီသွားတတ်ခဲ့ကာ

"ကျွန်တော့်စိတ်တွေ အရမ်းညစ်ညူးနေတယ် နွယ်နီ၊ မာမီ ပတ်သက်တဲ့ ခံစားမှုတွေ ပြီးတော့ မေကို သတိရတဲ့စိတ်တွေက အချိန် တိုင်း စိတ်ထဲမှာရှိနေတယ်၊ ကျွန်တော့်ကို နားလည်ပေးပါ နွယ်နီရယ်"

အမြဲအစဉ် ရှင်းသန့်ကြည်လင်နေသော လင်းလွန်း မျက်နှာ လေးက တက်ကြွလန်းဆန်းမှုတွေ ကင်းစင်နေတာတော့ အမှန်။ စိမ်းဖ နေသော မုတ်ဆိတ်ပါးသိုင်းတွေက ဥပေက္ခာပြုထားမှုအောက်မှာ ကျိုးတို ကျဲတဲ ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။

"ခေတ်ရယ် နင့်ခံစားချက်ကို ငါ နားလည်ပါတယ်၊ မေ ငါ့ ဆီကို မဆက်သွယ်ပေမယ့် ငါလည်း စုံစမ်းနေပါတယ်"

နွယ် စကားကို လင်းလွန်း ငေးစိုက်ကြောင်တွေနေသော မျက်ဝန်းတွေနှင့် နားထောင်နေရင်း ပင့်သက်တစ်ချက် ရှိုက်သည် ပြီးမှ လေးပင်စွာ ခေါင်းကိုခါရမ်းရင်း

"နေပါစေ နွယ်နီ မေက ကျွန်တော့်ထက် သူ့မာနကို ပိုချစ်





သူပါ၊ သူ့ရည်ရွယ်ချက်တွေ မဖြစ်မြောက်သေးသ၍ သူ မြန်မာပြည်ကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်ပါဘူး"

"သူ ခေတ်ကိုတော့ သိပ်ချစ်ပါတယ်"

"ကျွန်တော် ယုံချင်ပါတယ် နွယ်နီ၊ ဒါပေမဲ့ သိပ်ချစ်ပါတယ် ဆိုတဲ့သူကို ဥပေက္ခာပြုသွားရလောက်အောင်တော့ သူ့မာနတွေ မကြီး သင့်ပါဘူး၊ မေ့ကို ကျွန်တော် မမုန်းဘူး၊ စိတ်မနာပါဘူး၊ ကျွန်တော့်ဘဝ နဲ့သက်ထက်ပုံပြီး ချစ်တယ်၊ အဲဒီအချစ်က ဘယ်တော့မှ မပြောင်းလဲပါ ဘူး နောက်ဆုံး ထွက်သက်အထိ ခိုင်မြဲနေမှာပါ"

လင်းလွန်း ရင်ထဲက ခံစားချက်နှင့် မေ့အပေါ် ထားရှိသော ခံခြင်းတို့ကို နွယ်နီ လေးစားကြည်ညိုမိပါသည်။ တစ်ပတ်တစ်ခါလောက် နွယ်ဆီ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ မေ့သတင်းကို စုံစမ်းတတ် တာ ဘယ်တော့မှ မပျက်ခဲ့ပါ။

ဒါပေမဲ့ မေ့ဘက်ကတော့ သိပ်ကို ရက်စက်လွန်းပါသည်။ နှစ် နှစ်ကျော်ကာလအထိ နွယ့်ကိုတောင် အဆက်အသွယ် မပြုဘဲ နေရက် ခဲ့သည်။

နွယ် အခုချိန်မှာ အမျှော်လင့်ဆုံးက မေ့ဘက်က ဆက်သွယ် လာမှုတစ်ခုသာ ဖြစ်သည်။ မေ့သတင်းကိုလည်း နွယ် စုံစမ်းပါသည်။ ဒါပေမဲ့ လွယ်ကူသောကိစ္စမဟုတ်တော့လည်း နွယ် ရင်မောရ၏။



www.burmeseclassic.com

www.burmeseclassic.com



နွယ်ဆီက ပြန်တိုင်း စိတ်ပျက်ညစ်ညူးခြင်းတွေနှင့် လေးပ
နေသော လင်းလွန်း အမူအရာကိုကြည့်ကာ နွယ် စိတ်မကောင်းဖြစ်ရ

ဒီအချိန်မှာသာ မေနှင့် ဆက်သွယ်မှုရလျှင် ဘယ်လော
ကောင်းမည်လဲ၊ မေနှင့်မာနတွေ ပြိုင်နေခဲ့သော ဒေါ်ခင်မာလင်း လော
ကြီးထဲမှာ မရှိတော့ဘူးဆိုတာ မေ သိလျှင် ဘယ်လို ဆုံးဖြတ်မည်လဲ

လင်းလွန်းနှင့်မေရဲ့ အနာဂတ်ကိုပဲ မေ ရွေးချယ်သင့်နေပြီ

■ ■ ■

## အခန်း (၁၈)

ဘယ်လိုမှ မျှော်လင့်မထားသော သတင်းဆိုးကြီးကို လင်းလွန်း
ခတ် ဖခင် အန်ကယ်နိုင် ဖုန်းဆက်တော့ နွယ် မင်သက်တုန်လှုပ်သွား
သည်။

"ရှင် ခေတ် ခေတ် ကားအက်ဆီးဒင့်ဖြစ်လို့ ဟုတ်လား
အန်ကယ်နိုင်"

"ဟုတ်တယ် သမီး၊ အခု အန်ကယ် ဆေးရုံမှာ"

"ဘုရား ဘုရား သူ့ သူ့အခြေအနေ ဘယ်လိုလဲဟင် အန်ကယ်
..."

"မသိရသေးဘူး သမီး၊ အော်ပရေးရှင်း အခန်းထဲမှာ ဆရာဝန်
ကြီးတွေ ကြိုးစားနေတုန်းပဲ"

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ သ သမီး အခုချက်ချင်း လာခဲ့မယ် အန်ကယ်"

နွယ် တုန်တုန်ယင်ယင်နှင့် ဖုန်းလေးချကာ လင်းလွန်း... တင်ထားသော ဆေးရုံကြီးဆီ ထွက်ခဲ့သည်။

တစ်လမ်းလုံး လင်းလွန်းအတွက် ဆုတောင်းရင်း နွယ့်ရင်ထဲ... တုန်လှုပ်ချောက်ချားနေခဲ့၏။

ဆေးရုံကြီးထဲရောက်တော့ အန်ကယ်နိုင်ကို သောကမျက်နှာ... နှင့် တွေ့ရ၏။

"အန်ကယ် ခေတ် ကော"

"အခုပဲ အော်ပရေးရှင်းအခန်းထဲက ထွက်သွားပြီ သမီး"

"ဟို အခြေ အနေက ဘာတဲ့လဲဟင်"

"အသေအချာ မပြောနိုင်ကြသေးဘူးတဲ့ သမီးရယ်၊ တ... ဒဏ်ရာတွေက စိုးရိမ်စရာမရှိပေမယ့် ခေါင်းက ဒဏ်ရာက စိုးရိမ်ရ... အနေအထားမှာ ရှိတယ် သမီး"

အန်ကယ်နိုင် မျက်ဝန်းတွေထဲမှာ စိုလဲ့နေသော မျက်ရည်စ... ကို နွယ် မြင်နေရသည်။

"ဘယ်လိုဖြစ်ရတာလဲ အန်ကယ်ရယ်"

"ညက သား အိမ်မပြန်ဘူး သမီး၊ သူ ကုမ္ပဏီကို မသွား...





...း သုံးလေးရက်ရှိပြီ၊ သူ့သူငယ်ချင်းအိမ်မှာပဲနေ နေတာ၊ အန်ကယ် ...ကုမ္ပဏီမှာပဲ ရှိမယ်ထင်တာ၊ သူ့သူငယ်ချင်း တင့်ဝေ ပြောမှသိတာ၊ ...နေ့က သား မသောက်စဖူး အရက်တွေ သောက်ထားတယ်တဲ့၊ ...မောင်းတော့မူးနေတယ်လေ၊ တစ်ဖက်က ကားကို အရှိန်ပြင်းပြင်း ...ိုက်မိတာ"

"ဖြစ်ရလေ ခေတ်ရယ်"

နွယ်ဆိုရင်း မျက်ရည်တွေ စီးကျလာသည်။ ထိုအခိုက်မှာပဲ ...လွန်း သူငယ်ချင်း တင့်ဝေ နွယ်တို့အနားကို ရောက်လာ၏။

"အန်ကယ် လင်းလွန်း သတိရနေပြီ"

နွယ်ကော အန်ကယ်နိုင်ပါ ကသောကမျော ခြေလှမ်းတွေနှင့် ...လွန်းအခန်းဆီ ရောက်ခဲ့ကြသည်။

ခုတင်ပေါ်မှာ မြင်လိုက်ရသော လင်းလွန်း မြင်ကွင်းက နွယ့် ...နှင့်ခနဲ ဖြစ်စေသည်။ ခေါင်းနှင့်မေးကို ပတ်သိုင်းထားသော ...ဖြူဖြူနှင့် ညာခြေထောက်မှာလည်း ကျောက်ပတ်တီးက တန်း...နှင့် ဖြစ်၏။

လှိုက်တက်လာသော မျက်ရည်တွေကို ချုပ်ထိန်းပြီး နွယ် ...လွန်းအနား တိုးကပ်ခဲ့၏။

"သား သားလေး"



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်တိုးလျှသော အန်ကယ်နိုင် ခေါ်သံကြောင့် လင်း... မျက်ဝန်းလေး ဖွင့်ကြည့်သည်။

"သား နေကောင်းတယ်နော်၊ ဒီမှာ သား သူငယ်ချင်း... ရှိတယ်၊ သမီးလေး နွယ်နီလည်း ရောက်နေတယ်"

နွယ့်ကိုမြင်တော့ လင်းလွန်း မျက်တောင်တွေ ပုတ်ခတ်... နှုတ်ဆက်နိုင်သည်။ နှာခေါင်းမှာ သွယ်တန်းထားသော ပိုက်တွေ... လင်းလွန်းအဖြစ်ကိုကြည့်ကာ နွယ် မျက်ရည်တွေ ဝဲလာ၏။

နွယ့်ကိုကြည့်ကာ လင်းလွန်း နှုတ်ခမ်းလေးတွေ လှုပ်ခတ်... တော့ နွယ် ခေါင်းညိတ်ပြီး လင်းလွန်း နှုတ်ခမ်းနား နားကပ်ပြီး... ထောင်လိုက်၏။

"မေ့ရဲ့စာ တင့်ဝေ ဆီမှာ ယူထား"

လေသံမျှသော လင်းလွန်းအသံကို နွယ် အတော် ဂ... နားထောင်လိုက်ရ၏။ ခေါင်းလေးညိတ်ပြရင်း

"အေး ပါ ငါသိပြီ၊ နင် သက်သာအောင်နေနော်"

လင်းလွန်း ဘာမှပြန်မပြောနိုင်ပါ။ ခံစားနေရသော ဝေဒနာ... ကို နွယ် စိတ်က ခံစားသိနေသလိုရှိ၏။

ဖခင်ဖြစ်သူကို နှုတ်ခမ်းလေးတွေ လှုပ်ရုံမျှ လင်းလွန်း ... ပြန်တော့ အန်ကယ်နိုင် သားဖြစ်သူအနား တိုးကပ်ကာ နားထော...





...ခဲ့သည်။

လင်းလွန်းအဖြစ်ကို မမြင်ရက်နိုင်စွာ နွယ် မျက်ရည်တွေ ...ကျလာ၏။ ရှိုက်သံတွေကိုတော့ လက်ဝါးလေးနှင့်ဖိပိတ်ပြီး အခန်းထဲက ...ပြင်ထွက်ခဲ့ရ၏။

"နွယ်နီ လင်းလွန်းက ဒီစာလေးကို ပေးခိုင်းထားလို့"

အနောက်က လိုက်လာသော တင့်ဝေက လင်းလွန်းပေးထား...သော စာလေးကို နွယ်လက်ထဲ ကမ်းပေးနေသည်။ နွယ် ချက်ချင်း ...သိလိုက်ပါသည်။ ဒါ မေ လင်းလွန်းကိုပေးခဲ့သော စာလေးပဲဖြစ်၏။

"ကိုတင့်ဝေ သူ သူ ဘာတွေမှာသွားခဲ့သေးလဲဟင်"

"သတိရလာတော့ ဒီစာပဲ ပေးသွားခဲ့တယ် နွယ်နီနီ၊ အရင်ရက် ...ကတော့ လင်းလွန်း အိမ်မှာနေ့တိုင်းရှိတယ်၊ နေ့တိုင်း အရက်တွေ ...သောက်ပြီး သူ့ခံစားချက်တွေပဲ ရင်ဖွင့်နေတာ အစုံပဲ၊ အဲ့ဖွယ်မေ ...အကြောင်းတွေကော သူ့မာမီအတွက် ခံစားချက်တွေကော"

"လင်းလွန်းရယ် အဟင့် ဟင့်"

နွယ် ဘယ်လိုမှ မမျိုသိပ်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ကြိတ်...ကြွးနေတုန်းမှာ အန်ကယ်နိုင် အခန်းထဲက ထွက်လာ၏။

"အန် အန်ကယ်"

ပါဝါရှေ့ကိုင်းမျက်မှန်ထဲက မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ...



www.burmeseclassic.com

www.burmeseclassic.com



စီးကျနေသည့် အန်ကယ်နိုင့်ကို နွယ် တုန်လှုပ်စွာ ကြည့်ရင်း

"အန်ကယ် လင်းလွန်း"

"သား ဆုံးရှာပြီ သမီး"

"ဘုရားရေ"

နွယ် မယုံနိုင်စွာ အခန်းထဲ ပြေးဝင်ခဲ့သည်။ နာ့စ်မလေးတွေက သွယ်တန်းထားသော ပိုက်တွေကို ဖြုတ်သိမ်းနေပြီ။ ဆရာဝန်ကြီးက ငူငူကြီးရပ်ကာ နွယ့်ကို ကြည့်နေ၏။

"လင်း လင်းလွန်း နင် မသေပါနဲ့ဦး၊ မသေရဘူး၊ မေ့ကို နင်သိပ်ချစ်တယ်ဆို၊ စောင့်ပါဦး လင်းလွန်းရယ် အဟင့် ဟင့်"

"တိတ်ပါတော့ သမီးရယ်၊ သားကို ခေါ်သွားပါစေ သား၊ သူ့မျက်လုံးတွေကို လှူထားခဲ့တာတဲ့၊ စောစောက အဲ့ဒီကိစ္စ စီစဉ်ပေး၊ အန်ကယ့်ကို သားပြောရှာတာ သမီးရယ်"

နွယ့်ပခုံးကို ဆုပ်ကိုင်နှစ်သိမ့်ကာ အန်ကယ်နိုင် နှစ်သိမ့်ပေး ခဲ့သည်။ နွယ် ကြေကွဲမျက်ရည်တွေနှင့် လင်းလွန်းမျက်နှာလေးကို စိုက် ကြည့်နေမိဆဲ။

လင်းလွန်းခေတ်က ဘဝရဲ့နောက်ဆုံးအချိန်လေးမှာတောင် သူ့ မျက်ဝန်းတွေကို လှူခဲ့သည်တဲ့လား။ စိတ်ထားဖြူစင် မြင့်မြတ်လိုက်တဲ့ သူငယ်ချင်းလေးရယ်။





နင့်အတွက် ငါ့ကြေကွဲဝမ်းနည်းမှုတွေက ဘယ်တော့မှ ပြေနိုင်မှာ မဟုတ်ပါဘူး။

မေ့ ပြန်ရောက်လာခဲ့ရင် ငါ ဘယ်လိုရှင်းပြရမှာလဲ လင်းလွန်းရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ငိုကြွေးခြင်း၏အဆုံးသတ်သည် တိတ်ဆိတ်စွာ ငြိမ်သက်သွား ခြင်းလား။ ခေတ် တကယ်ပဲ လောကကြီးထဲမှာ မရှိတော့ဟု မေ အသ စိတ်က လက်ခံလိုက်ရပြီဖြစ်ပေမယ့် မေ့နှလုံးသားကတော့ လက်မခံ ခဲ့ပါ။

"မေက သိပ်မာနကြီးတယ်၊ မေ့အသည်းက အရမ်းမာ လွန်းလိုက်တာ"

ခေတ် စွပ်စွဲဝေဖန်ခဲ့သော စကားတွေက မေ့နှလုံးသား ပဲ့တင်နေဆဲရှိသည်။ မေ မာနတွေကြီးခဲ့ပါသည်။ အသည်းလည်း ပါသည်။ ဒါပေမဲ့ ခေတ်ကိုချစ်သော နှလုံးသားကတော့ ခိုင်မြဲတည် ဆဲပါခေတ်ရယ်။





သုံးနှစ်ကျော်လုံးလုံး မေ ကြိုးစားခဲ့သမျှတွေအားလုံးက အခု ...ဘာ့ အဓိပ္ပာယ်ကင်းမဲ့သွားခဲ့ပြီ။ မေရဲ့မာနနှင့် စိန်ခေါ်ခဲ့သော ခေတ် ...လည်း မရှိတော့ပါ။

ပြီးတော့ ခေတ်သည်လည်း မေနှင့်အဝေးဆုံးကမ္ဘာတစ်ခုကို ...သွားခဲ့ပြီ။

ဟင့်အင်း ဘယ်လောက်ဝေးဝေး ခေတ် မေ့နှလုံးသားထဲက ...မသွားနိုင်ဘူးဆိုတာ သိပ်ကိုသေချာပါသည်။

ခေတ်နှင့်ဝေးကွာလွန်းသော နေရာတစ်ခုမှာ သုံးနှစ်ကျော် မေ ...ခဲ့တာတောင် တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။ ဘာမှဆက်သွယ်မှုမရှိ ဆုံတွေ့ ...ပေမယ့် မေ့နှလုံးသားထဲမှာ ခေတ် အမြဲရှိခဲ့သည်။

ခေတ်ရယ် မေ့ကို ပြန်လက်စားချေပစ်လိုက်တာလား။ သုံးနှစ် ...ကျော် ဥပေက္ခာပြု မေ့ပစ်ထားခဲ့တဲ့အတွက် တုံ့ပြန်ပြီး မေ့ကို အလွမ်း ...နဲ့ ချန်ထားရစ်ခဲ့တာလား။

ဒါတော့ ခေတ် မတရားဘူး။ ဘယ်တော့မှ ပြန်မဆုံနိုင်တဲ့လမ်း ...ခေတ် ရွေးချယ်သွားခဲ့တာပဲပေါ့။ ယုံကြည်လိုက်ပါ ခေတ်ရယ်၊ ခေတ် ...နေရာအထိ မေ လိုက်ခဲ့မှာပါ။

အံ့ဖွယ်မေက နောင်ဘဝအဆက်ဆက်ထိ ခိုင်မြဲတဲ့ ချစ်ခြင်းတွေ ...ခေတ်အနားကို ရောက်အောင် လာခဲ့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေ"

နှယ်နီ့ခေါ်သံတိုးတိုးလေးက မေ့အတွေးတွေကို ဖြတ်တော
သွားစေ၏။ မေ ခေါင်းလေးမော့ကြည့်တော့ စိုးရိမ်မျက်ဝန်းတွေ
စိုက်ကြည့်နေသော နှယ်ကို တွေ့သည်။

"မေ နင် ဒီလိုကြီး မနေပါနဲ့"

ရှိုက်သံလေးထွက်ကာ နှယ်နီ ပြောတော့ မေ ပြုံးလိုက်တာ
မဲ့လိုက်မိတာလားတောင် ကိုယ့်ကိုယ်ကိုယ် မသေချာပါ။

"နင် ဒီအတိုင်းဆိုရင် တစ်ခုခုဖြစ်မှာ ငါ သိတယ် မေ
အတွက် ငါ သိပ်စိုးရိမ်တယ်"

မေ့ကို အရိပ်လို အမြဲစောင့်ကြည့်ကာ နေနေ၊ စားစား
သွား ဂရုစိုက်နေတတ်သော နှယ်ကြောင့် ခက်ပါသည်။

"ငါ့အတွက် နင် ဘာမှမစိုးရိမ်နဲ့တော့ နှယ်၊ ငါ့အတွက်
မလိုအပ်တော့ဘူး၊ ငါ့ရင်ထဲမှာ ခေတ် အမြဲရှိနေတယ်၊ ဘာကိုမှ
အပ်တော့ဘဲ ဘဝကို ငါပိုင်ဆိုင်နေတာပါ"

"မေ ဘာကြောင့် ကိုယ့်စိတ်ကို နင် ညှင်းဆဲနေတာလဲ
နင့်မျက်လုံးတွေ ဟောက်ပက်ဖြစ်နေပြီ၊ အစားလည်း ကောင်း
မစားဘူး၊ နင် ကြာရင် အိပ်ရာထဲလဲသွားလိမ့်မယ်"

"ငါ့အတွက် နင်ဘာလို့ စိုးရိမ်ပူပန်နေတာလဲ နှယ်ရယ်





ကို ချစ်တဲ့စိတ်နဲ့ ငါ ဒီလို ရှင်သန်နေရတာ ကျေနပ်တယ်"

မေ့စကားကို လက်မခံနိုင်သလို နှယ်နီ ခေါင်းကိုခါရမ်းသည်။
မေ့ကို စိတ်မချနိုင်စွာ မြန်မာပြည် ပြန်ရောက်ပြီးကတည်းက ဘယ်မှ
မသွားစေဘဲ သူမ အိမ်မှာပဲ နေစေသော နှယ်နီသည် သူငယ်ချင်းကောင်း
တစ်ဦးအဖြစ် ရှိခဲ့၏။

"မေ နင့်ဘဝကြီး တိုးတက်ပြောင်းလဲလာအောင် နင် ကြိုးစား
ခဲ့တယ်လေ၊ အခု အဲဒီဘဝကြီးကို နင် ပိုင်ဆိုင်နေပြီပဲ၊ ဘာကြောင့်
နင် အဲဒါတွေကို ပစ်ထားပြီး အခုလိုနေနေတာလဲ"

"ဟင့်အင်း အဲဒါတွေကို ငါ တစ်ခုမှ မမက်ဘူး"

"ဘာရယ် နင် ခက်ခက်ခဲခဲ အပင်ပန်းခံပြီး ရှာဖွေခဲ့တာတွေ
လေ"

"အေး ငါ ဒီကထွက်သွားတဲ့ရည်ရွယ်ချက်က ဘာအတွက်လဲ
နင် သိပါတယ် နှယ်ရယ်၊ အခု သူတို့မရှိတော့ဘူး၊ ဒီတော့ အဲဒါတွေက
ငါ့အတွက် ဘာမှမလိုအပ်တော့ဘူး"

"မေရယ် မဟုတ်တာ"

နှယ့်စကားကို ဥပေက္ခာပြုကာ မေ့အကြည့်တွေက စားပွဲပေါ်မှာ
တင်ထားသော ခေတ်ဓာတ်ပုံလေးဆီမှာပဲ စူးစူးနစ်နစ် ရောက်နေခဲ့သည်။

မေ့အနားမှာ ခေတ်ရဲ့သက်မဲ့ဓာတ်ပုံလေးပဲ ရှိသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရဲ့မျက်ဝန်းတွေ၊ အပြုံးတွေ အားလုံးက မေ့အတွက်တော့ ဘယ်တော့မှ မသေဆုံးသွားသေးပါ။

ခေတ်ရယ် မေ့ရင်ထဲမှာ ရှင်အမြဲ ရှင်သန်တည်ရှိနေဆဲပါ။

■ ■ ■

"မေလေးကို အန်တီတို့ကလည်း ကိုယ့်သမီးရင်းချာလို ချစ်လို့ အကြံပေးတာပါကွယ်"

"ဟုတ်တယ် သမီး၊ သမီး ထက်မြက်တာ၊ တော်တာ အန်ကယ် သိတာပေါ့၊ အခုအချိန်မှာ သမီး ဘယ်လိုခံစားနေသလဲဆိုတာလည်း အန်ကယ်တို့ သိတယ်၊ စာနာတယ် သမီး၊ ဒါပေမဲ့ ဖြစ်ပြီးသွားတာတွေက ပြီးသွားပြီလေ၊ ဘယ်လိုမှ ပြန်ပြင်လို့မရတဲ့ သမီးရဲ့ သဘောတရားတွေကို သမီး ဆင်ခြင်ဉာဏ်နဲ့ ထိန်းပြီး သမီးဘဝကို ဆက်ရှင်သန်ဖို့ ကြိုးစားသင့်တယ်"

နွယ့်မေမေနှင့်ဖေဖေတို့၏ ဆုံးမစကားတွေကို မေ ငြိမ်သက်စွာပဲ နားထောင်နေမိပါသည်။ တကယ်ဆို အန်တီမြတ်ပန်းနွယ်တို့ ဖေ့မောင်နှံက မေရဲ့ကျေးဇူးရှင်လို့လည်း ပြောလို့ရ၏။

မေ့ကို မိဘရင်းလို စောင့်ရှောက်ကြင်နာတတ်သူတွေမို့ မေ ကြည်ညိုလေးစားပြီးဖြစ်သည်။

"သမီး ကြိုးစားရှာဖွေခဲ့တာတွေ သမီး ခံစားသင့်တယ်၊ ပြီ





တော့ ရှေ့ဆက်ရှင်သန်ရပ်တည်ရမယ့် အနာဂတ်ကိုစဉ်းစား၊ အတိတ်ဆိုတာ တဖြည်းဖြည်း မေ့ပျောက်သွားမှာပါ"

ခေတ်နှင့်ပတ်သက်ပြီး မေ့ ခံစားနေရသမျှကို နွယ်လိုပဲ မိဘတွေကလည်း စာနာရိပ်မိပြီးသားမို့ နှစ်သိမ့်နေကြ၏။

နွယ့်ဖေဖေက မေ့ကို ကြင်နာနွေးထွေးသော မျက်ဝန်းတွေနှင့် ကြည့်ရင်း

"သမီးက အန်ကယ်တို့သမီးထက်တောင် စိတ်ဓာတ်ခိုင်မာသူပဲ ဒီတော့ အန်ကယ်ပြောတာကို နားထောင်ပါ၊ သမီး ဒီအတိုင်းကြီး နေပါနဲ့၊ သမီးဘဝပြည့်စုံနေပြီပဲ၊ ရှေ့ဆက်ရှင်သန်ရမယ့်ကာလတွေ အရှည်ကြီးရှိသေးတယ်"

"ဟုတ်တယ် သမီး၊ အန်တီတို့ သမီးကို စီစဉ်ကူညီပေးမယ်၊ သမီးပြန်လာတော့ စီစဉ်ထားတဲ့အတိုင်း ခြံနဲ့အိမ်တစ်လုံးဝယ်ဖို့ သမီး ဝါသနာနဲ့အလုပ်တစ်ခု ဆက်လုပ်ဖို့ အားလုံးပေါ့"

မေ့ကို နွယ် မနိုင်တာမို့ မိဘတွေကို တိုင်ပင်ပြီး မေ့ကို ပြောဆိုစည်းရုံးနိုင်းတာ နားလည်လိုက်ပါသည်။

"သမီးကို အန်ကယ်တို့နဲ့ သိပ်မဝေးတဲ့နေရာမှာပဲ နေစေချင်တယ်၊ ဒီရပ်ကွက်ထဲမှာ ခြံနဲ့အိမ်တစ်လုံး ဝယ်မလား သမီး"

မေ အခုအချိန်မှာ ဘာကိုမှ စိတ်မဝင်စားပါ။ ဒါပေမဲ့ နွယ့်



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေရဲ့စေတနာကို မငြင်းလိုတာမို့ ခေါင်းညိတ်လိုက်မိ၏။

"ဟုတ်ကဲ့ အန်ကယ်နဲ့အန်တီ ကောင်းသလို စီစဉ်ပါ"

"သမီးလေးအတွက် စေတနာနဲ့ စီစဉ်ပေးတာနော်၊ အန်ကယ်တို့က အိမ်မှာလက်မခံချင်လို့ မဟုတ်ဘူး၊ သမီး နေမယ်ဆို တစ်သက်လုံးနေလို့ရတယ်၊ အန်ကယ့်သမီး နွယ်လေးနဲ့ထပ်တူ သမီးလို သဘောထားပြီးသား"

"မေ လက်ခံပါတယ် အန်ကယ်၊ အန်ကယ်တို့ စေတနာကို မေ နားလည်ပါတယ်"

"သမီးကို အန်ကယ်၊ အန်ကယ်တို့စေတနာကို မေ နားလည်ပါတယ်"

မေ ခေါင်းညိတ်လက်ခံတော့ တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော နွယ်က

"ဝမ်းသာလိုက်တာ မေရယ်၊ ငါက နင် အထင်လွဲမှာစိုးတာ၊ ဖေဖေပြောသလို ငါ့အိမ်မှာ နင်အမြဲနေလို့ ရတယ်၊ ဒါပေမဲ့ နင် အနာဂတ်အတွက် ပန်းခံရှာဖွေထားတာတွေ အချည်းနှီးဖြစ်မှာစိုးလို့ပါ"

မေ ပင့်သက်လေးရှိုက်ကာ နွယ့်ကို ကြည့်မိပါသည်။ နွယ်တို့ မိသားစုရဲ့ စေတနာတွေကို အကြွင်းမဲ့ယုံကြည်လက်ခံ၏။

ဒါပေမဲ့ မေရဲ့စိတ်မှာ ဟာလာဟင်းလင်းနှင့် ဘာဆိုဘာ





...ပိုမရှိတော့တာ အမှန်။

မေရဲ့မာနတွေ နောင်တတွေသည် ခေတ်ကို စွန့်လွှတ်ဆုံးရှုံးလိုက်ရခြင်းနှင့်အတူ အားလုံး အသက်မဲ့သေဆုံးသွားခဲ့သည်ပဲ။

ဘယ်တော့မှ ပြင်ဆင်ခွင့်မရှိသော အမှားတစ်ခုကို ကျူးလွန်မိသလို မေ ခံစားနေခဲ့ရသည်။ ဒါကို နွယ် နားလည်နိုင်ချင် နိုင်ပေမယ့် ရင်ထဲက ဝေဒနာတွေကို ထပ်တူခံစားလို့ရမှာ မဟုတ်ပါ။

မေ့အနားမှာ ခေတ်မရှိမှတော့ ဘာတွေကများ အရေးပါတော့မည်လဲ၊ နွယ်ရယ် မေ့ဘဝက ရှင်လျက်သေဆုံးနေသူတစ်ယောက်လိုပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နှစ်ထပ်တိုက်ကြီးက သစ်လွင်တောက်ပနေသည်။ ထည်ဝါ
သော တိုက်ကြီးနှင့် လိုက်ဖက်သော ခြံဝင်းကြီးကလည်း ကျယ်ဝန်း
သည်။

မြက်ခင်းစိမ်းစိမ်းနှင့် ပန်းပင်တွေကလည်း မြင်ရသည့် မြင်ကွ
ကို အေးငြိမ်းစေသည်။ ရေကူးကန်ပြာပြာ၊ ကြက်တောင်ကစားကွင်း
ခရေပင်လေး သုံးပင်လည်း စိမ်းစိုအုံ့ဆိုင်းနေသည်။

ခရေပင်ရိပ်အောက်တွေမှာ ခုံတန်းလေးတွေ ဒန်းလေးတွေ
နေချင်စဖွယ်လေး ရှိသည်။

''နင် သဘောကျရဲ့လား မေ''

ခြံဝင်းထဲကို ငေးကြည့်နေသော မေ့ကို နွယ်က ပြုံးပြုံး





မေးတော့ မေ စိတ်မပါသလို ခေါင်းလေး ညိတ်ပြမိ၏။

''ရေကူးကန်လေးကလည်း ချစ်စရာလေးနော်၊ ကြက်တောင်
ကစားချင်ရင် နင်နဲ့ငါ ကစားလို့ရတယ်''

နွယ်က ကြည်ကြည်နူးနူးလေး ပြောနေပေမယ့် မေ ခေါင်း
မညိတ် ခေါင်းမခါမိပါ။ မေ့အသွင်ကို ရိပ်မိနေသော နွယ်က

''လာ မေ အိမ်ထဲဝင်ကြည့်ကြရအောင်''

မေ့လက်ကို ဆွဲကာ ခေါ်တော့ မေ သက်မဲ့ကျောက်ရုပ်တစ်ရုပ်
လိုပဲ နွယ် ဆွဲခေါ်ရာနောက်ကို လိုက်ခဲ့၏။

တိတ်ဆိတ်နေသော ဧည့်ခန်းကြီးကလည်း ခန့်ထည်ပါသည်။
အသစ်စက်စက် ထိုင်ခုံဆိုဖာကြီးတွေ၊ အလူမီနီယံ ရှိုးကေ့စ်တွေ ပန်းအိုး
တွေ ရုပ်ထုလေးတွေကအစ နွယ် ပြင်ဆင်ထားပေးသည်။

သစ်လွင်သော နံရံမှာ လက်ရာမြောက် ပန်းချီကားကြီးက ရှု
မျှော်ခင်းပုံဖြစ်သည်။ အရောင်တွေကော မြင်ကွင်းကပါ မြင်ကြည့်ရုံနှင့်
စိတ်ကို လန်းဆန်းစေသည်။

ဧည့်ခန်းအပြင် ခင်းထားသော ရောင်စုံကျောက်ပြား နီညိုတွေ
အပေါ်မှာ ပြာလွင်လွင် ကော်ဇောကြီး ခင်းထားသည်။ နံရံမှာ မီးအုပ်
ဆောင်းလေးတွေနှင့် မျက်နှာကျက်က မီးဆိုင်းကြီးကလည်း ခန့်ညား
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးကိုဝယ်ကာ အလုံးစုံ ပြင်ဆင်ပေးကြတာ မှန်သမျှ နွယ်တို့မိသားစုက တာဝန်ယူစီစဉ်ပေးသည်။ မေ စိတ်မဝင်စားပါ။ နွယ်က စာရင်းဇယားတွေ ပေးလာတော့ ယူထားလိုက်သည်။

အခုလည်း မေ တစ်ယောက်တည်းနေမှာကို စိတ်မချဟုဆိုကာ နွယ်က မေ ဝယ်ထားသော အိမ်မှာ လိုက်နေပေးသည်။ နွယ်ရဲ့ အန်တီ အပျိုကြီးကလည်း အဖော်အဖြစ် တစ်လလောက် နေပေးမည်တဲ့။

ယုံကြည်စိတ်ချရသော ခြံစောင့်ကြီးနှင့် အိမ်ဖော်မလေး ဝေဝေကိုတောင် နွယ် မေမေက စိတ်တိုင်းကျရွေးချယ်ရှာပေးခဲ့သည်။

မေ့အပေါ်မှာတော့ နွယ်တို့မိသားစုသည် သွေးရင်းချာလို ဂ[illegible] စိုက်ကြင်နာကြပါသည်။

"မေ အိမ်ပေါ်တက်ကြည့်ရအောင်"

"ဟင့်အင်း မေ ခေါင်းတွေနောက်လာလို့ နွယ်"

"ဟင် ဟုတ်လား၊ ဒါဆို ဧည့်ခန်းထဲမှာ ခဏထိုင်လေ"

ပြောရင်း နွယ် ကိုယ်တိုင် မေ့ကိုတွဲကာ ထိုင်ခုံမှာ ထိုင်[illegible]သည်။

"မေ သံပုရာရည်လေး သောက်မလား"

နွယ်က မေ့ကို စိုးရိမ်မျက်ဝန်းလေးတွေနှင့် မေးသည်။ အနာ[illegible]





[illegible]ပ်လိုရှိနေကာ မေ့ကို ဂရုတစိုက် အကဲခတ်နေသော နွယ့်ကို [illegible]လည်းနာသည်။ သနားလည်း သနားသည်။

"သံပုရာရည်လေးသောက်လိုက်နော် မေ၊ ခေါင်းနောက်ပြေ[illegible]ပေ့၊ နွယ် ကိုယ်တိုင် ဖျော်ခဲ့မယ် သိလား"

နွယ် ပြောရင်း မီးဖိုခန်းဘက်ကို လှမ်းသွားခဲ့သည်။ သည်တော့[illegible]မေ ပင့်သက်လေး ရှိုက်မိသည်။

အားလုံးက မေ့ကို ဂရုစိုက် ကြင်နာပြနေပေမယ့် မေ့စိတ်တွေ[illegible]ပ်လိုမှ မကြည်လင်တာ အမှန်။ ရင်ထဲမှာ ခေတ်နှင့်ပတ်သက်သော [illegible]မှုတွေက အစဉ်အမြဲ စိုးမိုးနေသည်။

မေ မာနတွေကြီးခဲ့၊ အသည်းမာခဲ့တာကြောင့် ခေတ် ဒီလို[illegible]စ်ဆိုးကြီးနှင့် ရင်ဆိုင်ရတာပဲဟူသော အတွေးကြီးက မေ့ကို အစဉ်[illegible]က်လှန့်နေခဲ့၏။

တကယ်ဆို ခေတ် မာမီအပေါ်မှာ မာနတွေပြေ၊ ခေတ်[illegible]င်းဆိုလာသော လက်ထပ်ခွင့်ကို ခေါင်းညိတ်ခဲ့လျှင် ဒီလို အဖြစ်[illegible]ကြီးတွေ ကြုံဆုံလာမှာမဟုတ်ပါ။

အခုတော့ မေ ပိုင်ဆိုင်နိုင်ပြီဖြစ်သော ဒီခြံ၊ ဒီတိုက်ကြီးနှင့် [illegible]ကြီးဥစ္စာတွေအားလုံးက မေ့အတွက် ဘာမှအဓိပ္ပာယ်မရှိသည့် အရာ[illegible]ဖြစ်နေပြီ။ လောကကြီးမှာ မေ တန်ဖိုးထား မြတ်နိုးခဲ့တာ ခေတ်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ပြီးတော့ မေရဲ့မာနတရား။

ထိုမာနတရားနှင့်ပဲ မေ့ဘဝကို ရှင်သန်ရပ်တည်နိုင်အော ကြိုးစားခဲ့သည်။ အရာရာကို အောင်မြင်တိုးတက်အောင် လုပ်ဆောင် ခဲ့သည်။ အခုတော့ ထိုမာနတရားကြီးက မေ့နှလုံးသားကို အကြီးမား ဒဏ်ရာကြီးဖြစ်အောင် လုပ်ခဲ့ပြီလား။

ရင်ထဲက နက်နက်ရှိုင်းရှိုင်း ခံစားရသော ဝေဒနာကြီးကို အံလေးကြိတ် ခံယူရင်း စားပွဲလေးပေါ်မှာ စီတင်ထားသော စာအုပ် ဆီ အကြည့်ရောက်သွားမိ၏။

မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးပေါ်မှ ဓာတ်ပုံရှင်ပုံရိပ်က မေ့အ တို့ကို စွဲဆောင်ညို့ယူလိုက်သလို ခံစားလိုက်ရ၏။

မေ့လက်တွေက မဂ္ဂဇင်းစာအုပ်လေးကို ကောက်ယူမိသည် မျက်နှာအပြည့် ရိုက်ထားသော မဂ္ဂဇင်းမျက်နှာဖုံးရှင်က ယောကျာ်း တစ်ယောက်ပုံရိပ်ဖြစ်၏။

ဂုတ်ထောက်လုမတတ်ရှည်သော ဆံပင်တွေက ရွှေရောင် နေသည်။ နဖူးပြင်လေးပေါ်မှာ လှိုင်းတွန့်ဆံနွယ်လေးတွေ ကပိုကရို ဝင်းမွတ်ကြည်လင်သော မျက်နှာလေးက နုညက်လွန်းပါသည်။

ဓာတ်ပုံဝါသနာပါသော မေ့အတွက်တော့ အလင်းအမှော





ပြစ်မှုနှင့် မျက်နှာဖုံးရှင်၏ ချောမွေ့ရှင်းသန့်သော ရုပ်သွင်ကို ချီးကျူး သွား၏။

မြန်မာပြည်နှင့်ကင်းကွာနေတာ ကြာပြီဖြစ်သော မေ့အတွက် တော့ သူ ဘယ်သူလဲဆိုတာ မသိပါ။ ရုပ်ရှင်မင်းသားတစ်ယောက်လား၊ ဒယ်ဘွိုင်းတစ်ယောက်လား။

"မေ"

ခေါ်သံတိုးတိုးနှင့်အတူ သံပုရာရည်ဖန်ခွက်လေးကိုင်ကာ အနား သာရပ်နေသော နွယ်ကိုတောင် သတိမထားမိပါ။

နွယ့်မျက်ဝန်းတွေက မဂ္ဂဇင်းမှ ဓာတ်ပုံဆီမှာ စူးစူးနစ်နစ်လေး ကြည့်နေရင်း

"သူ့ကို မေသိသလားဟင်"

"ဘယ်သူ့ကို ပြောတာလဲ နွယ်"

"အဲဒီ ဓာတ်ပုံရှင်ကိုပေါ့"

မေ စာအုပ်ကို စားပွဲပေါ် ပြန်တင်ရင်း ခေါင်းကို ညင်သာစွာပဲ ပြမိသည်။

"ဘယ်သိမှာလဲ နွယ်၊ မင်းသားလား၊ မော်ဒယ်ဘွိုင်းလား င် မသိပါဘူး၊ ဘာဖြစ်လို့လဲ"

မေကို ဘာမှမပြောဘဲ နွယ် မေ့နံဘေးမှာ ဝင်ထိုင်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ မေ့ဆီကို သံပုရာရည်ခွက်လေး ကမ်းပေးရင်း

"အဲဒါ အဆိုတော် လင်းစေရာလေ"

"လင်းစေရာ"

နွယ်စကားကို မေနှုတ်က တိုးတိုးလေး လိုက်ရေရွတ်မိသည် လင်းစေရာ တဲ့။ ခေတ်နဲ့ နာမည်က လင်းလွန်းခေတ်ဆိုတော့ ခပ်ဆင်ဆင်ပါလား။ ဒါပေမဲ့ သူ့ရုပ်သွင်နဲ့ ခေတ်ရဲ့ မျက်နှာလေးက ဆင်တူတာ မဟုတ်ပါ။

ခေတ်က ရှင်းသန့်တည်ကြည်ပြီး ယောကျ်ားဆန်ဆန်ချောမော သူ။ သူက နုညက်ပြီး မိန်းမချော ချောသူဟု မေ မှတ်ချက်ချမိ မျက်နှာအပြည့်ဓာတ်ပုံမို့ အစက်အပျောက် တစ်စက်မထင်အောင် နုညက် လွန်းတာ နှုတ်ခမ်းလေးတွေ စိုလဲ့နေတာကအစ မိန်းကလေး တစ်ယောက် အလှအပမျိုး။

အနုပညာသမားဆိုတော့ ရုပ်လေးနုညက်သလို စိတ်ထား လည်း ညက်ညောနုနယ်မှာ သေချာပါသည်။

"မေ လင်းစေရာပုံကို အသေအချာကြည့်နေတာ ဘာလို့ ဟင်"

နွယ့် မေးခွန်းကြောင့် မေ မျက်မှောင်လေး ကုပ်သွားရသည် နွယ် မေးသည့်အဓိပ္ပာယ်က ဘာလဲ။ ခေတ်နှင့် နာမည်လေး ဆင်





မေက စိတ်ဝင်စားရတော့မှာလား။

မေ စိတ်ဝင်တစားကြည့်မိတာ မေ့ဝါသနာစိတ်ကြောင့် ဖြစ် သည်။ သူ အဆိုတော်ဆိုတာလည်း မသိ၊ ချောတာလှတာကြောင့်လည်း မဟုတ်။ မေက ဓာတ်ပုံပညာရှင်တစ်ယောက်ဆိုတာ နွယ် မေ့နေသည် လား။

"နွယ် ဘယ်လိုထင်လို့လဲ၊ တို့က မျက်နှာအလှကို အလင်း အမှောင်မျှတအောင်ပေးပြီး ရိုက်ထားတဲ့ဓာတ်ပုံတစ်ပုံအဖြစ်ပဲ စိတ်ဝင်စား သွားတာ၊ တခြား ဘာခံစားချက်မှ မရှိဘူး၊ အထူးသဖြင့် တို့နှလုံးသား ကို လှုပ်ခတ်စေတဲ့ ယောကျ်ားက ကမ္ဘာပေါ်မှာ တစ်ယောက်ပဲရှိတယ် အဲဒါ ခေတ်"

မေ့အသံတွေက ပြတ်သားမာထန်နေတော့ နွယ် တောင်းပန် မျက်ဝန်းလေးတွေနှင့် ခေါင်းကို ကသောကမျောလေး ခါရမ်းရင်း

"မ မဟုတ်ဘူး မေ၊ နွယ် ပြောတဲ့သဘောက ဒီသဘော မဟုတ်ပါဘူး၊ သူက လင်းလွန်းနဲ့ တူညီမှုတစ်ခုရှိနေလို့ပါ"

"တူညီမှု ဘာလဲ လင်းဆိုတဲ့အမည်တစ်လုံး တူနေတာကြောင့် လား"

"မဟုတ်ဘူး မေ၊ ဒီထက် လေးနက်တဲ့ကိစ္စပါ၊ နွယ် ပြောပြ ရင် မေ အံ့သြသွားမှာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကုပ်ထားဆဲ မျက်ခုံးလေးတွေတောင် မေ ပြန်မဖြေ

နွယ်ကို စူးစူးလေး စိုက်ကြည့်နေမိသည်။

"သံပုရာရည်တွေ သောက်လိုက်ပါဦး မေ"

နွယ် သတိပေးမှ စားပွဲပေါ်တင်ထားသော သံပုရာရည်ခွက်

သတိရကာ မေ တစ်ငုံမော့သောက်လိုက်၏။

ချဉ်ချိုချို အရသာက မေ့ လျှာဖျားပေါ် ခါးသက်သက်လေး

စိမ့်ဝင်သွားခဲ့သည်။

နွယ် မျက်ဝန်းတွေက မဂ္ဂဇင်းစာအုပ်ပေါ်က အဆိုတော် လ

စေရာဆီမှာ ငေးငေးလေး နစ်မျောနေ၏။

ပဋ္ဌလက်ဆန်လွန်းသော ကံကြမ္မာသည် ဒဏ်ရာတွေနှင့် မေ

နှလုံးသားကို သေဆုံးစေခဲ့ပြီးမှ ရှန်းထရှင်သန်ဖို့ ခွန်အားတစ်ခု မွေးမြူ

စေခြင်းက ထူးဆန်းလွန်းပါသည်။

■ ■ ■

## အခန်း (၂၁)

ကိုယ်လုံးပေါ်မှန်ကြီးထဲမှ ပုံရိပ်လေးကို မေ ပြုံးပြုံးလေး စိုက်ကြည့်နေမိသည်။ ဒီလို စိတ်လိုလက်ရ မပြင်ဆင်ခဲ့ရတာ ကြာပြီ။ မေ့မျက်နှာလေးက မှန်ထဲမှ မေ့ကို ပြန်ပြုံးပြနေသည်။

အလှအပကို မေ မမက်ဘူးဆိုပေမယ့် အခုအချိန်မှာ မေ့အတွက် ထိုအလှအပက လိုအပ်နေပြီ။

အဖြူရောင်ဝတ်စုံကလေးနှင့် အံ့ဖွယ်မေသည် အသက် နှစ်ဆယ့်ငါးနှစ်ဆိုသော အရွယ်နှင့်မလိုက်ဖက်အောင် နုပျိုပါသေးသည်။ ပန်းရောင်ဆံနွယ်တွေကြားမှ ဝင်းမွတ်စင်ကြယ်သော မျက်နှာလေးက တက်သေတည်နေ၏။

"လေပြည်လေး ... ချစ်သူ ... ကြင်နာခြင်းတွေ ...



www.burmeseclassic.com

www.burmeseclassic.com



မွေးပုံခြင်းတွေ လေပြည်လေးလို ဆောင်ယူလာ''

အလှပြင်ခုံလေးပေါ်က ဟန်းဖုန်းထဲမှ လင်းစေရာရဲ့ သီ...
သံလေး ထွက်ပေါ်လာ၏။ မေ ဖုန်းလေးကို လှမ်းယူဖွင့်ကြည့်...
စိတ်ကထင်မိသည့်အတိုင်း နွယ်နီဆီက ဖြစ်သည်။

''ဟဲလို မေ နင် အသင့်ဖြစ်ပြီလား''

''အသင့်ပဲ နွယ်နီ၊ နင့်ကို စောင့်နေတာ''

''ဟုတ်လား အိုကေ အိုကေ ငါ အခုပဲ ထွက်ခဲ့မယ်''

ပြောပြီး နွယ်ချက်ချင်းပဲ ဖုန်းပိတ်သွားသည်။ မေ စားပွဲပေါ်...
လက်ကိုင်အိတ်လေးကို ဆွဲယူကာ ညှော်ခန်းဆင်းခဲ့သည်။ မေ့ကို ...
မချနိုင်ဘဲ အိမ်မှာလာနေပေးသော နွယ် အိမ်ပြန်သွားခဲ့တာပဲ တစ်...
ကျော်ပြီ။

နေ့လယ်နေ့ခင်းတွေမှာတော့ နွယ် အိမ်ကို ပုံမှန်လာ...
သည်။ မေရဲ့ပြောင်းလဲသွားမှုအပေါ်မှာတော့ နွယ် ယုံကြည်သွားခဲ့...
သေချာပါသည်။

တကယ့်ကို နွယ်သည် မေ့အတွက် အကောင်းဆုံးသော သူ...
ချင်းတစ်ယောက် ဖြစ်သည်။ မေ့ဘဝကို ကောင်းသော ပြောင်းလဲမှု...
တစ်ခုဖြစ်အောင် နွယ်ကပဲ ပြုလုပ်ပေးခဲ့တာ ဖြစ်သည်။

ရှင်သန်သေဆုံးနေသော မေ့ဘဝကို နွယ်ကပဲ မျှော်လင့်...





တစ်ခုနှင့် ရှင်သန်စေခဲ့သူ ဖြစ်၏။

မေ ညှော်ခန်းက ဆိုဖာထိုင်ခုံမှာ ထိုင်လိုက်ရင်း နာရီကိုငုံ့ကြည့်
လိုက်တော့ မျှော်စင်ကျွန်းက ရှိုးပွဲစဖို့ အချိန်က လိုပါသေးသည်။ ဒါပေမဲ့
မေ့စိတ်တွေကပဲ တက်ကြွမြန်ဆန်နေတာ အမှန်။

ငါးမိနစ်တောင် မစောင့်လိုက်ရပါဘဲ နွယ် ရောက်လာသည်။

''ဟယ် အဖြူရောင်နတ်သမီးလေးပါလား မေရယ်''

မေ့ကိုမြင်သည်နှင့် နွယ် ခြေဆုံးခေါင်းဖျားကြည့်ကာ ချီးကျူး
စကားတွေ ဆိုတော့သည်။

''အဟင်း မြှောက်မနေပါနဲ့ဟာ၊ နင့်ကို ဟော့ပေါ့ ငါ ကျွေးမှာ
ပါ''

''မြှောက်နေတာ မဟုတ်ပါဘူး မေရယ်၊ တကယ်ပြောတာပါ၊
မေက လှပြီးသားပဲ၊ အခုလို ထပ်ပြင်ဆင်လိုက်တော့ ပိုပြီးလှသွားတာ
ပေါ့''

''ကဲ ငါတို့ လစ်ကြမယ်လေဟာ''

မေ ဆိုဖာထိုင်ခုံလေးက ထရပ်ရင်းပြောတော့ နွယ် လက်က
နာရီလေးကို ငုံ့ကြည့်ရင်း

''ပွဲစဖို့က အစောကြီး လိုသေးတာကို''

''ငါ သိပါတယ်ဟ၊ ဘူဖေး ဟော့ပေါ့ အရင်သွားစားကြမယ်



www.burmeseclassic.com

www.burmeseclassic.com



လေဟာ၊ ပြီးမှ သွားမှာပေါ့''

မေ ပြောတော့ နွယ် ပုတ်သင်ညိုလေးလို ခေါင်းညိတ်ကာ ရပ်ထားသောကားဆီ ထွက်ခဲ့ကြသည်။

''ငါ မောင်းမယ်နော် နွယ်''

မေ တံခါးဖွင့်ဝင်ထိုင်ရင်း ပြောတော့ နွယ် ခေါင်းလေးညိတ် ကာ မောင်းလူနံဘေးက ထိုင်ခုံလေးမှာ ဝင်ထိုင်သည်။

ကားလေးကို ငြိမ့်ခနဲ မေ မောင်းထွက်ရင်း သီချင်းလေးဖွင့် လိုက်သည်။ လင်းစေရာရဲ့ သီချင်းသံလေးက ကားထဲမှာ ငြိမ့်ငြိမ့်လေး ထွက်လာ၏။ သီချင်းလေးကို မေ့နှုတ်က တိုးတိုးလေး လိုက်ညည်းနေ တော့

''မေ နင် အရမ်းပျော်နေသလားဟင်''

မေ့ကို စိုက်ကြည့်နေသော နွယ် မျက်ဝန်းတွေကို ဖျတ်ခနဲ တစ်ချက် လှည့်ကြည့်ပြီး မေ အရှက်ပြေလေး ပြုံးမိပြန်သည်။

''အင်း ငါ ပျော်တယ် နွယ်၊ သေဆုံးနေတဲ့ ငါ့နှလုံးသား မျှော်လင့်ချက်ရောင်ခြည်လေး တောက်ပလာတာ ငါ့အတွက်တော့ ကြည်နူးစရာပဲလေ''

''အင်း နင် ပျော်နေတာမြင်တော့ ငါ ဝမ်းသာပါတယ်ဟာ''

နွယ် ကျေကျေနပ်နပ်လေးဆိုတော့ နွယ် မျက်နှာလေး





ကြည့်မှန်လေးထဲက မေ စိုက်ကြည့်မိသည်။ တကယ့်ကို ကျေနပ် ကြည်နူးရိပ်လေးတွေ မေ မျက်ဝန်းမှာ ဖြာလဲ့နေသည်။

ဟော့ပေါ့ဆိုင်လေးကိုရောက်တော့ နှစ်ယောက်သား ပျော်ပျော် ရွှင်ရွှင်နှင့် စားသောက်လိုက်ကြသည်။

စားသောက်ပြီးတော့မှ မျှော်စင်ကျွန်းဘက်ကို ထွက်ခဲ့ကြသည်။

လင်းစေရာ၏ လိုက်ဖ်ရှိုးပွဲက မစသေးပါ။ လူငယ်ပရိသတ် တွေကတော့ စည်ကားသိုက်မြိုက်နေသည်။ မေနှင့်နွယ်တို့နှစ်ဦး လူငယ် တွေကြားထဲကပဲ တိုးဝှေ့ဝင်ခဲ့ကြသည်။

စတိတ်စင်ပေါ်မှာတော့ သူ့ရဲ့ပုံရိပ်နှင့် ဘက်ဂရောင်းအပြင် ဆင်က ခန့်ထည်လွန်းပါသည်။

စတိတ်စင်နှင့်အနီးဆုံးခုံတန်းလေးမှာ မေနှင့်နွယ် ဝင်ထိုင် ကြသည်။ သူ့ပုံရိပ်လေးကို မြင်တွေ့ရဖို့အတွက် မေ စောင့်နေရ သော အချိန်လေးတွေမှာ ရင်ခုန်သံတွေက လှိုက်ခါလို့နေခဲ့၏။

ရှိုးပွဲစတော့ လူငယ်ပရိသတ်တွေက လက်ခုပ်တီးကာ သူ့ ည်ကို ဟစ်အော်အားပေးကြသည်။ မေ ကိုယ်တိုင်လည်း လက်ခုပ် တီးကာ ဆလိုက်မီးရောင်အောက်မှာ သူ့ကို ငေးငေးလေး ကြည့်နေ

Pop ဆန်သော သီချင်းလေးတွေကို သူ တစ်ပုဒ်ပြီးတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ဖျော်ဖြေသည်။ သူ့အရိပ် သူ့အသံလေးတွေထဲမှာ မေ နစ်မျောပျော် ကာ ရင်ခုန်သံလေးတွေ စီးမျောသွားခဲ့ပါသည်။

သူ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုဖျော်ဖြေသည်။ သူ ကို ချစ်သောပရိသတ်တွေက တောင်းဆိုသော သီချင်းတွေကိုလည်း သူ သီဆိုပေးသည်။ သူနှင့်အတူ သီဆိုကြသော ပရိသတ်တွေနှင့်လည်း ရှိုးပွဲလေးက အသက်ဝင်နေခဲ့ပါသည်။

စတိတ်စင်ပေါ်အထိ သွားကာ သူ့ကိုအမှတ်တရ လက်ဆော တွေ ဂုဏ်ပြုပန်းစည်းတွေ ပေးကြသည့် ပရိသတ်အများစုက မိန်းကလေး တွေဖြစ်နေသည်။

“မေ နင်ကော သူ့ကို ပန်းစည်းပေးမလား”

နွယ် မေးတော့ မေ ခေါင်းလေး ခါရမ်းပြမိသည်။ သူ့အနား ဒီလို ချဉ်းကပ်မှုမျိုး မေ အလိုမရှိပါ။

သူ့ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်ဖို့အတွက်ပဲ မေ မျှော် ထားခဲ့တာ ဖြစ်သည်။ ထို့အတွက် မေ့ခြေလှမ်းတွေ စတင်ဖို့ ကြိုးစား ဦးမည်။

အခုချိန်မှာတော့ အံ့ဖွယ်မေ ဆိုသော မေ ကိုယ်တိုင် သူ မသိနိုင်သေးသော သူ့ရဲ့ပရိသတ်များစွာထဲမှာ မထင်မရှား မိန်း ယောက်အဖြစ်သာ ရှိနေဆဲလေ။

■



## အခန်း (၂၂)

“ဟဲလို ကျွန်တော် လင်းစေရာပါ ခင်ဗျာ”

ဖုန်းထဲမှ ကြားလိုက်ရသော သူ့အသံ ချိုချိုကြည်ကြည်လေး ကြောင့် မေ ရင်ထဲမှာ ငြိမ်းအေးသွားရပါသည်။

သူ့အသံလေးနှင့်အတူ ကြည်လဲ့သော မျက်ဝန်းလေးတွေကို အာရုံထဲမှာ ပြေးမြင်မိသည့် တစ်ခဏမှာ မေ ဘာစကားမှ မပြော အောင် မင်သက်နေခဲ့တော့

“ဟဲလို ကျွန်တော် အဆိုတော် လင်းစေရာပါ၊ အခု ဖုန်းဆက် ဘယ်သူများလဲ ခင်ဗျာ”

မေ မကြားဘူးအထင်နှင့် သူ အသံလေးမြှင့်ကာ ပြောတော့မှ အသိတွေ ပြန်ထိန်းချုပ်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေ က အံ့ဖွယ်မေပါ"

"ခင်ဗျာ"

သူ့ရဲ့ တအံ့တသြ ရေရွတ်သံလေးကို ကြားသည်။ အံ့သြရိပ်လေးတွေ အရိပ်ထင်သွားမည့် သူ့မျက်ဝန်းလေးတွေကို မေ မြင်ယောင်ကြည့်မိရင်း ပြုံးမိသေး၏။

"ဟို ဘယ်သူလဲ မသိဘူးခင်ဗျာ"

"အံ့ဖွယ်မေပါ စေရာ"

သူ့အမည်လေးကို မေ ရင်းနှီးစွာပဲ အဖျားဆွတ်ခေါ်မိသည်။ လင်းစေရာဆိုတာ မေ့နှလုံးသားကို မှောင်မိုက်နေတဲ့ဘဝကြီးက အလင်းရောင်ပေးခဲ့တဲ့ သူ။ မေ့နှလုံးသား ရင်ခုန်သံတွေကို ပြန်သက်ဝင်လှုပ်ရှားစေသူလေ။

"ဒီမှာ ခင်ဗျ အံ့ဖွယ်မေ ဆိုတာ ဘယ်သူပါလဲ ခင်ဗျာ"

"အံ့ဖွယ်မေ ဆိုမှတော့ အံ့ဖွယ်မေပေါ့ စေရာရယ်"

ရယ်ချင်စိတ်တွေကို မျိုသိပ်ပြီး မေ ထပ်ပြောမိတော့ သူ ကြောင်တက်တက်လေး ဖြစ်နေမှာ သေချာသည်။ စက္ကန့်ပိုင်းလေး တိတ်ဆိတ်သွားခဲ့ပြီးမှ

"ဟို ဟုတ်ကဲ့ ကျွန်တော့်ပရိသတ် ထင်တယ်၊ မင်္ဂလာပါ အံ့ဖွယ်မေ"





"နီး မပြည့်စုံဘူး စေရာ"

"ခင်ဗျာ ဘာကိုပြောတာလဲ ခင်ဗျ"

"သြော် မေက စေရာရဲ့ ပရိသတ်ဆိုတာထက် ပိုပြီး လေးနက်တယ်၊ ခိုင်မြဲတယ်၊ ဒါကို စေရာ သိစေချင်လို့ ဖုန်းဆက်လိုက်တာ"

"ဗျာ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကျေးဇူးတင်တာထက် မေ့ကို စေရာရဲ့ အသိစိတ်တစ်နေရာမှာ အသိအမှတ်ပြုထားပေးပါ စေရာ၊ ကဲ ဘိုင့် စေရာ အိပ်မက်လှလှ မက်ပါစေ"

သူ့ဆီက တုံ့ပြန်စကားလေးကို မစောင့်တော့ဘဲ မေ ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။

သူ မင်သက်ကြောင်တွေနေမှာ မေ သိနေသည်။ ဘယ်လိုမိန်းကလေးလဲဟု တွေးနေမှာ သေချာ၏။

ဘာပဲဖြစ်ဖြစ် အံ့ဖွယ်မေ ဆိုသော အမည်နာမလေးကိုတော့ သူ မှတ်မိနေခဲ့မည် ထင်ပါသည်။ မေနှင့်ပတ်သက်သမျှတွေကို စေရာ အမှတ်တရရှိနေ အသိအမှတ်ပြုနေဖို့ပဲ မေ အလိုရှိပါသည်။

ဖုန်းလေးကို ကိုင်ထားရင်း ဝရန်တာလေးမှာ မေ ရပ်နေမိသည်။

နီယွန်မီးရောင်အောက်မှာ ခြံထဲက အပင်လေးတွေ တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျလို့နေသည်။ ညကောင်းကင်ကြီးက လရောင်မရှိပေမယ့်လည်း မှိတ်တုတ်တုတ် ကြယ်ပွင့်လေးတွေနှင့် ထင်းလင်းနေသည်။

မေ ငေးကြည့်နေတုန်းမှာပဲ ကောင်းကင်က ကြယ်တစ်ပွင့် လင်းခနဲ ကြွေဆင်းကျသွားခဲ့၏။

ကြယ်ကြွေချိန်မှာ ဆုတောင်းပြည့်တတ်သည်တဲ့။ ဒါဆိုလျှင် တော့ မေ ဆုတောင်းချင်ပါသေးသည်။

မေ့နှလုံးသားက ရင်ခုန်သံတွေကို ပြန်ရှင်သန်စေသည့် လင်းစေရာနှင့် မေ့ဘဝလေး ငြိမ်းချမ်းစွာ ပေါင်းဖက်ချင်ပါသည်။

မျက်ဝန်းလေးတွေမှိတ်ကာ မေ ရင်ထဲက ပြင်းပြသော ဆန္ဒလေးနှင့် ဆုတောင်းမိပြီးမှ ကိုယ့်အဖြစ်ကို ရယ်ချင်မိပြန်၏။

တကယ်ဆို မေ့အသက်အရွယ်က အခုလို ကလေးဆန်ဆန် ဆုတောင်းစိတ်ကူးယဉ်ရမည့် အသက်အရွယ် မဟုတ်တော့ပါ။ အခု မေက ဆယ်ကျော်သက်မိန်းကလေးတစ်ယောက်လို ဖြစ်နေသည့် အဖြစ်

အချစ်စိတ်ဆိုတာက လူတစ်ယောက်ရဲ့ ဆင်ခြင်ဉာဏ်တွေကို လျစ်လျူရှု စိုးမိုးသွားတတ်ပါသလား။

စေရာရယ် မင်းလေးနဲ့ ပတ်သက်ပြီး အံ့ဖွယ်မေ ဆိုတဲ့ မိန်းမ တစ်ယောက် နှလုံးသားက ရူးသွပ်နေပြီ ထင်ပါရဲ့။

■ ■ ■



## အခန်း (၂၃)

ဒီနေ့ လင်းစေရာရဲ့တတိယမြောက်စီးရီး VCD ပရိုမိုးရှင်းပွဲ ...သည်။ ရန်ကင်းစင်တာ၊ ဒဂုံစင်တာနှင့် ဗစ်တိုးရီးယား ရှော့ပင်းမောလ် ...မှာ ပြုလုပ်မည်တဲ့။

“မေ နင်သွားချင်လို့လား”

နွယ်နီက မေးလာတော့ မေ ခေါင်းလေးညိတ် ပြုံးလိုက်ရင်း

“သွားမှာပေါ့ ပရိုမိုးရှင်းပွဲက နေရာသုံးနေရာစလုံးမှာ လုပ်မှာ ...တော့ ငါ မဖြစ်ဖြစ်အောင် သွားမှာ”

“ဘုရားရေ သုံးနေရာစလုံး သွားမှာဆိုတော့ တစ်နေကုန်မှာ ...”

“ဘာဖြစ်လဲ သူ့မျက်နှာလေးကို ငါ နီးနီးကပ်ကပ် တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင် မအားရင် မလိုက်ပါနဲ့၊ ငါ့ဘာသာ သွားမှာပေါ့''

''မဟုတ်တာ၊ ငါ လိုက်ခဲ့မှာပေါ့ စိတ်ချ နင်လာခေါ်ပါ… စောင့်နေမယ် ဟုတ်လား''

မေ့အလိုဆန္ဒအတွက်ဆို ဘာမဆိုကူညီဖို့ အသင့်ရှိနေတ… သော နွယ်နီကတော့ အခုလည်း ပြင်ဆင်ပြီး စောင့်နေပါသည်။

ပန်းဆီရောင် ခါးရှည်အင်္ကျီအကျပ်လေးနှင့် အနက်ရော… စတော်ကင်နှင့် တွဲဝတ်ဆင်ထားသော မေ့ကို နွယ် မျက်တောင်… မခတ်စတမ်း ကြည့်နေခဲ့ကာ

''ကြည့်စမ်း မေက ဘယ်လိုဝတ်ဝတ် လှနေတာပဲ''

''အဟင်း နွယ်ကလည်း လှပါတယ်၊ ကဲ သွားကြမယ်… နွယ့်ကားထားခဲ့တော့ မေ့ကားနဲ့ပဲ သွားကြမယ်''

မေရဲ့မတ်တူးကားကြီးနှင့်ပဲ နှစ်ယောက်သား ထွက်ခဲ့ကြသ… ရန်ကင်းစင်တာကိုရောက်တော့ လင်းစေရာကို စောင့်မျှော်နေ… ပရိသတ်တွေနှင့် စည်ကားရှုပ်ထွေးနေသည်။

မေနှင့်နွယ်တို့ နှစ်ယောက်သား ပရိသတ်နှင့်အတူ သူ့ကိုမျှော်… ကြ၏။ မနက်ကိုးနာရီ စတင်မည် ကြေညာထားသောပွဲကို ကိုးနာရီ… ဖို့ ငါးမိနစ်အလိုမှာ သူ ရောက်လာသည်။

လင်ခရူဆာ ကားဖြူကြီးပေါ်မှ ဆင်းလာသော သူ့ဆီ ပရိသ…





…က ဝိုင်းအုံသွားတာမို့ မေတို့ အနားထောင် ကပ်ခွင့်မရလိုက်ပါ။

ဝိုင်းဝန်းနှုတ်ဆက်သူတွေ အော်တိုလက်မှတ်ရေးထိုးခိုင်းသူတွေ… အလုပ်ရှုပ်သွားခဲ့၏။ ဝတ်ဆင်ထားတာက ဆင်စွယ်ရောင် တီရှပ်… နှင့် ဂျင်းပန်ပြာနုနုလေး ဖြစ်သည်။

ဝင်းမွတ်ကြည်စင်သော သူ့အသားအရည်နှင့် ကြည့်ကောင်း…ည့်မျက်နှာမှာ တပ်ဆင်ထားသော အနက်ရောင်မျက်မှန်ကြီးကိုတော့… သိပ်သဘောမကျပါ။ မေ မြင်တွေ့ချင်လှတာ သူ့ရဲ့ကြည်လဲ့ပြာစင်… မျက်နက်ဝန်းလေးတွေပဲ ဖြစ်၏။

မေတို့အနား တိုးကပ်ခွင့်မရသော သူနှင့် ဝိုင်းအုံနေသော…ကလေးပရိသတ်ကိုကြည့်ကာ မေ့ရင်ထဲမှာ ဝန်တိုစိတ်လေးတော့…မိသည်။

စေရာနှင့်မေသာ တရားဝင်ချစ်သူတွေ ဖြစ်ခဲ့လျှင်တော့ ဒီလို…ကလေးတွေ ဝိုင်းနေသော စေရာကို မေ ဘယ်လိုနားလည်ပေးရမည်

ပင့်သက်လေး ရှိုက်ကာ မေ တွေးနေတုန်း အကြည့်တွေက…ခရူဆာကားနောက်ခန်းလေးမှာ ထိုင်နေသော မိန်းကလေးဆီ…ကြည့်ရောက်မိသည်။

ကြိုးသိုင်းပခုံးကြိုးလေးနှင့် ကြက်သွေးရောင် အင်္ကျီလေး ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ကားထဲမှာ ငုတ်တုတ်လေးမို့ အောက်က ဘာဝတ်ထားသလဲ ဆိုတာ မေ မမြင်နိုင်ပါ။

ပန်းသာသာထိရှည်သော ဆံညှိုဂုတ်ဝဲလေးနှင့် ချစ်စရာကောင်းသော မျက်နှာလေးနှင့် မိန်းကလေးက ဘာကြောင့် စေရာရဲ့ကားထဲမှာ ပါလာရသည်လဲဆိုတာ မေ စဉ်းစားလို့မရပါ။

နုညက်ချောမောသော မျက်နှာလေးက မျက်ဝန်းနက်နက်လေးတွေက စေရာနှင့် ပရိသတ်တွေ ရယ်မောနှုတ်ဆက်နေတာကို ပြုံးပြုံးလေး ကြည့်နေ၏။

လင်းစေရာက ပရိသတ်တွေကို တောင်းပန်နှုတ်ဆက်ကာ လူရွယ်လေးယောက် ဝိုင်းစုခေါ်သွားရာသို့ လိုက်ပါသွားခဲ့၏။

ပရိုမိုးရှင်းပွဲ ပြုလုပ်မည့်နေရာအထိ ပရိသတ်တွေ ဝိုင်းစုလိုက် ပါသွားခဲ့ကြပေမယ့် မေကတော့ နေရာမှာပဲ ရပ်နေမိဆဲ။ မေ့စိတ်အာရုံ တွေက ကားထဲမှ မိန်းကလေးဆီမှာပဲ ရှိနေခဲ့သည်။

လူရွယ်တစ်ယောက်က ကားတံခါးဖွင့်ပေးရင်း သူမကို နှုတ် ဆက်လိုက်သံကို ကြားရသည်။

"စုဖုရား ဆင်းလေ ပွဲက စတော့မယ်"

စုဖုရား တဲ့လား။ နာမည်လေးက ထူးဆန်းသလို ဝင်းမွတ်ချော မောသော မျက်နှာလေးကလည်း ခင်မင်စရာကောင်းပါသည်။







သူမ ကားတံခါးလေး ဖွင့်ကာ ဆင်းသည်။ ကြက်သွေးရောင် ...ကျီလေးနှင့် တွဲဝတ်ဆင်ထားတာက အစိမ်းနုရောင် အသားကပ် ...ဘောင်းဘီလေးဖြစ်ကာ ကြိုးသိုင်းဒေါက်ဖိနပ်လေးကလည်း အစိမ်းရောင် ...သား။

မေ ငေးငေးလေးကြည့်ကာ စုဖုရား အလှမှာ နစ်မျောသွားခဲ့ ...သည်။ အသားလေးတွေက နုညက်ဝင်းဝါကာ ကိုယ်ဟန်လေးက ကျော့ ...င်းလှ၏။

"မေ ဘာကြည့်နေတာလဲ လာလေဟာ"

နွယ် လက်ဆွဲခေါ်မှပဲ မေ သတိဝင်လာကာ စေရာရဲ့ပရိုမိုးရှင်း ...င်းပသည့် ပွဲလေးကို ထွက်ခဲ့မိသည်။

အထဲရောက်တော့ ပရိသတ်တွေက ရှုပ်ထွေးစည်ကားလွန်းတာ ...မေနှင့်နွယ်တို့ အဝေးကပဲ သူ့ကိုငေးကြည့်နိုင်သည်။ သူက မျက်မှန် ...က်ကို ချွတ်ထားတာမို့ မျက်နက်ဝန်းလေးတွေကို မြင်နေရ၏။

အပြုံးရိပ်တွေ သန်းနေသော ထိုမျက်ဝန်းလေးတွေကို စူးနစ် ...ည့်နေတုန်းမှာပဲ သူ့နံဘေးမှာ ဝင်ထိုင်သော အရိပ်တစ်ခုက စုဖုရား ...သည့် မိန်းမပျို။

မေ မျက်မှောင်လေးကုပ်ကာ သူမကို ဝန့်တိုအကြည့်တွေနှင့် ...ည့်မိသည်။ စုဖုရား ဆိုတာ ဘယ်သူလဲ။ လင်းစေရာနှင့် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေသည်လဲ။

သီချင်စိတ်တွေက မေ့အာရုံကို လှုပ်ခတ်နေစေ၏။

သူ့ရဲ့သီချင်း VCD ခွေတွေ ဝယ်သည့်ပရိသတ်တွေကို

နှင့် VCD မှာ ပါဝင်သရုပ်ဆောင်သော အနုပညာရှင်တွေက လက်မှ

ထိုးပေးကြသည်။

စေရာနံဘေးမှာ ငြိမ်ငြိမ်လေးရှိကာ စေရာနှင့်ပရိသတ်ရဲ့ ရင်း

နွေးထွေးမှုကို သဘောကျအပြုံးတွေနှင့် စုဖုရား ပြုံးပြုံးလေး ရှိနေ

သူမ မျက်ဝန်းတွေထဲမှာ ဝန်တိုခြင်းအရိပ်တွေ ကင်းစင်နေ၏။

ဒါဆိုရင်တော့ သူမက လင်းစေရာနှင့် ရင်းနှီးပတ်သက်သူ

မဖြစ်နိုင်။ ရုပ်သွင်ချောမောတာ မှန်ပေမယ့် မောင်နှမတွေလည်း မ

နိုင်ဟု မေ ထင်သည်။

ဘယ်လို ပတ်သက်နေသော မိန်းကလေးလဲဟု မေ သိ

လွန်းလှပြီ။

နေ့လယ်ပိုင်း ဒဂုံစင်တာမှာ ကျင်းပသော ပရိမိုးရှင်းပွဲကိုလည်း

မေတို့ ရောက်ခဲ့သည်။ စေရာနံဘေးမှာ စုဖုရားဆိုသော မိန်းကလေး

အမြဲရှိနေသည်။ သူတို့နှစ်ယောက် အပြုံးတွေနှင့် စကားပြောနေကြ

လည်း မေ မြင်သည်။

ပရိမိုးရှင်းပွဲမှာ မေ့အာရုံတွေက စေရာဆီမှာထက် စုဖုရား





သော မိန်းကလေးဆီမှာပဲ ရှိနေခဲ့ပါသည်။

စေရာအနီးမှာ ထိုင်ရင်း လိုအပ်သမျှ ကူညီပေးနေသော ဖြည့်

ဆည်းပေးနေသော သူမသည် ဘယ်သူလဲဟု သိချင်လှပြီ။

ညနေပိုင်း ဗစ်တိုးရီးယားမှာ ကျင်းပသော ပရိမိုးရှင်းပွဲက

အပြန်မှာတော့ မေ သံသယတွေကို မအောင့်အီးနိုင်တော့ဘဲ နွယ်ကို

နမ်ခံပြောပြမိတော့၏။

"အင်း မေ သတိထားမိသလို နွယ်လည်း သတိထားမိတယ်၊

အဲဒီ မိန်းကလေးက လင်းစေရာရဲ့ အတွင်းရေးမှူးလား မသိဘူး"

နွယ် ကိုယ်တိုင်လည်း မတင်မကျ အဖြေနှင့် မေ့လိုပဲ စုဖုရား

ကို သတိထားမိနေတာ သေချာ၏။

"သူ ဘယ်သူလဲဆိုတာ မေ သိချင်တယ် နွယ်ရယ်"

"စိတ်ချ မေ၊ အဲဒီကိစ္စသိရအောင် နွယ် စုံစမ်းပေးမယ်"

နွယ် ကတိပေးစကားဆိုသည်။ မေ့ရင်ထဲမှာတော့ အလိုမကျ

စိတ်ကြီးနှင့် မွန်းကြပ်ချင်နေသည်။

စုဖုရားဆိုသော သူမရဲ့ပုံရိပ်က မေ့အာရုံထဲမှာ အရိပ်ထင်

ကျန်ခဲ့သွားခဲ့ရပါသည်။

ဘာပဲဖြစ်ဖြစ် သူမနှင့်လင်းစေရာရဲ့ ကျွမ်းဝင်ပတ်သက်မှုက

စေရာအနားမှာရှိသော မိန်းကလေး ပရိသတ်တွေထက် စိုးရိမ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။

အမှန်တရားတစ်ခုကို မသိရသ၍ မေ့စိတ်တွေ တည်ငြိမ်မှု မဟုတ်ပါ။ စုဖုရား ဘယ်သူလဲ ဘာလဲဆိုတာ သိဖို့က လက်ရှိမှာ အဓ ကြီးဆုံးသော ကိစ္စကြီးဖြစ်နေပြီလေ။

■ ■ ■

အခန်း (၂၄)

မေ့စိတ်ကို စိုးရိမ်ပူပန်နေစေသော အဖြေကို နွယ်က တစ်ပတ် အတွင်းမှာပဲ အဖြေတစ်ခု ရှာဖွေပေးလာခဲ့သည်။

''မေရေ ဟောဒီမှာကြည့်စမ်း၊ မေ သိချင်နေတဲ့ စုဖုရား အကြောင်း ပါလာတဲ့ အင်တာဗျူး သတင်း''

မေ့ဆီကို ဂျာနယ်တစ်စောင်ကိုင်ကာ ရောက်လာသော နွယ့် စကားကြောင့် မေ ကသောကမျောလေး ဖတ်ကြည့်မိသည်။

စုဖုရားရဲ့ဓာတ်ပုံနှင့်အတူ အမေးအဖြေ အင်တာဗျူးသတင်း က စိတ်ဝင်စားစရာတော့ ကောင်းပါသည်။

အင်တာဗျူးထဲမှာ စုဖုရားက သူမနှင့်လင်းစေရာသည် အရင်း ဆုံးမိတ်ဆွေများဟု ဖြေထားသည်။ ပြီးတော့ စုဖုရားသည် 'အလင်း သခင်' အမည်နှင့် လင်းစေရာအတွက် သီချင်းတွေ ရေးပေးနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး တေးရေးဆရာမတစ်ဦး ဖြစ်နေသည်။

မေ ကြိုက်လွန်းလို့ ဖုန်းထဲမှာတောင် ထည့်ထားသော လင်းေ ရာရဲ့ 'ချစ်သူလေပြည်' သီချင်းလေးကတောင် စုဖုရားရေးသည့် သီချင်း လေး တစ်ပုဒ်ဖြစ်နေ၏။

မေ အင်တာဗျူးသတင်းလေး ပြီးဆုံးအောင် ဖတ်ပြီးသည်အထ နွယ်နီ ငြိမ်သက်စွာ စောင့်နေပြီးမှ

"ကဲ ဘယ်လိုလဲ မေ၊ စုဖုရားအကြောင်း မင်းသိရတာ ကျေန ပြီလား"

"အင်း ကျေနပ်တယ်လည်းမဟုတ်ဘူးဟာ၊ ဘာပဲဖြစ်ဖြ စေရာနဲ့အနီးဆုံးမှာ ရင်းနှီးစွာရှိနေတဲ့သူ့ကိုတော့ ငါ့ပြိုင်ဘက်အဖြ သဘောထားရမှာပဲ"

"မေရယ် အရမ်းစိုးရိမ်မကြီးပါနဲ့၊ လင်းစေရာနဲ့ သူနဲ့က အင မင်ဆုံး မိတ်ဆွေတွေပဲ ဖြစ်မှာပါ၊ ဥပမာ မေနဲ့တို့လို့ပေါ့"

နွယ်နီက ဖြေသိမ့်သလိုလေး ပြောနေပေမယ့် မေကတေ ရင်ထဲမှာ အလိုမကျနိုင်တာ အမှန်ပဲဖြစ်သည်။

အာရုံထဲမှာ စုဖုရားဆိုသော မိန်းကလေး မျက်နှာလေ မြင်ယောင်လာသည်။ ဂုတ်ဝဲဆံတိုအညိုလေးနှင့် မျက်ခုံး၊ မျက်ဝန်းသေ တွေက ရှင်းသန့်သန့်လေး ချောမောသည့် မိန်းကလေးတစ်ယောက်





ဒီလို ချောမောလှပသော မိန်းကလေးက လင်းစေရာနှင့် အနီး ဆုံးအနားမှာ ရှိနေသည့်အဖြစ်ကို မေ ဘယ်လိုစိတ်ချနိုင်မည်လဲ။

ပြီးတော့ စုဖုရား ဆိုသော မိန်းကလေးက စေရာလိုပဲ အနုပညာ ဗေဒသွေးနှင့် စိတ်တူကိုယ်တူ ရှိနေမှာမလွဲ။

တွေးရင်း တွေးရင်း မေရင်ထဲမှာ မွန်းကြပ်ကြပ်ကြီးတောင် ဖြစ်လာ၏။ အုံ့ဖွယ်မေရဲ့ နှလုံးသားသာ ဒုတိယအကြိမ် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရလျှင်. . . ။

ဟင့်အင်း မတွေးရဲသော အတွေးကြီးကို မေ မတွေးချင်ပါ။ ဆရာရယ် မေ့နှလုံးသားအတွက် မင်းလေးရှိမှဖြစ်မှာ သေချာနေတယ်။

ကံကြမ္မာရဲ့ဘယ်လိုအကြောင်းနဲ့မှ မင်းကို မေ ဆုံးရှုံးမခံနိုင် ဘူး။ အခုချိန်မှာ အုံ့ဖွယ်မေ ဆိုတဲ့ မိန်းမတစ်ယောက် ကမ္ဘာလောက ကြီးထဲမှာ ဆက်ပြီး ရှင်သန်နေတာ အချစ်တစ်ခုအတွက်ပါပဲ။

အုံ့ဖွယ်မေရဲ့ နှလုံးသားက လောကကြီးထဲမှာ မရှိတော့တဲ့ သင်းလွန်းခေတ်အတွက်ဆိုပေမယ့် လင်းစေရာကလည်း မေ့နှလုံးသား အတွက် အလင်းမီးအိမ်လေးပါပဲ။

ဒီမီးအိမ်လေးသာ ပျောက်ကွယ်သွားမယ်ဆိုရင် အုံ့ဖွယ်မေ အတွက် ရှင်သန်မှုဆိုတာ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး စေရာရယ်။

တို့နှလုံးသားကို စာနာပေးပါ လင်းစေရာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

သည်ရက်ပိုင်းတွေမှာ စုဖုရား အလုပ်တွေရှုပ်ထွေးနေခဲ့တာ တော့ အသေအချာပဲ ဖြစ်သည်။ မောင့်အတွက် အလုပ်တွေအားလုံးကို စု စီမံဆောင်ရွက်နေခဲ့ရတာကြောင့် မအားလပ်သလောက်ပါပဲ။

မောင် နာမည်ကျော် အဆိုတော်တစ်ယောက် ဖြစ်လာလေလေ စု ပို၍ အလုပ်တွေ ရှုပ်ထွေးလာလေလေ ဖြစ်နေ၏။

မောင်နှင့်ပတ်သက်သမျှ အရေးကိစ္စအားလုံးကို စုကပဲ အလုံး တာဝန်ယူဖြေရှင်းပေးရ၏။ ထို့အတွက် စု ပင်ပန်းသည်ဟု မထင်ပါ ကျေနပ်စွာနှင့် မညည်းညူစတမ်း စု တာဝန်ယူပေးပါသည်။

နယ်က ရှိုးပွဲတွေအတွက် ပြီးတော့ မောင့်ရဲ့နောက်ထပ် စီးရီး သစ်အတွက်၊ အစီအစဉ်တွေ ဆွဲပေးရ၏။ ဒီကြားထဲ မကောင်းရာမကောင်း





ကြောင်း ရှိုးပွဲတွေလည်း ကြားက ဝင်လာတတ်သေးသည်။

အရာရာကို အားနာစိတ်ပျော့တတ်သော မောင်သည် ဘယ်သူ ကကူအညီတောင်းတောင်း ခေါင်းညိတ်ကူညီပေးဖို့ ဝန်မလေးတတ်သူ ဖြစ်၏။

"စုရေ ကိုမြတ်ကြီးက သူ့ရဲ့ VCD Live show အစီအစဉ်မှာ ကိုယ့်ကိုနှစ်ပုဒ်လောက် ဆိုခိုင်းနေလို့"

"ဟာ မောင်ကလည်း လုပ်ပြီ၊ ဒီမှာ ဒီတစ်လလုံးမှာ ဒိတ် ညှိနေပြီ၊ မောင် နားရက်လေးရက်ပဲရှိတယ်"

"အဲဒီလေးရက်ထဲက တစ်ရက် စီစဉ်ပေးလိုက်ပါ စုရယ်၊ ကို မြတ်ကြီးက ငြင်းလို့မသင့်လို့ပါ"

"အဲဒါတွေကြောင့် မောင်နဲ့ခက်နေတာ၊ တစ်လလုံးမှ နားရက် လေးက ဒါလေးပဲရှိတာ၊ မောင် ပင်ပန်းမှာစိုးလို့ ပြောနေတာ"

မောင့်အတွက် ကရုဏာဒေါသောလေးနှင့် စုဖုရားပြောတော့ မောင်သည် ချစ်စဖွယ်မျက်နှာလေးနှင့် တောင်းပန်သလို ကြည့်ရင်း

"စုရယ် မောင့်ကို စိတ်မဆိုးပါနဲ့နော်"

လေသံတိုးတိုးလေးနှင့် စု လက်ဖဝါးလေးကို မောင် ညင်သာ ဆုပ်ကိုင်ပြီးပြောပုံက တကယ့် ကလေးလေးတစ်ယောက်လိုပါပဲ။ မောင့်ရဲ့ဖြူစင်လွန်းသော နှလုံးသားလေးကိုပဲ စု မြတ်နိုးနှောင်တွယ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်၏။

အနုပညာဝါသနာထုံပြီး သီချင်းဆိုကောင်းသော မောင်သည် စိတ်ထားနူးညံ့သလောက် စိတ်ပျော့အားငယ်တတ်လွန်းသူလည်း ဖြစ်ပါသည်။

ဒါကြောင့် မောင့်အနားမှာအတူရှိပြီး မောင့်ကို အောင်မြင်သော အဆိုတော်တစ်ယောက်ဘဝရောက်အောင် စု တတ်စွမ်းသမျှ ကြိုးစား ပေးခဲ့တာ ဖြစ်၏။

"မောင့်ကို စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ပင်ပန်းမှာစိုးလို့ပြော နေတာ၊ အားနာလွန်းတာ မကောင်းဘူးလေ"

"မောင့် ဒီလိုပဲ နေတတ်တာ စု သိရက်နဲ့"

"ကြည့် အဲဒါတွေကို စု စိတ်တိုချင်တာ ကဲ အားနာပါးနာနဲ့ မောင် တခြားမိန်းကလေးတစ်ယောက်ကို ချစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်တာ၊ မောင့်ဘဝ မောင့် အသက်က စုဖုရားလေ၊ စိတ်ချ ဘယ်မိန်းမကိုမှ မောင့်နှလုံးသားက လက်ခံနိုင်မှာမဟုတ်ဘူး"

မောင့်ရဲ့သစ္စာစကားကို စု အကြွင်းမဲ့ယုံကြည်ပါသည်။ မောင် သည် တကယ်ပဲ စုအပေါ်မှာတော့ ချစ်ခြင်းတို့ ပုံအပ်ခဲ့သူဖြစ်သည်။ စု မြတ်နိုးစွာချစ်သလို မောင်သည်လည်း စုအပေါ် ဘဝပုံအပ်ချစ်ခဲ့သူ





ပါပဲ။

အောင်မြင်ကျော်ကြားလှသော မောင့်အနုပညာကြောင့် မောင့် ကို ချစ်သော ပရိသတ်တွေ အများကြီးရှိနေတာကိုလည်း စု သိပါသည်။ ထူးသဖြင့် မိန်းကလေးပရိသတ်တွေက မောင့်ဆို သည်းသည်းလှုပ်ပါပဲ။

ဒါပေမဲ့ ဒါ မောင့်ရဲ့အောင်မြင်မှု အသီးအပွင့်တွေအဖြစ် စု ကျေနပ်ဝမ်းမြောက်စွာ ပီတိဝေဖြာနိုင်ခဲ့သည်။

အခုလည်း မောင့်ရဲ့ပရိသတ်ဆီက မိတ်ဆက်စာတွေကို စု တစ်စောင်ခြင်း အလေးအနက်ဖတ်ရှုရသည်။ ပြန်စာနှင့်ဓာတ်ပုံတွေပို့ဖို့ ဥ်ရ၏။ ရယ်တော့ ရယ်ချင်စရာအကောင်းသား။

တချို့သော ပရိသတ်ကလေးမလေးတွေက မောင့်အပေါ် းပေးပုံက တကယ့်ကို ဝန်တိုစရာကောင်းသည်။ ဒါပေမဲ့ စုအတွက် ာ့ ဒါသည် ပြဿနာတစ်ခုမဟုတ်ပါ။

မောင့်ကိုချစ်သော ပရိသတ်ကို နားလည်နိုင်ပါသည်။ အဆို ာင်းသလို ရုပ်ရည်ချောမောလွန်းသော မောင့်ကို ဗီဒီယိုရုပ်ရှင်ထုတ် သူ၊ ဒါရိုက်တာတွေကတောင် ဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းကြ၏။

ဒါပေမဲ့ မောင်က လက်မခံခဲ့ပါ။ မောင် ဝါသနာပါသော ဂီတ ညာအတွက်ပဲ မောင်က ကြိုးစားချင်သည်ဆိုတော့ အားလုံး လက် သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် စုလည်း ဝမ်းသာကျေနပ်ရပါသည်။ အခုချိန်မှာ တောင် မောင်နှင့်ပတ်သက်သမျှ မနားတမ်း အလုပ်တွေပိနေတာ ရုပ်ရှင် ဗီဒီယိုလိုင်းဘက်သာ မောင် ကူးလိုက်ရင် စု နားရတော့မှာမဟုတ်။

"ဒေါက် ဒေါက်"

တံခါးခေါက်သံနှစ်ချက်က စုအတွေးတွေကို ပြတ်တောက်သွား စေ၏။ ဒါ မောင်ဆိုတာ ချက်ချင်းသိလိုက်တာမို့

"မောင်လား လော့ခ်ချမထားဘူး၊ ဝင်ခဲ့လို့ရတယ် မောင်"

ဘယ်တော့မှ စုရဲ့အခန်းထဲထိ ဝင်မလာတတ်သော မောင့်ကို စု တမင်စနောက်လိုက်မိတာ ဖြစ်သည်။

"စုဖုရားနော် တမင်စမနေနဲ့၊ မောင် တကယ် ဝင်လာပြ ကိုက်စားပစ်လိုက်မှ ကြောက်ပါပြီမအော်နဲ့"

မောင့်စကားကြောင့် စု ပြုံးမိသေးသည်။ တစ်မိုးအောက်မှာ အတူရှိပေမယ့် မောင်သည် စုအပေါ်မှာ သစ္စာခိုင်မြဲကာ ယောက်ျား တစ်ယောက်ရဲ့သိက္ခာကို စောင့်စည်းသူ ဖြစ်၏။

"စုရဲ့အခန်းလေးက စုရဲ့ကိုယ်သင်းရနံ့လေးတွေနဲ့ ရင်ခုန်စ ကောင်းလွန်းတယ်၊ ဒီအခန်းထဲရောက်ရင် မောင့်စိတ်တွေ အခိုးအ ပျံထွက်မသွားဘူးလို့ မပြောနိုင်ဘူး"

မောင်ဆိုခဲ့သော စကားကို စု မှတ်မိနေခဲ့သည်။ အခုလည်





ပ်လက်စ အလုပ်တွေ ပစ်ထားခဲ့ကာ စု တံခါးဖွင့်ပေးဖို့ လှမ်းခဲ့သည်။

စု အခန်းတံခါးဖွင့်ပေးတော့ အခန်းအပြင်ဘက်မှာ မောင် ပြုံးလေး ရပ်လို့နေ၏။

"မောင် ဘာပြောမလို့လဲ၊ တကယ်ပဲ သူများအလုပ်လုပ်နေတာ အခုထိ မအိပ်သေးဘဲ ဘာပြောမလို့လဲ"

"စု မအိပ်သေးဘဲ အလုပ်တွေ လုပ်နေချိန်မှာ မောင်က ယ်လိုအိပ်ပျော်မှာလဲ၊ ဘာတွေလုပ်နေတာလဲကွာ၊ ကိုးနာရီကျော်နေပြီ"

"မောင့်ရဲ့မိတ်ဆက်စာတွေ ပြန်ဖို့ စီစဉ်နေတာပါ"

"ဟာ ထားလိုက်ပါ၊ စု အိပ်တော့ မနက်ကလည်း စတူဒီယိုမှာ န်းခဲ့တာကို"

"ဘယ်လိုပြောလိုက်တာလဲ မောင်ရဲ့၊ ဒါ မောင့်ရဲ့ပရိသတ်လေ ကျေးဇူးရှင်တွေ မောင့်ဘက်က အလေးထားရမှာပေါ့"

စု အလိုမကျသလို ပြောတော့ မောင် လက်ကလေးကာပြရင်း

"မောင် အလေးမထားလို့ ပြောတာမဟုတ်ဘူး၊ နောက်ရက် ပ်ပါ၊ စု ပင်ပန်းနေလို့"

"ရတယ် ပြီးခါနီးပါပြီ၊ မောင် သွားအိပ်ပါတော့ မနက်ဖြန်ပဲ င်းရတော့မှာ၊ ရှိုးပွဲက နှစ်ပွဲဆက်နော်၊ အိပ်ရေးဝပြီး လန်းဆန်း ာ သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



''မောင့်ကို နှင်လွှတ်နေတာလား၊ မောင်က စုမျက်နှာလေး ကြည့်ချင်သေးတာ''

ပြောရင်း စု မျက်နှာကို စူးစူးနစ်နစ်လေး မောင် စိုက်ကြ နေတော့ စု ရှက်ပြုံးလေးနှင့် မျက်စောင်းထိုးရင်း

''ကဲ ကဲ ဝအောင်ကြည့်ပြီးသွားတော့''

''ဟာကွာ ပြောရက်လိုက်တာ''

မောင် မကျေမနပ်ဆိုရင်း စု လက်ဖဝါးလေးကို ဆွဲကိုင် ရင်ခွင်မှာ အပ်ထားသည်။

''နောက်တာပါ မောင်ရယ်၊ မောင် အိပ်ရေးမဝမှာစိုးလို့''

''အင်းပါ မောင်အိပ်တော့မယ်၊ စုကို သိပ်ချစ်တယ်''

ပြောရင်း စု လက်ဖမိုးလေးကို မောင် ငုံ့နမ်းသည်။ မော မျက်နှာလေး ရှုံ့မဲ့သွားတော့ စု တခစ်ခစ် ရယ်မိရင်း

''စာအိတ်တွေ ကော်သုတ်နေတာ မောင်ရဲ့ နံကုန်ပြီ''

''ဟင့်အင်း မွှေးနေတယ်၊ မောင့်အလုပ်တွေ အပင် လုပ်ပေးနေတဲ့ စု လက်ဖဝါးလေးက ချစ်ခြင်းရနံ့တွေက မွှေးပြီး''

''တော်ပါ စကားတတ်လိုက်တာ''

''တကယ်ပြောတာ ကဲ ကိုယ် သွားတော့မယ်၊ စုလည်း စောအိပ်နော်''





စု ခေါင်းလေးညိတ်ပြတော့ မောင် လှည့်ထွက်သွားခဲ့ပါသည်။ အပြာနုရောင် ညဝတ်အင်္ကျီဖားဖားကြီးနှင့် မောင့်ကျောပြင်ကို ငေးရင်း ပင့်သက်လေးရှိုက်မိသည်။

မောင်က စုအတွက်တော့ ချစ်စရာအကောင်းဆုံး ချစ်သူလေး ပါပဲ။

■ ■ ■

အခန်းတံခါး ပြန်ပိတ်ကာ ပြီးပြတ်လုလုစာတွေကို စု ဆက်ပြီး ပြတ်ရသည်။

နာရီဝက်လောက်ကြာတော့ အလုပ်ပြီးသွားခဲ့သည်။ အိမ် အောက်ထပ်ဆင်းခဲ့တော့ အားလုံး တိတ်ဆိတ်နေပြီ ဖြစ်သည်။

မောင့်အခန်းရှေ့ရောက်တော့ အိပ်နေပြီထင်၏။ အသံမကြားရ တော့ပါ။ စု ယုံ့ယုံ့လေးပြုံးရင်း ဧည့်ခန်းဘက် ထွက်ခဲ့တော့ ဒေါ်စုနှင့် ခန်းလေး ကိုရီးယားကား ထိုင်ကြည့်နေတုန်း

''ဟော သမီး မအိပ်သေးဘူးလား''

''အခုပဲ မောင့်ပြန်စာတွေ ပြတ်တာ၊ ဒေါ်စုကော မအိပ်သေး ဘူးလား''

''အဟင်း ကိုရီးယားကားလေးပြီးမှ''

''မိစန်းကတော့ ဒေါ်စုကိုလည်း ကိုရီးယားကား ပရိသတ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ထားပြီနော်၊ စောစောအိပ်ကြဦး မနက်ကျရင် စုတို့ ခရီးသွား ရမှာ ပြင်ဆင်ပေးဦး''

''ဟုတ်ကဲ့ပါ မမလေးရဲ့၊ စိတ်ချ စိတ်ချ''

သည်အိမ်မှာ ဒေါ်စုနှင့်မစန်းက စုတို့အတွက် အားကိုးစ မိသားစုလိုပါပဲ။ စားသောက်ရေးနှင့် အိမ်မှုကိစ္စအတွက် အလုံးစုံ အား ရပါသည်။

စုတို့ ခရီးထွက်လျှင်လည်း ခြံစောင့်ကြီးဦးသီလနှင့်အတူ အိ ကြီးကို စိတ်ချစွာ အပ်နှံလို့ရ၏။

စု ရေချိုးခန်းဘက် ထွက်ခဲ့ကာ ကိုယ်လက်သန့်စင်ပြီးမှ အိ အပေါ်ထပ်က အခန်းဆီ ပြန်တက်ခဲ့၏။

မျက်ဝန်းတွေက အိပ်စက်ဖို့ လက်မခံသေးပေမယ့် ခုတင်ပေ လှဲလိုက်မိသည်။ ခုတင်ဘေး စားပွဲပေါ်က မောင့်ဓာတ်ပုံလေးကို ကြည့်မ အတွေးတွေက စုခေါင်းထဲ ဝင်လာပြန်သေးသည်။

အခုအချိန်မှာ မောင်နှင့်စုရဲ့ အနာဂတ်သည် လှပငြိမ်းချမ်း ခဲ့ပါသည်။

ဒါပေမဲ့ မဝေးသေးသော အတိတ်ဆီမှာတော့ မောင်နှင့်စု ကြုံဆုံရင် ဆိုင်ရသော ဒုက္ခတွေ သောကပူတွေသည်...။

■ ■ ■



# အခန်း (၂၆)

မောင်နှင့်စုတို့ ဆုံဆည်းကြတာ ရန်ကုန်တက္ကသိုလ် မောင်မယ် သစ်လွင်ကြိုဆိုပွဲတစ်ခုမှာ ဖြစ်သည်။ ဆုံဆည်းကြတာဆိုပေမယ့် ခင်မင် ရွမ်းဝင်ခဲ့ကြတာတော့ မဟုတ်ပါ။

နိုင်စေရာ ဆိုသော မောင့်ကို စု စတင်မြင်တွေ့သတိထားခဲ့မိ သော ဖြစ်ခဲ့သည်။

ထိုစဉ်က မောင်က ဒုတိယနှစ် ပထဝီကျောင်းသား၊ စုဖုရားက ယနှစ် မြန်မာစာကျောင်းသူ ဖြစ်သည်။ ပထမနှစ် ဝိဇ္ဇာကျောင်းသား တွေကို ကြိုဆိုသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ မောင်က သီချင်း တစ်ပုဒ်နှင့် ဖျော်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် ထူးအိမ်သင်၏ 'သူငယ်ချင်းအတွက်' ဆိုသော[illegible] သီချင်းလေးကို မောင် သီဆိုသည်။

စုဖုရား နှစ်သက်သော သီချင်းလေးဖြစ်သလို မောင့်ရဲ့အသံ[illegible] ချို ငြိမ့်ငြိမ့်လေးကြောင့်လည်း 'နိုင်စေရာ' ဆိုသော မောင့်ကို စုဖု[illegible] သတိထားမိသွားခဲ့တာပဲ ဖြစ်သည်။

"ကလေးများအားလုံးသည် ... စာသင်တဲ့ဆရာကိုမျှော်[illegible] တယ် ... စာသင်ခုံတွေလည်း ဖရိုဖရဲ ... ပိုးစားချက်ကိုက်နဲ့ ... ခေါ်[illegible] လောင်းကြီးလည်း အိပ်ပျော်နေဆဲ ... အသံမပြည်နိုင်ရှာတယ် စာ[illegible] သံတွေ ကြားချင်ပါတယ် ... ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ်"

စင်မြင့်ထက်မှာ နိုင်စေရာဆိုသော မောင်သည် တည်တည်[illegible] ငြိမ်ငြိမ်လေးနှင့် သီဆိုဖျော်ဖြေနေခဲ့သည်။ သေသေသပ်သပ် ဆံပင်တို[illegible] လေးနှင့် ရှင်းသန့်ချောမောသော မောင့်မျက်နှာလေးက အသံချိုချို[illegible] နှင့် ပေါင်းစင်လိုက်တော့ သိပ်ကိုချစ်စရာကောင်းနေသည်။

"ကျေးလက်က ဆရာ သူငယ်ချင်းရယ် ... စိတ်ဓာတ်လေ[illegible] ဖြူစင်သန့်ရှင်းတယ် ... အားလုံးအတွက် တာဝန်တွေ ထမ်းဆော[illegible] မယ် ... မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်"

မောင့်သီချင်းသံလေးဆုံးတော့ စု လက်ခုပ်တီး အားပေ[illegible] သည်။ ကျေးဖူးတင်စကားလေး ပရိသတ်ကိုပြောကာ စတိတ်စင်လေးပေ[illegible]



[illegible] မောင် ဆင်းသွားတော့ စု ငေးငေးလေး ကြည့်နေမိဆဲ။

အပြာနုစပို့ရှပ်လက်ရှည်ကို အနက်ရောင်ဘောင်းဘီနှင့် တွဲဝတ်[illegible]ဆင်ထားသော နိုင်စေရာ ဆိုသော သူကတော့ စု ရင်ထဲမှာ စွဲငြိကျန်ရစ်[illegible]ခဲ့သည်။

သည့်နောက်ပိုင်းမှာ မောင့်အရိပ်လေးကို တွေ့လိုတွေ့ငြား စု [illegible]ရောက်တိုင်းမှာ လိုက်ရှာဖွေမိသည်။ ကင်တင်းနဲ့မှာ ကျောင်းဝင်းထဲမှာ [illegible]ကျောက်လေရာတိုင်း ရှာဖွေမိခဲ့၏။

ဆုံဖြစ်တော့လည်း စုရဲ့သူငယ်ချင်း ဆွေဆွေရဲ့ မိတ်ဆက်ပေးမှု[illegible]ကြောင့် သိကျွမ်းခဲ့တာ ဖြစ်၏။

"စု သူက နိုင်စေရာ တဲ့၊ ပထဝီ ဒုတိယနှစ်တက်နေတာ၊ [illegible]ရော စုက စုဖုရား တဲ့၊ မြန်မာစာ ဒုတိယနှစ်လေ၊ စုက ကဗျာရေး[illegible]ရမ်းတော်တယ်၊ အခု ဆွေတို့သူငယ်ချင်းလေးယောက်ပေါင်း ထုတ်ထား[illegible]တဲ့ ကဗျာလေးတွေထဲမှာ စု ကဗျာတွေပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ အနုပညာသမားချင်း ဆုံဆည်းခွင့်ရလို့ [illegible]ဝမ်းသာပါတယ်၊ ကျွန်တော်က ကဗျာတွေ ဝါသနာပါပါတယ်၊ ဒါပေမဲ့ [illegible]သီချင်းဂီတဘက်ကို ပိုအားသန်ပါတယ်"

"အင်း နိုင်စေရာ သီချင်းဆိုတာ စု တွေ့ဖူးပါတယ်၊ မောင် [illegible]ငယ်သစ်လွင်ကြိုဆိုပွဲတုန်းကလေ"



www.burmeseclassic.com

www.burmeseclassic.com



စု သတိတရပြောတော့ သူ့မျက်ဝန်းလေးတွေ ကြည်နူး
သမ်းဖြာသွားခဲ့ကာ ခေါင်းလေးညိတ်ပြသည်။

"ကျေးဇူးတင်ပါတယ် စုဖုရား၊ အခု ကျွန်တော်လည်း စုဖု
တို့ကဗျာစာအုပ်တစ်အုပ်ကို အားပေးဝယ်ပါ့မယ်"

"နင့်ကို မရောင်းပါဘူး စေရာရဲ့၊ လက်ဆောင်ပေးမှာပါ"

ဆွေကပြောတော့ သူ ခေါင်းလေးခါရင်း အိတ်ကပ်ထဲက ငွေ
ကိုထုတ်ယူကာ ကဗျာစာအုပ်ဖိုး ချက်ချင်းရှင်းပေး၏။

"မဟုတ်တာ ငါက ထိုက်ထိုက်တန်တန် အားပေးချင်လို့ပါ
မယူဘူးတော့ မလုပ်ပါနဲ့ ဆွေဆွေရယ်"

"အေးပါ အေးပါ ထားပါတော့ ဩော် ငါ့ရဲ့ကလောင်နာမ
တော့ နင်သိပြီးသားပဲ၊ စု ကလောင်နာမည်က 'အလင်းသခင်' ဖ
ဒီစာအုပ်ထဲမှာ စုက ငါးပုဒ်တောင်ပါတယ်ဟ"

ဆွေကပဲ မိတ်ဆက်ပေးကာ စု ကလောင်အမည်ကို ပြော
သည်။ သူ ခေါင်းလေးညိတ်နားထောင်ကာ စကားတွေပြောပြီး ပြန်သွ
တော့မှ

"ငါက စေရာကို ကဗျာစာအုပ်လေး လက်ဆောင်ပေးမ
စုရဲ့၊ ဟိုလေ သူ့ကို ပိုက်ဆံနဲ့မရောင်းချင်ပါဘူး၊ စေရာက ငွေ
ပြည့်စုံတာ မဟုတ်ဘူး"





"သူက ဖွတ်ပေးသွားတာကို၊ အရမ်းငြင်းလို့မကောင်းဘူးလေ
တာ၊ ပြီးတော့ သူက ငါတို့အနုပညာကို တန်ဖိုးထား အားပေးချင်တဲ့စိတ်
ရှိတာသိလို့ ဘာမှမပြောတော့တာ"

ဆွေ ပြောပြမှ ရှပ်ဖြူလည်ဂတုံးအင်္ကျီလေးနှင့် နက်ပြာရောင်
ဆိုးကွက်စိပ် ဝတ်ဆင်ထားသော သူ့ပုံရိပ်လေးကို စု အာရုံထဲမှာ
မြင်ယောင်မိသည်။

သည့်နောက်ပိုင်းမှာတော့ နိုင်စေရာ ဆိုသော သူ့အကြောင်း
တွေကို ဆွေဆွေ ပြောပြတာကြောင့် စု သိခွင့်ရခဲ့ပါသည်။

ဆွေမရှိ မျိုးမရှိ နိုင်စေရာဘဝလေးက တကယ့်ကို စာနာစရာ
ကောင်းပါသည်။ ရွာဦးဘုန်းကြီးကျောင်းက ဆရာတော်၏ ဒကာတစ်
ယောက်၏ ထောက်ပံ့မှုဖြင့် ရန်ကုန်မှာ ပညာဆက်သင်ကြားခွင့်ရခဲ့သည်
တဲ့။

"စေရာ မိဘတွေမရှိတော့ကတည်းက ရွာကျောင်းဆရာတော်
က ပညာသင်စောင့်ရှောက်ထားတာလေ၊ အခုတော့ ဆရာတော်ရဲ့ ဒကာ
တစ်ယောက်က ပညာသင်စရိတ် ထောက်ပံ့ပေးလို့ ကျောင်းဆက်တက်
နေတာ၊ နေတာကတော့ ဘုန်းကြီးကျောင်းမှာ စုရဲ့"

နိုင်စေရာ ဘဝလေးကို ကြားရတော့ စု ရင်ထဲမကောင်းပါ။
တကယ့်ကို သူ့ဘဝက စုဖုရားဘဝနှင့် ကွာခြားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားဘဝမှာက အရာရာသည် ပြီးပြည့်စုံပြီးသားဖြစ်သည်။ ငွေကြေးဥစ္စာဆိုသည်က စုဖုရားတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက ပြီးပြည့်စုံပြီးဖြစ်သည်။

စု မေမေ ဒေါ်ခင်ထိပ်ထားစုနှင့် ဖေဖေ ဦးထွဋ်တင်ခေါင်တို့ နှစ်ဦးစလုံးက ဂုဏ်ဒြပ်ကော ဥစ္စာနေပါ ပြီးပြည့်စုံပြီးသား ဖြစ်ကြသည်။

စုတို့ မွေးချင်းလေးယောက်မှာလည်း စုကအငယ်ဆုံး သမီးမို့ အားလုံးရဲ့အလိုလိုက်ခြင်းကို ခံခဲ့ရသည်။

ကိုယ်ပိုင် လင်ခရူဆာကားနှင့် ကျောင်းတက်နိုင်သော စုသည် မိသားစုထဲမှာတော့ ခေါင်းမာပြီး ပေတေတေနိုင်လွန်းသော သမီးဟု အားလုံးက သတ်မှတ်ခဲ့ကြပါသည်။

ဆယ်တန်းအောင်တော့ အမေရိကားမှာ ပညာဆက်သင်ဖို့ မေမေတို့စီစဉ်ပေးကြတာကို ခေါင်းခါငြင်းဆန်ပြီး မြန်မာပြည်မှာပဲ မြန်မာစာ အဓိကနှင့် ဝိဇ္ဇာကျောင်းသူဘဝကို ရွေးချယ်ခဲ့၏။

စု ဝါသနာပါသော ကဗျာတွေ၊ စာတွေကို မေမေတို့မသိအောင် ရေးဖြစ်ခဲ့သည်။ အစ်ကိုအစ်မတွေက ဆရာဝန်တွေ၊ အရာရှိတွေ တကယ့် ပညာတတ် ဂုဏ်သရေရှိတွေ ဖြစ်ခဲ့ပေမယ့် စု ဝါသနာက အနုပညာ ဖြစ်နေခဲ့၏။

ထို့အတွက် မိဘနှင့်အစ်ကိုအစ်မတွေက နှာခေါင်းရှုံ့ကြပေမယ့်





...တော့ နောက်မဆုတ်ခဲ့ပါ။

အခုလည်း စု ငွေနှင့် သူငယ်ချင်းတွေစုပေါင်းကာ ကဗျာစာ ...ုပ်လေး ထုတ်ဖြစ်သည်။ မေမေတို့ မရိပ်မိအောင် စု၏ကလောင် ...ည်ကို လျှို့ဝှက်ထားကာ ဆွေဆွေကို စီစဉ်ခိုင်းခဲ့၏။

ဒီကဗျာစာအုပ်လေးကို အကြောင်းပြုကာ စုနှင့်နိုင်စေရာတို့ ...ရင်းနှီးခင်မင်ခဲ့ကြပါသည်။

"စုဖုရားရဲ့ကဗျာလေးတွေကို ကျွန်တော် ကြိုက်တယ်၊ အထူး ...ဖြင့် ချစ်သူ့လေပြည် ဆိုတဲ့ ကဗျာလေးကို ပိုသဘောကျတယ်"

"ကျေးဇူးတင်တယ် စေရာ၊ ကင်တင်းနဲ့မှာ စိတ်ကြိုက်စားပါ၊ ...ကျွေးပါ့မယ် အဟင်း ဟင်း"

"ဟာ စားချင်လို့ မြှောက်ပြောတာ မဟုတ်ပါဘူးဗျာ၊ တကယ် ...ပြောတာပါ၊ ယုံကြည်ချက်ဆိုတဲ့ကဗျာနဲ့ ငါရဲ့အနာဂတ်ဆိုတဲ့ ကဗျာတွေ ...ဖတ်ရတော့လည်း အရမ်းခွန်အားဖြစ် တက်ကြွစေတယ်"

စေရာက ကဗျာတစ်ပုဒ်ချင်းကို အလေးအနက်ထား ဝေဖန် ...ချီးကျူးနေတော့ စု ကျေနပ်မိသည်။

"အကြိုက်ဆုံးကတော့ ချစ်သူ့လေပြည် ပဲ၊ အဲဒီကဗျာစာသား ...သားနဲ့ အဓိပ္ပာယ်က အရမ်းလှပတယ်၊ ကျွန်တော် သီချင်းလေးတစ်ပုဒ် ...ဆို ခံစားမိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆို စေရာအတွက် သီချင်းအဖြစ် စု ကြိုးစား ရေးကြည့်မယ်လေ၊ စေရာ ဆိုမလား"

"အင်း စုဖုရား ရေးကြည့်ပါလား၊ ကျွန်တော် စိတ်ဝင်စား တယ်"

"အရမ်းတော့ ဂီတနတ်တွေ စု နားမလည်ဘူးနော်၊ လိုတာ ရင် စေရာပဲ ပြင်ပေးပေါ့"

"ရတယ် စု၊ ရေးလေ ကျွန်တော် အားလုံး ပြင်ပေးနိုင်ပါတယ်"

စကားပြောလျှင် အမြဲတမ်း သိမ်မွေ့နူးညံ့နေတတ်သော နူး စေရာရဲ့ အမူအရာလေးကိုကြည့်ကာ စု ပိုလို့ ခင်မင်တွယ်တာမိခဲ့သည်။

အနုပညာဝါသနာတူသော စေရာနှင့်စုတို့ ခင်မင်ကျွမ်းဝင်မှု အချိန်တိုလေးမှာပဲ ခိုင်မြဲခဲ့ပါသည်။

စေရာအတွက် စု ရေးပေးသော ချစ်သူ့လေပြည် သီချင်းလေး ကို စေရာက သီဆိုပြီး ကက်ဆက်ခွေလေးနှင့် သွင်းပေးသည်။

"လေပြည်ချစ်သူ ... ကြင်နာခြင်းတွေ ... မွှေးပျံ့ခြင်းတွေ လေပြည်လေးလိုဆောင်ယူလာ... ချစ်သူရဲ့လေပြည်လေး ... ရင်ခွင် ထဲမှာ ငြိမ်းချမ်းမွှေးပျံ့သွားခဲ့တယ် ... မင်းလေးရဲ့လေပြည် ... ချစ်သူ့ လေပြည်"

စုရဲ့ကဗျာလေးက ဂီတသံစဉ်ချိုချိုလေးနှင့်အတူ စေရာရဲ့ အသံ





စုရဲ့ကဗျာလေးက ဂီတသံစဉ်ချိုချိုလေးနှင့်အတူ စေရာရဲ့ အသံ
ကြည်ကြည်လေးနှင့် လိုက်ဖက်လွန်းပါသည်။

စု ရင်ထဲမှာ စိမ့်ဝင်စီးမျောရင်း ကြည်နူးမိတာတော့ အမှန်ပဲ ဖြစ်၏။ စေရာရဲ့အသံနှင့်ဂီတ အနုပညာပေါ်မှာ ချစ်မြတ်နိုးစိတ် ကြီးမား လွန်းတာတွေ သိလာရတော့ စု အားပေးစကားတွေ ဆိုမိသည်။

"ကိုယ်ကတော့ တစ်ချိန်မှာ အဆိုတော်တစ်ယောက်ဖြစ်ချင် တယ် စု၊ ဒါပေမဲ့ လက်တွေ့မှာတော့ အိပ်မက်တစ်ခုပဲပေါ့"

"မဟုတ်တာ စေရာ အသံက ကောင်းတယ်၊ ပါရမီပါတဲ့အသံ ဆိုတာ စု ကောင်းကောင်းသိတာပေါ့၊ ဝါသနာနဲ့ဖြစ်အောင် ကြိုးစား ရင် ဘာလို့မဖြစ်နိုင်ရမှာလဲ စေရာ ကြိုးစားပါ၊ စုလည်း စေရာအတွက် သီချင်းလေးတွေရေးဖြစ်အောင် ကြိုးစားနေတယ်"

စေရာအတွက် ရည်စူးကာ စု သီချင်းလေးတွေ ရေးဖြစ်နေ တာလည်း အမှန်ပဲဖြစ်သည်။ ဒါကို စေရာ နားလည်နိုင်မည်လား။ ပြည့်စုံသော စေရာရဲ့ဘဝလေးကို စု စာနာသနားစိတ်တွေနှင့် နှောင် ဖွဲ့နေမိတာတော့ အမှန်ပဲဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အမြဲတမ်း သိမ်ငယ်စိတ်တွေနှင့် ရှိတတ်သော နိုင်စေရာသည် စုရဲ့ ကဗျာတွေကိုတော့ ခံစားနားလည်ပေးနိုင်သူတစ်ယောက် ဖြစ်သည်။

ဒါကြောင့်လည်း နိုင်စေရာအပေါ်မှာတော့ စု တကယ့်ကို ခ မင်ပါသည်။ စုနှင့်နိုင်စေရာတို့ ဘဝအခြေအနေတွေ ဘယ်လောက် ကွာခြားပါစေ စုရဲ့ ခင်မင်သံယောဇဉ်တွေက မပြောင်းလဲခဲ့ပါ။

“စေရာ မဖြစ်ဖြစ်အောင် လာရမယ်နော်”

“အင်း ကိုယ် လာဖြစ်အောင် ကြိုးစားမှာပါ”

စု မွေးနေ့အထိမ်းအမှတ်အဖြစ် သူငယ်ချင်းတွေကို ရက်စဲ ရင့်တစ်ခုမှာ ကျွေးမွေးမည့်အစီအစဉ်အတွက် နိုင်စေရာ မရေ





ပြောတော့ စု အလိုမကျပါ။

“လာဖြစ်အောင်တွေ ကြိုးစားမှာတွေ မလုပ်နဲ့ စေရာ၊ စေရာ မလာလို့ကို မဖြစ်ဘူး၊ စု လူတွေအများကြီး ဖိတ်မထားဘူး၊ ပြီးတော့ အရင်းနှီးဆုံးသူငယ်ချင်းတွေလောက်ပဲပါတာ”

“အင်း ကိုယ် လာခဲ့ပါမယ် စုရယ်”

“ဘာလက်ဆောင်မှ မလိုအပ်ဘူးနော် စေရာ၊ အဓိက က စေရာ ရောက်အောင်လာဖို့ပဲ လိုတယ်”

စု ပြောတုန်းကတော့ ခေါင်းလေးညိတ်ကာ ကတိပေးခဲ့သော စေရာသည် နောက်တစ်နေ့မနက် စုရဲ့မွေးနေ့ အထိမ်းအမှတ်ပွဲလေးကို ရောက်မလာခဲ့ပါ။

ရက်စတောရင့်လေးရှေ့မှာ စုတို့သူငယ်ချင်းတွေ စုံလင်စွာ ရောက်နေသည့်တိုင် နိုင်စေရာ ရောက်လို့မလာခဲ့ပါ။

“သူ နောက်ကျနေတာ ထင်တယ်”

“အေး စေရာက လာတော့ လာမှာပါ၊ နင် အသေအချာ မှာ ထားတာပဲဟာ”

ဆွေဆွေနှင့်ကေသီက မျက်နှာလေးညှိုကာ တမျှော်မျှော်ဖြစ် နေသော စုကို အားပေးနှစ်သိမ့်စကားဆိုကြသည်။

ကိုးနာရီချိန်းထားသော အချိန်ကို နာရီဝက်တိတိကျော်လွန်



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ စေရာ ရောက်မလာတော့ စု ပင့်သက်လေး ရှိုက်ကာ လက်လျှော့လိုက်ရသည်။

သူငယ်ချင်းတွေနှင့် ပျော်ပျော်ရွှင်ရွှင်ကျင်းပဖြစ်သော စုရဲ့ မွေးနေ့ပွဲလေးက ကျေနပ်ပြည့်စုံခြင်းမရှိခဲ့တာတော့ သေချာပါသည်။

ပွဲပြီးဆုံးကာ ပြန်ကြတော့ ဆွေဆွေက စုကို တိုးတိုးလေး ကပ်ကာ ပြောသေးသည်။

"တစ်ခုခုကြောင့်ထင်တယ် စုရဲ့၊ မနေ့က ငါနဲ့တွေ့တယ် သူ လာမယ်လို့ ငါ့ကိုပြောသေးတယ်"

"ဘာပဲဖြစ်ဖြစ် သူ ရောက်အောင် လာသင့်တယ်ဟာ၊ ငါ တကယ် စိတ်မကောင်းဘူး"

အိမ်ပြန်ရောက်သည်အထိ စု ရင်ထဲမှာ မတင်မကျ ဒေါသတွေ နှင့် စေရာအပေါ်မှာ လက်မခံနိုင်ဖြစ်နေခဲ့ရသည်။ မနက်ဖြန် တနင်္ဂနွေ သည်လည်း ကျောင်းပိတ်ရက်မို့ စေရာနှင့် မဆုံနိုင်သေး။

တနင်္လာနေ့ ကျောင်းပိတ်ရက်အထိတောင် စု စိတ်က စောင့် နိုင်စွမ်းမရှိတော့တာမို့ နောက်တစ်နေ့မှာပဲ စေရာ နေထိုင်သော မြို့သစ် လေးက ဘုန်းကြီးကျောင်းအထိ လိုက်ခဲ့သည်။

ကျောင်းဝင်းထဲမှာ တံမြက်စည်းလှဲနေသော စေရာကို အသင့် တွေ့၏။ စုကိုမြင်တော့ အံ့ဩမျက်ဝန်းတွေနှင့် မင်သက်မယုံနိုင်သလို





ကြည့်ရင်း အနားကို အပြေးလေး ရောက်လာသည်။

"စု စု ဒီကိုလာတယ် ဟုတ်လား"

"ဟုတ်တယ် စေရာ ရှင့်ကို စု တော်တော် ဒေါသဖြစ်နေတာ ကော်ဖြန်တောင် မစောင့်နိုင်လို့ လာခဲ့တာ၊ ပြောစမ်းပါဦး မနေ့က ဘာလို့ရောက်မလာတာလဲ"

"ကိုယ် တောင်းပန်ပါတယ် စုရယ်"

မျက်နှာငယ်လေးနှင့် စေရာ တောင်းပန်နေတော့ စု သနား တော့ သနားမိသည်။ ဒါပေမဲ့ မောင်းတင်လာသော ဒေါသတွေကိုတော့ လျှော့ချနိုင်ပါ။

"ကဲ စေရာ ရှင် ကျွန်မနဲ့ခဏလိုက်ခဲ့၊ အပြင်မှာ ရှင်နဲ့ကျွန်မ ပြောစမ်းမယ်၊ ကျောင်းဝင်းထဲမှာဆိုတော့ မကောင်းဘူး"

"ဟို အဲ ခဏလေး ကိုယ် အဝတ်အစားလေး လဲပါရစေ"

ချိုင်းပြတ်စွပ်ကျယ်လေးနှင့် ပုဆိုးအဟောင်းလေး ဝတ်ထား သော စေရာ စုကို ခွင့်တောင်းကာ ခပ်သုတ်သုတ်လေး ထွက်သွားခဲ့၏။

ခဏကြာတော့ အဝတ်အစားလဲလှယ်ပြီး စေရာ ပြန်ထွက်လာ သည်။ ကျောင်းဝင်းရှေ့မှာ ရပ်ထားသော စုရဲ့လင်ခရူဆာကားကြီးပေါ် ရောက်သည်အထိ စေရာ ဘာမှမပြော။

စု ကားကို မောင်းထွက်ခဲ့တော့ စေရာ မဝံ့မရဲလေး မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမလို့လဲ စု"

သူ့အမေးကို စု မဖြေဘဲ မျက်ခုံးတန်းတန်းလေးတွေ စုကာ ကြည့်ပစ်ရင်း

"မမေးနဲ့စေရာ မနေ့က စေရာ လုပ်ပုံကောင်းသလား၊ တော်တော် စိတ်ဆိုးတာ"

"စိတ်မဆိုးပါနဲ့ စု၊ အမှန်ဝန်ခံရရင် ကိုယ် စု ချိန်းထားတဲ့နေရာ ကို ရောက်အောင် လာခဲ့သေးတယ်"

"ရှင် မလိမ်နဲ့ စေရာ၊ ဆိုင်ရှေ့မှာ ကျွန်မတို့အုပ်စု မတ်တတ် စောင့်နေကြတာ နာရီဝက်မကဘူး"

"ကိုယ် တကယ်တောင်းပန်ပါတယ် စု၊ ကိုယ် ကားပေါ်က အဆင်းမှာ ဖိနပ်က ပြုတ်သွားတယ်၊ ပထမတော့ ဒီအတိုင်း မရော ရောက်အောင် လာဦးမလို့ပဲ၊ ရက်စတောရင့်ကြီးထဲကို ခြေဗလာကြီး ဝင်လာရမှာ ဘယ်လိုမှ မသင့်တော်ဘူး၊ ဒါကြောင့် မလာဖြစ်တော့တာ ဖိနပ်ဝယ်ဖို့ ကိုယ့်အိတ်ထဲမှာ ငွေပိုမပါပါဘူး စုရယ်"

သူ ပြောမှ စု သူ့ခြေဖဝါးတွေကို ကြည့်မိသည်။ သူ့ခြေထောက် မှာ စီးထားတာက ဂျပန်ဖိနပ်အဟောင်းတစ်ရံဖြစ်နေ၏။

"ဒီမှာ စုအတွက် ကိုယ် တတ်နိုင်သလောက် မွေးနေ့လက် ဆောင်လေးတောင် ဝယ်ထားတာ"





ပြောရင်း အိတ်ကပ်ထဲက ရွှေရောင်ဖောင်တိန်လေးကို သူ ထုတ်ယူကမ်းပေးနေသည်။ စု မယုံနိုင်သလို ဖြစ်ကာ မောင်းနေသော ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်မိ၏။

"ယူပါ စု၊ ကိုယ့်လက်ဆောင်က တန်ဖိုးမရှိပေမယ့် စု ကဗျာ တွေရေးရင် ကိုယ့်ကိုသတိရဖြစ်အောင် ရည်ရွယ်ချက်နဲ့ပါ"

"စေရာရယ် ကျေးဇူးတင်ပါတယ်"

ရွှေရောင်ဖောင်တိန်လေးကို ကြည့်ကာ စု ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။ တန်ဖိုးမရှိဘူးဆိုပေမယ့် ဒီဖောင်တိန်လေးအတွက် စေရာ ရှိမဲ့ ငွေလေးတော့ ကုန်သွားမှာသေချာ၏။

ပြီးတော့ စေရာ စီးနေကျ သားရေစိမ်းဖိနပ်လေး ပြုတ်သွားလို့ မွေးနေ့ပွဲ ရောက်မလာတာကိုလည်း စာနာနားလည်မိ၏။

"စု ကိုယ့်ကို စိတ်မဆိုးတော့ဘူးမို့လား"

စု မျက်နှာလေးကိုကြည့်ကာ ပြောသော သူ့မျက်ဝန်းတွေကို ကြည့်နေရင်း စု ရင်ထဲမှာ ဝမ်းနည်းစိတ်တွေ လှိုက်တက်လာသည်။

"ဟင် စု စု ဘာလို့ ငိုနေတာလဲ"

စု ခေါင်းကိုခါရမ်းမိတော့ မျက်ရည်တွေ ပါးပြင်ပေါ် လိမ့်ဆင်း ကြသည်။ ရင်ထဲမှာ ဝမ်းနည်းစိတ်တွေက စု မျက်ရည်တွေကို မတား နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"စု စု ဘာဖြစ်တာလဲဟင်၊ ကိုယ် ကိုယ်တောင်းပန်"

"ဟင့်အင်း ဟင့်အင်း စေရာ တောင်းပန်ရမှာ မဟုတ်ပါဘူး စု စုက တောင်းပန်ရမှာပါ၊ စု အထင်လွဲသွားမိတာပါ"

စု မျက်ရည်စတွေကို ပွတ်သုတ်ပစ်ရင်း ဆိုမိသည်။ မတူညီသော ဘဝတွေကြောင့် သူနှင့်စုကြားမှာ စုဘက်က နားလည်နိုင်မှုတွေ ကင်းခဲ့တာ နောင်တရမဆုံး။

သူ့လက်ဆောင် ရွှေရောင်ဖောင်တိန်လေးကို စု လက်ကိုင်အိတ်လေးထဲ ထည့်သိမ်းရင်း သူ့ကို ပြုံးကြည့်လိုက်၏။

"စေရာပေးတဲ့ လက်ဆောင်လေးကို စု အမြတ်တနိုး သိမ်းဆည်းထားမှာပါ၊ ကဲ အခု စေရာ စုနဲ့လိုက်ခဲ့နော်၊ ဒီနေ့တစ်နေ့လုံး စု အတွက် အချိန်ပေးနိုင်မယ် မဟုတ်လား"

သူ ခေါင်းလေးညိတ်ပြတော့ စု ကားကို ဆက်မောင်းခဲ့သည်။ ဖိနပ်ရောင်းသော စတိုးဆိုင်လေးရောက်တော့ စု ကားကို ထိုးရပ်ရင်း

"ခဏလေးစောင့်နော် စေရာ"

သူ ယောင်နနနှင့် ခေါင်းလေးညိတ်တော့ စု ကားတံခါးဖွင့် ဆင်းခဲ့ပြီး ဖြစ်သည်။

မြမာလာ ကတ္တီပါဖိနပ်လေးကို စု ဝယ်ဖြစ်သည်။ ပြီးတော့ ဖိနပ်ဘူးလေးယူကာ ကားပေါ်ရောက်တော့





"ရော့ စေရာနဲ့ တော်ပါ့မလား စီးကြည့်ပါဦး"

"ဟာ မဟုတ်တာ စုရယ်၊ ကိုယ် မယူချင်ပါဘူး"

"မယူလို့မရဘူး စေရာအတွက် လိုအပ်နေတာလေ၊ အဲဒီဖိနပ်ကြီးချွတ်ပြီး စီးကြည့်စမ်းပါ၊ မတော်ရင် ချက်ချင်းလဲရအောင်"

စေရာ ဘာမှမပြောနိုင်ဘဲ စု ဖွင့်ပေးနေသော ဖိနပ်လေးကို ကြည့်တော့ အဆင်ပြေပါသည်။

"အဲဒီဖိနပ်ပဲ စီးလိုက်တော့လေ၊ အခု စုတို့ ရွှေတိဂုံဘုရား သွားကြမယ်၊ စု မွေးနေ့က ဒီနေ့လေ၊ မနေ့က အကြိုကွှေးမွေးပြုစုပေးတာ၊ အခု ကုသိုလ်ပြုချင်လို့"

"အင်း ကိုယ် လိုက်ခဲ့ပါ့မယ်"

ပြောရင်း စေရာက ဖိနပ်အဟောင်းကို ဘူးထဲပြန်ထည့်သိမ်းဆည်းနေတာမို့ စု ရယ်လိုက်ရင်း

"ဘာလို့ ပြန်ယူနေမှာလဲ စေရာရယ်၊ လွှင့်ပစ်ခဲ့စမ်းပါ"

"မလုပ်နဲ့ စုရဲ့၊ ဟို ဒါက ကပ္ပိယကြီးဖိနပ် ငှားစီးလာတာ ပြန်ပေးရမှာပေါ့"

စေရာ ရှက်ပြုံးလေးနှင့်ပြောတာ ဖြစ်ပေမယ့် စုရင်ထဲမှာ နင့်ခနဲဖြစ်သွားရကာ မရယ်နိုင်ခဲ့ပါ။

ထိုနေ့က ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ စုတို့အတူ ဘုရားဝတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



ရင်း ကုသိုလ်အလှူတွေပြုဖြစ်သည်။ ပြီးတော့ စားသောက်ဆိုင်လေး[illegible]
မနက်စာ စားဖြစ်သည်။

စားသောက်ပြီးတော့ စု ကားကို ရန်ကင်းစင်တာဘက် မော[illegible]
ခဲ့၏။ စေရာကတော့ စု အလိုကျ ဘာမှမငြင်းဆိုဘဲ ငြိမ်သက်[illegible]
လိုက်ပါလာသည်။

ပလာဇာထဲမှာ စု စိတ်ကြိုက်ဝယ်နေသမျှ အနားမှာ စေ[illegible]
နှုတ်ဆိတ်ကာပဲ ပါလာ၏။

"စု ဝယ်တာတွေ များလှချည်လား"

"စု မွေးနေ့အတွက် လက်ဆောင်ပေးချင်လို့လေ"

စု ပြောတော့ ခေါင်းလေးညိတ်ကာ လက်ဆွဲအိတ်တွေကို စေ[illegible]
ဝိုင်းကူသယ်ပေးသည်။

ကားနောက်ခန်းထဲမှာ ဝယ်လာသော အဝတ်အစား အိတ်[illegible]
ထည့်ပြီးတော့မှ

"စေရာ အဲဒီအဝတ်အစားတွေအားလုံး စေရာအတွက်[illegible]
မွေးနေ့လက်ဆောင်ပေးတာ"

"ဘာရယ် မဟုတ်တာ၊ ကိုယ် မယူချင်ဘူး စု"

"ဘာလို့ မယူရမှာလဲ"

"စု ကိုယ် တောင်းပန်ပါတယ်၊ အဲဒီပစ္စည်းတွေကို ကို[illegible]
မယူပါရစေနဲ့"





စေရာ ဖွတ်ငြင်းနေတော့ စု မျက်နှာလေး ချက်ချင်း မာတင်း
သွားခဲ့ရင်း

"ကောင်းပြီလေ စေရာအတွက် ဝယ်ထားတာ မယူဘူးဆိုရင်
သည်း အကုန်အမှိုက်ပုံးထဲ လွှင့်ပစ်ရုံပေါ့"

ပြောရင်း စု စိတ်မြန်လက်မြန် ကားတံခါးဆွဲဖွင့်ဆင်းမည်ပြု
တော့ စေရာ စုလက်ကို ကသောကမျောလေး ဆွဲရင်း

"စု မဟုတ်တာ အဲဒီလို မလုပ်နဲ့လေ"

"ဒါဆို စေရာ ယူမလား၊ မယူဘူးလား ပြော"

"စုရယ် အဲဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းတွေ ကိုယ် မယူချင်
လို့ပါ"

"နေပါဦး စေရာ၊ စေရာနဲ့စုကြားမှာ တန်ဖိုးကြီးတာ သေးတာ
တွေက အရေးပါလို့လား ကဲ ပြောစမ်းပါ၊ ယူမှာလား လွှင့်ပစ်ရမှာလား"

ပင့်သက်မောလေးရှိုက်ကာ စေရာ ခေါင်းလေးညိတ်တော့ စု
ကျေနပ်ဝမ်းသာစွာ မျက်နှာလေး ရွှင်ပြုံးသွားခဲ့သည်။

တကယ့်ကို ဖြူစင်ရိုးသားလွန်းတဲ့ စေရာအပေါ်မှာ အနိုင်ယူ
သလို ဖြစ်နေပြီလား။

ဒါဆိုရင်လည်း စု ရင်ထဲကို ခံစားနားလည်စွာ ခွင့်လွှတ်ပေး
[illegible] စေရာရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သည့်နောက်ပိုင်းမှာ စု ရေးဖြစ်ခဲ့သည်က ကဗျာတွေထ… သီချင်းလေးတွေပဲ ဖြစ်ခဲ့လေသည်။

စုရဲ့ကဗျာစာသားလေးတွေက စေရာအတွက် သီချင်းလေး… ဖြစ်လာခဲ့သလို နှစ်ဦးကြားက သံယောဇဉ်တွေက ဒုတိယနှစ် စာသင်… တွေ ကုန်ဆုံးခဲ့တော့ ပွင့်လင်းသော ချစ်သူတွေအဖြစ် အရောင်ပြော… ခဲ့သည်။

မောင့်ကို ချစ်သော ချစ်ခြင်းတွေနှင့်လည်း စု အရာရာ… ရင်ဆိုင်ရဲသော ခွန်အားတွေ ရှိခဲ့ပါသည်။

မောင့်ရဲ့အခွေကြမ်း သီချင်းခွေလေးကိုယူကာ နှစ်ယောက်သ…





…တူဒီယိုတွေကို ရောက်ခဲ့တာလည်း အခါခါဖြစ်ခဲ့၏။

"အင်း သီချင်းလေးတွေက ကောင်းသလို အသံကလည်း …ဆိုးပါဘူး၊ ဒါပေမဲ့ အဆိုတော်အသစ်တစ်ယောက်ကို တင်ပေးရလောက် …အောင် အန်ကယ်တို့ဘက်က မစဉ်းစားရဲဘူး"

ထုတ်လုပ်သူ ပရိုဂျူဆာတွေရဲ့စကားတွေက မောင့်ရဲ့မျှော်လင့် …ချက်တွေကို မှုန်ဝါးစေခဲ့၏။ စုကတော့ ယုံကြည်ချက်နှင့် ဒီတေးသံသွင်း …က အဆင်မပြေလျှင် နောက်တေးသံသွင်းကို ဝင်သည်။

"ဟင့်အင်း အန်တီတို့က အသစ်တင်ဖို့ ရည်ရွယ်ချက်မရှိဘူး၊ အဲဒီလောက်အထိလည်း ရင်းနှီးမြှုပ်နှံဖို့ သတ္တိမရှိဘူး"

"အဆိုတော်အသစ်တစ်ယောက် တင်တယ်ဆိုတာ စွန့်စားရတဲ့ …ကိစ္စကြီးပဲဗျ၊ သီချင်းတွေ ဘယ်လောက်ပဲကောင်းကောင်း အောင်မြင်ဖို့ …ဆိုတာ ခက်ခဲလွန်းတယ်၊ စိတ်မကောင်းဘူးဗျာ"

ထုတ်လုပ်သူ စီးပွားရေးသမားတွေရဲ့ လေသံက တညီတညာ …ည်းပဲ ဖြစ်သည်။ ရင်းနှီးစိုက်ထုတ်ရမည့် ငွေကြေးက ပေါ့သေးသေး …ဟုတ်တော့လည်း စုတို့ အိပ်မက်တွေက အိပ်မက်တွေအဖြစ်သာ ရှိခဲ့၏။

တေးသံသွင်းတစ်ခုက ပြန်ထွက်တိုင်း စိတ်ပျက်ညစ်ညူးနေ …သော မောင့်ကို အားပေးနှစ်သိမ့်ရတတ်တာက စုပဲဖြစ်၏။

"စိတ်ဓာတ်မကျစမ်းပါနဲ့ မောင်ရယ်၊ တကယ် အရည်အချင်း…



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် တစ်နေ့ အောင်မြင်မှာပါ''

''စုရယ် မြန်မာပြည်မှာ တေးထုတ်လုပ်ရေးဆိုတာက လက်ဖျ

ရေတွက်လို့ရတာပဲ မောင်တော့ စိတ်ဓာတ်ကျတာ အမှန်ပဲ''

''ဝါသနာနဲ့ ယုံကြည်ချက်ကို လျော့မပစ်စမ်းပါနဲ့ မောင်ရယ်

တစ်ဇနီး မောင့်ဆန္ဒတွေ ပြည့်ဝလာမှာ သေချာပါတယ်''

အားသာပေးရသည်။ အမှန်လည်း စုကိုယ်တိုင် စိတ်ပျက်ချ

နေပြီ။ ပရိဂ္ဂုဆာတိုင်းရဲ့ ငြင်းပယ်စကားတွေက အင်အားမဲ့လွန်းသည်

လောကကြီးမှာ ငွေကြေးဆိုသော သက်မဲ့ရုပ်ဝတ္ထုတစ်ခု၏ အရှိန်အဝါက

သည်လောက်အထိ အရေးပါလွန်းသည်လား။

ဘာပဲဖြစ်ဖြစ် မောင် ရည်ရွယ်ချက် ဆန္ဒကြီးကို စု ဖြည့်ဆွမ်

ပေးချင်ပါသည်။ ဒါပေမဲ့ လက်ရှိမှာ စုဖုရားဆိုသော စု ဘဝသည်လည်

မိဘအရိပ်အောက်မှာနေကာ ပညာသင်ကြားနေရသည့် ဘဝပဲရှိသေ

တော့လည်း

''ကျွိ''

အနားမှာ ငြိမ့်ခနဲ ထိုးရပ်သော ကားကြောင့် စု အတွေးမျော

တွေ လွင့်စင်ကာ လှည့်ကြည့်တော့

''ဟင် ကိုကိုကြီး''

ဝုန်းခနဲ ကားတံခါးဖွင့်ဆင်းလာသော ကိုကိုကြီး မျက်နှာ





ဘာတင်းခက်ထန်နေ၏။ နောက်ခန်း ပြတင်းတံခါးဆီမှ မေမေ့ရဲ့ရှုံးနှစ်

နေသော မျက်ဝန်းတွေမှာ ဒေါသရိပ်တွေ စင်းဝင်းတောက်လျက်

''မိစု နင့်အချိုးတွေကို ငါ မသက်ာတာ ကြာပြီ''

''သားကြီး ခုချက်ချင်း သူ့ကို ကားထဲ ဆွဲသွင်းစမ်း''

မေမေ အမိန့်စကားအဆုံးမှာ ကိုကိုကြီး စုလက်ကို ဆောင့်ဆွဲ

ကာ ဆွဲခေါ်သည်။

စု လက်ဖဝါးကို ဆုပ်ကိုင်ထားသော မောင့်လက်တွေ ပြေလျော့

သွားခဲ့ကာ မောင် မင်သက်စွာ ရပ်ကြည့်ကျန်ရစ်ခဲ့၏။

''စေရာ''

''ဟာ နင်ဝင်စမ်းဟာ''

ကားတံခါး ဆွဲဖွင့်ကာ စု ကျောပြင်ကို ကိုကိုကြီး ခပ်ကြမ်းကြမ်း

တွန်းကာ ထည့်သည်။

ဒရိုင်ဘာ ဦးစိုင်းက ကားကို ဝူးခနဲ မောင်းထွက်တော့ မင်သက်

ငေးကြည့်ရင်း ကျန်ရစ်ခဲ့သော မောင့်မျက်နှာလေးက သိမ်ငယ်စွာ။

စု ရင်ထဲမှာ နာကျင်ခံစားလိုက်ရသော ဝေဒနာက နင့်ခနဲ။

■ ■ ■

''ပြောစမ်း စုဖုရား၊ အဲဒီကောင်က ဘယ်သူလဲ၊ ဘယ်ကလဲ''

အိမ်ရောက်သည်နှင့် မေမေ့ရဲ့ မာထန်ပြတ်သားသော မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ကို စု ရင်ဆိုင်ရတော့သည်။ ကိုကိုကြီး အကြည့်တွေက စုအပေါ်မှာ ရှာစက်ဆုပ်သလို စိုက်ကြည့်နေရင်း

"မေမေ့ကို သား အကြိမ်ကြိမ် သတိပေးနေသားပဲ၊ မိစု ဒီကောင်နဲ့တွေ့နေတာ ကြာပြီ"

"ဟုတ်လား စုဖုရား၊ ပြောစမ်း ညည်းနဲ့ဘယ်လိုပတ်သက်နေ သလဲ"

"နိုင်စေရာက သမီးချစ်သူပါ မေမေ"

"ဘာရယ်"

မေမေ့မျက်ဝန်းတွေ မယုံနိုင်သလို ပြူးလျက် စုဖုရားကို စိုက်ကြည့်နေခဲ့သည်။ ကိုကိုကြီးက မျက်နှာကို ရှုံ့မဲ့ချပစ်ရင်း

"ဒီကောင် ဘာကောင်လဲ သား သိတာပေါ့၊ တစ်ကောင်ကြွက် ဘုန်းကြီးကျောင်းမှာ ကပ်နေရတဲ့ကောင်"

"ဟင် ဟုတ်လား စုဖုရား၊ အဲဒီလို ယောက်ျားနဲ့ နင်က ပတ်သက်နေတယ် ဟုတ်လား"

မေမေ ရင်ဘတ်ကို လက်နှင့်ဖိရင်း တုန်လှုပ်သလို ရေရွတ်သည်။ ဆွေဂုဏ် မျိုးဂုဏ်ထည်ဝါသော မေမေ့အတွက်တော့ မောင့်ရဲ့ အခြေအနေက ဘယ်လိုမှ လက်မခံနိုင်စရာဆိုတာ စုဖုရား သိပါသည်။

"ဝန်ခံလိုက်လေ မိစု၊ ဘာမှ အဆင့်အတန်းမရှိတဲ့ ကလေကချေကောင်ကိုမှဟာ ငါတို့သိက္ခာကျတယ်"

ဗျူး၁၇၆၀



"စေရာကို ဒီလို မပြောပါနဲ့ ကိုကိုကြီး၊ နိုင်စေရာက ငွေကြေး ချမ်းသာပေမယ့် ရိုးသားဖြူစင်တယ်၊ စုလိုပဲ တတိယနှစ်ပထဝီ တက်နေ ခဲ့သူ"

"တော် ထပ်မပြောနဲ့၊ အနုပညာသမားယောင်ယောင် ဘာ ယောင်ယောင်နဲ့ကောင်ဆိုတာကအစ ငါ သိတယ် မိစု"

"အမလေးတော် ဘာမှအဆင့်အတန်း မရှိတဲ့ ယောက်ျား တစ်ယောက်ကိုမှ နင်က ဒီလို ပတ်သက်နေရတယ်ပေါ့"

"သိပ်ရှက်ဖို့ကောင်းတယ် စုဖုရားရယ်၊ ညီမလေးကို မမတို့ အားလုံး အလိုလိုက်ပေးနိုင်တယ်၊ ဒီလိုကိစ္စတော့ လက်မခံဘူး"

ငြိမ်သက်စွာ နားထောင်နေသော အစ်မ စံထိပ်ထားကလည်း လက်မခံနိုင်စွာ ဝင်ပြောသည်။ ဆရာဝန်လောင်း စံထိပ်ထားသည် ပညာ တတ်သလို မာနကလည်း ခေါင်ခိုက်လွန်းသည်။

သွေးရင်းချာ မောင်နှမတွေဆိုပေမယ့် စုဖုရားကတော့ ဒီလို ကြားဆက်ဆံမှုတွေကို အလိုမရှိတာတော့ အမှန်ပဲဖြစ်သည်။

"သမီး ဒီကောင်လေးကို ကင်းကင်းရှင်းရှင်း နေပါ၊ မေမေ ပြော သဘောမတူဘူး၊ သမီး ဖေဖေသိရင် မိုးမီးလောင်တာထက် ဆိုးမှာ သေချာတယ်၊ ဒီတော့ ရပ်တန်းက ရပ်လိုက်တော့"

ဗျူး၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့ ယတိပြတ် အမိန့်အာဏာဟာ သိပေမယ့် စု နှုတ်ခမ်း တင်းတင်းစေ့ကာ ခေါင်းညိတ်နာခံဖို့ ဝန်လေးနေခဲ့၏။

မောင့်ကို စု ချစ်ခဲ့တာ အရာရာကို ရင်ဆိုင်ရဲသော သတ္တိတွေ နှင့်ဆိုတာ ယုံကြည်သေချာနေခဲ့တာမို့ . . ။

■ ■ ■

## အခန်း (၂၉)

မေမေတို့မိသားစု ဘယ်လိုပဲတားတား မောင်နှင့်စုတို့ကြားက ငြိမ်မြဲသော သံယောဇဉ်က ပြတ်တောက်မသွားခဲ့ပါ။

"စုရယ် မောင့်ဘဝက သိပ်ကွာခြားလွန်းပါတယ်"

"အဲဒါတွေက စုနဲ့မောင့်ကြားက ချစ်ခြင်းနဲ့ ဘာမှမသက်ဆိုင် တဲ့အရာတွေပါ မောင်"

"စုရယ် မောင့်ကြောင့် စုတို့မိသားစုကြားမှာ ပြဿနာတွေ မဖြစ်စေချင်ဘူး"

"မောင် ဘာမှထပ်မပြောနဲ့တော့၊ မောင့်ဘက်မှာ စုရှိတယ်၊ ဒီ အားလုံးထက် စု မောင့်ကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း စုဘက်က ပြတ်သားခဲ့ပါသည်။ စု ခြေလှမ်းတွေကို စောင့်ကြည့်နေသော ကိုကိုကြီးက ဖေဖေ့ကို အသိပေးလိုက်တော့

"ဖြန်း ဖြန်း"

ဖေဖေ့ရဲ့ ပြင်းထန်သော လက်ဝါးတွေက စု ပါးပြင်နှစ်ဖက်ကို ထူပူသွားစေခဲ့သလို ဒေါသမျက်ဝန်းတွေကလည်း ပြာကျသွားမတတ်

"အလိုလိုက်လို့ အမိုက်မစော်ကားနဲ့ စုဖုရား၊ ဖေဖေကတော့ ဒီကိစ္စကို အလိုမလိုက်နိုင်ဘူး၊ ဒီနေ့ကစပြီး မင်း ကျောင်းသွားစရာ မလိုတော့ဘူး"

မေမေ့ထက် စိတ်ကြီးသော ဖေဖေက စုကို လွတ်လပ်ခွင့် အားလုံး ပိတ်ပင်ကာ အိမ်ထဲက အိမ်ပြင် ထွက်ခွင့်မပေးခဲ့ပါ။

"ဘာမဟုတ်တဲ့ ပညာရေးဘွဲ့လေးကလည်း ဖေဖေတို့အတွက် တန်ဖိုးကြီးစရာမရှိဘူး၊ ဒီတော့ သမီးပညာရေးကိုလည်း ရပ်လိုက်တော့ ဖေဖေ အပြတ်ပြောပြီးပြီနော်၊ ဒီထက်ပိုပြီး ဘာမှသည်းခံစရာအကြောင်း မရှိတော့ဘူး"

ဒါ ဖေဖေ့ရဲ့ နောက်ဆုံးစကားဟု စု နားလည်ပါသည်။ အိမ်တွင်းကအပြင် ထွက်ခွင့်မရသည့်ကာလတွေမှာ စုရဲ့ဖုန်းကိုလည်း သိမ်းလိုက်ကြသည်။

စု အံကိုတင်းတင်းကြိတ်ရင်း ဖေဖေတို့ရဲ့ လှောင်ချိုင့်ထဲမှာ





...သားကို စတေးပစ်ရမည်တဲ့လား။

ဟင့်အင်း မောင့်ကို စုချစ်ခဲ့တာ ဘဝတစ်ခုလုံးအတွက် ဖြစ်သည်။ လောကကြီးမှာ စု တန်ဖိုးအထားဆုံးသော အရာသည် မောင့်ရဲ့ ...ခြင်း။ ပြီးတော့ မောင် မြတ်နိုးခုံမင်သော သီချင်းတွေ။

ဒါတွေသာ ပိုင်ဆိုင်ခွင့်ရလျှင် အားလုံးကို စွန့်လွှတ်ဖို့ စုမှာ ...တွေပြည့်ဝနေခဲ့၏။

■ ■ ■

"ဘာ ဘာရယ် စု အိမ်က ထွက်လာတာ"

မောင့်မျက်ဝန်းလေးတွေ ထိတ်လန့်စွာပြူးလျက် စုကို ကြည့်...ာ ချောက်ချားလို့နေ၏။

"ဟုတ်တယ် မောင် စုကို ဒီလိုလုပ်ခဲ့လို့ ဖေဖေ ဘယ်တော့မှ ...မလွှတ်ဘူးဆိုတာ သေချာတယ်"

"စု စုရယ် ဘာလို့ ဒီလိုလုပ်ရတာလဲ"

"မောင့်ကိုချစ်လို့ပေါ့ မောင်ရယ်"

မောင် ခေါင်းကို ခါရမ်းကာ မျက်နှာလေး သွေးဆုတ်ဖြူလျော်...တာကိုလည်း စု နားလည်ပါသည်။ အခုချိန်မှာ စု ဘဝကို တာဝန်ယူ...ဖို့ မောင့်အခြေအနေက ဘယ်လိုမှမဖြစ်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"စု"

"စုကို ချက်ချင်းလက်ထပ်ပါလို့ မောင့်ကို မပြောရက်ပါဘူး မောင်မပူပါနဲ့ အခု စု ဆွေတို့အိမ်မှာ နေမှာပါ"

"စုရယ် မဟုတ်တာ၊ မောင် လက်မခံဘူး"

"ဘာကို လက်မခံတာလဲ မောင်"

စု မျက်နှာလေး တင်းခနဲဖြစ်ကာ မေးတော့ မောင် ပျာပျာသ ခေါင်းခါရင်း

"မောင် ဆိုလိုတာ ဒီသဘော မဟုတ်ပါဘူး စု၊ စုကို မော ချစ်တယ်၊ ဒါပေမဲ့ မောင့်ဘဝကြီးက ဘာမှအားကိုးလောက်စရာ မဟုတ် ဘူး၊ ဒါကြောင့် မောင်လေ မောင်"

"မောင့်ကို စု နားလည်ပါတယ် မောင်ရယ်၊ တကယ်ကို ဘာ မလိုပါဘူး၊ မောင်နဲ့နှစ်ယောက်ဘဝတစ်ခုကို မျှော်လင့်ပြီး စု ထွက်ခဲ့တာ မဟုတ်ဘူး၊ မောင်နဲ့အတူ မောင့်ရဲ့အိပ်မက်ကို အတူကြိုးစားမက်ချင်လို့ ပါ၊ စုအတွက် ဘာမှမပူနဲ့၊ ဆွေတို့အိမ်မှာ အားလုံးအဆင်ပြေတယ်"

"စုရယ် မောင် အရမ်းဝမ်းနည်းတယ်၊ ချစ်သူအတွက် ဘာ တာဝန်မယူနိုင်တဲ့ကောင်၊ အသုံးမကျတဲ့ကောင်က မောင်ပါကွာ"

"အို မဟုတ်ဘူး မောင်ရယ်"

မောင့်လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ စု နှစ်သိမ့်တော့ မော

ဗျူးစ၁ေပ



သက်ကြီးရှိက်ကာ စုကို ရူးရူးနစ်နစ် ကြည့်ရင်း

"စုကို မောင် လက်ထပ်မယ်၊ အိုကွာ မောင် တာဝန်ယူနိုင် ာင် ကြိုးစားမယ်၊ စုကို မောင် သိပ်မြတ်နိုးတယ်"

စုကို တင်းတင်းကြပ်ကြပ်လေး ဖက်ကာ မောင် ကတိတွေ း တောင်းဆိုနေတော့ စု ပြုံးပြုံးလေး ခေါင်းခါရင်း

"ဟင့်အင်း အဲဒီဘဝက မောင်နဲ့စုအတွက် အရေးမကြီးသေး ာ အရေးကြီးတာက မောင် ဖြစ်ချင်တဲ့အိပ်မက်ကြီး အကောင်အထည် ပေါ်လာဖို့ပဲလေ"

"စုရယ် မောင် ပြော"

"မပြောနဲ့ မောင်၊ စုတို့ ကြိုးစားကြရအောင်နော်၊ စုနဲ့မောင်ရဲ့ လုံးသားချင်းက နီးစပ်ပြီးသားပါ၊ အရေးကြီးဆုံး ရည်မှန်းချက်ကြီးကို အတူရင်ဆိုင်ဖို့ပဲ လိုတာ"

စု စကားကို ငေးငေးလေး နားထောင်နေသော မောင့်မျက်ဝန်း မှာ မျှော်လင့်ချက်တွေ ပြန်တောက်ပလာကြ၏။

မောင့်အနားမှာ အားပေးဖော်တစ်ယောက်အဖြစ် ပြည့်ဝစွာ ချင်လို့ စု အားလုံးကို ဆန့်ကျင်ခဲ့တယ်ဆိုတာ. . ။

■ ■ ■

ဗျူးစ၁ေပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

အရာရာသည် စု မျှော်လင့်ထားသည့်အတိုင်း ဖြစ်ခဲ့ပါသည်။ အိမ်ကထွက်ခဲ့ပြီး နောက်နှစ်ရက်မှာပဲ ဖေဖေ့ရဲ့သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာစာက သတင်းစာထဲမှာပါလာသည်။

ထိုအတွက် မောင်က မျက်ရည်လေးဝဲမတတ် စုအတွက် ခံစား စိတ်မကောင်းဖြစ်နေပေမယ့် စုကတော့ ပြုံးပြုံးလေး ရင်ဆိုင်ကာ

"စု မျှော်လင့်ပြီးသားပါ မောင်ရယ်၊ ဒါ မဆန်းပါဘူး၊ အဟင်း စုအတွက် ပိုပြီးတောင် လွတ်လပ်သွားတယ်၊ မောင့်ရဲ့ရည်ရွယ်ချက်ကြီး ကို အတူရင်ဆိုင်ဖို့ အားတွေရှိသွားပြီ"

"စု မောင် တကယ် စိတ်မကောင်းဘူး"





"အဲဒါတွေ မပြောနဲ့တော့ မောင်၊ အခုအချိန်မှာ စု မောင့်အတွက် ရည်ရွယ်ပြီး သီချင်းတွေရေးနေတယ် သိလား၊ မောင်လည်း ကြိုးစားစမ်းပါ"

"စုရယ် တကယ်ဆို မောင့်ဝါသနာကြီးကို မောင် အိပ်မက်မက်ရဲတော့တာ ကြာပါပြီ၊ ဒါပေမဲ့ စုကြောင့် မောင် ကြိုးစားဖို့ အင်အားတွေရှိလာတယ်"

"ဒါပေါ့ မောင်ရယ်၊ မောင့်ဆန္ဒတွေ တစ်နေ့ဖြစ်လာမှာပါ၊ အဲဒီအခါကျ ဘာမှဝမ်းနည်းစရာမရှိတော့ဘူးပေါ့"

တင်းတင်းဆုပ်ကိုင်ထားသော လက်တွေထဲမှာ ယုံကြည်ချက်ခွန်အားတွေနှင့် ပြည့်ဝနေခဲ့တာတော့ သေချာပါသည်။

ဒါပေမဲ့ အောင်မြင်မှုတစ်ခုဆိုသည်က အလွယ်တကူ ရခဲ့သော အရာမဟုတ်ခဲ့တာတော့ သေချာလွန်းပါသည်။

ကံကြမ္မာက မောင်နှင့်စုဘဝကို အကြိမ်ကြိမ် စိန်ခေါ်မှုတွေနှင့် ပြုလဲအောင် ထိုးနှက်ခဲ့သည်။

မောင် စိတ်ဓာတ်တွေ ပြိုလဲကျတိုင်း စုအနားမှာ ခေါင်းမော့ကာ ရင်ဆိုင်ဖေးမပေးခဲ့သည်။

ဖေဖေတို့တစ်မိသားစုလုံး နိုင်ငံရပ်ခြား ထွက်သွားကြမည်ဆိုတော့ စုကို မေမေနှင့် ကိုကိုကြီး လာတွေ့ဆုံကာ ချော့မော့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် မေမေတို့နဲ့ တစ်ခါတည်း လိုက်ခဲ့စမ်းပါ၊ သမီးသ
ကို ဆင်းရဲတွင်းနက်ထဲမှာ ဘာလို့ ရှင်သန်မှာလဲ"

"တောင်းပန်ပါတယ် မေမေ၊ သမီး ဆုံးဖြတ်ပြီးပြီ၊ သင်
မောင် လက်မှတ်ထိုး လက်ထပ်ပြီးသားပါ"

"ဟင် တကယ်လား သမီး"

"ငါတို့ကြားတာ နင်တို့ အတူမနေကြပါဘူး"

"အတူမနေကြပေမယ့် လက်ထပ်ပြီးသားတွေပါ ကိုကိုကြ
စုက သူ့ရဲ့တရားဝင်ဇနီးမယားဖြစ်နေပြီ"

စု တမင်ပဲ လိမ်ညာလိုက်တော့ ကိုကိုကြီး ခေါင်းငိုက်စိုက်
သွားခဲ့သည်။မေမေ့ရဲ့မျက်ရည်ဝေ့သော မျက်ဝန်းတွေထဲမှာ မိခင်တစ်
၏နောက်ဆုံးသော မေတ္တာတရားကို စု မြင်နေခဲ့ရသေး၏။

ဝဲတက်လာသော မျက်ရည်တွေကို ထိန်းချုပ်ရင်း စု မျက်ဝ
တွေ မှိတ်လိုက်သည့်ခဏမှာ မောင့်မျက်နှာ။

■ ■ ■

ဖေဖေကလည်း စုအပေါ်မှာ နောက်ဆုံးတော့ ဖခင်တစ်ယော
ရဲ့ မေတ္တာကို ပေးခဲ့သည်။

မြန်မာပြည်မှာ ကျန်ရစ်ခဲ့သော စုအတွက် အိမ်ကြီးနှင့်ပိုင်ဆိ
သင့်သော အမွေအချို့ ပေးအပ်ခဲ့၏။





"သမီးအပေါ် ဖေဖေ အကောင်းဆုံးမေတ္တာတွေ ပေးခဲ့တယ်၊
သမီးက ငြင်းခဲ့တယ်၊ ဖေဖေ တကယ်စိတ်မကောင်းဘူး သမီး၊ ဒါပေမဲ့
သမီးရသင့်တဲ့ အမွေတွေ ပေးခဲ့တယ်၊ ဒုက္ခတွေ ကြုံဆုံရရင် ဖေဖေ့ကို
သတိရပါ သမီး၊ သမီး ဟိုကို လိုက်လာနိုင်ဖို့ ဖေဖေ တာဝန်ယူတယ်"

ဒါပေမဲ့ စု မသွားဖြစ်ခဲ့ပါ။ ဖေဖေ ပေးခဲ့သော အမွေတွေ
အတွက်တော့ ဝမ်းသာမိသည်။

မောင့်ဘဝကို ဖြစ်လိုသော ဘဝတစ်ခုရောက်အောင် ပို့ဆောင်
ပေးဖို့ စု ယတိပြတ်ဆုံးဖြတ်ပြီးခဲ့ပြီ။

စုဘဝနှင့် နှလုံးသားကိုပါ မောင့်အတွက် ပုံအပ်ပေးခဲ့တာကို
မောင် အသိဆုံး။

ဒုက္ခတွေ သောကတွေကို အတူရင်ဆိုင်ခဲ့ရသော အတိတ်တွေ
က စုနှင့်မောင့်ကြားမှာ ခိုင်မြဲသော မှတ်တိုင်တွေဟု ဆိုလျှင်. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ညတုန်းက အတွေးတွေချာလည်ကာ အိပ်ရာဝင်နောက်ကျ
ပေမယ့် မနက်စောစောမှာပဲ စု မျက်ဝန်းတွေ ပွင့်လာခဲ့သည်။

ဒီနေ့ မောင် ခရီးထွက်ရမှာ စု စိတ်က သိနေသည်။ အိပ်
မဝသော မျက်ဝန်းတွေက ဖန်စပ်စပ်ဖြစ်နေပေမယ့် စု ိပ်ရာက လူ
ထပြီးဖြစ်နေ၏။ လေ့ကားထစ်တွေက ဆင်းခဲ့တော့ ဒေါ်ဥ အိပ်ရာ
နိုးလို့နေပြီ။

"သမီး စုလေး၊ နိုးပြီလား"

"ဟုတ် မောင်ကော နိုးပြီလား ဒေါ်ဥ"

"မနိုးသေးဘူး သမီး၊ ဒေါ်ဥ သွားနှိုးပေးရမလား"





"ဟင့်အင်း မနှိုးနဲ့၊ အိပ်ပါစေဦး မောင် အိပ်ရေးဝဝ အိပ်ပါ
စေ၊ ပြီးမှ နှိုးတော့မယ်"

စု စကားကို ဒေါ်ဥ ပြုံးပြုံးလေး ခေါင်းညိတ်သည်။ မောင့်အပေါ်
အမြဲတမ်း အရေးထား ဂရုစိုက်ပေးတတ်သည့် စုအကြောင်းကို ဒေါ်ဥတို့
သိနားလည်ပြီးဖြစ်ပါသည်။

"မစန်းကော ဒေါ်ဥ"

"ရှိတယ် သမီး၊ သမီးတို့ ခရီးသွားကြမှာဆိုတော့ လိုအပ်တာ
တွေ ပြင်ဆင်ပေးနေတယ်"

စု ခေါင်းညိတ်ပြီး ရေချိုးခန်းဘက် ထွက်ခဲ့သည်။ နေ့လယ်
ခရီးထွက်ရမည်ဆိုပေမယ့် စောစောစီးစီးထကာ ပြင်ဆင်ထားမှ တန်ကာ
ကျမည်။ ဒီတစ်ခါ နယ်ရှိုးပွဲကို စု မလိုက်တော့ဟု ဆုံးဖြတ်ထားသည်။

မောင်သွားသည့် ခရီးတိုင်းကို စုအမြဲလိုက်တတ်သူ ဖြစ်ပေမယ့်
ဒီတစ်ခါ ရှိုးပွဲကိုတော့ စု မလိုက်ဖြစ်တာ မောင့်ရဲ့နောက်စီးရီးကိစ္စတွေ
ပြင်ဆင်စရာရှိတာမို့ ဖြစ်သည်။

စု ရေမိုးချိုးပြီး ထွက်ခဲ့တော့မှ ရေချိုးခန်းဘက် ထွက်လာသော
မောင့်ကို မြင်လိုက်ရသည်။

"မောင်. နိုးပြီလား"

"အင်း အခုပဲနိုးတာ၊ မောင်က စု မနိုးသေးဘူးထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ထက်အရင် နိုးပြီးသားပါနော်၊ ကဲ မောင် ရေမြန်မြ

ချိုးနော်၊ အအေးပတ်ခံလို့မဖြစ်ဘူး"

"ဟုတ်ကဲ့ပါ မဖုရားရယ်"

စု စိုးရိမ်စွာပြောနေတာကို မောင်က ရယ်ပြုံးပြုံးလေးနှ

နောက်ပြောင်နေတော့ စု မျက်စောင်းလေး ထိုးလိုက်ရင်း

"မောင်နော် စေတနာနဲ့ စိုးရိမ်လို့ ပြောတာကို လှောင်သလို

နဲ့"

"မလှောင်ပါဘူး စုဖုရားရယ်၊ မောင်က စုဖုရားစကား

အမြဲတမ်း နားထောင်ပြီးသားပါဗျာ"

မောင် ပြောရင်း ရေချိုးခန်းထဲ ဝင်သွားတော့မှ စု ထွ

သည်။ ကပျာကယာ အဝတ်အစားလဲပြီးတော့ စု မောင့်အတွက်

ဆောင်အိတ်ကို ပြင်ဆင်ပေးသည်။ ပြီးတော့မှ မီးဖိုခန်းဘက် ဆင်း

"မနက်စာအတွက် ဘာတွေ စီစဉ်ထားသလဲ ဒေါ်ဉ"

"နန်းကြီးသုပ်စားချင်တယ်လို့ မောင်စေရာ ပြောလို့ စီစဉ်

တယ် သမီး"

"ဟုတ်လား စု သုပ်ပေးလိုက်မယ်၊ အစပ်တွေ မောင် အ

စားလို့ မဖြစ်ဘူး ဒေါ်ဉရဲ့"

"မောင်က ချဉ်ချဉ်စပ်စပ်လေး စားချင်တာ စုရဲ့"





အသံနှင့်အတူ မောင် အခန်းထဲလှမ်းဝင်လာတော့ စု လှည့်

ကြည့်မိ၏။ ရေမိုးချိုးပြီးသော မောင် အဝတ်အစားတောင် လဲလှယ်ပြီး

နေပြီ။

စုကို တမင်နောက်ပြောင်ပြီး မောင် ပြောနေတာဟု သိလိုက်

သည်။ မောင် ဘယ်တုန်းကမှ အချဉ်အစပ်တွေ မစားပါ။ အသုပ်ကိုလည်း

အချိုသုပ်လေးမှ စားတတ်တာ စု အသိဆုံး။

"စိတ်ချ စိတ်ချ စင်ပေါ်ကျရင် ဘာအသံမှ မထွက်အောင်

အချဉ်အစပ်တွေ သုပ်ပေးမယ်"

"ဟား ဟား မလုပ်ပါနဲ့ စုဖုရားရယ်"

"မောင်နော် တော်တော် ပျော်နေတယ်ပေါ့၊ ဘာလဲ စု မလိုက်

ခရီးမို့ ကြိတ်ဝမ်းသာနေတာလား၊ ခပ်ကဲကဲ ကောင်မလေးတွေနဲ့

ချင်နေတယ်ပေါ့လေ"

စု မကျေမနပ်လေး စကားနာထိုးတော့ မောင် ကသောကမျော

း လက်ကာတားရင်း

"ဟာ မဟုတ်တာကွာ၊ မောင်က စု မပါလို့ တကယ် မသွား

ဘူး၊ ကျိန်ပြောရဲတယ်"

"အမလေး မကျိန်လိုက်ပါနဲ့ မောင်ရယ်၊ နောက်တာပါ ကဲ

င် ဒီမှာအသုပ်ရပြီ စားတော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စုကော အတူစားလေ"

စု ခေါင်းလေးညိတ်ပြကာ မောင့်နံဘေးမှ ခုံလေးမှာ ဝင်ထိုင်လိုက်ပါသည်။

မောင် အသုပ်ကို စားနေတာကို စု ငေးငေးလေးကြည့်ရင်း ဓာတ်ဘူးထဲက ကော်ဖီကို ငှဲ့ထည့်ပေးသည်။

"မောင် စင်ပေါ်ရောက်ရင် ပရိသတ်ကို ရှိသေလေးစားနော် ပရိသတ်ကိုချစ်ခင်မှ မောင် အောင်မြင်မှာ သိလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ပြောင်ချော်ချော်မလုပ်နဲ့ မောင်ရယ်၊ စုက အလေးအနက် ပြောနေတာ၊ အနုပညာသမားအတွက် ပရိသတ်က အဓိကပဲ"

"အင်း တစ်ခါတစ်ခါ ဒီဘဝကြီးကို မောင် စိတ်ကုန်နေ စု"

"ဘာရယ် ဒါ မောင့်အိပ်မက် ဝါသနာ ရည်ရွယ်ချက်ကြီးလေ ဒီဘဝကို ပိုင်ဆိုင်ဖို့ မောင် ဘယ်လောက် ကြိုးစားခဲ့ရသလဲ"

"ဟုတ်ပါတယ်ကွာ၊ မောင် စိတ်ကုန်နေတယ်ဆိုတာက မောင့်ဘဝ နီးလျက်ဝေးနေတာကို ခံစားရလို့ပါ၊ မောင် စုကို လက် ချင်ပြီ"

"အင်းပါ မောင်ရယ်၊ အခု မောင့်ရဲ့ စတုတ္ထမြောက်





ကျက်ပြီးရင် စုတို့ လက်ထပ်ကြမှာပါ"

"တကယ်နော် စု၊ ဒီတစ်ခါတော့ မောင်နဲ့စု ဘဝသစ်ကို အတူ တ်သန်းရင်ဆိုင်မယ်၊ မောင်က အိမ်ထောင်သည်ဆိုလို့ မောင့်ပရိသတ် အားပေးမှု လျော့သွားမှာမှ မဟုတ်တာ၊ မောင့်အနုပညာက မောင့်သီချင်း တွေပဲလေ၊ ပရိသတ်က နားလည်ပါတယ်"

စု ခေါင်းညိတ်မိပါသည်။ မောင့်ကို ဒီအချိန်ထိ လက်မထပ်သေး ဲ စု အချိန်ဆွဲနေခဲ့တာ မောင့်အနုပညာကို မောင် လွတ်လပ်စွာ ပ်ဆောင်စေချင်တာကြောင့် ဖြစ်ပါသည်။

အဆိုတော် လင်းစေရာ ဆိုသော အဆိုကျော်တစ်ယောက် ဝ ရောက်ခဲ့တော့ မောင့်ရဲ့အဓိက ပရိသတ်က လူငယ်ပရိသတ်ဖြစ် ည်။ ဒါကြောင့်လည်း မောင့်ကို လူငယ်လူပျိုလေးဟူသောဂုဏ်နှင့် အောင်မြင်စေချင်ခဲ့၏။

ဒါကြောင့် မောင့်ရဲ့ချစ်သူသည် စု ပါဟု စု ဘယ်တော့မှ ကြေငြာဘဲ နေခဲ့တာဖြစ်သည်။

"စု မောင် ဒီရှိုးပွဲကပြန်ရင် သီချင်းရေးဆရာမလေး အလင်း င်ဆိုတဲ့ မစုဖုရားဆိုတာ မောင့်ရဲ့ချစ်သူ မောင့်ရဲ့ဇနီးလောင်းပါလို့ ာတွေကို ကြေညာမယ်၊ ပြီးတာနဲ့ စုကို မောင် လက်ထပ်မယ်နော်"

မောင် လိုလိုလားလား တောင်းဆိုနေတော့ စု ခေါင်းလေးညိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ပါသည်။

တကယ်ဆို မောင် ပြောသလို စုနဲ့မောင့်ဘဝက တစ်မိုးအောက်မှာ အတူနေကြတာဖြစ်သည့်တိုင် ဝေးနေကြသည့်အဖြစ်။

အခုတော့ ထိုဘဝကြီးက ဝေးချင်ပါပြီ။

မောင့်ကို စု ဘဝနှင့်ထပ်တူ ပိုင်ဆိုင်ချင်ပါသည်။

■ ■ ■

## အခန်း (၃၂)

"စရော ပြီးရင် မင်းအလှည့်နော်"

"အိုကေ ကိုမိုး ရယ်ဒီပါပဲ"

စတိတ်စင်ပေါ်မှာ ဖျော်ဖြေနေသော သူ့ရဲ့ဂီတနောင်တော် ...ဦးအလှည့်ပြီးလျှင် သူ့အလှည့်ရောက်တော့မှာမို့ သူ အသင့်ထိုင် ...နေလိုက်၏။

သူ ရှိုးပွဲတွေကို အမြဲတမ်း လိုက်ပါတတ်သော စု ပါမလာတော့ ...မှာ လွမ်းချင်သလိုလို ဖြစ်မိသည်။

ဒီမြို့လေး မရောက်ခင် လမ်းမှာ ဖုန်းဆက်တာပဲ နှစ်ကြိမ်။ ...က်ခဲ့တော့ တစ်ကြိမ် ဖုန်းဆက်ဖြစ်၏။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာစောက ရှိုးပွဲကျင်းပသော စတိတ်စင် မထွက်လာခင် ၈
ဆီက ဖုန်းလာသေးသည်။ ထုံးစံအတိုင်း ပရိသတ်ကို အပြည့်အဝ
စေတနာထား ဖျော်ဖြေပေးဖို့ စု အမှာစကားတွေ ပြောခဲ့၏။

သူ့ဘောင်းဘီထဲက ဟန်းဖုန်းလေးဆီမှ ဂီတသံစဉ် ငြိမ့်ငြိမ့်
လေးပေါ်လာမှ ဖုန်းမပိတ်ရသေးတာကို သတိရသည်။

ဖုန်းကို ထုတ်ယူဖွင့်ကြည့်လိုက်တော့ စုဖုန်းဆီက မဟုတ်ပါဘဲ
သူမသိသော တစ်စုံတစ်ယောက်ဆီက ဖြစ်နေ၏။

"ဟဲလို အမိန့်ရှိပါ ခင်ဗျာ"

"ကျွန်မ အုံ့ဖွယ်မေပါ"

သူ့မျက်ခုံးတွေ အံ့အားသင့်စွာ ကိုင်းညွှတ်သွားခဲ့၏။ အခုမှ
လော အုံ့ဖွယ်မေ ဆိုသော မိန်းကလေးသည် သူ့လက်ကိုင်ဖုန်းထဲ
လိုင်းမပူးပါဘဲ အကြိမ်ကြိမ် ဝင်တိုးနေ၏။

သူမ ဘယ်သူလဲ။ သူ့ကို ဘာကြောင့်ဖုန်းနှင့် ကြိမ်ဖန်များစွာ
ဆက်သွယ်နေခဲ့သည်လဲ မသိပါ။

သူ့သီချင်းတွေကို ချစ်သော ပရိသတ်တစ်ဦးထက် ပိုမိုသည်
ဆိုခဲ့သော အုံ့ဖွယ်မေသည် အခုလည်း ဘာတွေပြောဦးမည် မသိ။

"စေရာ ဒီနေ့ ပွဲမှာ ချစ်သူလေပြည် သီချင်းလေး ရှင်ဆိုမှာ
လား"

"ဟုတ်ကဲ့ခင်ဗျာ ပရိသတ်တောင်းဆိုသမျှ ကျွန်တော် အ
ကောင်းဆုံး ဖြည့်ဆည်းဆိုပေးမှာပါ"

"ဟင့်အင်း အဲဒီသီချင်းကို ကျွန်မတစ်ယောက်တည်းအတွက်ပဲ
ရှင်သီဆိုပေးပါ၊ အဲဒီသီချင်းက ကျွန်မရဲ့ ခရေစီ song ပဲ"

"ဟုတ် ဟုတ်ကဲ့"

"အိုကေ စေရာ ကျွန်မ အခု ရှင့်ရှေ့မှောက်မှာ ပရိသတ်တွေ
နဲ့ အတူရှိနေတယ်"

"ဗျာ ခင်ဗျားက ဒီမြို့ကလား"

သူ အံ့သြစွာ မေးမိသည်။ ရန်ကုန်မှာလည်း ရှိုးပွဲတိုင်းမှာ ရှိ
သည်ဆိုသော သူမ အခု ရန်ကုန်နှင့်မိုင်ပေါင်းများစွာ ဝေးကွာသော
မြို့လေးမှာရှိနေတာ အံ့သြစရာကောင်းနေ၏။

"မဟုတ်ပါဘူး ကျွန်မက ရှင်ရှိတဲ့နေရာတိုင်းမှာ အရိပ်လို ရှိ
နေတဲ့သူ၊ ရှင့်ရဲ့သီချင်းလေးထဲကလိုပေါ့၊ အုံ့ဖွယ်မေက ရှင့်ရဲ့လေပြည်
သားလေ အဟင်း"

"အဲ ဟို ကျွန်တော် အလည့်ရောက်တော့မယ် ခင်ဗျ"

ပြောရင်း သူ ဖုန်းကို ကသောကမျောလေး ပိတ်လိုက်ရသည်။
သူမ ဒီရှိုးပွဲထဲက ပရိသတ်ထဲမှာ ရှိနေတာတော့ သေချာသည်။ သူမ
အသံထဲမှာ သူ့အလှည့်ကြေညာသံနှင့် ပရိသတ်အသံတွေ ကြားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ။

အံ့သြစရာကောင်းတဲ့ မိန်းကလေးပါလား။

သူ့နောက်ကို အရိပ်လိုလိုက်နေတာတော့ လွန်လွန်းသော [illegible]

အားပေးမှုကြီး ဖြစ်နေသည်။

ပဟေဠိဆန်လွန်းသော သူမ စကားတွေကြောင့် အံ့သြမိတာ [illegible]

လွဲလို့ သူ့ရင်တွေ လှုပ်ခတ်စရာအကြောင်းတော့ မရှိပါ။

သေချာတာက သူ့နှလုံးသားမှာ စုဖုရားကလွဲလို့ ဘယ်မိန်း [illegible]

မရှိတာ ဖြစ်သည်။

ကျေးဇူးပြုပြီး ငါ့စိတ်တွေကို အနှောင့်အယှက်ဖြစ်အောင် [illegible]

မနှောင့်ယှက်ပါနဲ့။ အံ့ဖွယ်မေ။

မင်း ဘယ်သူ ဘယ်ဝါပဲဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး။ [illegible]

သေချာတယ်။

■ ■ ■

## အခန်း (၃၃)

"အလင်းသခင်ဆိုတဲ့ တေးရေးဆရာမလေးက ကျွန်တော့်ရဲ့ [illegible]သူပါဗျာ၊ ကျွန်တော့်အခုလိုတဝ ရောက်မလာခင်ကတည်းက အနားမှာ [illegible]ရိပ်လိုရှိခဲ့တဲ့သူ၊ အားပေးဖော် မိန်းကလေးပါ၊ ကျွန်တော့်ရဲ့အောင်မြင်မှု [illegible]က စုဖုရားဆိုတဲ့ ချစ်သူကြောင့် ရရှိပိုင်ဆိုင်ခဲ့တာပါ"

"ဟုတ်ကဲ့ အခု ကိုလင်းက ပရိသတ်ကို ရင်ဖွင့်ကြေညာလိုက် [illegible]လား ခင်ဗျာ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ချစ်တဲ့ ပရိသတ်ကြီးကို [illegible]ဖွင့်ကြေညာတာပါ၊ မကြာခင်မှာ ကျွန်တော်တို့ မင်္ဂလာပွဲကြီး ကျင်းပ [illegible]မှာပါ"

"ဟုတ်ကဲ့ ကျေးဇူးအထူးတင်ပါတယ် ကိုလင်း၊ ပရိသတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် မင်္ဂလာသတင်းပါပဲ ခင်ဗျာ''

''ဟုတ်ကဲ့ ကျွန်တော်ချစ်တဲ့ ပရိသတ်ကြီးအတွက် သီချင်းတွေကို ကျွန်တော်တို့နှစ်ယောက် ထပ်ပြီး သီဆိုနေဦးမှာပါ''

တီဗီခလုတ်ကို မေ ပိတ်ပစ်လိုက်သည်။ ရင်ထဲမှာ စူးစူးနစ်နစ် ခံစားနာကျင်နေတာ အမှန်။

စုဖုရားဆိုတဲ့ မိန်းကလေးက သူ့ချစ်သူတဲ့လား။ မကြာ… လက်ထပ်ကြတော့မည့် ချစ်သူတွေတဲ့လား။

ဟင့်အင်း ဘယ်တော့မှ မဖြစ်စေရဘူး။

မေ ခါးခါးသီးသီး ခေါင်းခါငြင်းဆိုနေပေမယ့် အခုတော့ တီ… ဖန်သားပြင်ထက်ကတောင် သူက ရင်ဖွင့်ကြေညာလိုက်ပြီ။ ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာလည်း သူနှင့်စုဖုရားဆိုသော မိန်းမချောလေးရဲ့ ဓာတ်… တွေက အထင်အရှား။

မေ လက်မခံ၊ မယုံချင်ပေမယ့် မရတော့အောင် သတင်းတွေက ဟိုးလေးတကျော်ဖြစ်နေသည်။

တွေးရင်းတွေးရင်း မေ့နှလုံးသားထဲက စူးစူးနစ်နစ် ခံစား… သော ဝေဒနာဆိုးကြီးက ခါးသီးပူလောင်လွန်းလိုက်တာ။

''ကြင်နာခြင်းတွေ xx မွှေးပျံ့ခြင်းတွေ xx လေပြည်လေး… ဆောင်ယူလာ xx လေပြည်လေးချစ်သူ''





ဟန်းဖုန်းမြည်သံလေးက မေ့အာရုံတွေကို လှုပ်နိုးလာ၏။ မေ …န်းကို ကောက်ယူလိုက်တော့ ထင်သည့်အတိုင်း နွယ်နီဆီက ဖြစ်၏။

''ဟဲလို မေ မေလားဟင်''

''ဟုတ်တယ် နွယ်''

မေ့အသံတွေက အေးစက်နေမှာ သေချာ၏။ နွယ့်ပုံရိပ်ကို မမြင်ရပေမယ့် နွယ်အသံကို ကြားရုံနှင့် နွယ် စိုးရိမ်နေမှာ မေ သိနေသည်။

''မေ မေ အခု ဘာလုပ်နေတာလဲဟင်''

''မေလား တီဗီသတင်းကြည့်နေတာပါ''

''ဟင် ဒါ ဒါဆို ဟို ဟို''

''အဟင်း လင်းစေရာနဲ့ တွေ့ဆုံခန်းလေ၊ ဘာလဲ နွယ်က မေ့အတွက်စိုးရိမ်နေတာလား။ မပူနဲ့ နွယ် မေ ဘယ်တော့မှ မရှုံးနိမ့်ပါဘူး''

''မေ''

''နွယ် ဆောရီးကွာ အခုချိန်မှာ မေ တစ်ယောက်တည်း ငြိမ်ငြိမ်လေး နေချင်လို့ပါနော်''

ပြောပြီး မေ ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။ နွယ် စိုးရိမ်နေမှာ သိပါသည်။ ဒါပေမဲ့ မေ ဘာမှမကြားချင် မသိချင်ပါ။ အပူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နှစ်သိမ့်စကားတွေ မကြားချင်ပါ။

ခေါင်းကို မော့အကြည့်မှာ နံရံပေါ်က ဝေါရှိပိုစတာကြီးထဲ လင်းစေရာနှင့် ရင်ဆိုင်မိသည်။ အပြုံးရိပ်သမ်းနေသော မျက်ဝန်းတွေ မေ့ရင်ထဲကို ငြိမ်းချမ်းနွေးထွေးစေ၏။

ဘယ်လောက် စွဲငြိရင်ခုန်စရာကောင်းတဲ့ မျက်ဝန်းတစ်စုံလဲ

ဟင့်အင်း ရှင့်ကိုကျွန်မ ဘယ်တော့မှ အဆုံးရှုံးမခံနိုင်ဘူး လင်းစေရာ။

အချစ်ရေးနဲ့ပတ်သက်လာရင် အဲ့ဖွယ်မေက အမြဲတမ်း ကံဆိုး သူလား။ ရှုံးနိမ့်ခဲ့သူလား။

မေ အရှုံးရဲ့ခါးသီးမှုကြီးကို ရင်ဆိုင်ခံစားခဲ့ရဖူးပြီ။

ရင်ခုန်သံတွေ တိတ်ဆိတ်လို့ နှလုံးသားက တစ်ခါ သေဆုံး ရပြီးပြီ။

ဒုတိယအကြိမ်တော့ မေ့နှလုံးသားက မသေဆုံးပါရစေ လင်းစေရာရယ်။

■ ■ ■

အခန်း (၃၄)

"မောင် ဖုန်းလာနေတယ်၊ အဲ့ဖွယ်မေ တဲ့"

သူ့နားထဲကို မိုးကြိုးပစ်ခွင်းလိုက်သလို ခံစားလိုက်ရ၏။ အခု ဘလော ထိုအမည်နာမတစ်ခုက သူ့ကို တစ္ဆေတစ်ကောင်လို ခြောက်လှန့် နေသည်။

သူ့လက်ကိုင်ဖုန်းကို ပိတ်ထားတာတောင် စုရဲ့လက်ကိုင်ဖုန်း က ဆက်သွယ်လာတာတော့ သိပ်ဆိုးသွားပြီ။

"မရှိဘူးလို့ ပြောလိုက်ပါလား စုရယ်"

လက်ထဲက ဂျာနယ်ကို စားပွဲပေါ်တင်ရင်း သူ ပြောတော့ စု က လေသံတိုးတိုးနှင့်

"စုက ရှိတယ်လို့ ပြောထားပြီးပြီ မောင်ရဲ့၊ ပြောလိုက်ပါ



www.burmeseclassic.com

မောင်ရဲ့ ပရိသတ်တစ်ဦးပဲဖြစ်မှာပါ''

စု ကမ်းပေးနေသော ဖုန်းကို လှမ်းယူလိုက်ရ၏။ စိတ်ကတော့ ရှုပ်ထွေးမွန်းကြပ်နေ၏။ ဒီမိန်းမမျက်နှာကို မမြင်ဖူးပေမယ့် အသံကို ကြားရတာနဲ့ သူ ရွံ့နေသည်။

ဖုန်းဆက်သော ပရိသတ်တွေ သူ့ဘဝမှာ ကြုံဖူးပါသည်။ ဒါပေမဲ့ သူမလိုတော့ ပဟေဠိတွေနှင့် မရှုပ်ထွေးကြပါ။ ဒီမိန်းမကတော့ သိပ်လွန်ကျူးလွန်းသည်။ ခေါင်းခြောက်စေ၏။

''ပြော ပါ''

ခါတိုင်းလို စကားသံချိုချိုတွေနှင့် နှုတ်မဆက်ချင်တာမို့ သူ ခပ်ပြတ်ပြတ်ပဲ ပြောမိသည်။

''ဘာလို့ ဖုန်းပိတ်ထားတာလဲ စေရာ''

မေးသံကိုက အမိန့်သံ ဆန်လွန်းသည်။ သူ့စိတ်ထဲမှာ တင်းခဲ ဖြစ်သွားခဲ့တာလည်း အမှန်။ အနားမှာ စုမရှိဘဲ ခပ်ဝေးဝေး ရောက်နေ တာကပဲ ကောင်းပါသေး၏။

''ကျွန်တော် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး''

''အံ့ဖွယ်မေနဲ့တော့ စေရာ ပြောသင့်တယ်၊ ကျွန်မက ရှင့်ရဲ့ အရိပ်လေ''

''ဒီမှာ ကျွန်တော် ခင်ဗျားနဲ့ စကားမပြောချင်ဘူး''





''ဘာလို့လဲ မေက ရှင့်ကိုချစ်ရေးဆိုနေလို့လား အဟင်း''

''ကျွတ်''

သူ စုပ်သတ်ရင်း မျက်နှာတောင် ထူပူသွားမိသည်။ ဘယ်လောက်ထိ စကားပြော ရဲတင်းလိုက်တဲ့ မိန်းမလဲ။ သူမ စကား သူမ သဘောကျသလို ရယ်နေသံကလည်း သူ နားဝင်မချို။

''ဒီမှာ ခင်ဗျား ကျွန်တော့်ကို ဘာကြောင့် ဖုန်းခဏ ခဏ ဆက်နေရတာလဲ၊ ဘာကိစ္စလဲ''

''ပြောပြီးပြီလေ ကျွန်မက ရှင့်ရဲ့အရိပ်၊ ရှင့်ရဲ့လေပြည်''

''ဒီမှာ ကျွန်တော့် အင်တာဗျူး ခင်ဗျား ဖတ်ပြီးပြီလား၊ ကျွန်တော့်မှာချစ်သူရှိတယ် စုဖုရားတဲ့၊ ကမ္ဘာပေါ်မှာ စုကလွဲပြီး ဘယ်မိန်းမကိုမှ ကျွန်တော် စိတ်မဝင်စားဘူး ကျေးဇူးတင်ပါတယ်''

''နေဦး ဖုန်းမပိတ်နဲ့ဦး''

မာဆတ်ဆတ် အမိန့်ပေးစကားက ထွက်လာသည်။ သူ ပိတ်ပစ်လိုက်လျှင် အကြိမ်ကြိမ်ဆက်ခေါ်မည်ဆိုသည့် ခြိမ်းခြောက်သံမျိုး။

ဘာမှအရေးမပါလှသော ဒီမိန်းမအကြောင်းကို စုဖုရား မသိချင်ပါ။ စု သိပြီး စိတ်ကသိကအောက် ဖြစ်မှာကို သူ အလိုမရှိပါ။

''ဒီမှာ စေရာ စုဖုရားဆိုတဲ့ မိန်းမကို ကျွန်မ စိတ်မဝင်စားဘူး၊ ရှင့်ကို ကျွန်မ စိတ်ဝင်စားတယ်၊ အဲဒါက ရှင့်ရဲ့စိတ်ဝင်စားမှုနဲ့ဘာမှ

မသက်ဆိုင်ဘူး၊ အံ့ဖွယ်မေကို ရှင် ရင်ထဲမှာ ရှိစေချင်တာ''

ဒီမိန်းမ စကားတွေက အရှက်မဲ့လွန်းသည်။ သူ့ဘက်က ဒီ လောက် ခါးသီးပြနေတာတောင် တစ်ချက်လေး မတွန့်တာ ရှူးနှမ်းေ လို့လား။

''ကျွန်တော် ခင်ဗျားကို စိတ်မဝင်စားဘူး၊ ကျွန်တော် စိတ်ဝ စားတာ ကျွန်တော်နဲ့ စုရဲ့နှစ်ယောက် တစ်အိပ်မက်ဘဝပဲ၊ ကျွန်တော် အနုပညာကို ရိုးသားတဲ့ချီးမြှောက်ခြင်းမဟုတ်ဘဲ ဒီလို ရည်ရွယ်ချက် နဲ့ဆိုရင်တော့ ဝမ်းနည်းပါတယ်၊ ခင်ဗျားကို ကျွန်တော့်ပရိသတ်အဖြ လက်ခံအသိအမှတ် မပြုနိုင်ဘူး''

''ကျွန်မက ရှင့်ပရိသတ် မဟုတ်ဘူးလေ၊ ရှင့်အရိပ် ရှင့် လေပြည်လေး ဖြစ်ခွင့်ကို လိုချင်တာ''

''ဆောရီး အံ့ဖွယ်မေ ခင်ဗျား ကျွန်တော် အမုန်းဆုံးမိန်း ဖြစ်သွားလိမ့်မယ်''

စကားအဆုံးမှာ သူ ဖုန်းပိတ်ပစ်လိုက်သည်။ စုကို ဖုန်းပြ မပေးရဲသေးဘဲ သူ တစ်ခဏတော့ စောင့်ကြည့်နေမိ၏။

စု လက်ထဲရောက်မှ သူမ ဖုန်းထပ်ဆက်မှာ စိုးရ၏။ ဒါပေ ချောက်ချားစရာ ဖုန်းသံက ထပ်ပြီး ပေါ်မလာတော့ပါ။

သူ ပင့်သက်မောကြီး ရှိုက်ရင်း ဆိုဖာထိုင်ခုံမှာ ထိုင်ချပစ်လို





မိ၏။

တကယ် မလွယ်တဲ့မိန်းမပါလား။

ဒီမိန်းမကြောင့် သူ့စိတ်တွေ ညစ်ညူးရှုပ်ထွေးစေတာ အမှန်။ သူ စိတ်ညစ်သလို စုကိုတော့ မညစ်ညူးစေချင်ပါ။

သူနှင့်စုတို့ ချစ်ခြင်းမှာ ဘယ်လို အနှောင့်အယှက်မျိုးမှ မကြုံ ဆုံချင်တာ အမှန်ပဲဖြစ်သည်။

အံ့ဖွယ်မေ မင်းအဝေးဆုံးကို ထွက်သွားစမ်းပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

လမ်းက တော်တော်ကျဉ်းပါသည်။ ကျဉ်းလွန်းသည့်ကြားမှ ကား ထွက်ရခက်အောင် ရှေ့မှာ ရပ်ထားသော လင်ခရူဆာ အနက်ရောင် ကားကြောင့် ခက်နေ၏။ သူ ဟွန်းတီးပြီး လမ်းတောင်းနေတာ ကြာပြီ။

ကားပိုင်ရှင်က ဘယ်ရောက်နေသည် မသိပါ။ အခုထိ ရောက် လာတာ မတွေ့သေး။

''စု သွားဆင်းကြည့်ရမလား မောင်''

''ကားထဲမှာ လူမရှိလို့ ထင်တယ် စုရဲ့၊ ဟွန်းတီးနေတာပဲဟာ''

သူ ထင်မြင်ချက်ပေးမိသည်။ မှန်တွေ အလုံပိတ်ထားသော ကားထဲမှာ လူမရှိနိုင်ဟုပဲ ထင်သည်။ စုလည်း နာရီတကြည့်ကြည့်နှင့်





စိတ်ရှုပ်ထွေးနေရှာ၏။

''ပြဿနာပဲ မောင် ရှိုးပွဲမမီမှာ စိုးရတယ်''

စု ပြောတာ မှန်သည်။ သူ့ရဲ့ရှိုးပွဲအတွက် အချိန်က သိပ်မလို တော့ပါ။ ဟွန်းတီးနေတာ မထူးခြားသည့်အဆုံး သူပဲ ဆင်းကြည့်ဖို့ ညှိရွယ်တော့ စုက လက်ဆွဲလှမ်းတားရင်း

''မောင် မဆင်းနဲ့လေ၊ တခြားသူတွေ တွေ့သွားလို့ ပရိသတ် တွေဝိုင်းလာမှ ပိုဆိုးသွားမှာပေါ့''

''သတိပေးမှ သူ ကိုယ်ရှိန်တန့်သွားခဲ့သည်။ စုက ကိုယ်တိုင်ပဲ ဆင်းမည်ကြံခိုက် ဒက်ချ်ဘုတ်ပေါ်က သူ့ဖုန်းလေး မြည်လာ၏။

''ခဏလေး စု ခဏ''

သူ ဖုန်းကို ကောက်နားထောင်လိုက်တော့ မှတ်မိနေသော ဖုန်းနံပါတ်နှင့် သူမအသံကို ကြားသည်။

''ဟဲလို စေရာ''

''ခင် ခင်ဗျား မဟုတ်လား အံ့ဖွယ်မေ''

တစ်ဖက်က ရယ်သံတိုးတိုးလေး မခိုးမခန့် ထွက်လာတာမို့ သူ ဒေါသတွေ ပေါက်ကွဲသွားခဲ့တာ အမှန်။ စုကတော့ ထိုင်ခုံမှာ ပြန်ဝင် ထိုင်ရင်း အံ့ဩမျက်ဝန်းလေးတွေနှင့် ငေးကြည့်နေ၏။

''မဆိုးဘူး ရှင့်အတွေးထဲမှာ ကျွန်မ ရှိနေသားပဲ၊ သိချင်လို့



www.burmeseclassic.com

www.burmeseclassic.com



တမင် စမ်းသပ်ကြည့်လိုက်တာလေ အဟင်း''

''တောက် ခင်ဗျား တော်တော် နှောင့်ယှက်တဲ့မိန်းမပဲ''

''ဆောရီး လေပြည်လေးရယ်''

နှုတ်ဆက်စကားသံလေးနှင့်အတူ ရှေ့မှာရပ်ထားသော လင့်ခ ဆာကားနက်ကြီးက မောင်းထွက်သွားခဲ့၏။

''ဟယ် ကားထဲမှာ လူရှိတယ် မောင်ရဲ့''

''ဒါ ဟိုမိန်းမပဲဖြစ်မှာပေါ့''

''ဘာရယ် ဘယ်က မိန်းမလဲ မောင်''

စုကို သူ မလိမ်ညာချင်တော့ပါ။ ကြာရင် ဒီပြဿနာကြီးက သူနှင့်စုကြားမှာ ပြဿနာအစိုင်အခဲကြီး ဖြစ်သွားမှာ စိုးသည်။

သူ့ကို ဖုန်းထဲက အကြိမ်ကြိမ် နှောင့်ယှက်နေသော ထိုမိန်းမ အကြောင်းကို စုသိအောင် သူ ပြောပြမိသည်။

သူ့စကားတွေကို စု ငေးငေးလေး ငြိမ်သက်နားထောင်နေရ

''နာမည်က အံ့ဖွယ်မေတဲ့ လား မောင်''

''ဟုတ်တယ် လူကို တစ်ခါမှ မမြင်ဖူးဘူး၊ တော်တော် စိတ် ဒုက္ခပေးတဲ့ မိန်းမကွာ''

''အဟင်း မောင်ရယ်၊ ဘာလို့ ရင်ထဲမှာ အဝေးကြီးထည့်ထား တာလဲ''





''ထည့်ထားတာ မဟုတ်ဘူး၊ နှောင့်ယှက်နေတာ ကို စိတ်ပျက် ညစ်ညူးလွန်းလို့''

''မောင်ရဲ့ ခရေဇီ ပရိသတ်ထင်ပါတယ်''

''အဲဒီလို ပရိသတ်တော့ ဆလံသတယ်၊ ဘယ့်နှယ် စုရယ်၊ အမြဲ စိတ်ဒုက္ခပေးနေတာ''

''မေ့ပစ်လိုက်စမ်းပါ မောင်ရယ်၊ အခု ခေါင်းထဲက စိတ်ရှုပ် ရောတွေ မေ့ပစ်ထား၊ မောင့်ရဲ့ရှိုးပွဲအထိ ဒါကို ခေါင်းထဲ ထည့်မသွားနဲ့ လေ''

စုက သတိပေးစကားဆိုသည်။ သူ ပင့်သက်ကြီးရှိုက်ရင်း ဒီ မိန်းမအကြောင်းကို မေ့နိုင်အောင် ကြိုးစား၏။ ဒါပေမဲ့ တွေးကြည့်ရုံနှင့် စိတ်က ဒေါသမပြေနိုင်သေး။ ဖုန်းနှင့်စိတ်ဒုက္ခပေးရတာ အားမရလို့ ကားရှေ့ လာပိတ်ရပ် ဒုက္ခပေးတာ မဟုတ်သေး။

စုကတော့ ပေါ့ပေါ့ပါးပါးလေး ပြုံးသိမ့်နေ၏။

မကြာခင် စင်ပေါ်တက်ရတော့မည့် သူ့ကို စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ စု ပြုံးသိမ့်နေတာလား။

''စု''

''ဘာလဲ မောင်''

''အဲဒီ မိန်းမက စုဆီလည်း ဖုန်းဆက်ပြီး စိတ်ဒုက္ခတွေ ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ် စု မောင့်ကို အထင်မလွဲနဲ့နော်"

"အဟင်း ဟင်း မောင်ရယ် စုက မောင့်ရဲ့ပရိသတ်တွေ

အမြဲနားလည်ခဲ့သူပါ"

"ဒါ မောင့်ပရိသတ်မဟုတ်ပါဘူး၊ တမင်ရည်ရွယ် ဒုက္ခပေ

နေတာပဲ"

"ကဲ ကဲ အာရုံထဲက အကုန်မေ့၊ အဆိုတော်ကြီးရေ ဟို

ပရိသတ်က မောင့်ကို မျှော်လင့်နေကြတယ်"

စု ရယ်ရယ်မောမောလေး ပြောမှ ရှိုးပွဲကျင်းပတော့မည့် ခန်း

ကြီးဆီရောက်တော့မည်ဟု သတိထားမိတော့သည်။

ဒီမိန်းမ ရှိုးပွဲထဲမှာ ရှိနေဦးမှာ သေချာသည်။

စိတ်ထဲမှာတော့ အောင့်သက်သက်နှင့် ခံရခက်လိုက်တဲ့ အဖြ

ဘယ်လို မိန်းမလဲ။ လူချင်းသာ ထိပ်တိုက်ဆုံလျှင် သူ ပ

ပက်စက်စက် ပြောပစ်မိမည်လားတောင် မသိပါ။

■ ■ ■

## အခန်း (၃၆)

မောင်ဝန်ခံအသိပေးသည့် အံ့ဖွယ်မေ ဆိုသော မိန်းမအ

ကြောင်းကြီးက စု ရင်ထဲကို ဝင်လာခဲ့တာတော့ အမှန်ပဲဖြစ်သည်။

မောင့်ရှေ့မှာ ဘာမှအရေးမကြီးသလို ဥပေက္ခာပြုနေပြခဲ့ပေမယ့်

နောက်ပိုင်းမှာတော့ ထိုအကြောင်းကို ခေါင်းထဲက မေ့လို့မရခဲ့ပါ။

မောင်နှင့်အတူ ဘယ်သွားသွား စု သတိထားကြည့်မိခဲ့သည်။

အမျိုးသမီးက မောင့်ရဲ့ပရိသတ်မှ မဟုတ်နိုင်တာပဲလေ။

စု သတိထားမိသည့်နောက်ပိုင်းမှာ သိသာထင်ရှားစွာ ကြုံဆုံ

သော အခြေအနေတွေက ထူးခြားသည်။

မှတ်မှတ်ရရ အားလပ်ရက်တစ်ရက် မောင်နှင့်အတူ Romantic



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆိုင်လေးမှာ အေးချမ်းစွာ ထိုင်ဖြစ်သည့်နေ့က တစ်ခါ။

မောင်နှင့်စု ထိုင်နေသော စားပွဲဝိုင်းဆီကို ဆိုင်ထောင့်စ… က စူးစူးနစ်နစ် မျက်ဝန်းတွေနှင့် ထိုင်ကြည့်နေသော အဖြူရောင်ဂ… နှင့် မိန်းမတစ်ယောက်။

ဆံပင်တွေက ရွှေအိုရောင်၊ ရှင်းသန့်နုညက်သော မျက်နှာ… ချောမောလှပပြီး စုထက်တော့ သုံးလေးနှစ်တော့ အသက်ကြီးမည် … ပါသည်။

သူမ မျက်ဝန်းတွေက စုဆီမှာမဟုတ်ဘဲ မောင် မျက်နှာ… ပဲ ငေးငေးစူးစူးလေး စိုက်ကြည့်နေတာ မိနစ်အတော်ကြာသည်။

တကယ်ဆို မောင့်ကို မောင့်ပရိသတ် အလွယ်တကူ မမှတ်… အောင် ဆံပင်တုစွပ်ကာ မျက်မှန်နှင့် ဦးထုပ်ဆောင်းပြီး ရုပ်ဖျက်ထားခဲ့… ဖြစ်၏။ ဒါပေမဲ့ သူမက သိရှိနေပုံမျိုး။

"မောင် ဟိုဘက်တေဘယ်တူးက အဖြူရောင် ဂါဝန်နဲ့မိန်း… က မောင့်ကိုကြည့်နေတာ သုံးမိနစ် မကတော့ဘူး"

မနေနိုင်သည့်အဆုံး မောင့်ကို တီးတိုးပြောပြမိ၏။ မော… ရောင်မျက်မှန်နက်ကိုချွတ်ကာ လှည့်ကြည့်သည်။

ထိုမိန်းမ နှုတ်ခမ်းတွေ ရိပ်ခနဲ အပြုံးရိပ်သမ်းသွားကာ မော… မျက်ဝန်းတွေကို ပြန်လည်ရင်ဆိုင်ကြည့်နေတာ သေချာ၏။

"အံ့ဖွယ်မေ ဆိုတာ ဒီမိန်းမလား မသိဘူး"





စု သံသယထင်မြင်ချက်ကို မောင် ဘာမှပြန်မပြောနိုင်ပါ။ သူမက အကြည့်တွေ ပြန်ရုပ်သိမ်းကာ ဆိုင်လေးထဲက ထွက်သွားခဲ့သည်။

စုတို့နှစ်ဦးစလုံး သူမရဲ့ခြေလှမ်းတွေအတိုင်း ငေးကြည့်လိုက်ပါ သွားမိကြသည်။

ဆိုင်ရှေ့မှာ ရပ်ထားသော ပရာဒိုကားပြာလေးပေါ် လှမ်းတက် ကာ သူမ ထွက်ခွာသွားခဲ့၏။

"လင်ခရူဆာကားတော့ မဟုတ်ဘူးနော်"

"ပြောမရဘူးလေ စုရဲ့၊ သူ့မှာ ကားအပိုရှိချင်ရှိမှာပေါ့"

အတွေးတို့ မဆုံးခင် မောင့်ရဲ့ဟန်းဖုန်းလေး ထမြည်သည်။ မောင့်ထက်ဦးစွာ စု လှမ်းကိုင်လိုက်တော့ မောင် ဘာမှမပြောဘဲ ကြည့်နေ၏။

"ဟဲလို"

စု အသံကိုကြားတာကြောင့်လား မသိ။ သူမ ဖုန်းကို ပြန်ပိတ်သွားခဲ့၏။ မောင်က ဖုန်းကို လှမ်းယူကာ နံပါတ်ကို ကြည့်သည်။

"ဟုတ်တယ် ဒီမိန်းမပဲ"

■ ■ ■

ဒုတိယအကြိမ် သူမနှင့် ထိပ်တိုက်ဆုံသည့်အဖြစ်ကတော့ မှတ်… …တ်ရရ ရှိခဲ့ပါသည်။

စုကို စေ့စပ်လက်စွပ်တစ်ကွင်းအဖြစ် စိန်ပွင့်လက်စွပ်…



www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုယ်တိုင် ဆင်မြန်းပေးသည့်နေ့က စုနှင့်မောင် ရောက်ခဲ့ရာ
ချစ်သူဘဝက ထိုင်နေကျပန်းခြံလေးထဲက ခုံတန်းလေးဆီ ဖြစ်သည်။

"မောင် ခုံတန်းပြာလေးမှာ သွားထိုင်ရအောင်"

"အိုကေ မောင်နဲ့စုတို့ ထိုင်နေကျ ခုံလေးဆီ သွားမယ်"

ပန်းခြံလေးထဲက ထိုခုံတန်းပြာပြာလေးမှာ မောင်နှင့်စု အဆ
မပြေသော အတိတ်ကာလတွေတုန်းက အတူထိုင်ခဲ့ဖူးသည်။

အဆင်မပြေမှုတွေအတွက် စိတ်ဓာတ်ကျနေသော မောင့်က
စု အားပေးစကားတွေ ထိုင်ပြောဖူးသည်။

နှစ်ဦးသား တစ်ယောက်လက်ဖဝါးကို တစ်ယောက်ဆုပ်ကိုင်က
အနာဂတ်အိပ်မက်ကို ဝေဝါးစွာ မျှော်ကြည့်ခဲ့ဖူးသည်။

ထိုခုံတန်းပြာလေးက မောင်နဲ့စုအတွက် အမှတ်တရများစွ
ရှိ၏။ ဒါပေမဲ့ ပန်းခြံလေးထဲရောက်တော့ လွတ်နေသော ခုံတန်းလေးတွေ
အများကြီးရှိသည့်အထဲက ထိုခုံတန်းပြာလေးမှာ ပိုင်ရှင်ရှိနေ၏။

ပိုင်ရှင်က မိန်းမတစ်ယောက်။ ပြီးတော့ အံ့သြစရာကောင်းသည့်က
ထိုမိန်းမသည် Romantic ဆိုင်လေးထဲမှ ဆုံခဲ့ဖူးသည့် မိန်းမဖြစ်နေ၏

မောင့်ခြေလှမ်းတွေ တုန့်ခနဲရပ်သွားပေမယ့် စုကတော့ ထိ
အမျိုးသမီးဆီကိုပဲ တန်းတန်းမတ်မတ် လျှောက်သွားခဲ့ကာ

"ဒီမှာ ကျေးဇူးပြုပြီး ဟိုဘက်က ခုံတန်းပြာလေးကို ပြောင်းထိုင်
ပေးလို့ရမလားရှင်၊ ဟိုလေ ဒီခုံတန်းလေးက ကျွန်မတို့နှစ်ယောက်ထိုင်





ခုံတန်းလေးမို့ပါ၊ ရှင် ကူညီမယ်ဆို ကျေးဇူးအရမ်းတင်မိမှာပါ"

"ဆောရီး တို့ မကူညီနိုင်ဘူး"

လှပသော မျက်နှာလေးက စုကိုတောင် မော့မကြည့်ဘဲ ရပ်
နံရစ်ခဲ့သော မောင့်ဆီမှာပဲ ဦးတည်နေခဲ့ကာ ငြင်းဆို၏။

"ဟို ကျွန်မ တောင်းပန်တာပါ၊ တခြားခုံတွေ အများကြီးပါ"

"ဒီမှာ တို့မကူညီနိုင်ဘူးလို့ ပြောပြီးပြီလေ၊ ဒီခုံတန်းလေးက
အတွက်လည်း အရေးပါတယ်"

လှပသော နှုတ်ခမ်းလေးတွေက စကားသံတွေက မာတင်း
သားလွန်းနေသည်။ ပြီးတော့ ဒူးတစ်ဖက် ချိတ်ကာ ထိုင်လိုက်သေး
သည်။ သူမ လက်ထဲမှာ ကိုင်ထားသော ဟန်းဖုန်းကိုကြည့်ကာ စု
သက်နေ၏။

"စု လာကွာ မောင်တို့ ဟိုဘက်မှာပဲ ထိုင်ရအောင်"

အနားလျှောက်လာကာ စု လက်ကို ဆွဲခေါ်နေသော မောင့်ကို
မျက်နှာလေး မော့ကြည့်သည်။

အနက်ရောင်မျက်မှန်ထဲက သူမ မျက်ဝန်းတွေကို မမြင်နိုင်
ယ့် မောင့်ကိုငေးစိုက်ကြည့်နေတာ စု သိပါသည်။

မောင်သည် လင်းစေရာ ဆိုသော အဆိုတော်တစ်ယောက်ဟု
သိရှိတာကြောင့် ကြည့်သော အကြည့်တို့ မဟုတ်နိုင်ပါ။ စု အတွေး
မှာ သူမသည် အံ့ဖွယ်မေဟု တထစ်ချ တွက်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာလည်း ဝန်တိုခြင်းအတွက် စု ရင်ထဲမှာ ပထမဆုံး အကြိမ် တိုးဝင်လာခဲ့သည်။

''တခြားမှာ မထိုင်ဘူး မောင်၊ ဒီမှာ နေရာလွတ်နေတာ လာ စုတို့လည်း ထိုင်ကြတာပေါ့''

မောင့်လက်ကို ဆွဲကာ စု ဝင်ထိုင်ပစ်လိုက်သည်။ မောင့်မျက်နှာက စိတ်ညစ်ရှုပ်ထွေးခြင်းတွေနှင့် ပျက်ယွင်းနေ၏။

မောင့်လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး စု မောင့်ကို စကားတွေ ဖောင်ဖွဲ့မတတ် ပြောသည်။ စု ပြောသမျှ မောင်က ခေါင်းလေးညိတ်လိုက် အင်းလိုက်လိုက် နားထောင်နေ၏။

အနားမှာ တခြားသော မိန်းမရှိနေတာကို မောင့်စိတ်က အနှောင့်အယှက်ဖြစ်နေတာ စု သိပါသည်။

ပြီးတော့ ထိုမိန်းမက အံ့ဖွယ်မေ ဖြစ်နေမှာဟု စု ယုံသလို မောင်လည်း ယုံကြည်ပုံရသည်။

ပထမတော့ ဒီမိန်းမ ထထွက်မသွားမချင်း စုတို့လည်း မထဟု စု တင်းခံထားမိသေး၏။ ဒါပေမဲ့ မောင့်မျက်နှာမှာ စိတ်ရှုပ်ထွေးခြင်းတွေပဲ မြင်နေတော့ စိတ်လျှော့ချကာ ပြန်ဖြစ်ခဲ့သည်။

ထိုမိန်းမက အနိုင်ယူလိုက်သော အပြုံးတစ်ခုနှင့် စုကို လှောင်သလို ကြည့်နေခဲ့သည်ဟု စု ထင်သည်။

ရင်ထဲမှာ အလိုမကျခြင်းတွေနှင့် ပြန်ခဲ့သည့်တိုင် စု စိတ်တွေ





ချမ်းမြေ့ခဲ့ပါ။ ဇဝေဇဝါ အတွေးတစ်ခုက စု အာရုံကို နှောင့်ယှက်လွန်း နေကာ မခံနိုင်သည့်အဆုံး ဖုန်းလေးထုတ်ကာ အံ့ဖွယ်မေရဲ့နံပါတ်တွေကို နှိပ်လိုက်မိ၏။ မောင်ကတော့ စုကို ဘာတစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ်ကာ ကားကို မောင်းနေခဲ့၏။

တစ်ဖက်ကို ဖုန်းဝင်သွားသံနှင့်အတူ တုံ့ပြန်လာမည့်အသံကို စု နားစိုက်ထောင်နေတုန်း

''မင်း စုဖုရားဆိုတာ တို့ သိတယ်''

''ဟင်''

''ပြော တို့ကို မင်းဘာပြောချင်တာလဲ၊ တို့က အံ့ဖွယ်မေ''

''ရှင် မောင့်ကို ဘာရည်ရွယ်ချက်နဲ့ နှောင့်ယှက်နေတာလဲ''

''တို့ နှောင့်ယှက်နေတာ မဟုတ်ဘူး၊ လင်းစေရာက တို့တာဝရဲ့ အလင်းရောင်ပဲ တို့နှလုံးသားအတွက် လေပြည်လေးပဲ''

''ဘာ''

စု နာကျင်ခံရခက်စွာ အော်လိုက်ချိန်မှာပဲ တစ်ဖက်က ဖုန်း ပိတ်သွားခဲ့သည်။ နောက်တစ်ကြိမ် ပြန်ခေါ်ပေမယ့် ဖုန်းက ပိတ်သွားပြီ။

စု အံလေးကြိတ် မျက်နှာလေးနီကာ မောင့်ကိုလှည့်ကြည့်တော့ မောင် တည်ငြိမ်လေးနက်စွာ စကားတစ်ခွန်းကို ဆိုသည်။

''စုကို မောင် အမြန်ဆုံး လက်ထပ်မယ်''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဒီတစ်ကြိမ်လည်း စက်ပိတ်ထားသည်ဆိုသော ပြန်ကြားချက်ကပဲ မေ့ကို တုံ့ပြန်သည်။

စေရာကော စုဖုရားဖုန်းကော ပိတ်ထားသည်ဆိုတော့ ဒါ တမင် ရည်ရွယ်ချက်နှင့် ပိတ်ထားခြင်းဆိုတာ သေချာနေပြီ။

မေ့ကို ရင်မဆိုင်ချင်သည့်သဘောတဲ့လား။ ဖွေးရင်းရင်ထဲက မျက်ခနဲ ခံစားလိုက်ရပါသည်။

နာကျင်ခံရခက်သော ဝေဒနာခံစားချက်ဆိုတာထက် ကြေကွဲဝမ်းနည်းခြင်းပဲဖြစ်မည်ဆိုတာ ကိုယ်တိုင်ပဲ သိပါသည်။

အိပ်ရာပေါ်မှာ ပြန့်ကျဲနေသော ဂျာနယ်တွေကို မေ တစ်ချက်ကြည့်ကာ မျက်ရည်တွေ ဝဲလာမိ၏။





စေရာနှင့်စုဖုရားရဲ့ လက်ထပ်မင်္ဂလာအကြို သတင်းတွေက ဂျာနယ်တွေထဲမှာ သတင်းထူးကြီးလို ဖြစ်နေ၏။

နှစ်ဦးကြည်နူးပျော်ရွှင်နေသော ပုံတွေ မြင်တိုင်း မေ့ရင်ထဲက ဝေဒနာနာကျင်သော ခံစားမှုက တဆစ်ဆစ် တိုးစေ၏။

"မေရယ် နင် ခံစားနေရသလားဟင်"

မျက်ရည်တွေနှင့် နွယ့်အမေးကိုလည်း ပြန်မဖြေနိုင်အောင် ရင်ထဲက တင်းကြပ်ပူလောင်နေ၏။

ခံစားခဲ့ရသော ဝေဒနာကြီးက ဒါ မေ့အတွက် ဒုတိယအကြိမ်ဖြစ်နေသည်။ ဒါကို နွယ်အသိ။

"ငါ ငါ တကယ် စိတ်မကောင်းဘူး မေရယ်၊ တကယ်ဆို ဒီအခြေအနေက ငါ့ကြောင့် ငါသာ ဘာမှမပြောခဲ့ရင်"

"ဟင့်အင်း နင့်ကြောင့် ငါ့ဘဝကြီး ပြန်ရှင်သန်ခဲ့ရတာပါ၊ ဒီအတွက် ငါ ကျေနပ်တယ်၊ နင့်အပြစ်မဟုတ်ဘူး"

"မေ နင့်ရင်ထဲကို ငါ မြင်နေရတယ်"

"ငါ့အတွက် ဝေဒနာဆိုတာ မခံစားဖူးတဲ့အသစ်မဟုတ်ပါဘူး၊ ဒါ့ကြောင့်ချ နွယ် ငါ ရင်ဆိုင်ရဲတယ်"

နွယ် စိတ်ချမ်းသာအောင် လိမ်ညာလိုက်ရပေမယ့် ရင်ထဲမှာ လောင်ကျွမ်းသွားက ပူလောင်သော မီးတွေနှင့် ပြာကျနေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဆုပ်ကိုင်ထားမိဆဲ ဖုန်းကို နံရံဆီ ပစ်ပေါက်ရိုက်ခွဲပစ်လိုက်မိသည်အထိ သတိတို့ ကင်းလွတ်သွားခဲ့၏။

"မေ မေရယ်"

နွယ် မေ့ကိုဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေချိန်မှာ မေ့မျက်ဝန်းက မျက်ရည်တွေ ကျလို့မရပါ။

မေ့မျက်ရည်တွေ ခမ်းခြောက်သွားတာလား။ ဟင့်အင်း မျက်ရည်တွေကို မေ အလိုမရှိတော့တာပါ။

နံရံထက်မှာရှိသော ပိုစတာထဲက စေရာ မျက်ဝန်းတွေက မေ့ကို ပြုံးပြီးငေးကြည့်နေသည်။

ဒီမျက်ဝန်းတွေက မေ့နှလုံးသားကို ပိုင်စိုးသွားခဲ့တာ ဒီမျက်ဝန်းပိုင်ရှင်က မေ့နှလုံးသားရဲ့သခင် ဖြစ်ခဲ့တာ။

ဒီအကြောင်းတွေကို နွယ်နီ ပြောပြခဲ့စဉ်က မေ အံ့သြမင်သက်စွာ နားထောင်ရင်း သေဆုံးခဲ့သော နှလုံးသားသည် ပြန်ရှင်သန်ခဲ့ရဖူး

"အံ့သြစရာကောင်းတယ် မေရယ်၊ လင်းလွန်းခေတ်က သူမသေခင်ကတည်းက သူ့မျက်လုံးတွေကို လှူခဲ့တယ်၊ ဒါကြောင့် သူဆုံးပါးတော့ သူ့မျက်ကြည်လွှာတွေ လှူခဲ့တယ်၊ အဲဒီကိစ္စကို ငါနဲ့လင်းလွန်းဒယ်ဒီ လိုက်စီစဉ်ပေးခဲ့ကြတယ်"

ခေတ်ရဲ့မျက်ကြည်လွှာတွေကို ဝေဒနာရှင်တွေအတွက် ရည်





လှူခဲ့ကြသည်တဲ့။ မျက်စိဆရာဝန်ကြီးကလည်း လင်းလွန်းဖခင်နှင့် ငယ်သူငယ်ချင်း ဆရာဝန်ကြီးဖြစ်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုနိုင်၊ လောကကြီးထဲမှာ မင်းရဲ့သားလေး မရှိတော့ပေမယ့် သူ လှူဒါန်းခဲ့တဲ့ မျက်ကြည်လွှာနဲ့ အလင်းမဲ့နေတဲ့ လူတစ်ယောက် အလင်းအာရုံရသွားနိုင်တာ ကြီးမားတဲ့ ကုသိုလ်ကြီး"

"ဟုတ်ပါတယ် လှိုင်ဌေး ဒါနဲ့ ငါ့သားရဲ့မျက်ကြည်လွှာနဲ့ မျက်စိအလင်းရသွားတဲ့သူက ဘယ်သူလဲဟင်"

"ဒါ လျှို့ဝှက်ထားရတဲ့ကိစ္စကွ၊ ဒါပေမဲ့ မင်းသိချင်ရင် ငါပြောပြပါ့မယ်၊ မင်းသားရဲ့ မျက်ကြည်လွှာနဲ့ အလင်းရောင် ပိုင်ဆိုင်သွားတဲ့သူက ယောကျ်ားလေးတစ်ယောက်ပဲ၊ မင်းသားထက် ငယ်တဲ့ လူငယ်တစ်ယောက်ကွ၊ ကောင်လေးက အဆိုတော်ဖြစ်အောင် ကြိုးစားနေတဲ့သူတစ်ယောက်ပဲ နိုင်စေရာတဲ့"

"အင်း ငါ ဝမ်းသာပါတယ်ကွာ"

"အဲဒီကောင်လေးကလည်း မင်း သားလေးကို အရမ်းကျေးဇူးတင်ရှာပါတယ်၊ သူ့မျက်စိအလှူရှင်အမည်လေးကို သိပါရစေလို့ ငါတို့ဆီက ခွင့်တောင်းတယ်၊ သူ့ရည်ရွယ်ချက်က သူ့ဘဝအမှောင်ကြီးကို လင်းစေတဲ့ ကျေးဇူးရှင်အမည်ကို သိချင်လို့တဲ့လေ၊ အလှူရှင်က ငင်း



www.burmeseclassic.com

www.burmeseclassic.com



လွှန်းခေတ်လို့ ငါ ပြောပြလိုက်တော့ အဲဒီကောင်လေးက သူ တစ်သက်လုံး အမှတ်ရနေအောင် သူ့နာမည် နိုင်စေရာကို လင်းစေရာလို့ နာမည်ပြောင်းလိုက်တယ်ကွ၊ ကျေးဇူးရှင်ကို ဦးထိပ်ထားပြီး သူကသိုလ်ဒါနတွေ အမြဲလုပ်ပေးပါ့မယ်တဲ့လေ''

နွယ်က ဆရာဝန်ကြီးနှင့် ခေတ်ဖေဖေတို့စကားတွေ ကြားသိခဲ့သူမို့ မေ့ကို ပြန်ပြောပြခဲ့သည်။

ထိုတဒင်္ဂမှာ လင်းစေရာ ဆိုသော အဆိုတော်လေးကို ကြည့်ကာ မေ့နှလုံးသားက ပြန်ရှင်သန်ရင်ခုန်ခဲ့ရ၏။

မေ အသက်မက ချစ်သော ခေတ်ကို ပိုင်ဆိုင်ခွင့်မရနိုင်တော့ပေမယ့် လင်းစေရာဆိုတာ ခေတ်ရဲ့ကိုယ်ပွားဟု မေ ယုံကြည်ခဲ့ပါသည်။

လင်းစေရာ ရှင်သန်နေသော မျက်ဝန်းတွေက ခေတ်ရဲ့မျက်ဝန်းတွေတဲ့၊ ဒါဆို မေ့အနားက ခေတ် အဝေးဆုံး ထွက်မသွားသေးဘူးပေါ့။

ခေတ်ရယ် ခေတ်ရဲ့ မျက်ဝန်းလေးတွေအောက်မှာ မေ အသက်ဆက်ရှင်သန်ခွင့်ပြုပါ။

■ ■ ■

နွယ် ပြန်သွားတော့ တိတ်ဆိတ်သော အိမ်ကြီးထဲမှာ မေ တစ်ယောက်တည်း ချောက်ချားစွာ ကျန်ရစ်ခဲ့၏။

မေ့နှလုံးသားကို ပြန်ရှင်သန်စေခဲ့သော လူတစ်ယောက်ကို





မေ ဆုံးရှုံးရဦးမည်လား။

ဟင့်အင်း ဒီအခြေအနေကြီးကို မေ လက်မခံနိုင်ပါ။

''အံ့ဖွယ်မေ မင်း ငါ့ဆီ ဖုန်းဘယ်တော့မှ မဆက်နဲ့တော့၊ မင်းက ငါ အမုန်းဆုံး မိန်းမတစ်ယောက်ဖြစ်သွားပြီ၊ ဘာကြောင့်လဲဆိုတော့ ငါသိပ်ချစ်မြတ်နိုးတဲ့ ချစ်သူကို စိတ်ဆင်းရဲအောင်လုပ်ခဲ့လို့ပဲ၊ မင်း စောင့်ကြည့်လိုက် ငါ့နှလုံးသားမှာ စုဖုရားပဲ ရှိတာ မင်း မကြာခင် သိရလိမ့်မယ်''

စေရာရဲ့ဖုန်းဆီက နောက်ဆုံးကြားခဲ့ရသော ထိုစကားသံတွေနောက်မှာ ဖုန်းက အပြီးတိုင် စက်ပိတ်သွားခဲ့သည်။

ရှင် တကယ်ပဲ မေ့ကို မုန်းသွားပြီလား လင်းစေရာ။

ဟင့်အင်း မယုံဘူး မေ့ကို သိပ်ချစ်ခဲ့တဲ့ ခေတ်ရဲ့မျက်ဝန်းတွေ ရှင့်ဆီမှာ ရှိနေတယ်။

အဲဒီ မျက်ဝန်းတွေကို ကျွန်မ ပိုင်ဆိုင်ချင်တာ။

ဘယ်လိုအခြေအနေကြောင့်မှ ရှင့်ကို ကျွန်မ အဆုံးရှုံးမခံနိုင်ဘူး။ အံ့ဖွယ်မေအတွက် ရှင့်ကို ဆုံးရှုံးလိုက်ရတဲ့နေ့က အသက်ရှင်မှုတွေ ရပ်ဆိုင်းသွားတဲ့နေ့ပဲ ဖြစ်မှာပါ။

အဲဒီလောက်အထိ ရှင့်ကို မေ ချစ်တယ် လင်းစေရာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ဒီနေ့လေးကတော့ သူ့အတွက် အပျော်ဆုံးနေ့ဆိုတာ သေချာ
ပါသည်။ ဒီမနက်မှာပဲ စုဖုရားနှင့်သူ တရားဝင် လက်မှတ်ထိုးခဲ့ကြပြီး

နောက်တစ်ပတ်မှာတော့ သူတို့မင်္ဂလာပွဲကို ခမ်းနားစွာကျင်း
ကြမည်။ အစီအစဉ်အားလုံးက အဆင်ပြေနေသည်။

အထူးသဖြင့် စုကော သူပါ ကိုယ်ပိုင်ဟန်းဖုန်းတွေ သိမ်းဆ
ကာ နောက်ထပ် အသစ်တွေ ပြောင်းကိုင်ခဲ့တာကြောင့် ဟိုမိန်းမ
နှောင့်အယှက်က ကင်းဝေးခဲ့၏။

အခုလောက်ဆို မဂ္ဂဇင်း ဂျာနယ်တွေထဲမှာ ဝေဆာနေသေ
သူတို့သတင်းတွေကြောင့် ဒီမိန်းမလည်း လက်လျော့သွားလောက်ပြီ
သည်။





ဘုရားရင်ပြင်ပေါ်မှာ နှစ်ဦးသား ဝတ်ပြုဆုတောင်းဖြစ်သည်။ ပြီးတော့ စုကော သူပါ သတိတရ ကုသိုလ်ပြုဖြစ်တာ လောကကြီးထဲမှာ မရှိတော့သော ကျေးဇူးရှင်အတွက်။

ရွှေတိဂုံဘုရားမှာ ငွေတစ်သိန်း၊ လူအိုရုံအတွက် တစ်သိန်း၊ မျက်မမြင်ကျောင်းနှင့် မိဘမဲ့ဂေဟာတွေမှာပါ လင်းလွန်းခေတ် ဆိုသော ကျေးဇူးရှင်ကို ရည်စူးကုသိုလ်တွေပြုခဲ့၏။

"မောင် ကိုလင်းလွန်းခေတ်အတွက် ရည်စူးပြီး ကုသိုလ်ပြုပေးရတာ မောင် စိတ်မချမ်းသာဘူးလားဟင်"

စုက မေးတော့ သူ ကြည်နူးအပြုံးလေးတွေနှင့် ပြုံးရင်း

"အရမ်းဝမ်းသာတာပေါ့ စုရယ်၊ ကိုလင်းလွန်းခေတ်ဆိုတာ မောင့်မျက်ဝန်းတွေရဲ့ အလှူရှင် ကျေးဇူးရှင်ပါ၊ သူ့ကြောင့် မောင့်မျက်လုံးတွေ အမြင်အာရုံပြန်ခံစားခွင့်ရတာ၊ ဒါကြောင့် ကိုလင်းလွန်းခေတ် ဘယ်သူဘယ်ဝါဆိုတာ မောင် မသိပေမယ့် မောင် အမြဲကုသိုလ်ပြုပေးမှာပါ"

"အင်းနော် အဲဒီတုန်းက စုလေ ဝမ်းသာလွန်းလို့ ငိုခဲ့ရတာ မှတ်မိသေးတယ်"

အတိတ်ကို မှတ်မှတ်ရရ စု ပြောနေတော့ သူလည်း အတိတ်ကို ပြန်အမှတ်ရလာမိ၏။

စုသည် သူ့ဘဝမှာ အကောင်းဆုံးသော အဖော်မွန်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါသည်။ မိဘတွေနှင့် အဝေးမှာ နေရစ်ခဲ့ကာ စုက သူ့ရည်ရွယ်ချက်တွေအတွက် ပံ့ပိုးပေးခဲ့သည်။

စု ပိုင်ဆိုင်ရရှိသော အမွေငွေတွေနှင့် စုက သူ့ဝါသနာကို ပံ့ပိုးပေးခဲ့သည်။ သူ့အတွက် စီးရီးကို စုက ရင်းနှီးထုတ်လုပ်ဖို့ ကြိုးစား၏။ အသစ်တစ်ယောက် စင်တင်ပေးဖို့ ဝန်လေးသော ထုတ်လုပ်သူတွေက ငွေကြေးနှင့်အရည်အချင်းပါ ပံ့အပ်ပေးတော့ လက်ကမ်းကြိုဆိုဖို့ ဝန်မလေးခဲ့ကြ။

ထိုကာလလေးမှာ စုကော သူပါ ပင်ပန်းခဲ့ကြသည်။

စုကသူ့အတွက် သီချင်းတွေ ရေးပေးသလို ငွေကြေးကော ခွန်အားပါ ပြည့်ဝနစ်မြုပ် ကူညီခဲ့၏။

ပထမဆုံး တေးစီးရီးမှာ သူ ရင်ခုန်မိသလို စုကတော့ ယုံကြည်ချက်တွေ ပြည့်ဝလို့နေခဲ့သည်။

ပထမစီးရီးက အားလုံးအသင့်ဖြစ်နေပြီမို့ ဒုတိယစီးရီးအတွက်ဟု ဆိုကာ စုက သီချင်းတွေ ရေးသည်။ သူက ကာရံတွေ နုတ်ရှာကာ ညစဉ်တိုင်း မအားလပ်ခဲ့ကြ။

ကံကြမ္မာက ဆိုးသည်။ မထင်မှတ်သော နေရာက ချောင်းမြောင်းတိုက်ခိုက်ဖို့အတွက် အမြဲအသင့်ရှိနေခဲ့သည်လား။

ထိုညက သီချင်းတစ်ပုဒ်မှာ စိတ်ပါလက်ပါ ရေးသားနေသော စုကို ခြင်ကိုက်မှာစိုးတာကြောင့် သူ ခြင်ဆေးဘူးနှင့် ခြင်တွေကို နှိမ်နင်း





သည်။

"ဟာ ဒီဆေးဘူးက အသစ်ကြီးရှိသေးတယ်၊ ဘာဖြစ်တာလဲ"

အသစ်စက်စက် ဆေးဘူးက ခလုတ်နှိပ်တာတောင် ဆေးရည်မှုန်တွေ မထွက်တာကြောင့် သူ စိတ်တိုကာ ဆိုရင်းငုံ့အကြည့်

"အား"

ပျက်နေသော ခလုတ်တွေ ပွင့်ကာ ဂတ်စ်ငွေ့တွေ သူ့မျက်ဝန်းတွေထဲအထိ တိုးဝင်သွားခဲ့ချိန်မှာ သူ နာကျင်ပူလောင်သော ဝေဒနာဆိုးကြီးနှင့်အတူ အလင်းရောင်ကိုပါ ဆုံးရှုံးခဲ့ရတော့၏။

"မောင် မောင် ဘာဖြစ်တာလဲ"

"မောင့်မျက်လုံးတွေ ဂတ်စ် ဂတ်စ်တွေဝင် သွားတာ အားလိုက်တာ အား"

"ဘုရား ဘုရား"

"စု စု မောင့်မျက်လုံးတွေ မမြင်ရတော့ဘူး မောင် မောင်"

"မောင် မောင်ရယ် အဟင့် ဟင့်"

စု လက်တွေကို ကယောင်ကတမ်း ဆွဲကိုင်ပြီး သူ ချောက်ချားအော်ကြွေးခဲ့ရ၏။ ထိုအချိန်မှာ စုသည်လည်း သူ့ကိုပွေ့ဖက်ရင်း နှစ်သိမ့်စကားတွေပျောက်ဆုံးကာ မျက်ရည်တွေနှင့် ရှိုက်ငိုနေခဲ့၏။

သူ့မျက်ကြည်လွှာတွေ ထိခိုက်ပျက်စီးရင်း အလင်းရောင် ကင်းမဲ့သော ဘဝမှာပဲ ပထမစီးရီးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုလမ်းစလေးက မြင်နေရပေမယ့် အလင်းမှဲ့ ဝန်းတွေကြောင့် သူ မပျော်နိုင်ခဲ့။ စုကလည်း သူ့ကိုနှစ်သိမ့်ရင်း မျက်ရည်တွေနှင့်ရှိခဲ့သည်။

ထိုကံကြမ္မာဆိုးကြီးက မျက်ကြည်လွှာ အလှူရှင်တစ်ဦး သူ ကင်းလွတ်ခဲ့၏။

လင်းလွန်းခေတ် ဆိုသော ကရုဏာရှင်ကျေးဇူးကြောင့် မျက်စိအလင်းတွေ ပိုင်ဆိုင်ခဲ့တော့ စုကော သူပါ ဝမ်းသာကြည်နူး နိုင်စေရာ ဆိုသော သူ့အမည်ကို လင်းစေရာဟု ပြောင်းလဲမိသည် ကျေးဇူးရှင်ကို သူ အမှတ်တရ ရှိနေခဲ့သည်။

အခုတော့ သူ့ဘဝသည် ပြည့်စုံသော အိပ်မက်ဆန် ဘဝ ကို အပိုင်ရခဲ့ပြီ။

ဟန်းဖုန်းမြည်သံလေးကြောင့် အတွေးစတွေ ပြတ်ကာ နားထောင်လိုက်တော့ စတူဒီယိုက သူငယ်ချင်းတွေဆီက။

"ဟော့ကောင် မင်း ဘယ်မှာလဲ စေရာ"

"ဟေ ငါလား စုနဲ့ရှိနေတာပေါ့ ဘာလုပ်မလို့လဲ"

"ဟော့ကောင် အူတူတူ မလုပ်နဲ့၊ ဒီနေ့ မင်းနဲ့စု ပွဲနေ့ ငါတို့ကိုမပြုစုလို့ မရဘူး"

"ဟာကွာ မင်္ဂလာပွဲကျမှ ပြုစုမှာပေါ့"

"ဟော့ကောင် မရဘူး၊ ပွဲအကြို ပြုစု မင်္ဂလာပွဲကသပ်သ





မင်း ငါတို့ကို ကွက်ကျော်မရိုက်နဲ့၊ ခုချက်ချင်း စတူဒီယိုလာခဲ့ ဒီမှာပဲ ပွဲလုပ်မယ်"

"အေး အေးပါကွာ"

"ဒါပဲနော် မလာရင် သေခန်းပြတ်ပဲ"

ကိုယ့်ရောင်းရင်း မိတ်ဆွေတွေဆိုတော့ သူ ငြင်းလို့မရတော့ပါ။ စုက သူ့ကို နားလည်စွာ ပြုံးကြည့်ရင်း

"စတူဒီယိုက ကိုရှိုင်းတို့ မဟုတ်လား"

"ဟုတ်တယ် စု၊ ဝိုင်းနှိပ်စက်ကြတာလေ၊ စတူဒီယိုကိုလာခဲ့တဲ့"

"မောင်နော် မသောက်နိုင်ဘဲ စွတ်သောက်မနေနဲ့"

"အင်းပါ စုရဲ့ ဒီကောင်တွေ ကျေနပ်အောင်ပဲ ပြုစုပေးမှာပါ၊ အပြင်မသွားတော့ဘူး၊ စတူဒီယိုမှာပဲ လုပ်ပေးလိုက်မယ်၊ စု လိုက်ခဲ့ဦး မလား"

"မလိုက်ချင်ပါဘူး၊ ဝိုင်းစနေကြမှာ နားမခံသာဘူး၊ မောင့်ကို ဲ လိုက်ပို့ပေးမယ်"

"ဟာ မပို့နဲ့၊ တက္ကစီနဲ့သွားမယ်"

"ဒါဆို အပြန်လာကြိုပေးမယ်"

"မလာနဲ့တော့လေ စု လာရင် ဝိုင်းရစ်ကြဦးမှာ၊ တစ်ယောက် ယောက်ကိုလိုက်ပို့ခိုင်းမှာပေါ့"

စတူဒီယိုက အုပ်စုကို ကြောက်သော စု ခေါင်းလေးညိတ်ခဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့သည်။ သူ တက္ကစီနှင့် ထွက်ခဲ့သည်။

ဂီတာအပေါင်းအသင်းကဘော်ဒါတွေနှင့် ဒီညနေကတော့ ရိ...
ဦးမှာ သေချာသည်။

သိပ်မသောက်တတ်တာမို့ မသောက်ဘူးဆိုနေသည့်ကြား...
ဟိုကတိုက် ဒီကတိုက်နှင့် သူ တော်တော်ကောင်းနေ၏။

စတူဒီယိုထဲမှာမို့ အားလုံးလွတ်လပ်ပျော်နေကြသည်။

"ချီးယားစ် တို့ဘော်ဒါ စေရာနဲ့ စုအတွက်"

"ဟော့ကောင် စေရာ၊ တစ်ခွက်တော့ ချီးယားစ်"

"ဟာ ငါ ကောင်းနေပြီ အေ့"

"ဟော့ကောင် မူးသွားလည်း အိမ်အရောက် ရွှေမင်းသား...
ပြန်ပို့ပေးမယ်၊ ရွှေမင်းသမီး မျှော်နေမှာ သိတာပေါ့"

ငြင်းမရတော့တစ်ခွက်၊ တားမရတော့တစ်ငုံနှင့် မိုးချုပ်စပြု...
လူက ရီဝေနေပြီ။

"အေ့ ငါ ပြန်မယ်"

"ကဲပါကွာ တို့ကောင်ကြီးတော့ ဦးအိမ်သတိရ ဖြစ်နေပြီ၊ ပြ...
လိုက်ပါ"

"ရတယ် ငါနဲ့ ကိုစိုး လိုက်ပို့လိုက်မယ်"

ကိုတွတ်နှင့်ကိုစိုး သူ့ကိုတွဲကာ ပြန်ပို့ပေးဖို့ ထွက်ခဲ့ကြသည်...
စတူဒီယိုအပြင်မှာ မြင်လိုက်ရသော လူစုကြောင့် ကိုတွတ်...





...ကိုစိုး မျက်လုံးတွေ ပြူးသွားကြသည်။

"ဟာ ကွိုင်ပဲ စေရာ မင်းရဲ့ပရိသတ်တွေဟ"

"အေ့ ဘာရယ်"

မိန်းကလေးအုပ်စု။ သူ့ကို စောင့်နေကြသည်။ သူ့ပုံစံနှင့် ဒီအုပ်...
...ကို တွေ့ဆုံဖို့ဆို မဖြစ်။ ဘယ်က ဘယ်လို သတင်းအစရသွားကာ
...ရောက်နေကြတာလဲ မသိ။

"ကိုတွတ် မင်းနဲ့ကိုစိုး ကြည့်ရှင်း၊ ငါ လစ်မယ် အေ့"

"ဘယ်လစ်မှာလဲ"

"ပြန်မှာပေါ့၊ မင်းတို့ အာရုံပြောင်းထား၊ ငါ တက္ကစီနဲ့လစ်သွား...
...ယ် အေ့"

ကိုတွတ်နှင့်ကိုစိုးကို တွန်းလွှတ်ပြီး သူ လှည့်ထွက်ခဲ့ကာ တက္ကစီ...
...ားကို ရှာ၏။ ကံကောင်းချင်တော့ တက္ကစီတစ်စီးက အသင့်။

ယိုင်ထိုးနေသော ခြေလှမ်းတွေကို တက္ကစီကားဆီကို မနည်း...
...ားတင်း လှမ်းခဲ့ရသည်။

"တ တက္ကစီ အေ့"

"ရတယ် အစ်ကို တက်"

ချာတိတ်က ကားတံခါးဖွင့်ပေးရင်း တွဲတင်သည်မို့ အဆင်ပြေ...
... ကားလေးက ငြိမ့်ခနဲ မောင်းထွက်တော့ လူက ယိုင်ထိုးသွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီ ကိုယ် ဟို အော့"

"သိတယ် အစ်ကို အစ်ကိုက နာမည်ကြီးအဆိုတော် လင်းစေရာပဲ၊ အစ်ကို့အိမ် သိပါတယ်၊ အရောက်ပို့ပေးမယ် စိတ်ချ"

"အော့ ကျေးဇူး"

အခုမှ သောက်ထားသော အမူးဒီဂရီက ပိုတိုးလာသည် ထင်မိသည်။ ပြတင်းတံခါးမှ တိုးဝင်လာသော လေကြောင့်ပဲ ပိုမူးစေသလားတော့ အသေအချာ မသိနိုင်။

ကိုယ့်ကိုသိနေသော ပရိသတ်တက္ကစီ ဒရိုင်ဘာလေးနှင့်ဆုံတာပဲ ကျေးဇူးတင်ရတော့မည်။

ရီဝေနေသော မျက်ဝန်းတွေ မှေးစင်းကာ ကူရှင်မှာ ခေါင်းမှီလိုက်ခဲ့သည်။ အာရုံထဲမှာ စု မျက်နှာလေးကို ပြေးမြင်မိသည်။

စုသာ သူ့ကို ဒီပုံစံနှင့် တွေ့လျှင် စိတ်ဆိုးပြီး ကရုဏာဒေါသော ဆူပူဦးမည်လား မသိပါ။

စု မင်းက ငါ့ရဲ့အရှင်သခင်ပါ။

■ ■ ■

"စု စု"

သူ့နှုတ်က ရေရွတ်ရင်း မျက်ဝန်းတွေ ဖွင့်ကြည့်ဖို့ ကြိုးစားသည်။ အမြင်အာရုံတွေ ဝေဝါးနေဆဲ။

ဒါပေမဲ့ နူးညံ့သော အထိအတွေ့ကြောင့် အိပ်ရာထဲ ပြန်ရောက်





သူ သိနေသည်။

သင်းခနဲ မွှေးသော ရနံ့လေးက သူ့အာရုံကို လှုပ်နှိုးသည်။

ား မသေချာ။

"စု အော့"

"မောင်"

အနားကပ်ခေါ်သော အသံက လေသံလေးပဲ ဖြစ်သည်။ ပြီး

ာ့ နွေးထွေးစေသော အထိအတွေ့တွေ။

"စု စုရယ် သိပ်ချစ်တယ်"

အိစက်သော ခန္ဓာကိုယ်လေးကို သူ ညင်သာစွာ ပြန်သိုင်းဖက်သည်။ မွတ်မွတ်သိပ်သိပ် အနမ်းတို့က သူနှင့်စုကြားမှာ အပြန်န် တုံ့ပြန်မိကြသည်။

ရင်ခုန်သံတွေက အနမ်းတွေနှင့် စီးမျောသွားချိန်မှာ . . ။

ချစ်သောစုရဲ့ ကိုယ်သင်းရနံ့တွေနှင့် ပင့်သက်လေးတွေထဲမှာ

တိုယ်တိုင်လည်း နစ်မျောစီးဝင်သွားခဲ့သည်။

ကြည်နူးရင်ခုန်စရာညလေးကို စုနှင့်သူ ပိုင်ဆိုင်ခဲ့သည်။

ပမဲ့ သူ့အသိတွေ ရီဝေနေခဲ့ခြင်းအတွက် မောင့်ကိုခွင့်လွှတ်ပေးပါ

ယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ဖျတ်ခနဲ သူ လန့်နိုးတော့ ပြာလဲ့လဲ့ ညမီးရောင်လေးနှ
အခန်းက မျက်နှာကြက်က မျက်ဝန်းတွေကိုဝိုင်းသွားစေ၏။

"ဟင်"

သူ ချာခနဲ ဘေးကို လှည့်ကြည့်တော့ သူ့ကိုငေးစိုက်ကြည့်ေ
သော မျက်ဝန်းတစ်စုံသည် စု မဟုတ်ပါ။

"ဟင် မင်း မင်း"

"ဟုတ်တယ် မောင် အံ့ဖွယ်မေပါ"

သူ ခုတင်ပေါ်က ဝုန်းခနဲ ထရပ်လိုက်မိသည်။ ဒီမိန်းမအခ
ထဲ သူ ဘယ်လိုရောက်နေခဲ့တာလဲ။

"မင်း မင်းအခန်းထဲ ငါ ဘယ်လိုရောက်နေတာလဲ"

"အဟင်း ဟင်း အံ့ဖွယ်မေက မောင့်ရဲ့လေပြည်လေးဖေ





မောင် တမ်းတလိုက်တာနဲ့ ရောက်လာမှာပါ"

သူ ချောက်ချားစွာ ခေါင်းကို ခါရမ်းမိသည်။ ဇဝေဇဝါ မှတ်
ဉာဏ်တွေထဲမှာ ပြီးခဲ့သော ဖြစ်ခဲ့သော ပုံရိပ်တွေကို ရှာဖွေစဉ်းစားကြည့်
နေမိ၏။

တက္ကစီကားပေါ်မှာ သူ အိပ်ပျော်သွားခဲ့တာ အမှားကြီးလား။

သူ့ကို ခပ်စူးစူးပြုံးကြည့်နေသော အံ့ဖွယ်မေသည် ခုတင်ပေါ်
က ခြုံစောင်ကြီးထဲမှာ ရှိနေဆဲ။

"မင်း မင်း မိန်းမယုတ်ပဲ"

"ဟင့်အင်း မောင့်ကို ကျွန်မ သိပ်ချစ်တာ၊ အချစ်ဆုံး မိန်းမပါ"

"တော် စမ်း မင်းကိုငါ သိပ်မုန်းတယ်၊ မင်းကို သိပ်ရွံရှာသွား
ပြီ တောက်"

"ဘာပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်တယ်"

ရွံရှာစရာကောင်းသော အပြုံးတွေကို သူ နာကျင်ရွံရှာစွာ
စိုက်ကြည့်မိသည်။ သူ့မျက်ဝန်းထဲက အမုန်းတွေသာ မီးတောက်တွေ
ဆို သူမ ပြာကျသွားလောက်၏။

"အံ့ဖွယ်မေ မင်းဖြစ်ချင်တာ ဘယ်တော့မှ ဖြစ်မလာစေရဘူး၊
ငါ ဘယ်တော့မှ မင်းကို မချစ်ဘူး"

"ကျွန်မကို ရှင်ချစ်ခဲ့တယ်၊ တရှိုက်မက်မက် မြတ်မြတ်နိုးနိုး
ချစ်ခဲ့တာပါ မောင်"

သူ့မျက်နှာကို မီးတွေနှင့် အပက်ခံရသလို ပူလောင်သွားစေ



www.burmeseclassic.com

www.burmeseclassic.com



သော သူမစကားကြောင့် အံ့ကိုတင်းတင်းကြိတ်ပစ်ရင်း

"ဘယ်တော့မှ ငါ့အချစ်ကို မင်းမရဘူး၊ ငါ့နှလုံးသားမှာ စုဖုရား ပဲရှိတယ်၊ ဒါ သေချာတယ်၊ အေး ငါ မှားခဲ့ရင်တောင် မင်းရဲ့မာယာ အောက်မှာ တဒင်္ဂအမှားပဲဖြစ်မယ် တောက်"

"မောင် နေဦး"

"မခေါ်စမ်းပါနဲ့ မင်းအသံ မင်းမျက်နှာကို ငါ အရမ်းရွံတယ်၊ မင်းကြိုက်သလို လုပ်စမ်း၊ ငါ့ဘဝကြီး ဖြစ်ချင်တာဖြစ်၊ ငါ့နှလုံးသား မပြောနဲ့ ငါ့ခန္ဓာကိုယ်တောင် မင်းအနားမှာ မရှိစေရဘူး တောက်"

ကြမ်းပြင်ပေါ်က သူ့ရှပ်အင်္ကျီကို ကောက်ယူကာ သူ အခန်းထဲ က ထွက်ခဲ့သည်။

အနောက်မှာ ဘာတွေဖြစ်ကျန်ရစ်ခဲ့သည် မသိပါ။

သေချာသည်က အံ့ဖွယ်မေ ဆိုသော မိန်းမကို သူ သိပ်မုန်းပါ သည်။ ထိုအမုန်းတွေက ကမ္ဘာတည်သရွေ့ ပျောက်ဆုံးမှာမဟုတ်။

ယုံလိုက်စမ်း အံ့ဖွယ်မေ။ မင်း ငါ့ဘဝကို ချုပ်ကိုင်ဖို့ ကြိုးစား ဦးမယ်ဆိုရင် ငါ ကမ္ဘာလောကကြီးထဲက ထွက်ခွာသွားပြလိုက်မယ်။

အဲဒီလောက်ထိ မင်းကိုငါ မုန်းတယ်။

■ ■ ■

ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေကို မေ မသုတ်ချင် ပါ။ မေ မြတ်နိုးစုံမက်သော မျက်ဝန်းတစ်စုံ။

ထိုမျက်ဝန်းတွေထဲက အမုန်းမီးတောက်တွေကို မေ မြင်တွေ့





တာလည်း အသေအချာပင်ဖြစ်၏။

ကျွန်မကို သိပ်မုန်းတယ်တဲ့လား လင်းစေရာ။

ခေတ်ကတော့ ကျွန်မကို သိပ်ချစ်ခဲ့တာပါ။ ကျွန်မကလည်း သက်မကချစ်ခဲ့တာပါပဲ။

ကျွန်မ သိပ်ရူးသွပ်သွားခဲ့ပြီလား။ ဟုတ်တယ် ရူးခဲ့တယ်။ ဒါ တ်ကို ချစ်လွန်းလို့ ရူးခဲ့တာပါ။

လင်းစေရာ ဆိုတဲ့ ရှင့်ဆီက ကျွန်မပိုင်ဆိုင်ခဲ့ရတဲ့ အချစ်က င်ယောင်မှားမှုတစ်ခုဆိုတာ ရှင့်နှုတ်က အကြိမ်ကြိမ် တမ်းတနေတဲ့ ည်နာမက သက်သေပါ။

စု တဲ့လား။ ရှင့်နှလုံးသားရဲ့ပိုင်ရှင်သခင်က စုဖုရားတဲ့လား င်းစေရာ။

မေ ကျေနပ်ပါတယ်။

လောကကြီးထဲမှာ တဒင်္ဂလေးပဲ ရှင်သန်ရပ်တည်ဖို့ဖြစ်ဖြစ် လိုချင်တာ ခေတ်ရဲ့အရိပ်လေးပါ။ အဲဒီအရိပ်လေး အနားမှာရှိရင် ရှင်သန်နေနိုင်ပါတယ်။

အမုန်းတွေနဲ့ မိန်းမတစ်ယောက်ကို ရှင် တစ်သက်လုံး မုန်းပစ် ကိုက်စမ်းပါ လင်းစေရာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"စေရာ စေရာ လင်းစေရာ လင်းစေရာ"

လက်ခုပ်သံတွေက စည်းချက်ညီသလို မောင့်အမည်ကို ဟစ်အော်ပြီး အားပေးနေသော ပရိသတ်ကလည်း သည်းသည်းလှုပ်နေ၏။

"မင်္ဂလာပါ မင်္ဂလာပါ ကျွန်တော့်ရဲ့ဂီတသက်တမ်း ရှစ်နှစ်မြောက်ပွဲလေးမှာ ပရိသတ်နဲ့အတူ ပျော်ရွှင်စွာ ဖြတ်သန်းကြရအောင်"

"ဝေး ဟေး ဟေး"

လက်ခုပ်သံ ဩဘာသံတွေ ဟစ်အော်သံတွေက မျှော်စင်ကျွန်းကြီးထဲ လျှံတက်သွား၏။

"ဖေဖေ ဖေဖေ"

စု လက်ထဲမှ သမီးလေးကလည်း ဖခင်ဖြစ်သူကို လက်ဝှေ့ရမ်း





အားပေးနေသည်။

ပြီးတော့ မောင့်ရဲ့သီချင်းသံလေး ငြိမ့်ညောင်းပေါ်ထွက်လာ၏။ 'ချစ်သူလေပြည်' ဆိုသော သီချင်းလေး။

မောင့်အတွက် စုရေးပေးထားသော ကဗျာသီချင်းလေး။ မောင်သိပ်နှစ်သက်သည့် သီချင်း။ ပြီးတော့ အုံ့ဖွယ်မေ။

သီချင်းသံတွေထဲမှာ စုဖုရား အသိတွေ တဒင်္ဂ လွင့်ဖယ်သွားခဲ့သည်က လွန်ခဲ့သော သုံးနှစ်ခန့်က အတိတ်ဆီ။

ချစ်စရာသမီးလေး 'လင်းသခင်မေ' ကို သူမဆီ အရောက်ပို့ပေးရင်း ပြောလာသော နွယ်နီနီ စကားတွေ။

"ဒါ လင်းစေရာနဲ့ မေတို့ရဲ့ သွေးသားလေးပါ စုဖုရား၊ သမီးလေး မွေးဖွားပြီး မေ ဆုံးသွားတော့ နွယ် စောင့်ရှောက်ခဲ့တာပါ၊ သမီးကို နွယ် တစ်သက်လုံးစောင့်ရှောက်နိုင်တယ်၊ ဒါပေမဲ့ လင်းစေရာနဲ့ညီမတို့က သားသမီးမရလို့ ကလေးတစ်ယောက် မွေးစားဖို့ ရည်ရွယ်နေတယ်သိလို့ နွယ် လာခဲ့တာပါ၊ စုဖုရား ကြည်ဖြူမယ်ဆိုရင် ဒီကလေးလေးကို မွေးစားပါလားဟင်"

စု တကယ်ပဲ အံ့သြမိသည်။ မောင်နှင့်အုံ့ဖွယ်မေတို့ အဖြစ်အပျက်တွေကို မောင် ပြောပြ၍ စု သိခဲ့ပါသည်။

ဒါပေမဲ့ ထိုပြဿနာနောက်ပိုင်းမှာ အုံ့ဖွယ်မေ ပျောက်ချင်းမလှပျောက်သွားတာမို့ စုနှင့်မောင် လက်ထပ်ဖြစ်ခဲ့သည်။

မောင့်ကို ဘယ်လိုအခြေအနေဘဝဖြစ်ဖြစ် စု ချစ်သည့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လက်ထပ်ခဲ့သည်။

မောင်နှင့်စုတို့အတွက် အံ့ဖွယ်မေရဲ့ အနှောင့်အယှက်ကို မ မဆိုင်ရတော့တာမို့ ဝမ်းသာခဲ့ရ၏။

အခုတော့ အံ့ဖွယ်မေ ဆုံးခဲ့ပြီတဲ့။ ပြီးတော့ ချစ်စရာကော သော သမီးလေးက မောင့်သွေးသားတဲ့။

''ဒါ ဒါ သေချာရဲ့လား မနွယ်နီနီ''

''သေချာပါတယ် စုဖုရား၊ မေ ဘာကြောင့် ဒီလိုအခြေအ တွေ ဖန်တီးခဲ့သလဲဆိုတာ နွယ် ရှင်းပြပါ့မယ်''

စုကော မောင်ပါ မုန်းတီးခဲ့သော အံ့ဖွယ်မေသည် မောင့် ကျေးဇူးရှင် မျက်ကြည်လွှာပိုင်ရှင် လင်းလွန်းခေတ်ရဲ့ချစ်သူတဲ့။ အကြောင်းကို နွယ်နီနီ ပြောပြတော့ စု အံ့သြခဲ့ရ၏။

နောက်ဆုံးတော့ သမီးလေး လင်းသခင်မေကို စု မွေးစား ခဲ့၏။ မောင်ကလည်း ကြည်ဖြူချစ်ခဲ့သည်။

လင်းသခင်မေ သည် မောင့်ရဲ့သွေးဆိုတာ စု အကြွင်း ယုံသည်။ တကယ်ဆို မောင်နှင့်စု သားသမီးရတနာ မပိုင်ဆိုင်ရ စုရဲ့ချွတ်ယွင်းချက်ကြောင့်ပဲ ဖြစ်၏။

''သမီးလေးက မေနဲ့လင်းစေရာရဲ့သွေးလို့ လင်းစေရာ မ စေနဲ့ စုဖုရား၊ အဲဒီကတိ နွယ့်ကိုပေးပါ''

''ဘာလို့လဲ မနွယ်နီနီ''

''ဘာလို့လဲဆိုတော့ လင်းစေရာက အံ့ဖွယ်မေကို ခါးခါးသီး





ကမ္ဘာမကြေမုန်းတာလေ၊ သမီးလေးက မေ့သမီးလို့ သိရင် သူ မုန်းမှာ စိုးလို့ပါ၊ လင်းစေရာက စုဖုရားကို သိပ်ချစ်တာပါ''

မနွယ်နီနီ စကားကို စု ခေါင်းညိတ်ကတိပြုခဲ့၏။ မောင့်ကို ဖွင့်မပြောဖြစ်ခဲ့ပါ။ ဒါပေမဲ့ မောင်ကော စုပါ သမီးလေးကို သွေးသားရင်း ချာလို ချစ်ခဲ့ကြသည်။

''ဝေး ဖေဖေ ဖေဖေ''

သမီးလေး အားပေးသံကြားမှ စု အတွေးတွေ ပြတ်သွားခဲ့ရ ၏။ စတိတ်စင်ပေါ်က မောင်က စုနှင့်သမီးကို လက်ဝှေ့ရမ်း နှုတ်ဆက် နေ၏။

''ပရိသတ်ကြီးနဲ့အတူ ဒီမှာ ကျွန်တော်ချစ်တဲ့ဇနီးနဲ့သမီးလေး ပါရှိနေတယ်၊ သမီးလေးအတွက် ရည်စူးရေးထားတဲ့ 'အလင်းသခင်မေ' ဆိုတဲ့ သီချင်းလေး ဆိုခွင့်ပြုပါ''

''ဝေး ဟေး ဟေး ရှိ ရှိ''

မောင့်ကို အားပေးသည့် လက်ခုပ်သံတွေ ဆူညံသွားတော့ စု မျက်ရည်တွေ ဝဲသွားမိသည်။

အလင်းသခင်မေ ဆိုသော သီချင်းလေးကို မောင် ငြိမ့်ငြိမ့် လေး သီဆိုနေသည်။

ရင်ခွင်ထဲက သမီးလေးကို ပွေ့ဖက်ထားရင်း မောင့်ကို စု



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးလေး ကြည့်နေမိဆဲ။

တစ်နေ့နေ့မှာတော့ သမီးလေးရဲ့ အကြောင်းတွေကို မောင့်
စု ပြောပြဖြစ်ပါဦးမည်။

စု ယုံပါသည်။ မောင့်နှလုံးသားက အမုန်းတွေက အလ
သခင်မလေးကြောင့် ငြိမ်းချမ်းသွားလိမ့်မည်။

ချစ်ခြင်းရနံ့တွေ ထုံသင်းသော အနာဂတ်မှာ စုဖုရားရ
မောင်ရယ် ချစ်သော သမီးလေးရယ် **ငြိမ်း**ချမ်းပျော်ရွှင်စွာ. . . ။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

www.burmeseclassic.com